www.burmeseclassic.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း

မန္တလေးမြို့၊ ရေတံခွန်တောင်၊

**သစ္စဝေဒီ**



မိုးကုတ်ဝိပဿနာမဂ္ဂင်စမ္မရိပ်သာ

အရှင်ခေမာစာရရေးသားပြုစုအပ်သော

အခြေပြု ပဋိစ္စသမုပ္ပါဒ်

# ဉာတပရိညာ သင်ခန်းစာ

(သင်တန်းသားများအတွက်သာ)

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း

မန္တလေးမြို့ ၊ ရေတံခွန်တောင်

သစ္စာဝေဒဂူ

မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာ

## အရှင်ခေမာစာရ

ရေးသားမြုစုအပ်သော

## အခြေပြု ပဋိစ္စသမုပ္ပါဒ်

# ဉာတပရိညာ သင်ခန်းစာ

(သင်တန်းသားများအတွက်သာ)

BURMESE CLASSIC

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

သာသနာရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက် စာအမှတ် ၁၁၉/၀၁ (ပုံနှိပ်)၊ သသန-၀၉ ဖြင့် ၂၀၀၉ ခုနှစ်၊ မေလ ၁၃ ရက်နေ့

ဦးနိုင်လေး၊ သီရိတိပိဋကပုံနှိပ်တိုက်၊ အမှတ် (၃၃၃)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ခွင့်ပြုသည်။



# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သင်ခန်းစာ (၁) | |
| | တရားအားထုတ်မှ နိဗ္ဗာန်ရနိုင်ပုံ | ၂ |
| ၂။ | သင်ခန်းစာ (၂) | |
| | တရားအားထုတ်ရာ၌ ဒိဋ္ဌိအရင်ဖြုတ်ရပုံ | ၅ |
| ၃။ | သင်ခန်းစာ (၃) | |
| | ဒိဋ္ဌိဖြုတ်ရာ၌ ဆရာကောင်းလိုပုံ | ၉ |
| ၄။ | သင်ခန်းစာ (၄) | |
| | ခန္ဓာငါးပါးနှင့် ဒိဋ္ဌိဖြစ်ပုံဖြုတ်ပုံများ၊ | ၁၇ |
| | ဒိဋ္ဌိဖြစ်ခြင်း အကြောင်း (၈) ပါး | ၁၉ |
| | ဒိဋ္ဌိ (၃) မျိုး | ၂၁ |
| | ဒိဋ္ဌိဝိစိကိစ္ဆာဖြုတ်ပုံပြဇယား | ၂၃ |
| ၅။ | သင်ခန်းစာ (၅) | |
| | ပညတ်နှင့် ပရမတ်အကျဉ်း | ၂၄ |
| | သမ္မုတိသစ္စာကို ဘုရားမပယ်ခြင်းအကြောင်း (၈) ပါး | ၂၅ |
| | သစ္စာနှစ်မျိုး အခွဲ | ၂၇ |
| | ခန္ဓာငါးပါးနှင့် လက္ခဏာအကျဉ်းပြဇယား | ၂၈ |
| ၆။ | သင်ခန်းစာ (၆) | |
| | နည်းလေးပါးဖြင့် ဒိဋ္ဌိဖြုတ်ပုံ | ၂၉ |
| ၇။ | သင်ခန်းစာ (၇) | |
| | ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ မြန်မာပြန်နှင့် အမေးအဖြေ | ၃၁ |
| ၈။ | သင်ခန်းစာ (၈) | |
| | ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ မြန်မာပြန်နှင့် အမေးအဖြေ | ၃၄ |

Generated by CamScanner from intsig.com

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | သင်ခန်းစာ (၉) | |
| | ပဋိစ္စသမုပ္ပါဒ်အနုလုံပဋိလုံဒိဋ္ဌိဖြတ်ပုံ | ၃၂ |
| ၁၀။ | သင်ခန်းစာ (၁၀) | |
| | ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံပြတ်ပုံ | ၄၄ |
| ၁၁။ | သင်ခန်းစာ (၁၁) | |
| | ကြောင်းကျိုးရုပ်နာမ်ပေါ်မှာ ဒိဋ္ဌိဝိစိကိစ္ဆာ ဖြတ်ပုံ | ၄၇ |
| ၁၂။ | သင်ခန်းစာ (၁၂) | |
| | ယုံမှားခြင်း ၁၆ ပါး၊ တစ်နည်း ၈ ပါး | ၅[illegible] |
| ၁၃။ | သင်ခန်းစာ (၁၃) | |
| | မူလနှစ်ဖြာ လင်္ကာအရ အသွယ် ၈ သွယ်ကိုရှင်းပြခြင်း | ၅၂ |
| | မူလနှစ်ဖြာ | ၅၂ |
| | သစ္စာနှစ်ခု | ၅၄ |
| | လေးခုအလွှာ | ၅၅ |
| | အင်္ဂါတစ်ဆယ့်နှစ်ပါး | ၅၈ |
| | သုံးပါးအစပ် | ၆၃ |
| | နှစ်ရပ်မူလ | ၆၇ |
| | ဝဋ်သုံးဝ | ၆၈ |
| | ကာလသုံးဖြာ | ၇၂ |
| | ခြင်းရာနှစ်ဆယ် | ၇၄ |
| ၁၄။ | သင်ခန်းစာ (၁၄) | |
| | ပရိညာသုံးပါးနှင့်တူသော ဉာဏ်များ | ၇၈ |
| | ဉာဏ်စဉ်နှင့် ဝိသုဒ္ဓိပရိညာတွဲပြဇယား | ၈၀ |
| ၁၅။ | သင်ခန်းစာ (၁၅) | |
| | အင်္ဂါတစ်ဆယ့်နှစ်ပါး အဓိပ္ပာယ်များ | ၈၂ |
| | အင်္ဂါ (၁၂) ပါးလည်ပုံနှင့် ထွက်ရပ်လမ်း | ၈၄ |
| | ဘုရားလောင်းပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ပုံ | ၈၆ |





| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | သင်ခန်းစာ (၁၆) | |
| | ပုဗ္ဗန္တစက်ဝိုင်းအင်္ဂါ၊ တရားကိုယ်နှင့် အမေးအဖြေများ | ၈၉ |
| | သစ္စာ ၄ ပါး၊ အဝိဇ္ဇာ ၄ မျိုး | ၈၉ |
| | အဝိဇ္ဇာ ၈ မျိုး | ၈၉ |
| | အမှောင်ငါးစင်း၊ အလင်းငါးချက် | ၈၉ |
| | သင်္ခါရ (၃) မျိုး | ၉၁ |
| | ဒုစရိုက်၊ သုစရိုက် | ၉၃ |
| | ပုညကြိယာဝတ္ထု ၁၀ ပါး | ၉၃ |
| | ပဝတ္တိဝိပါက်ဝိညာဏ် ၆ ပါး | ၉၄ |
| | ကမ္မဇရုပ် ၁၈ ပါး | ၉၅ |
| | အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး | ၉၇ |
| | ဖဿ ၆ ပါး၊ ဝေဒနာအပြား | |
| | လူနတ်တို့၏ ခန္ဓာငါးပါးဒုက္ခသစ္စာ | ၉၉ |
| | ရူပဗြဟ္မာတို့၏ ခန္ဓာငါးပါး ဒုက္ခသစ္စာ | ၁၀၄ |
| | အရူပဗြဟ္မာတို့၏ ခန္ဓာငါးပါးဒုက္ခသစ္စာ | ၁၀၅ |
| ၁၇။ | သင်ခန်းစာ (၁၇) | |
| | အပရန္တစက်ဝိုင်းအင်္ဂါ၊ တရားကိုယ်နှင့် အမေးအဖြေများ | ၁၀၈ |
| | တဏှာအပြား | ၁၀၈ |
| | ဥပါဒါန်လေးပါး | ၁၀၉ |
| | အတ္တဂ္ဂါဟိကဒိဋ္ဌိ ၁၀ ပါး | ၁၁၀ |
| | ဒသဝတ္ထုကဒိဋ္ဌိ ၁၀ ပါး | ၁၁၀ |
| | နိယတမိစ္ဆာဒိဋ္ဌိ ၃ ပါး | ၁၁၁ |
| | သက္ကာယဒိဋ္ဌိ ၂၀ | ၁၁၁ |
| | သက္ကာယဒိဋ္ဌိရှင်းလင်းချက် (၁) | ၁၁၂ |
| | သက္ကာယဒိဋ္ဌိရှင်းလင်းချက် (၂) | ၁၁[illegible] |


www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သက္ကာယဒိဋ္ဌိရှင်းလင်းချက် (၃) | ၁၁၃ |
| | တဏှာနှင့်ဥပါဒါန်အထူး | ၁၁၄ |
| | သင်္ခါရနှင့် ကမ္မဘဝအထူး | ၁၁၄ |
| | ကမ္မဘဝနှင့် ဥပပတ္တိဘဝ | ၁၁၅ |
| | ပဋိသန္ဓေ ၄ မျိုး | ၁၁၆ |
| | ဇာတိ ဇရာ မရဏ | ၁၁၇ |
| | အပါယ်လေးဘုံသားတို့၏ ခန္ဓာငါးပါးဒုက္ခသစ္စာ | ၁၁၇ |
| ၁၈။ | သင်ခန်းစာ (၁၈) | |
| | ကံနှင့် ဝိညာဏ်ပေါ်မှာ ဒိဋ္ဌိဖြတ်ပုံ (သင်္ခါရနှင့် ဝိညာဏ်အစပ်) | ၁၂၁ |
| | ဝိညာဏ်ပေါ်မှာ ဒိဋ္ဌိဖြတ်ပုံ | ၁၂၆ |
| | ပဋ္ဌာန်းနည်းဖြင့် ထပ်မံရှင်းလင်းချက် | ၁၃၀ |
| ၁၉။ | သင်ခန်းစာ (၁၉) | |
| | ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် လည်ပုံပြတ်ပုံ (ဝေဒနာနှင့် တဏှာအစပ်) | ၁၃၂ |
| | သုခဝေဒနာပစ္စယာ တဏှာ | ၁၃၂ |
| | ဒုက္ခဝေဒနာပစ္စယာ ဒေါသ | ၁၃၅ |
| | ဥပေက္ခာဝေဒနာပစ္စယာ မောဟ | ၁၃၆ |
| | ဝေဒနာနှင့် တဏှာအစပ်လည်ပုံပြတ်ပုံပြဇယား | |
| ၂၀။ | သင်ခန်းစာ (၂၀) | |
| | ကမ္မဘဝနှင့်စပ်၍ သိမှတ်ဖွယ်များ (ကမ္မဘဝနှင့် ဇာတိအစပ်) | ၁၃၉ |
| | (၄) မျိုးစိတ်ခွဲပြားသော ကံများ | ၁၃၉ |
| | ကမ္မဘဝ ရှင်းလင်းချက် | ၁၄၁ |
| | ကမ္မဘဝဆိုတာရှိတယ် | ၁၄၁ |
| | ဘဝကမ္မဟူ၍နေပုံအကြောင်း | ၁၄၂ |
| | ကမ္မဘဝနှင့်ပတ်သက်၍ | ၁၄၃ |





| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | သင်ခန်းစာ (၂၁) | |
| | သတိပဋ္ဌာန် (၄) ပါး၊ ဝိပဿနာကံပြတ်တရား | ၁၄၄ |
| | သတိပဋ္ဌာန်စရိုက်ခွဲဇယား | ၁၄၆ |
| | ဉာဏ် (၃) ပါးနှင့် ပုဂ္ဂိုလ် (၃) မျိုး | ၁၄၇ |
| | မဂ္ဂင် (၈) ပါး၊ ကျင့်စဉ်တရား | ၁၄၉ |
| | ခန္ဓာအာယတနဓာတ်သစ္စာ | ၁၄၉ |
| | စိတ္တာနုပဿနာရှုပွားနည်း | ၁၅၀ |
| | ဝေဒနာနုပဿနာရှုပွားနည်း | ၁၅၁ |
| ၂၂။ | သင်ခန်းစာ (၂၂) | |
| | အထွေထွေသိမှတ်ဖွယ်ရာနှင့် လင်္ကာများ | ၁၅၃ |
| | သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ် | ၁၅၃ |
| | ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ် | ၁၅၃ |
| | မင်္ဂဖိုလ်လည်း မရနိုင်တဲ့ ခဏ (၈) ပါး | ၁၅၃ |
| | တရားအားထုတ်ရန်ကောင်းသောအချိန် | ၁၅၄ |
| | တရားအားထုတ်သောအခါ ထားရမည့် အဓိပတိ (၃) ပါး | ၁၅၄ |
| | တရာအားထုတ်ခြင်းငှာ မထိုက်သော ပုဂ္ဂိုလ် (၆) မျိုး | ၁၅၄ |
| | ဒုလ္လဘတရား (၅) ပါး | ၁၅၅ |
| | ဗျသနတရား (၅) ပါး | ၁၅၅ |
| | သေရမှာကြောက်တဲ့ ပုဂ္ဂိုလ် (၄) ဦး | ၁၅၅ |
| | သေရမှာ မကြောက်တဲ့ ပုဂ္ဂိုလ် | ၁၅၅ |
| | နောက်ဆက်တွဲ လင်္ကာများ | ၁၅၆ |


Generated by CamScanner from intsig.com

www.burmeseclassic.com



# ဤစာနိဒါန်း

ယခုခေတ်တွင် ဝိပဿနာတရား လိုက်စားအားထုတ်သူတွေ များလာပြီဖြစ်၏။ ဝိမုတ္တိယုဂခေတ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီမို့ ဝိပဿနာထွက်ရပ်လမ်း ပေါက်သူတွေပင် ပေါ်ပေါက်လာပြီဖြစ်သည်။ ဤမြန်မာနိုင်ငံ ကမ္မဋ္ဌာန်းရိပ်သာ အသီးသီး၌ပင် ဝိပဿနာထွက်ရပ်လမ်းဖြင့် ကျွတ်တမ်းဝင်သူတွေ နည်းမည်မထင်ပါ။ ဝိပဿနာ ထွက်ရပ်လမ်းပေါက်ရန် အဘယ်ဆရာ့ထံ၊ အဘယ်နည်းကို ခံယူသည်ဖြစ်စေ ဘုရားနည်းချည်း ဖြစ်ပါသည်၊ ထေရဝါဒ ဗုဒ္ဓကျမ်းဂန်လာ ဒေသနာနည်းတွေချည်းပါ။ ဘုရားဟော ဒေသနာနည်း မှန်လျှင် (၁) ဉာတပရိညာ၊ (၂) တီရဏပရိညာ၊ (၃) ပဟာနပရိညာ။ ဤသုံးပါးသော ပရိညာအစဉ်အတိုင်း ပြသရမည်၊ အားထုတ်ရမည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဝိပဿနာတရား လိုက်စားအားထုတ်သူ ယောဂီပုဂ္ဂိုလ်များအတွက် ဝိပဿနာထွက်ရပ်လမ်း ပေါက်သည့်တိုင်အောင် အထောက်အကူပြုစေမည့် ဤ 'ဉာတပရိညာ သင်ခန်းစာ' အမည်ရှိ စာအုပ်ကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း 'စု – တု – ပြု' ရေးသား၍ ကျေးဇူးပြုပါသည်။

အရှင်ခေမာစာရ

သစ္စဝေဒီ မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာ

ရေတံခွန်တောင် ၊ မန္တလေးမြို့ ။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



## သင်ခန်းစာ (၁)

# တရားအားထုတ်မှ နိဗ္ဗာန်ရနိုင်ပုံ

ဆရာ ॥ ॥ ယောဂီပုဂ္ဂိုလ်တို့၊ ယောဂီပုဂ္ဂိုလ်တို့ ဘုန်းကြီးတို့၏ ဦးထိပ်မှာ အမြဲတင်၍ ကြည်လင်သဒ္ဓါရှိသေစွာဖြင့် အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ရာ၊ အားထားမှီခိုရာ၊ ပူဇော်မြတ်နိုးရာသည့် အရဟံ–အစ၊ ဂုဏ်ကိုးဝနှင့် ပြည့်စုံတော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ပဲ မဟုတ်ပါလား။

ယောဂီ ॥ ॥ ဟုတ်ပါအရှင်ဘုရား။

ဆရာ ॥ ॥ ဒါဖြင့် ယောဂီပုဂ္ဂိုလ်တို့ ဘုန်းကြီးတို့ဟာ ဘာကို အမြင့်အမြတ်ဆုံးရည်မှန်း၍ ဗုဒ္ဓမြတ်စွာဘုရားရှင်ကို အခုလို ကိုးကွယ်ဆည်းကပ်နေကြပါသလဲ?။

ယောဂီ ॥ ॥ နိဗ္ဗာန်ကို အမြင့်အမြတ်ဆုံး ရည်မှန်း၍ ကိုးကွယ်ဆည်းကပ်ကြပါ အရှင်ဘုရား။

ဆရာ ॥ ॥ မှန်ပါတယ်၊ ဒါ့ကြောင့်မို့ ဘုန်းကြီးတို့ ဘုရားရှိခိုး ကန်တော့ချိုးမှာ "ဩကာသ ဩကာသ" စသည်ဖြင့် ဆိုပြီးတဲ့ နောက်ဆုံးကျတော့ "မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား" လို့ ဆုတောင်းကြတာပေါ့။ ဟုတ်လား။ သို့သော်လည်းတဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်က သူရရှိထားတဲ့ နိဗ္ဗာန်ကို "ရော့ အင့် ယူတော့" လို့ ကလေးကို မိဘက မုန့်ပေးသလို ဒကာ–ဒကာမတို့အား ပေးနိုင်ပါရဲ့လား။

ယောဂီ ॥ ॥ မပေးနိုင်ပါ အရှင်ဘုရား။

ဆရာ ॥ ॥ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ဟာ တစ်ခုသော အလောင်းတော် မျောက်မင်းဘဝတုန်းက ချောက်ထဲကျနေတဲ့ လယ်သမားတစ်ယောက်ကို အဲဒီချောက်ထဲကနေ ပခုံးနဲ့ထမ်းပြီး ကယ်တင်ခဲ့ဖူးတယ်။ သို့သော်လည်း အခု ဘုရားဖြစ်လာတဲ့အခါ ဝေနေယျ သတ္တဝါတွေကို သနားတော်မူလွန်းလို့ဆိုပြီး နိဗ္ဗာန်ရောက်အောင် ပခုံးနဲ့ထမ်းပြီး ပို့နိုင်ပါရဲ့လား။

ယောဂီ ॥ ॥ မပို့နိုင်ပါ အရှင်ဘုရား။

ဆရာ ॥ ॥ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ဟာ ခုနင်ကပြောတဲ့ အလောင်းတော် မျောက်မင်းဘဝမှာလေ သူကယ်တင်ခဲ့တဲ့ လယ်သမားပေါင်ပေါ် ခေါင်းအုံးပြီး အိပ်ပျော်သွားခိုက် အဲဒီ လယ်သမားက ကျောက်တုံးနဲ့ မျောက်မင်းရဲ့ ဦးခေါင်းကို ထုရိုက်လိုက်တယ်။ ဒါပေမဲ့ အလောင်းတော်မျောက်မင်းဟာ သစ်ပင်တစ်ပင်မှ တစ်ပင်ခုန်၊ ခုန်ကူးပြီး သူ့ဦးခေါင်းကွဲဒဏ်ရာမှ ဖြာကျတဲ့ သွေးစက်သွေးတန်းနဲ့ သွေးလမ်းခင်းပြီး အဲဒီ တောကြီးမျက်မည်းထဲမှာ မျက်စိလည်လမ်းပျောက်နေတဲ့ လယ်သမားကို ရွာအနီးထိ လမ်းပြပို့ဆောင်ခဲ့တယ်။

Generated by CamScanner from intsig.com



အခု ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ဝေနေယျသတ္တဝါတွေကို ရာဟုလာ၊ ရင်ဝယ်သားကဲ့သို့ သနားတော်မူလွန်းလို့ သွေးစက်သွေးတန်းနဲ့ သွေးလမ်းခင်းပြပြီး နိဗ္ဗာန်ရောက်အောင် ကယ်တင်နိုင်ပါရဲ့လား။

ယောဂီ ॥ ॥ မကယ်တင်နိုင်ပါဘုရား။

ဆရာ ॥ ॥ ဗုဒ္ဓမြတ်စွာ ဘုရားရှင်မှ မဟုတ်ပါဘူး။ နိဗ္ဗာန်အစစ်အမှန်ကို ဘယ်ထာဝရဘုရား၊ ဘယ်အလ္လာသခင်၊ ဘယ်တန်ခိုးရှင်မှ ရော့ အင့်လို့ ပေးမရပါဘူး။ နိဗ္ဗာန်အစစ်အမှန်ကို ရောက်အောင် ထမ်းပို့လို့မရပါဘူး။ သွေးလမ်းခင်းပြလို့လည်း မကယ်တင်နိုင်ပါဘူး။ နောက်ပိတ်ဆုံး အနန္တတန်ခိုးနဲ့ကော သတ္တဝါတွေကို နိဗ္ဗာန်ရောက်အောင် တတ်နိုင်ပါရဲ့လား။

ယောဂီ ॥ ॥ မတတ်နိုင်ပါ အရှင်ဘုရား။

ဆရာ ॥ ॥ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ကျွတ်ထိုက်တဲ့ သတ္တဝါဝေနေယျတွေကို တရားဟောပြီး ကယ်တင်တော်မူပါတယ်။

ယောဂီ ॥ ॥ မှန်ပါအရှင်ဘုရား။

ဆရာ ॥ ॥ မှန်တယ်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်တော်မူပြီးခါစမှာ ပထမဆုံး ပဥ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်တို့ကို ဟောကြားပြီး မဂ္ဂင်တရား ပွားများစေရပါတယ်။ ယသော်ရောကိုလည်း စန္ဒကိန္နရီဇာတ်ကို ဟောပြီး တရားကျင့်ခိုင်းရပါတယ်။ သားတော်ရာဟုလာကိုလည်း 'ရာဟုလောဝါဒသုတ်' ကို ဟောပြီး တရားကိုပဲ အားထုတ်ခိုင်းရပါတယ်။ ဟုတ်ကဲ့လားဗျာ။

ယောဂီ ॥ ॥ ဟုတ်ပါအရှင်ဘုရား။

ဆရာ ॥ ॥ အေး… အဲဒီလို ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ကျွတ်ထိုက်တဲ့ သတ္တဝါဝေနေယျတို့အား နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြီး သကာလ ထိုတရားအတိုင်း အကျင့်ခိုင်းကာ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြီး သကာလ ထိုတရားအတိုင်း အကျင့်ခိုင်းကာ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်အောင် နည်းပေးလမ်းပြအဖြစ် ရှက်ဆောင်ခြင်းဖြင့် သတ္တဝါတွေကို ကယ်တင်တော်မူပါတယ်။

ယောဂီ ॥ ॥ မှန်ပါ အရှင်ဘုရား။

ဆရာ ॥ ॥ ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တိုင်ပင်လျှင် သံယုတ်ပါဠိတော်မှာ မိန့်တော်မူတာက –

"ငါ၏ချစ်သား ရဟန်းများတို့၊ ငါဘုရားသည် နှလုံးသွင်းမှန်မှန်ထားပြီး သင့်တင့်မှန်ကန်စွာ အားထုတ်ခဲ့လို့ ဝဋ်ဒုက္ခခပ်သိမ်း လွတ်ငြိမ်းချမ်းသာရာ အရဟတ္တဖိုလ် (နိဗ္ဗာန်) ကို ရောက်ခဲ့၊ မျက်မှောက်ပြုခဲ့ရပါတယ်။ မင်းတို့လည်းပဲ ငါဘုရားလို

www.burmeseclassic.com



တရားကို နှလုံးသွင်းမှန်မှန်ထားပြီး သင့်တင့်မှန်ကန်စွာ ကြိုးစားအားထုတ်ကြမယ်ဆိုရင် ဝဋ်ဒုက္ခခပ်သိမ်း လွတ်ငြိမ်းချမ်းသာရာ အရဟတ္တဖိုလ် (နိဗ္ဗာန်) ကို ကေန်မုချရောက်ကြရပါလိမ့်မယ်၊ မျက်မှောက်ပြုနိုင်ကြပါလိမ့်မယ်။ ဒါကြောင့်မို့ မင်းတို့လည်းပဲ ငါဘုရားလို ကြိုးစားအားထုတ်ကြစမ်းပါ” တဲ့။ သဘောပါပလား။

ယောဂီ ॥ ॥ မှန်ပါ အရှင်ဘုရား။

ဆရာ ॥ ॥ ဒါဖြင့် နိဗ္ဗာန်ရအောင် ကိုယ်စားလှယ်နဲ့ အားထုတ်ခိုင်းလို့ ရနိုင်ပါ့မလား။

ယောဂီ ॥ ॥ မရနိုင်ပါအရှင်ဘုရား။

ဆရာ ॥ ॥ ငွေနဲ့ဝယ်လို့ကော။

ယောဂီ ॥ ॥ မရနိုင်ပါအရှင်ဘုရား။

ဆရာ ॥ ॥ အာဏာနဲ့ သိမ်းယူလို့ကော။

ယောဂီ ॥ ॥ မရနိုင်ပါအရှင်ဘုရား။

ဆရာ ॥ ॥ အမွေပေးလို့ကော။

ယောဂီ ॥ ॥ မရနိုင်ပါအရှင်ဘုရား။

ဆရာ ॥ ॥ ဒါကြောင့်မို့ “နိဗ္ဗာန်ရကြောင်း၊ ရောက်ကြောင်း တရားကို ကိုယ်တိုင်အားထုတ်မှသာလျှင် ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ့်နိဗ္ဗာန်ကိုယ် အသီးအသီးရနိုင်ပါတယ်။ ရောက်နိုင်ပါတယ်” ဆိုတာ ယောဂီပုဂ္ဂိုလ်တို့အားလုံး စွဲမြဲယုံကြည်စွာ ဆုံးဖြတ်ချက်ချကြပါ။

ယောဂီ ॥ ॥ မှန်လှပါအရှင်ဘုရား။

*သင်ခန်းစာ (၁) ပြီး၏။*



## သင်ခန်းစာ (၂)

# တရားအားထုတ်ရာ၌ ဒိဋ္ဌိအရင်ဖြုတ်ရပုံ

ဆရာ ॥ ॥ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ဟာ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တော်မူပြီးကာစပေါ့။ “သြော် ငါ ဘာလို့ ဘုရားဖြစ်လာပါလိမ့်မတုံး” လို့ ဆင်ခြင်တော်မူတော့ “သြော် ငါ တရားအားထုတ်လို့ ဘုရားဖြစ်လာတာပဲ” တဲ့။ ဘာတရားအားထုတ်တာတုံးဆိုတော့ “ပဋိစ္စသမုပ္ပာဒ်တရား” လို့ မှတ်ပါ။ ကဲ ယောဂီပုဂ္ဂိုလ်တို့ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ဟာ ဘာတရားအားထုတ်လို့ ဘုရားဖြစ်တော်မူလာပါလိမ့်။

ယောဂီ ॥ ॥ ပဋိစ္စသမုပ္ပာဒ်တရားအားထုတ်လို့ ဘုရားဖြစ်တော်မူလာပါ အရှင်ဘုရား။

ဆရာ ॥ ॥ ဟုတ်တယ်၊ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်တော်မူကာနီး ညဉ့်၏ နောက်ဆုံးပိုင်း အချိန်၌ “အဝိဇ္ဇာ သင်္ခါရအစရှိသည့် ပဋိစ္စသမုပ္ပာဒ် အင်္ဂါတစ်ဆယ့်နှစ်ပါး တရားအစုကို အနုလုံ ပဋိလုံအားဖြင့် မဟာဝဇိရ ဝိပဿနာဉာဏ်တော်ပေါင်း ကုဋေ သုံးသန်း ခြောက်သိန်းရအောင် အဖန်ဖန် ရှုပွားအားထုတ်တော်မူခဲ့ပါတယ်။

ယောဂီ ॥ ॥ မှန်ပါအရှင်ဘုရား။

ဆရာ ॥ ॥ ဒါကြောင့်မို့ ဘုရားဖြစ်တော့ ဗုဒ္ဓမြတ်စွာဘုရားရှင်က “ငါသည် ပဋိစ္စသမုပ္ပာဒ် ဖြစ်ကြောင်းနဲ့ ချုပ်ကြောင်းသိလို့ (ဝါ) ပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံနဲ့ ချုပ်ပုံ သိလို့ (ဝါ) ပဋိစ္စသမုပ္ပာဒ်ဖြစ်မှုနဲ့ ချုပ်မှုသိလို့ ဘုရားအဖြစ်သို့ ရောက်ခဲ့တယ်” ဆိုတာကို “ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ” အစရှိသော ဂါထာသုံးပုဒ်တို့ဖြင့် ကိုယ်တော်တိုင် ဝမ်းမြောက်ဝမ်းသာ ကျူးရင့်တော်မူခဲ့တယ်မဟုတ်လား။

ယောဂီ ॥ ॥ ဟုတ်ပါအရှင်ဘုရား။

ဆရာ ॥ ॥ ကောင်းပြီ။ အဲဒီလို ပဋိစ္စသမုပ္ပာဒ်သိလို့ ဘုရားဖြစ်တော်မူလာပြီးတဲ့နောက် မောဃရာဇအား ဟောတော်မူတာက –

“မောဃရာဇ အတ္တဒိဋ္ဌိကို ဦးစွာပထမ ပယ်နှုတ်ပြီးမှ အမြဲတမ်းသတိထားပြီး ရုပ်နာမ်လောကကြီးကို သုညတဖြစ်အောင် ရှုပါ။ ဤကဲ့သို့ ရှုလျှင် မင်းဟာ သေမင်းကို

www.burmeseclassic.com



လွန်မြောက်မှာပဲ" တဲ့။ ဒီမှာ "အတ္တဒိဋ္ဌိကို ဦးစွာပထမ ပယ်နှုတ်ပြီးမှ" ဆိုတဲ့ ဘုရားစကားတော်ဟာ "ရုပ်နာမ်ကို ဖြစ်ပျက်မရှုခင် ဒိဋ္ဌိအရင် ဖြုတ်ပါဦး" ဆိုတဲ့ အဓိပ္ပာယ်မပါဘူးလား။

ယောဂီ ။ ။ ပါ, ပါအရှင်ဘုရား။

ဆရာ ။ ။ နောက်တစ်ချက်ကလည်း အရှင်ဗာဟိယရဟန်းက မြတ်စွာဘုရားရှင်အား "တပည့်တော် တရားရနိုင်လောက်အောင် တရားကလေးတစ်ပုဒ် အကျဉ်းချုပ် ဟောပေးတော်မူပါ ဘုရား" လို့ တောင်းပန်တယ်။ အဲဒီတော့ မြတ်စွာဘုရားရှင်က –

"ဗာဟိယ ထိုသို့ တရားရလိုလျှင် သင်သည် ကုသိုလ်တရားတို့၌ ဦးစွာအစကို စင်ကြယ်အောင် သုတ်သင်ပါဦး။ ကုသိုလ်တရားတို့၏ ဦးစွာအစ ဆိုသည်ကား (၁) သီလစင်ကြယ်ခြင်း၊ (၂) အယူဖြောင့်မှန်ခြင်းတို့ပဲ ဖြစ်တယ်။ ဗာဟိယ ဒီနှစ်ချက်ကို စင်ကြယ်အောင် သုတ်သင်ပြီးနောက်မှ သတိပဋ္ဌာန်လေးပါး (တစ်ပါးပါး) ကို ပွားများ ရမယ်" လို့ ဟောတော်မူပါတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ဒီဟောတော်မူချက်ဟာ ဝိပဿနာတရားကို ယခုမှ စတင်အားထုတ်သူများအတွက် ရှေးဦးအစ ရှေ့နောက် အစီအစဉ်နှင့်တကွ သေသေချာချာကို ဟောတော်မူထားတာ မဟုတ်လား။

ယောဂီ ။ ။ ဟုတ်ပါအရှင်ဘုရား။

ဆရာ ။ ။ "ဦးစွာအစ အယူဖြောင့်မှန်ရမယ်" ဆိုတဲ့ (၂) အချက်ဟာ ဝိပဿနာ အားမထုတ်ခင်မှာ အသိအားဖြင့် ဒိဋ္ဌိအရင်စင်ကြယ်အောင် သုတ်သင်ပါဦး။ (ဝါ) ဒိဋ္ဌိအရင်ခွာပါဦးလို့ ဆိုလိုတယ်နော်။ သေချာပလား။

ယောဂီ ။ ။ သေချာပါအရှင်ဘုရား။

ဆရာ ။ ။ ထို့အတူပါပဲ။ အရှင်ဥတ္တိယရဟန်းနဲ့ အညတရရဟန်းတစ်ပါး လျှောက်ထားစဉ်ကလည်း ဒီနည်း ဒီလမ်းစဉ်ကိုပဲ ပေးတော်မူပါတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ဒါ့အပြင် ဆက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်အနိစ္စသုတ်မှာလည်း –

"စင်စစ် ထိုယောဂီ ရဟန်းသည် တစ်စုံတစ်ခုသော သင်္ခါရတရားကို နိစ္စ–ဟု၊ သုခ–ဟု၊ အတ္တ–ဟု (ခိုင်မြဲတယ်၊ ချမ်းသာတယ်၊ ပိုင်ဆိုင်တဲ့ အတ္တ၊ အနှစ်သာရ



အတ္တဟု) ရှုမြင်စွဲယူနေခဲ့သော် သစ္စာနုလောမိကဉာဏ်တောင် မရနိုင်ဘူး" တဲ့။ ကဲ ဘုရားက ဒီလိုလည်း မဟောခဲ့ဘူးလား။

ယောဂီ ။ ။ ဟောခဲ့ပါအရှင်ဘုရား။

ဆရာ ။ ။ ဒီအချက်နဲ့ ပတ်သက်ပြီး ရှေ့ပိုင်းမှာ အယူမဖြောင့်လို့ (ဒိဋ္ဌိခံနေလို့) တရားမရကြတဲ့ အရှင်အနုရာဓဝတ္ထု၊ ဖွားဘက်တော် ရှင်ဆန္နဝတ္ထုစတဲ့ သက်သေသာဓကတွေ တစ်ပုံကြီး ရှိပါတယ်။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

ဆရာ ။ ။ နောက်ပြီးတော့ မိုင်းခိုင်ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ တိပေဋကဝိနိစ္ဆယ (၃) တွဲ၊ ဒိဋ္ဌိဘေဒဝိဘာဝနီ၊ (နှာ–၂၄၈) မှာလည်း ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိမှာလာတဲ့ သာဓကပါဠိကို ထုတ်ပြပြီး –

"ထိုသက္ကာယဒိဋ္ဌိ အယူရှိခဲ့သော် သင်္ခါရကို သိမ်းဆည်းခြင်း စသည်တို့၌ အနတ္တာနုပဿနာ မပြီးစီးနိုင်သောကြောင့် ထိုသက္ကာယဒိဋ္ဌိ ၂၀ တို့သည် မဂ်ကို တားမြစ်တတ်သောကြောင့် မဂ္ဂါဝရဏ မည်ကုန်၏"

ဒီလို ရေးသားဆုံးဖြတ်ထားတာ တွေ့ရတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ဆိုလိုတာက "ဒိဋ္ဌိခံနေရင် အနတ္တာနုပဿနာ မပြီးနိုင်ဘူးတဲ့။ အနတ္တာ နုပဿနာ ဆိုတာက ဝိပဿနာဉာဏ်ပါပဲ။ ဝိပဿနာဉာဏ်ဆိုတာလည်း ခုနင်ကပြောတဲ့ သစ္စာနုလောမိကဉာဏ်ပါပဲ။ ဝိပဿနာဉာဏ်မှမပြီးရင် လောကုတ္တရာမဂ်ဉာဏ်ရဖို့ ဖြစ်နိုင်ပါ့မလား။

ယောဂီ ။ ။ မဖြစ်နိုင်ပါအရှင်ဘုရား။

ဆရာ ။ ။ ဒါ့ကြောင့်မို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက –

* "ရှေ့ပိုင်းက ဒိဋ္ဌိမခွာဘဲ ရှုသော ဝိပဿနာသည် အားနည်းသော (ဒုဗ္ဗလ) ဝိပဿနာကွ။ ဒီဝိပဿနာမျိုးက ကုသိုလ်သာရ၍ မဂ်ဖိုလ်မရနိုင်ဘူးတဲ့။
* ရှေ့ပိုင်းက ဒိဋ္ဌိကို အသိနဲ့ အရင်ဖြုတ်ခွာပြီးရှုတဲ့ ဝိပဿနာမှ အားကောင်းသော (ဗလဝ) ဝိပဿနာကွ။ ဒီဝိပဿနာမျိုးမှ မဂ်ဖိုလ်ရနိုင်တယ်" ဆိုတာ သေသေချာချာ မဂ်ဝင်ဖိုလ်ဆိုက်ဖို့အရေး နည်းပေးတော်မူတာ ဘုရားအာဘော် မကျဘူးလား။

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ယောဂီ ။ ။ ဘုရားအာဘော်ကျပါအရှင်ဘုရား။

ဆရာ ။ ။ ဒါ့ကြောင့်မို့ ဘုရားဟောတော်မူတဲ့ ပရိညာဒေသနာစဉ်အတိုင်း –

(၁) ဉာတပရိညာ = အသိအားဖြင့် ဒိဋ္ဌိအရင်ဖြုတ်ရလိမ့်မယ်။ (ပြီးမှ)

(၂) တီရဏပရိညာ = အပွားအားဖြင့် ဒိဋ္ဌိခွာရလိမ့်မယ်။ (ပွားမှ)

(၃) ပဟာနပရိညာ = (ဉာဏ်ရင့်ပြီး) မဂ်နဲ့ပယ်သောအားဖြင့် ဒိဋ္ဌိကို အမြစ်ပြတ် သတ်ရလိမ့်မယ်။

ကဲဒါဖြင့် တရားအားထုတ်ရာ၌ ဒိဋ္ဌိအရင်ဖြုတ်ရမယ်ဆိုတာ ရှင်းကြပလား။

ယောဂီ ။ ။ ရှင်းကြပါပြီ အရှင်ဘုရား။

*သင်ခန်းစာ (၂) ပြီး၏။*

Generated by CamScanner from intsig.com



# သင်ခန်းစာ (၃)

# ဒိဋ္ဌိဖြုတ်ရာ၌ ဆရာကောင်းလိုပုံ

ဆရာ ။ ။ ဝိပဿနာတရား အားထုတ်ရာ၌ အသိအားဖြင့် ဒိဋ္ဌိအရင်ဖြုတ်ရမယ်ဆိုတာ ယောဂီပုဂ္ဂိုလ်တို့ နားလည်သဘောပေါက်ကြပါပြီ။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ဒိဒိဋ္ဌိ ဖြုတ်တဲ့နေရာမှာ ဆရာကောင်းလိုပါတယ်။ မိမိခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို ခန္ဓာဉာဏ်ရောက် သဘောပေါက်သိမြင်အောင် ဃနသေချာကျနစွာ လက်ညှိုးထိုးပြနိုင်တဲ့ ဆရာကောင်းဖြစ်ရပါမယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ်ကို နားလည်သိမြင်မှလည်း ဒိဋ္ဌိကပြုတ်တယ်။ အသိအားဖြင့် ဒိဋ္ဌိပြုတ်ပြီးတဲ့နောက် သစ္စာဆိုက်အောင်လည်း ဟောပြောပြသနိုင်စွမ်းရှိတဲ့ ဆရာမျိုး ဖြစ်ရမယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ဒါ့ကြောင့်မို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ယထာဘူတံ ဉာဏာယသတ္ထာ ပရိယေသိတဗ္ဗော" လို့ ဟောခဲ့တာပဲ။ ဟုတ်တိုင်းမှန်စွာသိဖို့ရာ ဆရာကောင်းကို ရှာမှီးပါတဲ့။ "ဆရာမပြု၊ ငါးပိဖုတ်တာတောင် နည်းမကျဘူး" ဟုတ်လား။ ဒါ့ကြောင့်မို့ ဆရာကောင်းရှာမှီးပြီး ဆည်းကပ်ဖို့ အရေးမကြီးဘူးလား။

ယောဂီ ။ ။ အရေးကြီးပါ အရှင်ဘုရား။

ဆရာ ။ ။ အရေးကြီးတာမို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဆရာကောင်းရှာပြီး တရားအားထုတ်ကြရန် '၁၇၉၂' ကြိမ်တိုင်တိုင် တိုက်တွန်းမိန့်မှာတော်မူခဲ့ပါတယ်။ '၁၇၉၂' ကြိမ်ဆိုတာကတော့ ရှေးဆရာမြတ်တို့ မှတ်သားထားခဲ့ကြတာပါ။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ အေး တစ်ခါတုန်းက မြတ်စွာဘုရားကို ရှင်အာနန္ဒာက လျှောက်တယ်။

"မြတ်စွာဘုရား သူတော်ကောင်း ဆည်းကပ်ရတာဟာ မဂ်အကျင့် ထင်ပေါက် ပြီးစီးတယ်လို့ ဘုရားတပည့်တော် ထင်ပါသည်အရှင်ဘုရား" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လျှောက်တော့ မြတ်စွာဘုရားက "ညီတော်အာနန္ဒာ ဒီလိုမဆိုနဲ့၊ ဒီလိုမဆိုနဲ့။ သူတော်ကောင်းဆည်းကပ်ရခြင်းသည် ရဟန်းကိစ္စတည်းဟူသော မဂ်အကျင့် အလုံးစုံ အကုန်ပြီးစီးတယ်" လို့ သေသေချာချာ မိန့်တော်မူပါတယ်။ သဘောပါပလား။

ယောဂီ ။ ။ ပါ, ပါ အရှင်ဘုရား။

ဆရာ ။ ။ သူတော်ကောင်းဆိုတာ ဆရာကောင်းပါပဲ။ သူတော်ကောင်းတည်းဟူသော ဆရာကောင်းကြောင့် မဂ်ကိစ္စအကုန်ပြီးစီးရတယ်ဆိုတော့ ဆရာကောင်းတစ်ယောက်ရဲ့ တန်ဖိုးဟာ ဖြတ်နိုင်ပါ့မလား။

ယောဂီ ။ ။ တန်ဖိုး မဖြတ်နိုင်ပါအရှင်ဘုရား။

ဆရာ ။ ။ ဟုတ်တယ်။ သဗ္ဗညုဘုရားနဲ့ ပစ္စေကဗုဒ္ဓါကလွဲလို့ ကျန်တဲ့သာဝကမှန်သမျှဟာ ဆရာကောင်း၍ မည်သူတစ်ဦးတစ်ယောက်မှ မဂ်ကိစ္စ မပြီးနိုင်ဘူးတဲ့။ မှန်တယ်နော်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ဟော သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးကို ကြည့်ပါလား။ ပထမဆုံးက–

(၁) သပ္ပုရိသသံသေဝ = သူတော်ကောင်းနှင့် ပေါင်းသင်းခြင်း။

(၂) သဒ္ဓမ္မဿဝနံ = သစ္စာတရားနာကြားခြင်း။

(၃) ယောနိသောမနသိကာရ = သစ္စာဆိုက်အောင် နှလုံးသွင်းခြင်း။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ = ဖြစ်ပျက်နဲ့ မဂ်ကိုက်အောင် အဖန်ဖန် ရှုပွားအားထုတ်ခြင်း။

ကဲ သောတာပန်ဖြစ်ဖို့အရေးမှာ ပထမဆုံး နံပါတ် (၁) သူတော်ကောင်းနှင့် ပေါင်းသင်းခြင်းဟာ အဓိကအချုပ်ပဲ မဟုတ်လား။

ယောဂီ ။ ။ ဟုတ်ပါအရှင်ဘုရား။

ဆရာ ။ ။ ဒါ့ကြောင့်မို့ ဒိဋ္ဌိပြုတ်ရာ၌ ဆရာကောင်းလိုပုံ သဘောကျပလား။

ယောဂီ ။ ။ သဘောကျပါပြီအရှင်ဘုရား။

*သင်ခန်းစာ (၃) ပြီး၏။*



# သင်ခန်းစာ (၄)

# ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ မြန်မာပြန်နှင့် အမေးအဖြေ

## ပဋိစ္စသမုပ္ပါဒ်အနုလုံ ပါဠိ

| | | | | |
|---|---|---|---|---|
| အဝိဇ္ဇာ | + | ပစ္စယာ | = | သင်္ခါရာ |
| သင်္ခါရ | + | ပစ္စယာ | = | ဝိညာဏံ |
| ဝိညာဏ | + | ပစ္စယာ | = | နာမရူပံ |
| နာမရူပ | + | ပစ္စယာ | = | သဠာယတနံ |
| သဠာယတန | + | ပစ္စယာ | = | ဖဿော |
| ဖဿ | + | ပစ္စယာ | = | ဝေဒနာ |
| ဝေဒနာ | + | ပစ္စယာ | = | တဏှာ |
| တဏှာ | + | ပစ္စယာ | = | ဥပါဒါနံ |
| ဥပါဒါန | + | ပစ္စယာ | = | ဘဝေါ |
| ဘဝ | + | ပစ္စယာ | = | ဇာတိ |
| ဇာတိ | + | ပစ္စယာ | = | ဇရာမရဏံ |

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## အနုလုံပါဠိ၏ မြန်မာပြန်

၁။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။
၂။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။
၃။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်။
၄။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်။
၅။ သဠာယတနကြောင့် ဖဿဖြစ်တယ်။
၆။ ဖဿကြောင့် ဝေဒနာဖြစ်တယ်။
၇။ ဝေဒနာကြောင့် တဏှာဖြစ်တယ်။
၈။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။
၉။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။

www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



၁၀။ ဘဝကြောင့် ဇာတိဖြစ်တယ်။
၁၁။ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေလည်း ဖြစ်ပေါ်လာကြတယ်။

ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ၊ ချမ်းသာသုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီး ဖြစ်ပေါ်နေခြင်းဟာ ထင်ရှားပါတယ်။

## တစ်နည်း မြန်မာပြန်

၁။ အမှန်မသိမှုကြောင့် ပြုလုပ်မှုဖြစ်တယ်။
၂။ ပြုလုပ်မှုကြောင့် သိမှုဖြစ်တယ်။
၃။ သိမှုကြောင့် ညွတ်မှုဖောက်ပြန်မှုဖြစ်တယ်။
၄။ ညွတ်မှုဖောက်ပြန်မှုကြောင့် သံသရာနယ်ချဲ့ (၆) ပါးဖြစ်တယ်။
၅။ သံသရာနယ်ချဲ့ (၆) ပါးကြောင့် ထိတွေ့မှုဖြစ်တယ်။
၆။ ထိတွေ့မှုကြောင့် ခံစားမှုဖြစ်တယ်။
၇။ ခံစားမှုကြောင့် လိုချင်ခင်မင်မှုဖြစ်တယ်။
၈။ လိုချင်ခင်မင်မှုကြောင့် စွဲလမ်းမှုဖြစ်တယ်။
၉။ စွဲလမ်းမှုကြောင့် အားထုတ်မှုဖြစ်တယ်။
၁၀။ အားထုတ်မှုကြောင့် ဘဝသစ်တည်မှုဖြစ်တယ်။
၁၁။ ဘဝသစ်တည်မှုကြောင့် အိုခြင်းသေခြင်းဖြစ်တယ်။ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အပြင်းအထန်ပူလောင်ခြင်းတွေလည်း ဖြစ်ပေါ်လာကြတယ်။

ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ ချမ်းသာသုခ၊ လုံးဝမဖက် သက်သက် ဤဒုက္ခအစုကြီး ဖြစ်ပေါ်နေခြင်းဟာ ထင်ရှားပါတယ်။

## နှစ်မျိုးတွဲ အမေးအဖြေ

ဆရာ ။ ။ အမှန်မသိမှုအဝိဇ္ဇာကြောင့် ဘာဖြစ်ပါလိမ့်။
ယောဂီ ။ ။ ပြုလုပ်မှု သင်္ခါရဖြစ်ပါအရှင်ဘုရား။
ဆရာ ။ ။ ပြုလုပ်မှုသင်္ခါရကြောင့် ဘာဖြစ်ပါလိမ့်။
ယောဂီ ။ ။ သိမှုဝိညာဏ် ဖြစ်ပါအရှင်ဘုရား
ဆရာ ။ ။ သိမှုဝိညာဏ်ကြောင့် ဘာဖြစ်ပါလိမ့်။
ယောဂီ ။ ။ ညွတ်မှု ဖောက်ပြန်မှု နာမ်ရုပ်ဖြစ်ပါအရှင်ဘုရား။



## (ဤနည်းအတိုင်း)

❖ ညွတ်မှုဖောက်ပြန်မှု နာမ်ရုပ်ကြောင့်
သံသရာနယ်ချဲ့ (၆) ပါး အာယတနဖြစ်။
❖ သံသရာနယ်ချဲ့ (၆) ပါး အာယတနကြောင့်
တွေ့ထိမှု ဖဿဖြစ်။
❖ တွေ့ထိမှု ဖဿကြောင့် ခံစားမှု ဝေဒနာဖြစ်။
ခံစားမှု ဝေဒနာကြောင့် လိုချင်ခင်မင်မှု တဏှာဖြစ်။
❖ လိုချင်ခင်မင်မှု တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်။
စွဲလမ်းမှု ဥပါဒါန်ကြောင့် အားထုတ်မှု ကမ္မဘဝဖြစ်။
❖ အားထုတ်မှု ကမ္မဘဝကြောင့် ဘဝသစ်တည်မှု ဇာတိဖြစ်။
ဘဝသစ်တည်မှု ဇာတိကြောင့် အိုခြင်းသေခြင်း ဇရာမရဏဖြစ်။

စိုးရိမ်ပူဆွေးခြင်း – သောက၊ ငိုကြွေးခြင်း – ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း – ဒုက္ခ၊ စိတ်ဆင်းရဲခြင်း – ဒေါမနဿ၊ အပြင်းအထန်ပူလောင်ခြင်း – ဥပါယာသတွေလည်း ဖြစ်ကြ။ ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ၊ ချမ်းသာသုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီး ဖြစ်ပေါ်နေခြင်းဟာ ထင်ရှားပါအရှင်ဘုရား။

## အနုလုံ ပဋိစ္စသမုပ္ပာဒ်လင်္ကာ

*အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာနှင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုနာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ လုံးဝဆင်းရဲစုသာတည်း။*

မဟာစည်ဆရာတော်ဘုရားကြီး

*သင်ခန်းစာ (၄) ပြီး၏။*

Generated by CamScanner from intsig.com

www.burmeseclassic.com



# သင်ခန်းစာ (၅)

# ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ မြန်မာပြန်နှင့် အမေးအဖြေ

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံ ပါဠိ

အဝိဇ္ဇာယတွေဝ

| | |
|---|---|
| အသေသဝိရာဂနိရောဓာ | သင်္ခါရနိရောဓော |
| သင်္ခါရနိရောဓာ | ဝိညာဏနိရောဓော |
| ဝိညာဏနိရောဓာ | နာမရူပနိရောဓော |
| နာမရူပနိရောဓာ | သဠာယတနနိရောဓော |
| သဠာယတနနိရောဓာ | ဖဿနိရောဓော |
| ဖဿနိရောဓာ | ဝေဒနာနိရောဓော |
| ဝေဒနာနိရောဓာ | တဏှာနိရောဓော |
| တဏှာနိရောဓာ | ဥပါဒါနနိရောဓော |
| ဥပါဒါနနိရောဓာ | ဘဝနိရောဓော |
| ဘဝနိရောဓာ | ဇာတိနိရောဓော |
| ဇာတိနိရောဓာ | ဇရာမရဏံ |

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ပဋိလုံပါဠိ၏ မြန်မာပြန်

အဝိဇ္ဇာချုပ်လို့ သင်္ခါရချုပ်တယ်

သင်္ခါရချုပ်လို့ ဝိညာဏ်ချုပ်တယ်

ဝိညာဏ်ချုပ်လို့ နာမ်ရုပ်ချုပ်တယ်

နာမ်ရုပ်ချုပ်လို့ သဠာယတနချုပ်တယ်

သဠာယတနချုပ်လို့ ဖဿချုပ်တယ်





ဖဿချုပ်လို့ ဝေဒနာချုပ်တယ်

ဝေဒနာချုပ်လို့ တဏှာချုပ်တယ်

တဏှာချုပ်လို့ ဥပါဒါန်ချုပ်တယ်

ဥပါဒါန်ချုပ်လို့ ဘဝချုပ်တယ်

ဘဝချုပ်လို့ ဇာတိချုပ်တယ်

ဇာတိချုပ်လို့ ဇရာမရဏချုပ်တယ်၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေလည်း ချုပ်ပျောက်ကြရတယ်။

ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ၊ ချမ်းသာသုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီး၏ ချုပ်ပျောက်ရခြင်းဟာ ထင်ရှားပါတယ်။

## တစ်နည်း မြန်မာပြန်

အမှန်မသိမှုချုပ်လို့ ပြုပြင်မှုချုပ်တယ်

ပြုပြင်မှုချုပ်လို့ သိမှုချုပ်တယ်

သိမှုချုပ်လို့ ညွတ်မှုဖောက်ပြန်မှုချုပ်တယ်

(စသည်ဖြင့် အနုလုံ မြန်မာပြန်ကို မှီး၍ သိနိုင်ပါပြီ။)

## နှစ်မျိုးတွဲ အမေးအဖြေ

ဆရာ ။ ။ အမှန်မသိမှု အဝိဇ္ဇာချုပ်ရင် ဘာချုပ်ပါလိမ့်။

ယောဂီ ။ ။ ပြုပြင်မှု သင်္ခါရချုပ်ပါအရှင်ဘုရား။

ဆရာ ။ ။ ပြုပြင်မှု သင်္ခါရချုပ်ရင် ဘာချုပ်ပါလိမ့်။

ယောဂီ ။ ။ သိမှု ဝိညာဏ် ချုပ်ပါအရှင်ဘုရား။

သိမှု ဝိညာဏ်ချုပ်ရင် ညွတ်မှုဖောက်ပြန်မှုချုပ်။

ညွတ်မှုဖောက်ပြန်မှုချုပ်ရင် သံသရာနယ်ချဲ့ (၆) ပါး အာယတနချုပ်။

သံသရာနယ်ချဲ့ (၆) ပါး အာယတနချုပ်ရင် တွေ့ထိမှု ဖဿချုပ်

တွေ့ထိမှု ဖဿချုပ်ရင် ခံစားမှု ဝေဒနာချုပ်

ခံစားမှု ဝေဒနာချုပ်ရင် လိုချင်ခင်မင်မှု တဏှာချုပ်

လိုချင်ခင်မင်မှု တဏှာချုပ်ရင် စွဲလမ်းမှု ဥပါဒါန်ချုပ်။

www.burmeseclassic.com

www.burmeseclassic.com



နွဲ့ပေါ်မှ ဥပါဒါန်ချုပ်ရင် အားထုတ်မှု ကမ္မဘဝချုပ်။
အားထုတ်မှု ကမ္မဘဝချုပ်ရင် ဘဝသစ်တည်မှု ဇာတိချုပ်။
ဘဝသစ်တည်မှု ဇာတိချုပ်ရင် အိုခြင်းသေခြင်း ဇရာမရချုပ်။ စိုးရိမ်ပူဆွေးခြင်း – သောက၊ ငိုကြွေးခြင်း – ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း – ဒုက္ခ၊ စိတ်ဆင်းရဲခြင်း – ဒေါမနဿ၊ အပြင်းအထန် ပူလောင်ခြင်း – ဥပါယာသတွေလည်း ချုပ်ပျောက်ကြတယ်။

ဤသို့လျှင် ပဋိလောမသဘော၊ ချမ်းသာသုခ၊ လုံးဝမဖက်၊ သက်သက်၊ ဤဒုက္ခအစုကြီး၏ ချုပ်ပျောက်ရခြင်းဟာ ထင်ရှားပါအရှင်ဘုရား။

## ပဋိလုံ ပဋိစ္စသမုပ္ပာဒ် လင်္ကာ

*အမှန်မသိ၊ အမှားသိကာ၊ အဝိဇ္ဇာလျှင်၊ ချုပ်ပျောက်အင်ကြောင့်၊ သင်္ခါရချုပ်၊ ဝိညာဏ်ချုပ်လျက်၊ နာမ်ရုပ်အာယတန၊ ဖဿ – ဝေဒနာ၊ တဏှာ – ဥပါဒါန်၊ ကြောင်းကံ – ဘဝ၊ ချုပ်ပျောက်ရ၏။ ဘဝချုပ်သို့၊ ကျိုးဇာတိနှင့် ဗျာဓိ ဇရာ၊ မရဏာလည်း၊ မလာရုပ်သိမ်း၊ စိုးရိမ်ငြိမ်းလျက်၊ သံထွက်ငိုပွဲ၊ ကိုယ်ဆင်းရဲနှင့်၊ စိတ်ထဲမသာ၊ ပူလောင်ဇွာတို့၊ ချုပ်ကာမုချ၊ အေးငြိမ်းရသည်၊ သုခချမ်းသာ အစစ်တည်း။*

*သင်ခန်းစာ (၅) ပြီး၏။*

■



# သင်ခန်းစာ (၆)

# ခန္ဓာငါးပါးနှင့် ဒိဋ္ဌိဖြစ်ပုံ ဖြုတ်ပုံများ

ဆရာ ။ ။ ခန္ဓာက ငါးပါးရှိတယ်။
(၁) ရူပက္ခန္ဓာ၊ (၂) ဝေဒနာက္ခန္ဓာ၊ (၃) သညာက္ခန္ဓာ၊
(၄) သင်္ခါရက္ခန္ဓာ၊ (၅) ဝိညာဏက္ခန္ဓာ

ဆရာ ။ ။ မြန်မာလိုအဓိပ္ပာယ်ကတော့ –
(၁) ရူပဆိုတာ ဖောက်ပြန်တတ်သော သဘော၊ ခန္ဓာက အစု၊
ရူပက္ခန္ဓာ – ဖောက်ပြန်တတ်သော သဘောအစု။
(၂) ဝေဒနာဆိုတာ ခံစားတတ်သော သဘော၊ ခန္ဓာက အစု၊
ဝေဒနာက္ခန္ဓာ – ခံစားတတ်သော သဘောအစု။
(၃) သညာဆိုတာ မှတ်သားတတ်သော သဘော၊ ခန္ဓာက အစု၊
သညာက္ခန္ဓာ – မှတ်သားတတ်သော သဘောအစု။
(၄) သင်္ခါရဆိုတာ ပြုပြင်စေ့ဆော်တတ်သော သဘော၊ ခန္ဓာက အစု၊
သင်္ခါရက္ခန္ဓာ – ပြုပြင်စေ့ဆော်တတ်သော သဘောအစု။
(၅) ဝိညာဏဆိုတာ သိတတ်သော သဘော၊ ခန္ဓာက အစု၊
ဝိညာဏက္ခန္ဓာ – သိတတ်သော သဘောအစု။

လင်္ကာ ။ ။ *ဖောက်ပြန် – ခံစား၊ မှတ်သား – ပြုပြင်၊ သိဝိညာဉ် ငါးအင်ခန္ဓာမှတ်။*

ဆရာ ။ ။ ရုပ်နာမ်၊ သက္ကာယနှင့် ပညတ်ဆိုတာ
❖ အလုပ်သမားက ရုပ်၊ အခိုင်းသမားက နာမ်
မသိတာက ရုပ်၊ သိတာက နာမ်
မသိဘဲ ဖောက်ပြန်တာက ရုပ်
သိပြီး ဖောက်ပြန်တာက နာမ်

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်လို့ရတာက ရုပ်
ကိုင်တွယ်လို့မရတာက နာမ်
ချိန်တွယ်လို့ရတာက ရုပ်
ချိန်တွယ်လို့မရတာက နာမ်။

❖ စားချင်တာက နာမ်
စားဟန်အမူအရာက ရုပ်
ပြောချင်တာက နာမ်
ပြောဟန်အမူအရာက ရုပ်
လုပ်ချင်တာက နာမ်
လုပ်ဟန်အမူအရာက ရုပ်
လှုပ်ချင်တာက နာမ်
လှုပ်ဟန်အမူအရာက ရုပ်
သွားချင်ရပ်ချင်
ထိုင်ချင် လျောင်းချင်တာက နာမ်
သွားဟန် ရပ်ဟန် ထိုင်ဟန် လျောင်းဟန် အမူအရာက ရုပ်
အိပ်ချင်တာက နာမ်
အိပ်ဟန်အမူအရာက ရုပ်

မှတ်ချက် ။ ။ *လူပြိန်းနားလည်ရန် ပညတ်စကားလုံးအချို့ကို သုံးထားပါသည်။*

| ခန္ဓာငါးပါး | ရုပ်နာမ် | သက္ကာယ | ပညတ် |
|---|---|---|---|
| ရူပက္ခန္ဓာ | ရုပ် | တကယ် အမှန် သဘောအားဖြင့် ထင်ရှားရှိလို့ ခန္ဓာငါးပါး အပေါင်းကို သက္ကာယဟု ခေါ်သည်။ | ပုဂ္ဂိုလ်သတ္တဝါ ငါ၊ သူ စသည်က တကယ်အမှန် သဘောအားဖြင့် ထင်ရှား မရှိ၊ အခေါ် အပြောမျှသာရှိလို့ ပညတ်ဟု ခေါ်သည်။ |
| ဝေဒနာက္ခန္ဓာ | စေတသိက်နာမ် | | |
| သညာက္ခန္ဓာ | စေတသိက်နာမ် | | |
| သင်္ခါရက္ခန္ဓာ | စေတသိက်နာမ် | | |
| ဝိညာဏက္ခန္ဓာ | စိတ်နာမ် | | |

Generated by CamScanner from intsig.com



## ဒိဋ္ဌိဖြစ်ခြင်းအကြောင်း (၈) ပါး

ဆရာ ။ ။ ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းက (၈) ပါးရှိပါတယ်။ မင်္ဂဖိုလ်နိဗ္ဗာန် မရမရောက်အောင် တားဆီးကန့်ကွက်ပြီး အပါယ်လေးပါး တွန်းချတတ်တဲ့ မိစ္ဆာဒိဋ္ဌိဟာ အလွန်ကြောက်စရာ ကောင်းပါတယ်။ ဒီထက်ကြောက်စရာပိုကောင်းတာက ဒိဒိဋ္ဌိကို ဖြစ်စေတဲ့ အကြောင်း (၈) ပါးပါပဲ။ ကိုယ့်ကို သတ်မည့်သူထက် အသတ်ခိုင်းတဲ့လူကို ပိုကြောက်ရသလိုပါ။ ဒါ့ကြောင့် ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း (၈) ပါးကိုလည်း ပြကြပါဦးစို့။

မေး ။ ။ ဒိဋ္ဌိဖြစ်ကြောင်း (၈) ပါးကို ပြောပြပါ။

ဖြေ ။ ။ (၁) ခန္ဓာကြောင့်လည်း ဒိဋ္ဌိဖြစ်ပါတယ်။
(၂) အဝိဇ္ဇာကြောင့်လည်း ဒိဋ္ဌိဖြစ်ပါတယ်။
(၃) ဖဿကြောင့်လည်း ဒိဋ္ဌိဖြစ်ပါတယ်။
(၄) သညာကြောင့်လည်း ဒိဋ္ဌိဖြစ်ပါတယ်။
(၅) အကြံအစည်ကြောင့်လည်း ဒိဋ္ဌိဖြစ်ပါတယ်။
(၆) နှလုံးသွင်းမှားကြောင့်လည်း ဒိဋ္ဌိဖြစ်ပါတယ်။
(၇) မိတ်ဆွေယုတ်နဲ့ ပေါင်းခြင်းကြောင့်လည်း ဒိဋ္ဌိဖြစ်ပါတယ်။
(၈) တရားနာမှားခြင်းကြောင့်လည်း ဒိဋ္ဌိဖြစ်ပါအရှင်ဘုရား။

မေး ။ ။ ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်ပုံကိုရှင်းပြပါ။

ဖြေ ။ ။ ဖြူဖြူစင်စင်နဲ့ ဝဝဖြိုးဖြိုး ခန္ဓာမျိုးကို မြင်ရတဲ့အခါ "မင်း ဒီလောက် တောင့်တင်းခိုင်မာနေတာ မသေနိုင်သေးပါဘူး" ဆိုတဲ့ သဿတဒိဋ္ဌိ ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာကြောင့် ဒိဋ္ဌိဖြစ်ပုံကို ရှင်းပြပါ။

ဖြေ ။ ။ အဝိဇ္ဇာရှိရင် ခန္ဓာ၏ဖြစ်ပျက်ကို မသိပါ။ ခန္ဓာ၏အဖြစ်ကို မသိရင် ပြတ်စဲအယူမှား ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်။ ခန္ဓာ၏ အပျက်ကိုမသိရင် ခိုင်မြဲအယူမှား သဿတဒိဋ္ဌိ ဖြစ်ပါ အရှင်ဘုရား။

မေး ။ ။ ဖဿကြောင့် ဒိဋ္ဌိဖြစ်ပုံကို ရှင်းပြပါ။

ဖြေ ။ ။ လူတစ်ယောက်ကို မြင်တွေ့၊ တွေ့လိုက်သည်နှင့် "ငါမြင်တယ်" ဆိုတဲ့ သက္ကာယဒိဋ္ဌိဟာ မြင်တွေ့ဖဿကြောင့် ဖြစ်ပေါ်ရပါတယ်။ အထည်တစ်ခုကိုဖြစ်စေ၊ ပစ္စည်းတစ်ခုကိုဖြစ်စေ မျက်ကိုယ်တွေ့ တွေ့လိုက်တဲ့အခါ "ဟာ ဒီအထည်ကောင်းတယ်၊ ဒီပစ္စည်းခိုင်တယ်၊ မပျက်နိုင်ပါဘူး" ဆိုတဲ့ သဿတဒိဋ္ဌိဖြစ်ပါအရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ သညာကြောင့် ဒိဋ္ဌိဖြစ်ပုံကို ရှင်းပြပါ။

ဖြေ ။ ။ လူကြီးမိဘတို့၏ ပြောပြချက်ကြောင့် သားသမီးတို့က "ဒါ ငါ့အဖေ၊ ဒါ ငါ့အမေ၊ ဒါ ငါ့အစ်ကို" စသည်ဖြင့် မှတ်သားထားခြင်းကြောင့် သက္ကာယဒိဋ္ဌိဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အကြံအစည်ကြောင့် ဒိဋ္ဌိဖြစ်ပုံကို ပြောပြပါ။

ဖြေ ။ ။ ရေမြေတောတောင်တွေနဲ့တကွ နေလ နက္ခတ်တာရာတို့ကို ကြည့်၍လည်းကောင်း၊ သတ္တဝါအမျိုးမျိုး၊ ဘုံဌာနအမျိုးမျိုးကိုကြည့်၍လည်းကောင်း၊ အကြောင်းမှန်ကို မသိသဖြင့် "ဒီကမ္ဘာလောကဓာတ်ကြီးနဲ့တကွ သတ္တဝါတွေကို ဖန်ဆင်းရှင်ဘုရားက ဖန်ဆင်းတာပဲ" ဟု အကြောင်းလွဲကို ကြံစည်ခြင်းကြောင့် ဝိသမဟေတုက ဒိဋ္ဌိဖြစ်ပါအရှင်ဘုရား။

မေး ။ ။ နှလုံးသွင်းမှားကြောင့်၊ ဒိဋ္ဌိဖြစ်ပုံကို ရှင်းပြပါ။

ဖြေ ။ ။ ခန္ဓာအနိစ္စကို "နိစ္စ – မြဲတယ်" လို့ နှလုံးသွင်းမှားခြင်းကြောင့်လည်းကောင်း၊ ဒုက္ခကို သုခဟု နှလုံးသွင်းမှားခြင်းကြောင့်လည်းကောင်း။ သဿတဒိဋ္ဌိ အနတ္တကို အတ္တလို့ နှလုံးသွင်းမှားခြင်းကြောင့် အတ္တဒိဋ္ဌိဖြစ်ပါအရှင်ဘုရား။

မေး ။ ။ မိတ်ယုတ်မာနဲ့ ပေါင်းခြင်းကြောင့် ဒိဋ္ဌိဖြစ်ပုံကို ရှင်းပြပါ။

ဖြေ ။ ။ အရှင်ဒေဝဒတ်နဲ့ ပေါင်းမိတဲ့အတွက် အဇာတသတ်မင်းသားဟာ "အဖေသတ်လည်း အပြစ်မရှိဘူး" ဆိုတဲ့ အကိရိယဒိဋ္ဌိ အယူကြီးကို ယူမိပါတယ်။ မိတ်ဆွေယုတ်ဆိုတဲ့ လူမိုက်နဲ့ ပေါင်းမိသူဟာ လှူလည်း အကျိုးမရှိဘူး။ မိဘပြုစုလည်း အကျိုးမရှိဘူး" အစရှိတဲ့ ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ တရားနာမှားခြင်းကြောင့် ဒိဋ္ဌိဖြစ်ပုံကို ရှင်းပြပါ။

ဖြေ ။ ။ အယူမှား ဘာသာမှားတွေရဲ့ တရားကိုနာမိခြင်းကြောင့် "ကမ္ဘာကြီးနဲ့တကွ လူတွေ သတ္တဝါတွေကို ထာဝရဘုရားက ဖန်ဆင်းတယ်။ လူတွေကို ဗြဟ္မာကြီးက မွေးဖွားတယ်" ဆိုတဲ့ အယူမှားတွေ၊ "နွား၊ ဆိတ်၊ ကြက်၊ ငှက် တိရစ္ဆာန်တွေကို သတ်ပြီး နတ်ဘုရားအား ယစ်ပူဇော်တာဟာ ကုသိုလ်ဖြစ်တယ်" ဆိုတဲ့ သီလဗ္ဗတပရာမာသဒိဋ္ဌိတွေ ဖြစ်ပါ အရှင်ဘုရား။

မေး ။ ။ ဒါ့ကြောင့်မို့ ဒိဋ္ဌိထက် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းတရားတွေက ပိုမိုပြီး ကြောက်စရာ မကောင်းဘူးလား။

ဖြေ ။ ။ ကြောက်စရာကောင်းလှပါအရှင်ဘုရား။

မေး ။ ။ ဒါ့ကြောင့်မို့ ကိုယ့်ဗုဒ္ဓဘာသာ အယူမှန်မှ အယူမှား၊ ဘာသာမှား၊ ဒိဋ္ဌိတွေ ဖြစ်မသွားရအောင် အယူမှန်တရားကို ကြိုးစားပြီး ဟောကြပါဆိုတာ သဘောပေါက်ပလား။

ဖြေ ။ ။ သဘောပေါက်ပါပြီ အရှင်ဘုရား။



## ဒိဋ္ဌိဖြစ်ကြောင်း (၈) ပါးလင်္ကာ

ဆောင် ။ ။ *ခန္ဓာ[၁]၊ အဝိဇ္ဇာ[၂]၊ တွေ့ဖဿာ[၃] နှင့်၊ သညာမှားယှဉ်း[၄]၊ ကြံစည်ခြင်း[၅] မှ၊ နှလုံးသွင်းမှား[၆]၊ မိတ်ဆွေမှား[၇] ၍၊ တရားမှားနာ[၈]၊ ဤ (၈) ဖြာ၊ မှတ်ပါဒိဋ္ဌိဖြစ်ကြောင်းတည်း။*

ဆရာ ။ ။ ဒိဋ္ဌိ ၃ မျိုးကတော့

(၁) သက္ကာယဒိဋ္ဌိ

(၂) ဥစ္ဆေဒဒိဋ္ဌိ

(၃) သဿတဒိဋ္ဌိ

ဆရာ ။ ။ ဒိဋ္ဌိ ၃ မျိုးစွဲပုံ၊ ဖြုတ်ပုံက ဒီလို

(၁) သက္ကာယတရားကို 'သက္ကာယတရား' ဟု မသိမမြင်ဘဲ ပုဂ္ဂိုလ်သတ္တဝါဟု၊ ငါ သူတစ်ပါးဟု၊ ယောကျ်ားမိန်းမဟု၊ လူနတ်ဗြဟ္မာဟု၊ အသက်ဝိညာဉ်လိပ်ပြာဟု၊ အတ္တကောင် ဇီဝကောင်အဖြစ်အားဖြင့် ထင်မြင်စွဲယူမှားလျှင်မှားလျှင် သက္ကာယဒိဋ္ဌိဖြစ်သည်။ အတ္တဒိဋ္ဌိဟုလည်း ဆိုရသည်။ (ခန္ဓာငါးပါး ရုပ်နာမ်တရားက – သက္ကာယ၊ အရှိကိုမသိ၊ မရှိကို အရှိလုပ်မိတာက – ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ။ အတ္တ – ခန္ဓာရုပ်နာမ်သက္ကာယကို အတ္တဟု၊ ဒိဋ္ဌိ – အယူမှား၊ အတ္တဒိဋ္ဌိ)

* ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး စသည်မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး စသည် တကယ်မရှိ။ ခန္ဓာငါးပါး ရုပ်နာမ်သက္ကာယ တရားသာလျှင် ဟုတ်၏။ တကယ်ရှိ၏ဟု ခန္ဓာဉာဏ်ရောက် သိမြင် သဘောပေါက်လျှင် သက္ကာယဒိဋ္ဌိပြုတ်သည်။

(၂) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဖြစ်၍ပျက်ပြီးလျှင် "ပြတ်သွားတော့၏။ နောက်ထပ် ဘဝမှ မဖြစ်တော့ဘူး၊ မဆက်တော့ဘူး" ဟု ထင်မြင်စွဲယူမှားလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ (ဥစ္ဆေဒ – အကြောင်းအကျိုးမဆက်ဘဲ ပြတ်တယ်လို့၊ ဒိဋ္ဌိ – အယူမှား။)

* အကြောင်းပြုလို့ အကျိုးဖြစ်တယ်ဟု ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ကြောင်းကျိုး ဆက်လက်၍ အစဉ်မပြတ် ဖြစ်ပေါ်ပုံကို နားလည်သဘောကျလျှင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သည်။

(၃) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို "ခိုင်တယ်၊ မြဲတယ်၊ မပျက်ဘူး" ဟု ထင်မြင် ယူမှားလျှင် (ဝါ) ဤခန္ဓာကိုယ်ထဲမှာ မသေမပျောက်ဘဲ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းနေသော "အသက်ဝိညာဉ် လိပ်ပြာ" ဟု ခေါ်သည့် အတ္တကောင် ဇီဝကောင်ရှိတယ်ဟု ထင်မြင်ယူမှားလျှင် "သဿတဒိဋ္ဌိ" ဖြစ်သည်။ (သဿတ – ခိုင်တယ်၊ မြဲတယ်လို့၊ ဒိဋ္ဌိ – အယူမှား)

* အကြောင်းပျက်လို့ အကျိုးပျက်တယ်ဟု၊ (ဝါ) မသေမပျောက်ဘဲ ဘဝကူးပြောင်းလျက် ခိုင်မြဲတည်ရှိနေသော အတ္တဇီဝမရှိဟု ခန္ဓာဉာဏ်ရောက် သိမြင်သဘောပေါက်လျှင် သဿတဒိဋ္ဌိပြုတ်သည်။

Generated by CamScanner from intsig.com

www.burmeseclassic.com



ဆရာ ။ ။ ဝိစိကိစ္ဆာဆိုတာ

* ပုဂ္ဂိုလ်ရှိလေသလား သတ္တဝါရှိလေသလား၊ အတိတ်တုန်းက ငါဖြစ်ခဲ့လေသလား၊ အခု ငါ ဟုတ်လေသလား။ နောင် ငါဘယ်သွားရမှာလဲ စသည်ဖြင့် သို့လောသို့လော တွေးတောယုံမှားတာ၊ (အမှန်မဆုံးဖြတ်နိုင်တာ) ဝိစိကိစ္ဆာ။

တန်နည်း ။ ။ ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ရတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားများဟာ အခမဲ့ အကြောင်းမဲ့ဖြစ်တယ်၊ ထာဝရဘုရားရှင်က ဖန်ဆင်းတယ်၊ ဗြဟ္မာကြီးတွေ ဖန်ဆင်းတယ်ဆိုတဲ့ အယူမှားဟုတ်လေသလား၊ မဟုတ်ဘူးလားဟူ၍ အကြောင်းမှန်ကို မသိ၊ သံသယရှိနေတာ ဝိစိကိစ္ဆာ။

* ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူတစ်ပါး စသည်မရှိ။ ရုပ်နာမ်ဓမ္မအကြောင်းအကျိုးမျှသာ ရှိ၏ဟု နားလည်သိမြင်လျှင် ဝိစိကိစ္ဆာ ခင်သည်။

တန်နည်း ။ ။ အကြောင်းမှန်ကို သိမြင် သဘောကျလျှင် ဝိစိကိစ္ဆာခင်သည်။

ဆရာ ။ ။ တိုတိုလိုရင်းမှတ်ပါ။

* *နာမ်ရုပ်ကို ပိုင်းခြားသိလျှင် သက္ကာယဒိဋ္ဌိ ခင်သည်။*
* *အဖြစ်မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိခင်သည်။*
* *အပျက်မြင်လျှင် သဿတဒိဋ္ဌိခင်သည်။*
* *အကြောင်းမှန် သိလျှင် ဝိစိကိစ္ဆာခင်သည်။*
* *ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာ ခင်သည်။*



## ဒိဋ္ဌိဝိစိကိစ္ဆာ ဖြုတ်ပုံအကျဉ်း

| | | |
|---|---|---|
| ရုပ်နာမ်ကို အတ္တထင်<br>ရုပ်နာမ်ကိုပိုင်းခြားမြင် | → သက္ကာယအတ္တဒိဋ္ဌိ<br>→ ဤဒိဋ္ဌိ | → ငါစွဲအယူမှား<br>→ ပြုတ် |
| အကြောင်းပြတ်၊ အကျိုးမရှိယူ<br>အကြောင်းပြု၊ အကျိုးဖြစ်မြင် | → ဥစ္ဆေဒဒိဋ္ဌိ<br>→ ဤဒိဋ္ဌိ | → ပြတ်စွဲအယူမှား<br>→ ပြုတ် |
| ရုပ်နာမ်ကို နိစ္စထင်<br>အကြောင်းပျက်၊အကျိုးပျက်မြင် | → သဿတဒိဋ္ဌိ<br>→ ဤဒိဋ္ဌိ | → ခိုင်မြဲအယူမှား<br>→ ပြုတ် |
| ခန္ဓာငါးပါး၊ ပုဂ္ဂိုလ်သတ္တဝါကို<br>တန်ခိုးရှင်က ဖန်ဆင်းတယ်လို့ယူ<br><br>အလိုလိုဖြစ်တယ်ယူ<br>ကြောင်းကျိုးအမှန်သိမြင် | ဣဿရနိမ္မာန<br>→ ဟေတုကဒိဋ္ဌိ။<br>→ ဝိသမဟေတုကဒိဋ္ဌိ<br><br>→ အဟေတုကဒိဋ္ဌိ<br>→ ဤဒိဋ္ဌိ ၃ ပါး | ဖန်ဆင်းရှင်<br>→ အယူမှား<br>→ အကြောင်းမမှန်အယူမှား<br><br>→ အကြောင်းမဲ့အယူမှား<br>→ ပြုတ် |
| သို့လောသို့လားယုံမှား<br>ကြောင်းကျိုးအမှန်သိမြင် | → ဝိစိကိစ္ဆာ<br>→ ဝိစိကိစ္ဆာ | → ဒိဋ္ဌိနှင့်ယှဉ်<br>→ ပြုတ် |

အမှာ ။ ။ ဤဒိဋ္ဌိအောက်ပိုင်း ဒိဋ္ဌိဝိစိကိစ္ဆာရှင်းလင်းချက်များကို သင်ခန်းစာ (၁၀) (၁၁) (၁၂) တို့မှာ တွေ့ရလိမ့်မယ်။

သင်ခန်းစာ (၆) ပြီး၏။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# သင်ခန်းစာ (၇)

## ပညတ်နှင့် ပရမတ်အကျဉ်း

<table>
<tr><td>သမုတိသစ္စာ – သမုတ်ရှိအမှန်<br>ပညတ်တရားများ</td><td colspan="4">ပရမတ္ထသစ္စာ – အဟုတ်ရှိအမှန်<br>ပရမတ္ထတရား ၄ ပါး</td></tr>
<tr><td rowspan="4">ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဦးဖြူ၊ ဦးနီ၊ ဒေါ်နု၊ ဒေါ်ပု၊ လူနတ်ဗြဟ္မာ၊ အသက်ဝိညာဉ် လိပ်ပြာ စသည်က သက်ရှိပညတ်များ။ ရေမြေ တောတောင် တုံးတိုင် ကျောင်း အိမ်၊ ဇရပ် တန်ဆောင်း၊ လှည်း လှေ၊ ကား၊ ရထား စသည်က သက်မဲ့ပညတ်များ။ ဝိပဿနာ ဉာဏ်ဖြင့် ရှုကြည့်လျှင် တကယ် သဘောအားဖြင့် ထင်ရှားမရှိလို့ မတွေ့ရ။ အခေါ်အပြောမျှသာ ရှိတာက ပညတ်။</td><td>စိတ်</td><td>စေတသိက်</td><td>ရုပ်</td><td>နိဗ္ဗာန်</td></tr>
<tr><td colspan="3">ဝိညာဏ် | သင်္ခါရ သညာ ဝေဒနာ | ရုပ်<br>ခန္ဓာငါးပါး<br>သင်္ခတပရမတ်<br>↕</td><td>ခန္ဓဝိမုတ်<br>အသင်္ခတ<br>ပရမတ်<br>↕</td></tr>
<tr><td colspan="3">အကြောင်းတရားတို့က ပြုပြင်လို့ ဖြစ်ပေါ်လာတဲ့ အကျိုးတရားများက သင်္ခတပရမတ် သင်္ခတပရမတ်က ဖြစ်ပျက်ရှိ၏။</td><td>အကြောင်းကင်း၍ တကယ်သဘော အားဖြင့် ထင်ရှားရှိတဲ့ နိဗ္ဗာန်က အသင်္ခတ ပရမတ်။ ဖြစ်ပျက်မရှိ</td></tr>
<tr><td colspan="4">ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ရှုကြည့်လျှင် တကယ် သဘောအားဖြင့် ထင်ရှားရှိလို့ တွေ့သိရတာက – ပရမတ်။ ဝိပဿနာဉာဏ်ဖြင့် တွေ့သိရမှာက သင်္ခတ။ မဂ်ဉာဏ်ဖြင့် တွေ့သိရမှာက အသင်္ခတ</td></tr>
</table>

❖ *ပညတ်ပရမတ် ကွဲပြားစွာ သိမြင်လျှင် သက္ကာယဒိဋ္ဌိစင်သည်။*
*သင်္ခတပရမတ်ကို အဖြစ်မြင်လျှင် ဥစ္ဆေဒ ဒိဋ္ဌိ စင်သည်။*
*သင်္ခတပရမတ်၏ အပျက်ကိုမြင်လျှင် သဿတဒိဋ္ဌိစင်သည်။*
*အသင်္ခတပရမတ်ကိုမြင်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ လုံးဝပြတ်သည်။*

Generated by CamScanner from intsig.com



### သမ္မုတိသစ္စာကို ဘုရား မပယ်ခြင်းအကြောင်း (၈) ပါး

ဆရာ ။ ။ အခေါ်အပြောရှိ၊ သမုတ်ရှိ အမှန်ဖြစ်သော သမ္မုတိသစ္စာကို ဘုရားမပယ်ပါ။ "မပယ်ပါ" ဆိုရာမှာ ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟူသော အယူအစွဲကိုတော့ ဘုရားကိုယ်တိုင်လည်း ပယ်ပါတယ်။ အရိယာပုဂ္ဂိုလ်များလည်း ပယ်ကြပါတယ်။ သို့သော် "အဘယ်ပုဂ္ဂိုလ် အဘယ်သတ္တဝါ အဘယ်အမည်" အစရှိတဲ့ လောကအသုံးအနှုန်း အခေါ်အဝေါ် ပညတ်ကိုတော့ ဝေနေယျများ ထင်ရှားသိမြင် နားလည်စေရန် ခေါ်ဝေါ်သုံးစွဲခြင်းအားဖြင့် မပယ်ပါ။

မေး ။ ။ ဒါ့ကြောင့် "သမ္မုတိသစ္စာကို ဘုရားမပယ်ရခြင်းအကြောင်း (၈) မျိုး" ဆောင်ပုဒ်ကို ရွတ်ဆိုပြပါ။

ဖြေ ။ ။ *ဟိရောတ္တပ္ပ[၁]၊ ကမ္မသကာ[၂]၊ ပဋိကာရံ[၃]၊ ပဉ္စာနန္တ ရီ[၄]၊ ပုဗ္ဗေနိဉာဏ်[၅]၊ လျှုခံယုတ်မြတ်[၆]၊ ပညတ်မပယ်[၇]၊ မေတ္တာဝယ်ကျိုး[၈]၊ ဤရှစ်မျိုးကြောင့်၊ ခေါ်ရိုးသမ္မုတိ၊ သစ္စာရှိကို၊ မုနိရှင်ချစ်၊ ဟောဖော်လှစ်သည်၊ စင်စင်နှောင်လာမှတ်ရန်တည်း။*

မေး ။ ။ ဒီဆောင်ပုဒ်လင်္ကာအရ သမ္မုတိသစ္စာကို ဘုရားမပယ်ရခြင်း အကြောင်း (၈) မျိုးကို ရေတွက်ပြပါ။

ဖြေ ။ ။ (၁) ဟိရီ၊ ဩတ္တပ္ပကို ထင်ရှားပြရန် အကျိုးငှာလည်းကောင်း။
(၂) ကမ္မသကတာဉာဏ်ကို ထင်ရှားပြရန် အကျိုးငှာလည်းကောင်း။
(၃) ပုဂ္ဂိုလ်အသီးသီး ပြုအပ်သော ကောင်းမှု (မကောင်းမှု) ကို ထင်ရှားပြရန် အကျိုးငှာလည်းကောင်း။
(၄) ပဉ္စာနန္တရိယကံကို ထင်ရှားပြရန် အကျိုးငှာလည်းကောင်း။
(၅) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ထင်ရှားပြရန် အကျိုးငှာလည်းကောင်း။
(၆) အလှူခံ အယုတ်၊ အလတ်၊ အမြတ်ကို ထင်ရှားပြရန် အကျိုးငှာလည်းကောင်း။
(၇) ဘုရားရှင်က လောကပညတ်ကို မပယ်ကြောင်း ထင်ရှားပြရန် အကျိုးငှာ လည်းကောင်း။
(၈) "မေတ္တာ" စသော ဗြဟ္မစိုရ်တရား လေးပါးကို ထင်ရှားပြရန် အကျိုးငှာ လည်းကောင်း။
ဒီအကြောင်း (၈) ပါးကြောင့် သမ္မုတိသစ္စာကို ဘုရားမပယ်ခြင်း ဖြစ်သည် အရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ "ဟိရိဩတ္တပ္ပကို ထင်ရှားပြရန် အကျိုး၄ဝ" ဆိုတဲ့ အကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။ "ခန္ဓာသည် ဒုစရိုက်မှ ရှက်၏၊ ကြောက်၏" လို့ ဆိုလျှင် ပုဂ္ဂိုလ်မထင်ရှားလို့ အရှက်အကြောက် ဟိရိဩတ္တပ္ပတရားလည်း ထင်ရှားမသိသာပါ။ "မိန်းကလေးသည် ဒုစရိုက်မှ ရှက်၏၊ ကြောက်၏" လို့ဆိုမှ ပုဂ္ဂိုလ်လည်း ထင်ရှား၊ အရှက်အကြောက် ဟိရိဩတ္တပ္ပတရားလည်း ထင်ရှားသိသာပါအရှင်ဘုရား။

မေး ။ ။ နံပါတ် (၂) အကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။ "ခန္ဓာတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏" ဟု ဆိုလျှင် ပုဂ္ဂိုလ်လည်းမထင်ရှား၊ ကမ္မဿကတာဉာဏ်လည်း မပေါ်လွင်ပါ။ "သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏" ဟု ပုဂ္ဂိုလ်သတ္တဝါထည့်ဆိုမှ ကမ္မဿကတာဉာဏ်လည်း ပေါ်လွင်ထင်ရှားပါအရှင်ဘုရား။

မေး ။ ။ နံပါတ် (၃) အကြောင်းကိုရှင်းပြပါ။

ဖြေ ။ ။ "ခန္ဓာသည် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း၏" ဟု ဆိုလျှင် ကျောင်းဒကာရော ဒါနကောင်းမှုရော မထင်ရှားပါ။ "အနာထပိဏ်သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း၏" ဟု ဆိုမှ ကျောင်းဒကာဆိုတဲ့ ပုဂ္ဂိုလ်ရော၊ ကျောင်းအလှူကောင်းမှုရော ထင်ရှားသိသာပါအရှင်ဘုရား။

မေး ။ ။ နံပါတ် (၄) အကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။ "ခန္ဓာသည် အမိကိုသတ်၏။ အဘကိုသတ်၏။ ရဟန္တာကိုသတ်၏။ ဘုရားကို သွေးစိမ်း တည်အောင်ပြု၏။ သံဃာကို သင်းခွဲ၏" ဟု ဆိုလျှင် ကံကျူးလွန်တဲ့ပုဂ္ဂိုလ် မထင်ရှားသဖြင့် ကံကြီးငါးပါးလည်း သိသာမှုမရှိပါ။ "သားသည် အမိကို အဘကိုသတ်၏။ လူမိုက်သည် ရဟန္တာကိုသတ်၏။ ဒေဝဒတ်သည် ဘုရားကို သွေးစိမ်း တည်အောင်ပြု၏။ သံဃာကိုသင်းခွဲ၏" ဟု ပုဂ္ဂိုလ်ကို သုံးစွဲပြောဆိုမှ ကံကျူးလွန်သော ပုဂ္ဂိုလ် ထင်ရှားသဖြင့် ကံကြီးငါးပါးလည်း သိသာထင်ရှားမှုရှိပါအရှင်ဘုရား။

မေး ။ ။ နံပါတ် (၅) အကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။ "ခန္ဓာသည် ရှေးကဖြစ်ဖူးသော ခန္ဓာအစဉ်ကို ဆင်ခြင်အောက်မေ့၏" ဟု ဆိုလျှင် ပုဂ္ဂိုလ် ဘယ်သူဘယ်ဝါ မထင်ရှားသဖြင့် ဆင်ခြင်အောက်မေ့တတ်သော ဉာဏ်လည်း မပေါ်လွင်ပါ။ "အဘိညာဉ်ရ ရသေ့ရဟန်းသည် ရှေးကဖြစ်ဖူးသော လူဘဝ၊ နတ်ဘဝ တွေကို ဆင်ခြင်အောက်မေ့၏" ဟု ဆိုမှ ပုဂ္ဂိုလ်လည်း ထင်ရှား၊ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်လည်း ထင်ရှားပါအရှင်ဘုရား။

Generated by CamScanner from intsig.com



မေး ။ ။ နံပါတ် (၆) အကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။ "ခန္ဓာသည် ခန္ဓာအား ဆွမ်းကို လှူဒါန်း၏" ဟု ဆိုလျှင် အလှူရှင်ပုဂ္ဂိုလ် အလှူခံပုဂ္ဂိုလ် မထင်ရှားပါ။

"ဒါယကာသည် အလှူခံပုဂ္ဂိုလ် အယုတ်အလတ်အမြတ်ကို ရွေးချယ်၍ ဆွမ်းကိုလှူ၏" ဟု ဆိုမှ အလှူရှင်ပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ် ထင်ရှားသဖြင့် အလှူစင်ကြယ်ခြင်း အကျိုးလည်း ထင်ရှားပါအရှင်ဘုရား။

မေး ။ ။ နံပါတ် (၇) အကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။ "အို ခန္ဓာ၊ အို အာယတန၊ အို ဓာတ်လာလော့" ဟု ဆိုလျှင် အခေါ်ခံရသည့်ပုဂ္ဂိုလ် မည်သူမည်ဝါဟု မကွဲပြားပါ။ "အို အာနန္ဒာ၊ အို မင်းကြီး၊ အို နတ်သားလာလော့" ဟု လောကက အသုံးအစွဲပြုသည့် အခေါ်အဝေါ် နာမည်ပညတ်ကို မပယ်ဘဲ ပြောဆိုခံရသည့် ပုဂ္ဂိုလ် ထင်ရှားကွဲပြားပါအရှင်ဘုရား။

မေး ။ ။ နံပါတ် (၈) အကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။ "ခန္ဓာတို့သည် ခန္ဓာတို့ကို မေတ္တာပို့ကုန်၏။ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ပွားကုန်၏" ဟု ဆိုလျှင် မေတ္တာပို့သူ၊ မေတ္တာခံယူသူစသည် မထင်ရှားပါ။ မေတ္တာစသော ဗြဟ္မစိုရ်တရားလည်း မပေါ်လွင်ပါ။ ရဟန်းသည်၊ ယောဂီသည်၊ ယောကျ်ားသည်၊ မိန်းမသည် သတ္တဝါတို့ကို မေတ္တာပို့ကုန်၏" စသည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါထည့်ဆိုမှ ဗြဟ္မစိုရ်တရား လေးပါး ပေါ်လွင်ထင်ရှားပါအရှင်ဘုရား။

## သစ္စာ (၂) မျိုးအခွဲ

* မရှိဘဲ မှန်ကန်ခြင်းသည် သမ္မုတိသစ္စာ။
* အဟုတ်ရှိ၍ မှန်ကန်ခြင်းသည် ပရမတ္ထသစ္စာ။
* မုသားလွတ်ရုံ မှန်ကန်တာက သမ္မုတိသစ္စာ။
* သစ္စာထိုက်အောင် မှန်ကန်တာက ပရမတ္ထသစ္စာ။
* နတ်ရွာသုဂတိ၊ ဗြဟ္မာပြည်ရောက်လိုက သမ္မုတိသစ္စာ ကြိုးစားရာ၏။
* မဂ်ဖိုလ်နိဗ္ဗာန်ရလိုက ပရမတ္ထသစ္စာ ကြိုးစားရာ၏။
* သမ္မုတိသစ္စာ နားမလည်လို့ပယ်ရင် အပါယ်ကျမည်။
* ပရမတ္ထသစ္စာပယ်ရင် (၃၁) ဘုံ ဒုက္ခမြို့မှ မလွတ်၊ နိဗ္ဗာန်မရောက်နိုင်။
* သမ္မုတိသစ္စာအလုပ်က သဒ္ဓါပြဋ္ဌာန်းသည်။ သဒ္ဓါလိုရင်းစွဲ။
* ပရမတ္ထသစ္စာအလုပ်က ပညာပြဋ္ဌာန်းသည်။ ပညာလိုရင်းစွဲ။

www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာငါးပါး နှင့် လက္ခဏာအကျဉ်း

| သဘာဝလက္ခဏာ။ သင်္ခတတရား | သာမညလက္ခဏာ၊ သင်္ခတလက္ခဏာ |
|---|---|
| ရူပက္ခန္ဓာ – ဖောက်ပြန်တတ်သော သဘောအစု | ဖြစ်ပျက်မှု |
| ဝေဒနာက္ခန္ဓာ – ခံစားတတ်သော သဘောအစု | ဖြစ်ပျက်မှု |
| သညာက္ခန္ဓာ – မှတ်သားတတ်သော သဘောအစု | ဖြစ်ပျက်မှု |
| သင်္ခါရက္ခန္ဓာ – ပြုပြင်စေဆော်တတ်သော သဘောအစု | ဖြစ်ပျက်မှု |
| ဝိညာဏက္ခန္ဓာ – သိတတ်သော သဘောအစု | ဖြစ်ပျက်မှု |

## လက္ခဏာရှင်းလင်းချက်

ရုပ်နာမ်ဓမ္မတို့၌ အသီးအသီး ကိုယ်စီကိုယ်စီ ရှိကြသော ကိုယ်ပိုင်သဘောကို "သဘာဝ"ဆို၏။ ထိုသဘော သဘာဝသည်ပင် အသီးအသီးသော ရုပ်နာမ်ဓမ္မတို့၏ ကိုယ်စီကိုယ်စီ ပိုင်ဆိုင်ကြသော "လက္ခဏာ အမှတ်အသား" ပဲဖြစ်သည်။ ဒါ့ကြောင့် ရုပ်နာမ်ဓမ္မ ခန္ဓာငါးဝတို့သည် "သဘာဝလက္ခဏာ–ကိုယ်ပိုင်လက္ခဏာများ" အသီးအသီး ရှိကြ၏ဟုမှတ်ပါ။

ရုပ်နာမ်ဓမ္မ သင်္ခတတရားမှန်သမျှ ဖြစ်ပြီးလျှင် ပျက်ကြရစမြဲဖြစ်၏။ ထိုဖြစ်ပျက်မှုသဘောသည် ရုပ်နာမ်ဓမ္မ သင်္ခတတရားတိုင်း၏ တစ်ခုတည်းသော အများဆိုင် အမှတ်အသားဖြစ်သည်။ ဒါ့ကြောင့် ရုပ်နာမ်ဓမ္မ သင်္ခတတရားတိုင်းမှာ "သာမညလက္ခဏာ–အများဆိုင်အမှတ်အသားများ" ရှိကြ၏ဟု မှတ်ပါ။

## ဒိဋ္ဌိဖြုတ်

* သဘာဝလက္ခဏာကိုသိလျှင် သက္ကာယဒိဋ္ဌိစင်သည်။
သာမညလက္ခဏာအဖြစ်ကို မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိစင်သည်။
သာမညလက္ခဏာအပျက်ကိုမြင်လျှင် သဿတဒိဋ္ဌိစင်သည်။

*သင်ခန်းစာ (၇) ပြီး၏။*



## သင်ခန်းစာ (၈)

# နည်း (၄) ပါးဖြင့် ဒိဋ္ဌိဖြုတ်ပုံ

မေး ။ ။ သောတာပန်ဖြစ်ချင်ရင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးအပေါ်မှာ ဘယ်နည်းလေးပါးဖြင့် ဒိဋ္ဌိဖြုတ်ရမှာပါလိမ့်။

ဖြေ ။ ။ (၁) ဧကတ္တနည်း
(၂) နာနာတ္တနည်း
(၃) အဗျာပါရနည်း
(၄) ဧဝံဓမ္မတာနည်း။
ဒီနည်း (၄) ပါးဖြင့် ဒိဋ္ဌိဖြုတ်ရမှာပါအရှင်ဘုရား။

မေး ။ ။ ဧကတ္တနည်းကို ရှင်းပြပါ။

ဖြေ ။ ။ မျိုးစေ့ကြောင့် အညှောက်၊ အညှောက်ကြောင့်အညွန့်၊ အညွန့်ကြောင့် ပင်စည်၊ ပင်စည်ကြောင့် ကိုင်းမ၊ ကိုင်းမကြောင့် အတက်၊ အတက်ကြောင့် အလက်၊ အလက်ကြောင့် အခက်၊ အခက်ကြောင့် ညှာတံ၊ ညှာတံကြောင့် အရွက်၊ အရွက်ကြောင့် အဖူး၊ အဖူးကြောင့်အပွင့်၊ အပွင့်ကြောင့် အသီးတို့သည် သန္တာန်အစဉ် အမျှင်မပြတ် တစ်ဆက်တည်း တစ်စပ်တည်းဖြစ်လာသလို "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်" စသည်ဖြင့် အင်္ဂါ ၁၂ ပါးတို့သည် သန္တာန်အစဉ် အမျှင်မပြတ် တစ်ဆက်တည်း တစ်စပ်တည်း တစ်ခုတည်းပဲလို့ သိရသော နည်းကို "ဧကတ္တနည်း" ခေါ်ပါအရှင်ဘုရား။

မေး ။ ။ ဧကတ္တနည်းကိုသိရင် ဘာ့ကြောင့် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ အကြောင်းအကျိုးမပြတ်၊ ဆက်စပ်ပုံကို သိသောကြောင့် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါအရှင်ဘုရား။

မေး ။ ။ နာနာတ္တနည်းကို ရှင်းပြပါ။

ဖြေ ။ ။ ထိပ်ချင်းတော့ဆက်၍ တန်းစဉ်ထားသော ယမ်းနီ ယမ်းပြာ ယမ်းဝါ ယမ်းစိမ်းအတောင့်ကလေးများသည် ယမ်းချင်းတော့ဆက် တန်းစဉ်နေသော်လည်း ယမ်းနီ ယမ်းပြာ ယမ်းဝါ စသည် အရောင်အမှတ်အသားကွဲပြားသလို အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် စသည်တို့သည် သန္တာန်အစဉ် အမျှင်မပြတ်သော်လည်း အသီးအသီး သဘာဝလက္ခဏာချင်း

www.burmeseclassic.com



မတူကြဘဲ (တစ်ခုဖြစ်၍ ပျက်ရာတွင် တစ်ခုအစားထိုးကာ) ကွဲပြားခြားနားပုံကို သိရသောနည်းကို နာနာတ္တနည်း ခေါ်ပါအရှင်ဘုရား။

မေး ။ ။ နာနာတ္တနည်းကို သိရင် ဘာ့ကြောင့် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ သဘာဝလက္ခဏာကိုသိသောကြောင့် သက္ကာယဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။ သာမည လက္ခဏာကို မြင်သောကြောင့် သဿတဒိဋ္ဌိ ပြုတ်ပါအရှင်ဘုရား။

မေး ။ ။ အဗျာပါရနည်းကိုလည်း ရှင်းပါဦး။

ဖြေ ။ ။ အဝိဇ္ဇာက သင်္ခါရကို ငါဖြစ်စေမယ်လို့ ကြောင့်ကြဗျာပါရမရှိပါ။ သင်္ခါရကလည်း ဝိညာဏ်ကို ငါဖြစ်အောင်လုပ်မယ်လို့ ကြောင့်ကြဗျာပါရ စိုက်မှုမရှိပါ။ ဤသို့ စသည်ဖြင့် ပရမတ္ထသဘောတရားတို့၏ တစ်ခုနှင့်တစ်ခု အကြောင်းပြုရာ၌ ဗျာပါရမရှိပုံကို သိရသောနည်းသည် "အဗျာပါရနည်း" မည်ပါအရှင်ဘုရား။

မေး ။ ။ အဗျာပါရနည်းကို သဘောကျရင် ဘာ့ကြောင့် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ အကြောင်းအကျိုးတို့ ဗျာပါရမရှိဘဲ ဖြစ်နေကြပုံကို သိသောကြောင့် "ကာရကသာမိနိဝါသ ဟောတုက ဒိဋ္ဌိ" ပြုတ်ပါအရှင်ဘုရား။

ခန္ဓာကိုယ်တွင်း၌ ကိစ္စဟူသမျှ ကြောင့်ကြစိုက်ပြုလုပ်တတ်သော၊ အကောင်းအဆိုးကို ကြောင့်ကြစိုက် ခံစားတတ်သော အတ္တမရှိဟု သိမြင်သဘောကျသောကြောင့် "အတ္တဒိဋ္ဌိ" ပြုတ်ပါအရှင်ဘုရား။

မေး ။ ။ ဧဝံဓမ္မတာနည်းကိုလည်း ဆက်လက်ရှင်းပါဦး။

ဖြေ ။ ။ နို့ရည်ကြောင့် နို့ခမ်းဖြစ်ရခြင်း၊ နမ်းကြောင့် ဆီဖြစ်ရခြင်း၊ ကံကြောင့် ကံရည်ဖြစ်ရခြင်းများသည် ထုံးစံဓမ္မတာပင် ဖြစ်သလို "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်" စသည်ဖြင့် အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ရခြင်းများသည် ထုံးစံဓမ္မတာပင် (သဘာဝအလျောက်ပင်) ဖြစ်သည်ဟု သိရသော နည်းသည် "ဧဝံဓမ္မတာနည်း" မည်ပါအရှင်ဘုရား။

မေး ။ ။ ဧဝံဓမ္မတာနည်းကိုသိရင် ဘာ့ကြောင့် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ အကျိုးတရားတိုင်းသည် ဆိုင်ရာဆိုင်ရာအကြောင်းမကင်းဟု သိရသောကြောင့် အဟေတုက ဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။

ကုသိုလ် အကုသိုလ်ကံအကြောင်းကြောင့်၊ ၎င်းကံတို့၏ကောင်းကျိုးဆိုးပြစ်ရှိသည်ဟု သိရသောကြောင့် ကုသိုလ်အကုသိုလ်ပြုသော်လည်း ပြုရာမရောက်၊ အကျိုးမရှိဟု အယူမှားသော အကိရိယဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။



မေး ။ ။ ဒီနည်း (၄) ပါးဖြင့် ဒိဋ္ဌိပြုတ်ရင် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ။ သောတာပန်ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ သောတာပန်ဖြစ်ရင် ဘာသာမှားအယူမှားတွေ ယူပါဦးမလား။

ဖြေ ။ ။ လုံးဝမယူတော့ပါ အရှင်ဘုရား။

သင်ခန်းစာ (၈) ပြီး၏။


Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



## သင်ခန်းစာ (၉)

# ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံ စက်ဝိုင်း





| အင်္ဂါ | တရားကိုယ် | နာမ်ရုပ် |
|---|---|---|
| အဝိဇ္ဇာ | မောဟစေတသိက် | (နာမ်) |
| သင်္ခါရ | လောကီကုသိုလ်၊ အကုသိုလ်စေတနာ | (နာမ်) |
| ဝိညာဏ် | ပဋိသန္ဓေ ဝိပါက်ဝိညာဏ် | (နာမ်) |
| နာမ်ရုပ် | ဝိပါက်ဝိညာဏ်နှင့်ယှဉ်သော၊ စေတသိက်နာမ်၊ ကမ္မဇရုပ် | (နာမ်ရုပ်) |
| သဠာယတန | သဠာယတန ၆ ပါး | (ရုပ်နာမ်) |
| ဖဿ | ဖဿ ၆ ပါး | (နာမ်) |
| ဝေဒနာ | ဝေဒနာ ၆ ပါး | (နာမ်) |
| တဏှာ | တဏှာ ၆ ပါး၊ ၃ ပါး | (နာမ်) |
| ဥပါဒါန် | ဥပါဒါန် ၄ ပါး (လောဘ,ဒိဋ္ဌိ) | (နာမ်) |
| ဘဝ | ကမ္မဘဝ၊ ဥပပတ္တိဘဝ | (နာမ်ရုပ်) |
| ဇာတိ | အကျိုးခန္ဓာ ၅ ပါးတို့၏ ဥပါဒ်မှု | (နာမ်ရုပ်) |
| ဇရာမရဏ | အကျိုးခန္ဓာ ၅ ပါးတို့ ရင့်မှုပျက်မှု | (နာမ်ရုပ်) |
| သောက | စိုးရိမ်ပူဆွေးမှု (ဒေါမနဿ) | (နာမ်) |
| ပရိဒေဝ | အသံထွက်ငိုကြွေးမှု | (ရုပ်) |
| ဒုက္ခ | ကိုယ်ဆင်းရဲမှု (ဒုက္ခဝေဒနာ) | (နာမ်) |
| ဒေါမနဿ | စိတ်ဆင်းရဲမှု (ဒေါမနဿ) | (နာမ်) |
| ဥပါယာသ | ပြင်းစွာ ပူလောင်မှု (ဒေါသ) | (နာမ်) |

ဤသို့လျှင် အင်္ဂါတစ်ဆယ့်နှစ်ပါး တရားကိုယ်များသည် စိတ်စေတသိက်ရုပ်တို့သာလျှင် ဖြစ်၏။ အားလုံးချုံးလိုက်လျှင် ရုပ်နာမ်ခန္ဓာ ငါးပါးသာလျှင် ရှိ၏။ ဤသို့ နားလည်သိရှိပြီးလျှင် ပဋိစ္စသမုပ္ပါဒ် အမေးအဖြေထုတ်၍ ဒိဋ္ဌိဖြုတ်ကြပါစို့။

## အဝိဇ္ဇာ

မေး ။ ။ အမှန်မသိတာ ဘာခေါ်ပါလိမ့်။

ဖြေ ။ ။ အဝိဇ္ဇာ ခေါ်ပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာရဲ့တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ။ မောဟစေတသိက်ပါအရှင်ဘုရား။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ မောဟစေတသိက်သည် ရုပ်လားနာမ်လား။

ဖြေ ။ ။ နာမ်ပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ အဝိဇ္ဇာသည် ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါးလား၊ နာမ်တရားပဲလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာသည် ယောကျာ်းမိန်းမ၊ လူနတ်ဗြဟ္မာလား၊ နာမ်တရားပဲလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ ဝိဇ္ဇာသည် အသက်ဝိညာဉ် လိပ်ပြာပဲလား၊ နာမ်တရားပဲလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာသည် ပုဂ္ဂိုလ်သတ္တဝါ စသည်မဟုတ်။ နာမ်တရားပဲလို့ သိရင်ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ သက္ကာယဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။

ဆရာ ။ ။ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော – အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်တယ်" လို့ မူလပဏ္ဏာသပါဠိတော်မှာ အရှင်သာရိပုတ္တရာ ဟောတော်မူသည်နှင့်အညီ အဝိဇ္ဇာ ဖြစ်ကြောင်းကတော့ "အာသဝ" လို့ပဲ အကျဉ်းမှတ်ထားပါဦး။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ အဝိဇ္ဇာသည် ဘာ့ကြောင့်ဖြစ်ပါလိမ့်။

ဖြေ ။ ။ အာသဝကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ "အာသဝကြောင့် အဝိဇ္ဇာဖြစ်တယ်" လို့သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိ စင်ပါအရှင်ဘုရား။

မေး ။ ။ ကောင်းပြီ။ အကြောင်းအာသဝပျက်ရင် အကျိုးအဝိဇ္ဇာကော မပျက်ဘူးလား။

ဖြေ ။ ။ ပျက်ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ အကြောင်းအာသဝပျက်ရင် အကျိုးအဝိဇ္ဇာလည်း ပျက်တယ်လို့သိရင် ဘာဒိဋ္ဌိ စင်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာသည် ဖန်ဆင်းရှင်ဘုရားနဲ့ သိကြားဗြဟ္မာနတ်ဒေဝါတွေက ဖန်ဆင်းလို့ ဖြစ်လာတာလား။ အာသဝကြောင့် ဖြစ်တာလား။

ဖြေ ။ ။ အာသဝကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာသည် အကြောင်းမဲ့ အလိုလိုဖြစ်ပေါ်လာတာလား၊ အာသဝကြောင့် ဖြစ်တာလား။

ဖြေ ။ ။ အာသဝကြောင့် ဖြစ်ပါအရှင်ဘုရား။



မေး ။ ။ အဝိဇ္ဇာသည် ဘာ့ကြောင့်ပျက်ပါလိမ့်။

ဖြေ ။ ။ အာသဝပျက်ခြင်းကြောင့် အဝိဇ္ဇာ ပျက်ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ အဝိဇ္ဇာဖြစ်ခြင်းပျက်ခြင်း၏ အကြောင်းမှန်ကို သိရတော့ ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာစင်ပါအရှင်ဘုရား။

## သင်္ခါရ

မေး ။ ။ အမှန်မသိမှု အဝိဇ္ဇာကြောင့် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ။ ပြုပြင်မှု သင်္ခါရ ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှု သင်္ခါရ၏ တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ။ လောကီကုသိုလ်၊ အကုသိုလ်စေတနာပါအရှင်ဘုရား။

မေး ။ ။ လောကီကုသိုလ်၊ အကုသိုလ်စေတနာသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်ပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ ပြုပြင်မှုသင်္ခါရသည် ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါးလား၊ နာမ်တရားလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရသည် ယောကျာ်း မိန်းမ၊ လူနတ်ဗြဟ္မာလား၊ နာမ်တရားလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရသည် အသက်ဝိညာဉ်လိပ်ပြာလား၊ နာမ်တရားလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရသည် ပုဂ္ဂိုလ်သတ္တဝါစသည် မဟုတ်။ နာမ်တရားပဲလို့သိရင် ဘာဒိဋ္ဌိ ပြုတ်ပါလိမ့်။

ဖြေ ။ ။ သက္ကာယဒိဋ္ဌိ ပြုတ်ပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရသည် ဘာ့ကြောင့်ဖြစ်ပါလိမ့်။

ဖြေ ။ ။ အမှန်မသိမှုအဝိဇ္ဇာကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ "အမှန်မသိမှု အဝိဇ္ဇာကြောင့် ပြုပြင်မှုသင်္ခါရဖြစ်တယ်" လို့သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိ စင်ပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရသည်ဘာ့ကြောင့် ပျက်ပါလိမ့်။

ဖြေ ။ ။ အမှန်မသိမှု အဝိဇ္ဇာပျက်ခြင်းကြောင့် ပျက်ပါအရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



မေး ။ ။ အကြောင်းအဝိဇ္ဇာပျက်ခြင်းကြောင့် အကျိုးသင်္ခါရပျက်တယ်" လို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရသည် ဖန်ဆင်းရှင်ဘုရားနဲ့ သိကြားဗြဟ္မာနတ်ဒေဝါတွေက ဖန်ဆင်းလို့ ဖြစ်လာတာလား။ အမှန်မသိမှု အဝိဇ္ဇာကြောင့် ဖြစ်တာလား။

ဖြေ ။ ။ အမှန်မသိမှုအဝိဇ္ဇာကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရသည် အကြောင်းမဲ့ အလိုလိုဖြစ်လာတာလား။ အမှန်မသိမှုအဝိဇ္ဇာကြောင့် ဖြစ်တာလား။

ဖြေ ။ ။ အမှန်မသိမှု အဝိဇ္ဇာကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှု သင်္ခါရသည် ဘာ့ကြောင့် ပျက်ပါလိမ့်။

ဖြေ ။ ။ အမှန်မသိမှု အဝိဇ္ဇာပျက်ခြင်းကြောင့် ပြုပြင်မှု သင်္ခါရပျက်ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ ပြင်ပြင်မှုသင်္ခါရဖြစ်ခြင်းပျက်ခြင်း၏ အကြောင်းမှန်ကိုသိရတော့ ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာစင်ပါအရှင်ဘုရား။

## ဝိညာဏ်

မေး ။ ။ ပြုပြင်မှုသင်္ခါရကြောင့် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ။ သိမှု ဝိညာဏ်ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ သိမှု ဝိညာဏ်၏ တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ။ ပဋိသန္ဓေဝိပါက်ဝိညာဏ်ပါအရှင်ဘုရား။

မေး ။ ။ ဒါဖြင့် သိမှုဝိညာဏ်သည် နာမ်လား၊ ရုပ်လား။

ဖြေ ။ ။ နာမ်ပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ သိမှုဝိညာဏ်သည် ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါးလား။ နာမ်တရားပဲလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ သိမှုဝိညာဏ်သည် ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာလား၊ နာမ်တရားပဲလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။

မေး ။ ။ သိမှုဝိညာဏ်သည် အသက်ဝိညာဉ် လိပ်ပြာလား၊ နာမ်တရားပဲလား။

ဖြေ ။ ။ နာမ်တရားပါအရှင်ဘုရား။



မေး ။ ။ သိမှုဝိညာဏ်သည် ပုဂ္ဂိုလ်သတ္တဝါ စသည်မဟုတ်။ နာမ်တရားပဲလို့ သိရင် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ သက္ကာယဒိဋ္ဌိ ပြုတ်ပါအရှင်ဘုရား။

မေး ။ ။ သိမှုဝိညာဏ်သည် ဘာ့ကြောင့်ဖြစ်ပါလိမ့်။

ဖြေ ။ ။ ပြုပြင်မှုသင်္ခါရကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ "ပြုပြင်မှု သင်္ခါရကြောင့် သိမှုဝိညာဏ်ဖြစ်တယ်" လို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ သိမှုဝိညာဏ်သည် ဘာ့ကြောင့်ပျက်ပါလိမ့်။

ဖြေ ။ ။ ပြုပြင်မှုသင်္ခါရပျက်ခြင်းကြောင့် သိမှုဝိညာဏ်ပျက်ပါအရှင်ဘုရား။

မေး ။ ။ "အကြောင်းသင်္ခါရပျက်ခြင်းကြောင့် အကျိုးဝိညာဏ် ပျက်တယ်" လို့သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ သိမှုဝိညာဏ်သည် ဖန်ဆင်းရှင်ဘုရား၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတွေက ဖန်ဆင်းလို့ ဖြစ်လာတာလား။ ပြုပြင်မှုသင်္ခါရကြောင့်ဖြစ်တာလား။

ဖြေ ။ ။ ပြုပြင်မှု သင်္ခါရကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ သိမှုဝိညာဏ်သည် အကြောင်းမဲ့အလိုလိုဖြစ်တာလား၊ ပြုပြင်မှုသင်္ခါရကြောင့် ဖြစ်တာလား။

ဖြေ ။ ။ ပြုပြင်မှုသင်္ခါရကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ သိမှုဝိညာဏ်သည် ဖန်ဆင်းရှင်ဘုရား၊ သိကြား ဗြဟ္မာ နတ်ဒေဝါတွေက ပျက်စေဆိုလို့ ပျက်တာလား။ ပြုပြင်မှု သင်္ခါရပျက်လို့ ပျက်ရတာလား။

ဖြေ ။ ။ ပြုပြင်မှုသင်္ခါရပျက်လို့ ပျက်ရပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ သိမှုဝိညာဏ်ဖြစ်ခြင်း ပျက်ခြင်း၏ အကြောင်းမှန်ကို သိရတော့ ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာစင်ပါအရှင်ဘုရား။

## နာမ်ရုပ်

မေး ။ ။ သိမှုဝိညာဏ်ကြောင့် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ။ ညွတ်မှုဖောက်ပြန်မှု နာမ်ရုပ်ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ ညွတ်မှုဖောက်ပြန်မှု နာမ်ရုပ်ရဲ့ တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ။ ဝိပါက်ဝိညာဏ်နှင့်ယှဉ်သော စေတသိက်နာမ်နဲ့ ကမ္မဇရုပ်ပါအရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ဒါဖြင့် ညွတ်မှုဖောက်ပြန်မှုနာမ်ရုပ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါးလား၊ နာမ်ရုပ်ပဲလား။

ဖြေ ။ နာမ်ရုပ်ပါအရှင်ဘုရား။

မေး ။ ညွတ်မှု ဖောက်ပြန်မှုနာမ်ရုပ်သည် ယောကျ်ားမိန်းမ လူနတ်ဗြဟ္မာလား၊ နာမ်ရုပ်ပဲလား။

ဖြေ ။ နာမ်ရုပ်ပါအရှင်ဘုရား။

မေး ။ ညွတ်မှုဖောက်ပြန်မှုနာမ်ရုပ်သည် အသက်ဝိညာဉ်လိပ်ပြာလား၊ နာမ်ရုပ်ပဲလား။

ဖြေ ။ နာမ်ရုပ်ပါပဲအရှင်ဘုရား။

မေး ။ ညွတ်မှုဖောက်ပြန်မှုနာမ်ရုပ်ကိုသိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ သက္ကာယဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ညွတ်မှုဖောက်ပြန်မှုနာမ်ရုပ်သည် ဘာ့ကြောင့်ဖြစ်ပါလိမ့်။

ဖြေ ။ သိမှုဝိညာဏ်ကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ "သိမှုဝိညာဏ်ကြောင့် ညွတ်မှုဖောက်ပြန်မှုနာမ်ရုပ်ဖြစ်တယ်" လို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ဥစ္ဆေဒဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ညွတ်မှု ဖောက်ပြန်မှုနာမ်ရုပ်သည် ဘာ့ကြောင့်ပျက်လိမ့်။

ဖြေ ။ သိမှုဝိညာဏ်ပျက်ခြင်းကြောင့် ပျက်ပါအရှင်ဘုရား။

မေး ။ အဲဒီတော့ "အကြောင်းဝိညာဏ်ပျက်ခြင်းကြောင့် အကျိုးနာမ်ရုပ်ပျက်တယ်" လို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ သဿတဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ညွတ်မှု ဖောက်ပြန်မှုနာမ်ရုပ်သည် ဖန်ဆင်းရှင်ဘုရား၊ သိကြားဗြဟ္မာ၊ နတ်ဒေဝါတွေက ဖန်ဆင်းလို့ဖြစ်ရတာလား။ သိမှုဝိညာဏ်ကြောင့် ဖြစ်ရတာလား။

ဖြေ ။ သိမှုဝိညာဏ်ကြောင့် ဖြစ်ရပါအရှင်ဘုရား။

မေး ။ ညွတ်မှုဖောက်ပြန်မှုနာမ်ရုပ်သည် အကြောင်းမဲ့အလိုလိုဖြစ်တာလား၊ သိမှုဝိညာဏ်ကြောင့် ဖြစ်တာလား။

ဖြေ ။ သိမှုဝိညာဏ်ကြောင့် ဖြစ်တာပါအရှင်ဘုရား။

မေး ။ ညွတ်မှု ဖောက်ပြန်မှုနာမ်ရုပ်သည် ဖန်ဆင်းရှင်ဘုရား၊ သိကြားဗြဟ္မာ၊ နတ်ဒေဝါတွေက ပျက်စေဆိုလို့ပျက်ရတာလား။ သိမှုဝိညာဏ်ပျက်လို့ ပျက်ရတာလား။

ဖြေ ။ သိမှုဝိညာဏ်ပျက်လို့ ပျက်ရပါအရှင်ဘုရား။



မေး ။ ဤကဲ့သို့ ညွတ်မှုဖောက်ပြန်မှု နာမ်ရုပ်ဖြစ်ခြင်းပျက်ခြင်း၏ အကြောင်းမှန်သိရတော့ ဘာစင်ပါလိမ့်။

ဖြေ ။ ဝိစိကိစ္ဆာ စင်ပါအရှင်ဘုရား။

## ဤနည်းယူ၍ အမေးအဖြေပြုပါ

သဠာယတန
ဖဿ
ဝေဒနာ
တဏှာ
ဥပါဒါန်
ကမ္မဘဝ

}

ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး စသည်မဟုတ်။
တရားကိုယ်နာမ်ရုပ်မြင် –သက္ကာယဒိဋ္ဌိစင်။
အကြောင်းပြုလို့အကျိုးဖြစ်ကို မြင်–ဥစ္ဆေဒဒိဋ္ဌိစင်။
အကြောင်းပျက်လို့ အကျိုးပျက်ကို မြင်–သဿတဒိဋ္ဌိစင်။
ထာဝရဘုရား သိကြားဗြဟ္မာနတ်ဒေဝါတွေကဖြစ်စေ ပျက်စေဆိုလို့ ဖြစ်ခြင်း ပျက်ခြင်း မဟုတ်။ အကျိုးဖြစ်ခြင်း ပျက်ခြင်း၏ အကြောင်းမှန်ကိုမြင်–ဝိစိကိစ္ဆာစင်။

## ဇာတိ

မေး ။ အားထုတ်မှုကမ္မဘဝကြောင့် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ဘဝသစ်တည်မှုဇာတိဖြစ်ပါအရှင်ဘုရား။

မေး ။ ဘဝသစ်တည်မှုဇာတိ၏တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ အကျိုးခန္ဓာငါးပါးတို့၏ ဥပါဒ်မှုပါ အရှင်ဘုရား။

မေး ။ ဒါဖြင့်ဘဝသစ်တည်မှု ဇာတိသည် ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါးလား၊ ရုပ်နာမ်ပဲလား။

ဖြေ ။ ရုပ်နာမ်ပါပဲအရှင်ဘုရား။

မေး ။ ဘဝသစ်တည်မှုဇာတိသည် ယောကျ်ား၊ မိန်းမ၊ လူနတ်ဗြဟ္မာလား၊ ရုပ်နာမ်ပဲလား။

ဖြေ ။ ရုပ်နာမ်ပါပဲအရှင်ဘုရား။

မေး ။ ဘဝသစ်တည်မှုဇာတိသည် အသက်ဝိညာဉ်လိပ်ပြာလား၊ ရုပ်နာမ်ပဲလား။

ဖြေ ။ ရုပ်နာမ်ပါပဲအရှင်ဘုရား။

မေး ။ အဲဒီတော့ "ဘဝသစ်တည်မှု ဇာတိသည် ပုဂ္ဂိုလ်သတ္တဝါ စသည်မဟုတ်၊ ရုပ်နာမ်ပဲ" လို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ သက္ကာယဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ဘဝသစ်တည်မှုဇာတိသည် ဘာ့ကြောင့် ဖြစ်ပါလိမ့်။

ဖြေ ။ အားထုတ်မှုကမ္မဘဝကြောင့် ဖြစ်ပါအရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

မေး ။ ။ "အားထုတ်မှုကမ္မဘဝကြောင့် ဘဝသစ်တည်မှု ဇာတိဖြစ်တယ်"လို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ ဘဝသစ်တည်မှု ဇာတိသည် ဘာ့ကြောင့်ပျက်ပါလိမ့်။

ဖြေ ။ ။ အားထုတ်မှုကမ္မဘဝပျက်ခြင်းကြောင့် ပျက်ပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ "အကြောင်းကမ္မဘဝပျက်ခြင်းကြောင့် အကျိုးဇာတိပျက်တယ်" လို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ ဘဝသစ်တည်မှုဇာတိသည် ဖန်ဆင်းရှင်ဘုရား၊ သိကြား ဗြဟ္မာနတ်ဒေဝါတွေက ဖန်ဆင်းလို့ ဖြစ်လာတာလား၊ အားထုတ်မှုကမ္မဘဝကြောင့် ဖြစ်လာတာလား။

ဖြေ ။ ။ အားထုတ်မှုကမ္မဘဝကြောင့် ဖြစ်လာပါအရှင်ဘုရား။

မေး ။ ။ ဘဝသစ်တည်မှု ဇာတိသည် အကြောင်းမဲ့ အလိုလိုဖြစ်လာတာလား၊ အားထုတ်မှုကမ္မဘဝကြောင့်ဖြစ်လာတာလား။

ဖြေ ။ ။ အားထုတ်မှုကမ္မဘဝကြောင့် ဖြစ်လာတာပါအရှင်ဘုရား။

မေး ။ ။ ဘဝသစ်တည်မှု ဇာတိသည် ဖန်ဆင်းရှင်ဘုရား၊ သိကြားဗြဟ္မာနတ်ဒေဝါတွေက ပျက်စေဆိုလို့ ပျက်ရတာလား၊ အားထုတ်မှုကမ္မဘဝပျက်လို့ ပျက်ရတာလား။

ဖြေ ။ ။ အားထုတ်မှု ကမ္မဘဝပျက်လို့ပျက်ရပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ ဘဝသစ်တည်မှု ဇာတိဖြစ်ခြင်းပျက်ခြင်း၏ အကြောင်းမှန်ကို သိရတော့ ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာစင်ပါအရှင်ဘုရား။

## ဇရာမရဏ

မေး ။ ။ ဘဝသစ်တည်မှုဇာတိကြောင့် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ။ အိုမှုသေမှုဇရာမရဏဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အိုမှုသေမှုဇရာမရဏ၏ တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ။ အကျိုးခန္ဓာငါးပါးတို့၏ ရင့်မှုပျက်မှုပါအရှင်ဘုရား။

မေး ။ ။ ဒါဖြင့် အိုမှု သေမှု ဇရာ မရဏသည် ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါးလား၊ ရုပ်နာမ်ပဲလား။

ဖြေ ။ ။ ရုပ်နာမ်ပါပဲအရှင်ဘုရား။



မေး ။ ။ အိုမှု သေမှု ဇရာ မရဏသည် ယောက်ျားမိန်းမ၊ လူနတ်ဗြဟ္မာလား၊ ရုပ်နာမ်ပဲလား။

ဖြေ ။ ။ ရုပ်နာမ်ပါပဲအရှင်ဘုရား။

မေး ။ ။ အိုမှု သေမှု ဇရာ မရဏသည် အသက်ဝိညာဉ်လိပ်ပြာလား၊ ရုပ်နာမ်ပဲလား။

ဖြေ ။ ။ ရုပ်နာမ်ပါပဲအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ "အိုမှု သေမှု ဇရာ မရဏသည် ပုဂ္ဂိုလ်သတ္တဝါစသည်မဟုတ်။ ရုပ်နာမ်ပဲသို့ သိရင် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ သက္ကာယဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။

မေး ။ ။ အိုမှု သေမှု ဇရာ မရဏသည် ဘာ့ကြောင့်ဖြစ်ပါလိမ့်။

ဖြေ ။ ။ ဘဝသစ်တည်မှု ဇာတိကြောင့်ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ "ဘဝသစ်တည်မှု ဇာတိကြောင့် အိုမှု သေမှု ဇရာ မရဏဖြစ်တယ်" လို့သိရင် ဘာဒိဋ္ဌိ စင်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ အိုမှု သေမှု ဇရာ မရဏသည် ဘာ့ကြောင့်ပျက်ပါလိမ့်။

ဖြေ ။ ။ ဘဝသစ်တည်မှုဇာတိပျက်ခြင်းကြောင့် ပျက်ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ "အကြောင်းဇာတိပျက်ခြင်းကြောင့် အကျိုးဇရာမရဏပျက်တယ်" လို့သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ အိုမှု သေမှု ဇရာ မရဏသည် ဖန်ဆင်းရှင်ဘုရား၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတွေက ဖန်ဆင်းလို့ ဖြစ်လာတာလား။ ဘဝသစ်တည်မှု ဇာတိကြောင့် ဖြစ်တာလား။

ဖြေ ။ ။ ဘဝသစ်တည်မှု ဇာတိကြောင့် ဖြစ်လာပါအရှင်ဘုရား။

မေး ။ ။ အိုမှု သေမှု ဇရာမရဏသည် အကြောင်းမဲ့အလိုလိုဖြစ်လာတာလား၊ ဘဝသစ်တည်မှု ဇာတိကြောင့် ဖြစ်လာတာလား။

ဖြေ ။ ။ ဘဝသစ်တည်မှု ဇာတိကြောင့် ဖြစ်လာပါအရှင်ဘုရား။

မေး ။ ။ အိုမှု သေမှု ဇရာ မရဏသည် ဖန်ဆင်းရှင်ဘုရား သိကြား ဗြဟ္မာနတ်ဒေဝါတွေက ပျက်စေဆိုလို့ ပျက်ရတာလား၊ ဘဝသစ်တည်မှု ဇာတိပျက်လို့ ပျက်ရတာလား။

ဖြေ ။ ။ ဘဝသစ်တည်မှု ဇာတိပျက်လို့ ပျက်ရပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ အိုမှု သေမှု ဇရာ မရဏဖြစ်ခြင်း ပျက်ခြင်း၏ အကြောင်းမှန်သိရတော့ ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာ စင်ပါအရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



## သောကစသည့် ဤငါးလီ

မေး ။ ။ သောကစသော တရားငါးပါးသည် အင်္ဂါတစ်ဆယ့်နှစ်ပါးထဲမှာ ဘာ့ကြောင့် မပါပါလိမ့်။

ဖြေ ။ ။ ဇာတိ၏ မူချအကျိုးရင်းမဟုတ်။ အကျိုးဖျားမျှသာ ဖြစ်သောကြောင့် မပါပါအရှင်ဘုရား။

မေး ။ ။ သောက စသော တရားငါးပါး၏ တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ။ သောက – စိုးရိမ်ပူဆွေးမှု (ဒေါမနဿ) (နာမ်)
ပရိဒေဝ – အသံထွက်ငိုကြွေးမှု (ရုပ်)
ဒုက္ခ – ကိုယ်ဆင်းရဲမှု (ဒုက္ခဝေဒနာ) (နာမ်)
ဒေါမနဿ – စိတ်ဆင်းရဲမှု (ဒေါမနဿ) (နာမ်)
ဥပါယာသ – ပြင်းစွာပူလောင်မှု (ဒေါသ) (နာမ်)

မေး ။ ။ သောကစသော တရားငါးပါးသည် ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါးလား။ ရုပ်နာမ်တွေပဲလား။

ဖြေ ။ ။ ရုပ်နာမ်တွေပါအရှင်ဘုရား။

မေး ။ ။ သောကစသော တရားငါးပါးသည် ယောကျ်ားမိန်းမ၊ လူနတ်ဗြဟ္မာတွေလား၊ ရုပ်နာမ်တွေပဲလား။

ဖြေ ။ ။ ရုပ်နာမ်တွေပါအရှင်ဘုရား။

မေး ။ ။ သောက စသောတရားငါးပါးသည် အသက်ဝိညာဉ် လိပ်ပြာတွေလား။ ရုပ်နာမ်တွေပဲလား။

ဖြေ ။ ။ ရုပ်နာမ်တွေပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ သောကစသော တရားငါးပါးသည် ပုဂ္ဂိုလ်သတ္တဝါ စသည်မဟုတ်၊ ရုပ်နာမ်တွေပဲ" လို့ သိရင် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ သက္ကာယဒိဋ္ဌိ ပြုတ်ပါအရှင်ဘုရား။

မေး ။ ။ သောက စသော တရားငါးပါးသည်ဘာ့ကြောင့် ဖြစ်ပါလိမ့်။

ဖြေ ။ ။ ဇာတိကြောင့်လည်းဖြစ်၊ ဇရာ မရဏကြောင့်လည်းဖြစ်၊ ဗျသနတရားငါးပါးကြောင့်လည်း ဖြစ်၊ တစ်ပါးသော ဒုက္ခရောက်တဲ့အကြောင်းများကြောင့်လည်း ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ သောက စသည်ဖြစ်စေရန် ဇာတိစသော အကြောင်းတွေသည် ဝေးသော အကြောင်းတွေလား၊ နီးသောအကြောင်းတွေလား။

ဖြေ ။ ။ ဝေးသောအကြောင်းတွေပါဘုရား။



မေး ။ ။ ဒါဖြင့် နီးသောအကြောင်းက ဘယ်ဟာပါလိမ့်။

ဖြေ ။ ။ အာသဝပါအရှင်ဘုရား။

မေး ။ ။ အာသဝ၏နီးသောအကြောင်းဖြစ်ပုံကို ရှင်းပြပါ။

ဖြေ ။ ။ ဇာတိရသူတိုင်း၌ သောကစသည်မဖြစ်ပါ။ ရူပ အရူပ ဗြဟ္မာဇာတိ ရသူတို့၌ သောက စသည်မဖြစ်ပါ။ ဗျသနစသောအကြောင်းများနှင့် တွေ့သူတိုင်းသောက စသည်မဖြစ်ပါ။ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ၌ ဒုက္ခချန်လှပ် သောကစသည်မဖြစ်ပါ။ အာသဝ မကင်းသေးသော ကာမ (၁၁) ဘုံသားတို့ သန္တာန်မှာသာ သောကစသော တရားငါးပါး ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ "အာသဝကြောင့် သောကစသော တရားငါးပါးဖြစ်တယ်" လို့ သိရင် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။

မေး ။ ။ သောကစသော တရားငါးပါးသည် ဘာကြောင့်ပျက်ပါလိမ့်။

ဖြေ ။ ။ အာသဝပျက်သောကြောင့် ပျက်ပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ "အာသဝပျက်သောကြောင့် သောကစသော တရားငါးပါး ပျက်တယ်" သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိစင်ပါအရှင်ဘုရား။

မေး ။ ။ သောကစသော တရားငါးပါးသည် ဖန်ဆင်းရှင်ဘုရား၊ သိကြားဗြဟ္မာ နတ်ဒေဝါတွေက ဖန်ဆင်းလို့ဖြစ်တာလား။ အာသဝကြောင့် ဖြစ်တာလား။

ဖြေ ။ ။ အာသဝကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ သောက .......သည် အကြောင်းမဲ့ အလိုလိုဖြစ်တာလား။ အာသဝကြောင့် ဖြစ်တာလား။

ဖြေ ။ ။ အာသဝကြောင့် ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ သောက .......သည် ဖန်ဆင်းရှင်ဘုရား၊ သိကြားဗြဟ္မာနတ်ဒေဝါတွေက ပျက်စေဆိုလို့ ပျက် တာလား။ အာသဝပျက်လို့ ပျက်တာလား။

ဖြေ ။ ။ အာသဝပျက်လို့ ပျက်ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ သောကစသော တရားငါးပါး၏ ဖြစ်ခြင်းပျက်ခြင်း အကြောင်းမှန်ကို သိတော့ ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာ စင်ပါအရှင်ဘုရား။

သင်ခန်းစာ (၉) ပြီး၏။

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



# သင်ခန်းစာ (၁၀)

# ပဋိစ္စသမုပ္ပာဒ် စက်လည်ပုံ ပြတ်ပုံ

မေး ။ ။ အိုခြင်းနာခြင်းသေခြင်း အစရှိသည့် ဒုက္ခတို့ဖြင့် အနှိပ်စက်ခံရသော သတ္တဝါတို့မှာ ဘာတွေဖြစ်ပါလိမ့်။

ဖြေ ။ ။ အာသဝတရားတွေဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အာသဝတရားတွေဖြစ်ပုံရှင်းပြပါ။

ဖြေ ။ ။ (၁) ငါးဖြာအာရုံ ကာမဂုဏ်ကို ခုံမင်စုံမက်
နှစ်သက်တာက – ကာမာသဝ။
ကာမဂုဏ်အာရုံတွေက အနိစ္စမို့
ပျက်ပြတဲ့အခါ သောကစသည်ဖြစ်ရ။

(၂) ရရှိထားတဲ့ ကိုယ့်ဘဝလေးကို မြဲတယ်ထင်ပြီး
နှစ်သက်သာယာ ကျေနပ်နေတာက – ဘဝါသဝ။
ဘဝဆိုတာ ခန္ဓာပဉ္စက အနိစ္စမို့
ပျက်ပြတဲ့အခါ သောကစသည်ဖြစ်ရ။

(၃) ခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါ၊ ငါ ငါ့ဥစ္စာလို့
ထင်မြင်စွဲလမ်းနေတာက – ဒိဋ္ဌာသဝ။
ခန္ဓာငါးပါးက အစိုးမရ အနတ္တမို့
ဖောက်ပြန်ပြတဲ့အခါ သောကစသည်ဖြစ်ရ။

(၄) အမှန်မသိ၊ အမှားသိကာ
တွေဝေမိုက်မဲတာက – အဝိဇ္ဇာသဝ၊
အဝိဇ္ဇာရှိတဲ့သူမှာ သောက စသည်ဖြစ်ရ။
ဤကဲ့သို့ အာသဝကြောင့် သောကစသော
တရားငါးပါး ဖြစ်ရပါအရှင်ဘုရား။



မေး ။ ။ အာသဝကြောင့် သောက စသည်ဖြစ်တဲ့အခါ အဝိဇ္ဇာကောမပါဘူးလား။

ဖြေ ။ ။ ပါပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ "အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော" လို့ ဟောတော်မူတဲ့အတိုင်း ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ ပဋိစ္စသမုပ္ပာဒ်အဆုံးကနေ အာသဝဖြစ်လို့ "အာသဝပစ္စယာ အဝိဇ္ဇာ" လို့ ပဋိစ္စသမုပ္ပာဒ်အစပြန်ဆက်ပြီး အဝိုင်းပြေးသံသရာ မလည်ရဘူးလား။

ဖြေ ။ ။ လည်ရပါအရှင်ဘုရား။

မေး ။ ။ အဝိုင်းပြေးသံသရာဘယ်လိုလည်ပါလိမ့်။

ဖြေ ။ ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ (ပေ) ဇာတိကြောင့် ဇရာမရဏဖြစ်တယ်၊ ဇရာမရဏဖြစ်တဲ့အခါ အာသဝဖြစ်တယ်။ (ဆုံး)။ (စ) အာသဝကြောင့် အဝိဇ္ဇာဖြစ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်စသည်အားဖြင့် အဝိုင်းပြေးသံသရာလည်ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ အဝိုင်းပြေးသံသရာလည်တာသည် ချမ်းသာအစုကြီးလား၊ ဆင်းရဲအစုကြီးလား။

ဖြေ ။ ။ ဆင်းရဲအစုကြီးပါအရှင်ဘုရား။

မေး ။ ။ ဆင်းရဲအစုကြီးဆိုတာ ဘာသစ္စာပါလိမ့်။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

ဆရာ ။ ။ ကောင်းပြီ။ ဒါက အနုလုံပဋိစ္စသမုပ္ပာဒ် ဒုက္ခစက်ကြီး အဆုံးက တစ်ဖန်၊ အစပြန်ဆက်ပြီး ဝဋ်မပျက်ဘဲ အဆက်ဆက် အဖန်ဖန် မဆုံးမပြတ်နိုင်အောင် လုံးပတ်ဝိုင်းခွေ ကျင်လည်နေပုံကို ပြလိုက်တာဖြစ်ပါတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ယခုဆက်လက်၍ ပဋိစ္စသမုပ္ပာဒ်ပဋိလုံနည်းအားဖြင့် ပြလိုက်လျှင် အနုလုံပဋိစ္စသမုပ္ပာဒ် ဒုက္ခစက်ကြီး ပြတ်သွားပုံကို နားလည်ကြရမှာပါ။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ ပဋိစ္စသမုပ္ပာဒ်ဒုက္ခစက်ကြီး ပြတ်လိုတဲ့ယောဂီပုဂ္ဂိုလ်ဟာ ဘာအရင်ဖြတ်ရမှာပါလိမ့်။

ဖြေ ။ ။ ဒိဋ္ဌိအရင် ဖြုတ်ရမှာပါအရှင်ဘုရား။

မေး ။ ။ ဒိဋ္ဌိအရင်ဖြုတ်ပြီး နောက်ပိုင်းမှာ ဘာ အားထုတ်ရမှာပါလိမ့်။

ဖြေ ။ ။ ဝိပဿနာအားထုတ်ရမှာပါအရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



မေး ။ ။ ဝိပဿနာအားထုတ်တော့ ဘယ်ခန္ဓာကို ဘာရှုရမှာပါလိမ့်။

ဖြေ ။ ။ ဒွါရ (၆) ပေါက်ကနေ အကြောင်းအားလျော်စွာ ပေါ်လာတဲ့ပစ္စုပ္ပန်ခန္ဓာကို ဖြစ်ပျက် ရှုရမှာပါအရှင်ဘုရား။

မေး ။ ။ ဖြစ်ပျက်ရှုတော့ ဘာအကျိုးရှိပါလိမ့်။

ဖြေ ။ ။ အဝိဇ္ဇာချုပ်ခြင်း အကျိုးရှိပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာချုပ်ရင် ဘာချုပ်ပါလိမ့်။

ဖြေ ။ ။ သင်္ခါရချုပ်ပါအရှင်ဘုရား။

မေး ။ ။ သင်္ခါရချုပ်ရင်

ဖြေ ။ ။ ဝိညာဏ်ချုပ်ပါအရှင်ဘုရား။

ဆရာ ။ ။ ဤနည်းအားဖြင့် အင်္ဂါ (၁၂) ပါးလုံး ဆက်၍ဆက်၍ အကြောင်းချုပ် အကျိုးချုပ်ပြီး နောက်ဆုံး ဇာတိဇရာမရဏချုပ်သဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသတရားတွေလည်း ချုပ်ပျောက်ကာ အနုလုံပဋိစ္စသမုပ္ပာဒ် ဒုက္ခစက်ကြီး ပြတ်သွားတော့တယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ ပဋိစ္စသမုပ္ပာဒ်ပြတ်တယ်ဆိုတာ ဘာတွေ ချုပ်ငြိမ်းသွားပါလိမ့်။

ဖြေ ။ ။ ဒုက္ခအစုကြီး ချုပ်ငြိမ်းသွားတာပါအရှင်ဘုရား။

မေး ။ ။ ဒုက္ခအစုကြီး ချုပ်ငြိမ်းသွားတယ်ဆိုတာ တခြားလား၊ နိဗ္ဗာန်လား။

ဖြေ ။ ။ နိဗ္ဗာန်ပါအရှင်ဘုရား။

ဆရာ ။ ။ ကဲ ဒါ့ကြောင့် ပဋိစ္စသမုပ္ပာဒ်ပြတ်ရင် နိဗ္ဗာန်ရောက်တယ်လို့ မှတ်ကြပါ။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

*သင်ခန်းစာ (၁၀) ပြီး၏။*



## သင်ခန်းစာ (၁၁)

# ကြောင်းကျိုးရုပ်နာမ်ပေါ်မှာ ဒိဋ္ဌိဝိစိကိစ္ဆာဖြုတ်ပုံ

မေး ။ ။ "အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဉပါဒါန်" လင်္ကာကို ညီညီညာညာ ရွတ်ဆိုကြပါ။

ယောဂီ ။ ။ *အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဉပါဒါန်၊ ကံကြောင့် နာမ်ရုပ်ပေါ်။*
*အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်။*
*ဖြပ္ပဟ္မာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ (ခပင်းလောကဓာတ်)၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့် ရှု၍မြော်။*

ဆရာ ။ ။ ကောင်းပြီ၊ ဒီလင်္ကာရဲ့အဓိပ္ပာယ်က –

"လွန်လေပြီးသော အတိတ်ကာလက လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အဝိဇ္ဇာ တဏှာ အရင်းခံ၍ စွဲလမ်းမှု ဉပါဒါန်ဖြင့် ပြုလုပ်ခဲ့သော အကြောင်းကံကြောင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ အကျိုးနာမ်ရုပ်များ ဖြစ်ပေါ်လာကြရတယ်။ (ထိုဖြစ်ပေါ်လာသော အကျိုးတရားရုပ်နာမ်များကိုပင် "လူနတ်ဗြဟ္မာ သတ္တဝါများ" လို့ ခေါ်ဝေါ် ပြောဆိုကြရတယ်။)

ထိုလူနတ်ဗြဟ္မာ သတ္တဝါတို့သည် မိမိတို့ ယခုရရှိလာသော အကျိုးရုပ်နာမ် အစဉ်ပေါ်မှာ အမှန်မမြင်၊ ဉာဏ်မဝင်နိုင်ကြတော့ ယခုပစ္စုပ္ပန်ကာလမှာ တဏှာ အဝိဇ္ဇာဦးစီး၍ စွဲလမ်းမှု ဉပါဒါန်ဖြစ်ပြန်ကာ ထပ်မံ၍ ကံကိုပင် ပြုလုပ်အားထုတ် ကြပြန်တယ်။ အဲဒီတော့ သေသည်၏ အခြားမဲ့ဖြစ်သော အနာဂတ်ကာလ၌ ထိုအကြောင်းကံကြောင့်ပင် အကျိုးနာမ်ရုပ်များ ထပ်မံ၍ ဖြစ်ပေါ်လာကြရပြန်တယ်။

ဉပမာ – မျိုးစေ့ကြောင့် အပင်ပေါက်တယ်။ ပေါက်သောအပင်မှ မျိုးစေ့ကျတယ်။ ကျသောမျိုးစေ့ကြောင့် အပင်ပေါက်ပြန်တယ်။ ပေါက်သောအပင်မှ မျိုးစေ့ကျပြန်ဦးမယ်။ ကျသောမျိုးစေ့မှလည်း အပင်ပေါက်ပြန်ဦးမှာပဲ။ အဲဒီလိုပဲ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ် ကြောင့် ကံ၊ အဖန်ဖန် (တပြောင်းပြောင်းတပြန်ပြန်) ဖြစ်နေကြရတယ်။ အဲဒီလို ဖြစ်နေကြရာ၌ သက်ရှိရုပ်နာမ်များသာ ကံကြောင့် ဖြစ်နေကြရတယ်လို့ မမှတ်နဲ့။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



သတ္တဝါတို့အတွက် ရေမြေတောတောင် သမုဒ္ဒရာ၊ နေလနက္ခတ်တာရာ အစရှိတဲ့ အလုံးစုံသော သက်မဲ့ရုပ်လောကဓာတ်ကြီးလည်း သတ္တဝါတွေရဲ့ကံကြောင့်ပင် ဖြစ်ပေါ်လာရတယ်လို့ မှတ်ပါ။ သက်မဲ့ ရုပ်လောကဓာတ်အားလုံးဟာ ကမ္မပစ္စယဥတုဇရုပ်များ ဖြစ်တယ်။

ဒါ့ကြောင့် အလုံးစုံသော သက်ရှိသက်မဲ့ လောကဓာတ်ကြီးကို ဘယ်ဖန်ဆင်းရှင်ဘုရား၊ ဘယ်ဗြဟ္မာ၊ ဘယ်သိကြား၊ ဘယ်ဒေဝါများကမှ တည်ထောင်ဖန်ဆင်းထားတာ မဟုတ်။ အလိုလိုဖြစ်ပေါ်နေကြတာလည်း မဟုတ်။ ဤသို့ ဉာဏ်ဖြင့် ရှုမျှော်၍ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်ပါစေလို့ ဆိုလိုတယ်။

မေး ။ ။ ယခုပစ္စုပ္ပန်ကာလ၊ နံပါတ် (၂) အကွက်ထဲက ရုပ်နာမ်ခန္ဓာတို့သည် ဖန်ဆင်းရှင်ဘုရား၊ သိကြားဗြဟ္မာ နတ်ဒေဝါတွေက ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား၊ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တာလား။

ဖြေ ။ ။ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်ပေါ်လာတာပါ အရှင်ဘုရား။

ဆရာ ။ ။ စကားတိုအောင် အင်္ဂါနဲ့ပဲ အမေးအဖြေပြုကြစို့။ သင်္ခါရဆိုတာလည်း ကံပါပဲ။ အဝိဇ္ဇာဆိုလိုက်တာနဲ့ တဏှာဥပါဒါန်လည်း အတွင်းဝင် ပါပြီးသားပဲမှတ်ပါ။

မေး ။ ။ ယခု ပစ္စုပ္ပန်ကာလ၊ နံပါတ် (၂) အကွက်ထဲက ရုပ်နာမ်ခန္ဓာတို့သည် အလိုလိုဖြစ်ပေါ်လာတာလား။ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်လာတာလား။

ဖြေ ။ ။ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်လာတာပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာသင်္ခါရကြောင့်ဖြစ်လာတယ်လို့ယူရင် အယူမှားလား၊ အယူမှန်လား။

ဖြေ ။ ။ အယူမှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ယခု ( ) ရုပ်နာမ်ခန္ဓာတို့သည် ဖန်ဆင်းရှင်ဘုရား သိကြားဗြဟ္မာ နတ်ဒေဝါတွေက ဖန်ဆင်းလို့ ဖြစ်ပေါ်လာတယ်လို့ယူရင် အဲဒါ ဣဿရ နိမ္မာနဟေတုက ဒိဋ္ဌိခေါ်တယ်။ (ဣဿရ–အစိုးရသော၊ နိမ္မာနဟေတုက–ဖန်ဆင်းရှင်လျှင် အကြောင်းရှိသည်ဟု ယူသော၊ ဒိဋ္ဌိ–အယူမှား ဝိသမဟေတုကဒိဋ္ဌိလို့လည်း ခေါ်တယ်။)

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

မေး ။ ။ ဣဿရ နိမ္မာန ဟေတုက ဒိဋ္ဌိဆိုတာ အယူမှန်လား၊ အယူမှားလား။

ဖြေ ။ ။ အယူမှားပါ အရှင်ဘုရား။

ဆရာ ။ ။ ယခု ( ) ရုပ်နာမ်ခန္ဓာတို့သည် အကြောင်းမဲ့ (အလိုလို) ဖြစ်ပေါ်လာတယ်လို့ယူရင် အဲဒါ အဟေတုကဒိဋ္ဌိခေါ်တယ်။ (အကြောင်းမရှိဘဲ ဖြစ်ပေါ်လာသည်ဟုယူသော၊ အယူမှား)



မေး ။ ။ အဟေတုက ဒိဋ္ဌိဆိုတာ အယူမှန်လား၊ အယူမှားလား။

ဖြေ ။ ။ အယူမှားပါအရှင်ဘုရား။

ဆရာ ။ ။ ယခု ပစ္စုပ္ပန်ဘဝမှာ စိတ်ညစ်နွမ်းပင်ပန်းခြင်း၊ စိတ်စင်ကြယ်ရွှင်လန်းခြင်း၊ စီးပွားဖြစ်ထွန်းခြင်း၊ စီးပွားဆုတ်ယုတ်ခြင်း၊ ဘေးဥပါဒ်ကင်းခြင်း၊ ဘေးဥပါဒ်သင့်ခြင်း အစရှိသည့် ဆင်းရဲချမ်းသာအရာရာတိုင်းသည် ရှေးဘဝက မိမိပြုအပ်ခဲ့သော သင်္ခါရ (ကံ) ကြောင့်သာလျှင် ဖြစ်ရတယ်ဟု ပစ္စုပ္ပန် ကံဉာဏ်ဝီရိယအကြောင်းများကိုပယ်၍ ရှေးကံတစ်ကြောင်းတည်းစွဲယူရင် အဲဒါ ပုဗ္ဗေကတဟေတုကဒိဋ္ဌိခေါ်တယ်။ (ပုဗ္ဗေကတ–ရှေးဘဝက မိမိပြုအပ်ခဲ့သော ကံသာလျှင်၊ ဟေတုက–အကြောင်းရှိသည်ဟု ယူသော၊ ဒိဋ္ဌိ–အယူမှား)

မေး ။ ။ ပုဗ္ဗေကတ ဟေတုကဒိဋ္ဌိဆိုတာ အယူမှန်လား၊ အယူမှားလား။

ဖြေ ။ ။ အယူမှားပါအရှင်ဘုရား။

မေး ။ ။ အယူမှားဒိဋ္ဌိက အယူမှားသူကို ဘယ်တွန်းချမှာပါလိမ့်။

ဖြေ ။ ။ အပါယ်လေးပါး တွန်းချမှာပါအရှင်ဘုရား။

ဆရာ ။ ။ ယခု ပစ္စုပ္ပန်ကာလ၊ လူနတ်ဗြဟ္မာ သတ္တဝါလို့ ခေါ်ဝေါ်ပြောဆိုရတဲ့ ခန္ဓာငါးပါးသည် ဖန်ဆင်းရှင်ဘုရားက ဖန်ဆင်းလို့ ဖြစ်လာလေသလား၊ အလိုလို ဖြစ်လာလေသလား၊ ဘာ့ကြောင့် ဖြစ်ပါလိမ့်မလဲဟု သို့လောသို့လော တွေးတောယုံမှားတာကို ဝိစိကိစ္ဆာခေါ်တယ်။ ဒိဋ္ဌိရှိရင် ဝိစိကိစ္ဆာရှိတယ်။ ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာပြုတ်တယ်။

မေး ။ ။ အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်တယ်ဟု အကြောင်းမှန် အကျိုးမှန်ကို နားလည်ရင် ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာစင်ပါအရှင်ဘုရား။

မေး ။ ။ ဝိစိကိစ္ဆာစင်တာသည် ဘာပြုတ်လို့ပါလိမ့်။

ဖြေ ။ ။ ဒိဋ္ဌိပြုတ်လို့ပါ အရှင်ဘုရား။

မေး ။ ။ ဒိဋ္ဌိပြုတ်ရင် ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာ စင်ပါအရှင်ဘုရား။

မေး ။ ။ ဒိဋ္ဌိပြုတ်၍ ဝိစိကိစ္ဆာစင်ရင် အပါယ်လွတ်ပြီလို့ မှတ်ပါ။

ဖြေ ။ ။ မှန်ပါအရှင်ဘုရား။

သင်ခန်းစာ (၁၁) ပြီး၏။

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



# သင်ခန်းစာ (၁၂)

# ၁၆ ပါးသော ယုံမှားခြင်းနှင့် ၈ ပါးသောယုံမှားခြင်းများ

ဆရာ ။ ။ ယုံမှားခြင်း ဝိစိကိစ္ဆာဟာ သုတ္တန်နည်းအရ ၁၆ ပါးရှိတယ်။ အဘိဓမ္မာနည်းအရ ၈ ပါး ရှိတယ်။ သုတ္တန်နည်းအရ ယုံမှားခြင်း ၁၆ ပါးကတော့

## အတိတ်၌ ယုံမှားခြင်း ၅ ပါး

(၁) အတိတ်ကာလ၌ ငါဖြစ်ခဲ့ဖူးပြီလော။
(၂) မဖြစ်ခဲ့ဖူးပြီလော။
(၃) အဘယ်သို့သောသူ ဖြစ်ဖူးပါလိမ့်။
(မင်းမျိုး၌ ဖြစ်ဖူးသလော။ ပုဏ္ဏားမျိုး၌ ဖြစ်ဖူးသလော။ သူဌေးမျိုး၌ ဖြစ်ဖူးသလော။ ကုန်သည် လယ်လုပ်အမျိုး စသည်၌ ဖြစ်ဖူးသလော။)
(၄) အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ဖူးပါလိမ့်။
(အရပ်ပုပုလော၊ အရပ်မြင့်မြင့်လော၊ ပိန်ပိန်လော၊ ဝဝလော၊ ဖြူဖြူလော၊ ညိုညိုလော။)
(၅) အဘယ်သို့သောသူ ဖြစ်ဖူး၍ အဘယ်သို့သောသူ ဖြစ်ဦးမှာပါလိမ့်။
(ဆိုခဲ့ပြီးသော အဖြစ်အမျိုးမျိုးတွင် ဘယ်သူဖြစ်ပြီး တစ်ဖန် ဘယ်သူဖြစ်ပြန်ဦးမှာလဲ။)

## အနာဂတ်၌ ယုံမှားခြင်း ၅ ပါး

(၁) အနာဂတ်ကာလ၌ ငါ ဖြစ်ဦးမည်လော။
(၂) ငါ မဖြစ်တော့ဘူးလော။
(၃) အဘယ်သို့သောသူ ဖြစ်ရဦးမှာပါလိမ့်။
(၄) အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ရဦးမှာပါလိမ့်။
(၅) အဘယ်သို့သောသူဖြစ်၍ အဘယ်သို့သောသူ ဖြစ်ရဦးမှာပါလိမ့်။
(အဓိပ္ပာယ်ကို အထက်ကအတိုင်းသိပါ)





## ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆ ပါး

(၁) ငါဖြစ်သလော။ (ငါ ရှိသလော)
(၂) ငါ မဖြစ်သလော။ (ငါ မရှိဘူးလော)
(၃) အဘယ်သို့သောသူ ဖြစ်သလဲ။
(၄) အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သလဲ။
(၅) ဤသတ္တဝါသည် အဘယ်အရပ်မှလာသလဲ။
(၆) ထိုသတ္တဝါသည် အဘယ်သို့ သွား၍ ဖြစ်မည်လဲ။
(အတ္တ၊ ဇီဝ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ အတူတူမှတ်)

## ကျက်မှတ်ရန် လင်္ကာ

၁-အတိတ်ကာလ၊ ငါဖြစ်ရပြီ။ ၂-မဖြစ်ပြီနှင့်။ ၃-တစ်လီ မျိုးဇာတ်။ ၄-လုံးရပ်ခြင်းရာ။ ၅ ဆင့်ဆင့်ဖြာ၊ ဖြစ်လာခဲ့လေသနည်း။

၁-နာဂတ်ကာလ၊ ငါဖြစ်ရမည်။ ၂-မဖြစ်မည်နှင့်။ ၃-တစ်လီမျိုးဇာတ်။ ၄-လုံးရပ်ခြင်းရာ။ ၅-ဆင့်ဆင့်ဖြာ ဖြစ်လာဦးမည်နည်း။

၁-ယခုငါဟာ၊ ငါသာဟုတ်လား။ ၂-မဟုတ်လားနှင့်။ ၃-မျိုးခြားဇာတိ။ ၄-ဆင်းရှိသဏ္ဍာန်။ ၅-တိတံဘဝ။ ၆-နာဂတမှာ၊ ဘယ်ဟာဖြစ်ဗြား၊ ဤ ၆ ပါးသည်၊ ယုံမှားသံသယ ပစ္စုပ္ပန်တည်း။

## အဘိဓမ္မာနည်းအရ ယုံမှားခြင်း ၈ ပါး

(၁) ဗုဒ္ဓေ ကင်္ခတိ-ဘုရား၌ယုံမှားခြင်း။
(၂) ဓမ္မေ ကင်္ခတိ-တရား၌ ယုံမှားခြင်း။
(၃) သံဃေ ကင်္ခတိ-သံဃာ၌ ယုံမှားခြင်း။
(၄) သိက္ခာယ ကင်္ခတိ-အကျင့်၌ ယုံမှားခြင်း။
(၅) ပုဗ္ဗန္တေ ကင်္ခတိ-သံသရာ၏ ရှေးအဖို့၌ ယုံမှားခြင်း။
(၆) အပရန္တေ ကင်္ခတိ-သံသရာ၏ နောက်အဖို့၌ ယုံမှားခြင်း။
(၇) ပုဗ္ဗန္တာပရန္တေ ကင်္ခတိ-သံသရာ၏ ရှေးအဖို့ နောက်အဖို့ နှစ်မျိုးလုံး၌ ယုံမှားခြင်း။
(၈) ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ-ပဋိစ္စသမုပ္ပါဒ်တို့၌ ယုံမှားခြင်း။

သင်ခန်းစာ (၁၂) ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



# သင်ခန်းစာ (၁၃)

# မူလနှစ်ဖြာလင်္ကာအရ အသွယ်ရှစ်သွယ်ကို ရှင်းပြခြင်း

ဆရာ ။ ။ မူလနှစ်ဖြာလင်္ကာအရ အသွယ်ရှစ်သွယ်ကို ရှင်းပြမယ်။ ဒါ့ကြောင့် မူလနှစ်ဖြာ ဆောင်ပုဒ်လင်္ကာကို သံပြိုင်ညီညာစွာ ရွတ်ဆိုကြပါ။

ယောဂီ ။ ။ ၁-မူလနှစ်ဖြာ၊ ၂-သစ္စာနှစ်ခု၊ ၃-လေးခုအလွှာ၊ ၄-အင်္ဂါတစ်ဆယ့်နှစ်ပါး၊ (တရားကိုယ်များနှင့်)၊ ၅-သုံးပါးအစပ်၊ (နှစ်ရပ် မူလ)၊ ၆-ဝဋ်သုံးဝနှင့်၊ ၇-ကာလသုံးဖြာ၊ ၈-ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

## (၁) မူလနှစ်ဖြာ

ဆရာ ။ ။ "မူလနှစ်ဖြာ" ဆိုတာ ၁ အကွက်ထဲက အဝိဇ္ဇာနဲ့ ၃ အကွက်ထဲက တဏှာပဲ။

မေး ။ ။ မူလဆိုတာ ဘာနှင့်ဘာပါလိမ့်?

ဖြေ ။ ။ အဝိဇ္ဇာနဲ့ တဏှာပါအရှင်ဘုရား။

ဆရာ ။ ။ အဝိဇ္ဇာဆိုတာ သစ္စာလေးပါးမသိတာ အဝိဇ္ဇာ။ တဏှာဆိုတာ လိုချင်ခင်မင်၊ နှစ်သက်သာယာ၊ တပ်မက်တာ၊ ကျေနပ်တာ တဏှာ" လို့မှတ်ပါ။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ "မူလ" ဆိုတာ ခန္ဓာဖြစ်ခြင်း၏အကြောင်းရင်းကို "မူလ" ခေါ်တယ်။ ခန္ဓာအပင်ပေါက်စေမည့်ရေသောက်မြစ်ကို "မူလ" လို့ခေါ်တယ်။ ခန္ဓာဖြစ်အောင်လုပ်တဲ့ လက်သည်ကို "မူလ" လို့ ခေါ်တယ်။ သံသရာအစကို "မူလ" လို့ခေါ်တယ်။ ကဲ မေးမယ်။

မေး ။ ။ သစ္စာလေးပါးမသိတာ?

ဖြေ ။ ။ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ။ ။ လိုချင်ခင်မင် နှစ်သက်သာယာတပ်မက်တာ၊ ကျေနပ်တာ

ဖြေ ။ ။ တဏှာပါအရှင်ဘုရား။

မေး ။ ။ ဒီအဝိဇ္ဇာနဲ့တဏှာကို ဘာလို့ခေါ်ပါလိမ့်။

ဖြေ ။ ။ "မူလနှစ်ဖြာ" လို့ခေါ်ပါအရှင်ဘုရား။

Generated by CamScanner from intsig.com



မေး ။ ။ "မူလ" ခေါ်ပုံအဓိပ္ပာယ်ကိုပြောပြပါ။

ဖြေ ။ ။ ခန္ဓာဖြစ်ခြင်း၏ အကြောင်းရင်းကို "မူလ" လို့ခေါ်ပါအရှင်ဘုရား။

မေး ။ ။ နောက်တစ်မျိုးပြောပါဦး။

ဖြေ ။ ။ ခန္ဓာအပင်ပေါက်ခြင်း၏ ရေသောက်မြစ်ကို "မူလ" လို့ ခေါ်ပါအရှင်ဘုရား။

မေး ။ ။ နောက်တစ်မျိုးက?

ဖြေ ။ ။ ခန္ဓာဖြစ်အောင် လုပ်တဲ့လက်သည်ကို "မူလ" လို့ခေါ်ပါအရှင်ဘုရား။

မေး ။ ။ နောက်တစ်မျိုးက?

ဖြေ ။ ။ သံသရာအစကို "မူလ" လို့ခေါ်ပါအရှင်ဘုရား။

မေး ။ ။ ကောင်းပြီ၊ ဒါဖြင့် အဝိဇ္ဇာသည် တခြားလား၊ အတိတ်အကြောင်းမူလလား။

ဖြေ ။ ။ အတိတ်အကြောင်းမူလပါအရှင်ဘုရား။

မေး ။ ။ တဏှာသည် တခြားလား၊ ပစ္စုပ္ပန်အကြောင်းမူလလား။

ဖြေ ။ ။ ပစ္စုပ္ပန်အကြောင်းမူလပါအရှင်ဘုရား။

မေး ။ ။ အတိတ်အကြောင်းမူလဖြစ်တဲ့ အဝိဇ္ဇာသည် ဘယ်ခန္ဓာကို ဖြစ်စေပါလိမ့်။

ဖြေ ။ ။ ပစ္စုပ္ပန်ခန္ဓာကို ဖြစ်စေပါအရှင်ဘုရား။

မေး ။ ။ ပစ္စုပ္ပန်အကြောင်းမူလဖြစ်တဲ့ တဏှာသည် ဘယ်ခန္ဓာကိုဖြစ်စေပါလိမ့်။

ဖြေ ။ ။ အနာဂတ်ခန္ဓာကို ဖြစ်စေပါအရှင်ဘုရား။

ဆရာ ။ ။ အဲဒီလို မူလနှစ်ဖြာ အဝိဇ္ဇာနှင့် တဏှာကြောင့် လူနတ်ပြဟ္မာ၊ အပါယ်ခန္ဓာတွေဖြစ်။ ခန္ဓာတွေဖြစ်တော့လည်း အိုလိုက်နာလိုက် သေလိုက်။ သေတော့လည်း ဒီအဝိဇ္ဇာနဲ့ တဏှာ မူလနှစ်ဖြာကြောင့်ပဲ ဒုဂ္ဂတိခန္ဓာ သုဂတိခန္ဓာတွေရပြန်ရော။ ခန္ဓာတွေရပြန်တော့ အိုရပြန် နာရပြန် သေရပြန်ရော။

မေး ။ ။ အေး ဒါ့ကြောင့်အိုတတ် နာတတ် သေတတ်တဲ့ ခန္ဓာတွေကို ဖြစ်စေ ရစေတဲ့ မူလနှစ်ဖြာ အဝိဇ္ဇာနဲ့ တဏှာဟာ တခြားလား။ ဒုက္ခပေးတဲ့တရားလား။

ဖြေ ။ ။ ဒုက္ခပေးတဲ့ တရားပါအရှင်ဘုရား။

မေး ။ ။ ဒုက္ခပေးတဲ့တရားဟာ တခြားလား၊ ကိုယ့်ရန်သူလား။

ဖြေ ။ ။ ကိုယ့်ရန်သူပါအရှင်ဘုရား။

ဆရာ ။ ။ အေး ကိုယ့်ရန်သူကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်လက်နက်တို့ဖြင့် အသေသတ် အမြစ်ပြတ်နိုင်မှ ကိုယ့် အိုနာသေဇာတ်သိမ်းမယ်လို့ မှတ်ကြပါ။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

## (၂) သစ္စာနှစ်ခု

ဆရာ ။ ။ "သစ္စာနှစ်ခု" ဆိုတာ ၁-အကွက်ထဲမှာ သမုဒယသစ္စာ။ ၂-အကွက်ထဲမှာ ဒုက္ခသစ္စာ။ ၃-အကွက်ထဲမှာ သမုဒယသစ္စာ။ ၄ အကွက်ထဲမှာ ဒုက္ခသစ္စာ။

မေး ။ ။ အေး သစ္စာချင်းတူရာ ပေါင်းလိုက်တော့ ဘာသစ္စာနဲ့ ဘာသစ္စာပါလိမ့်။

ဖြေ ။ ။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါအရှင်ဘုရား။

ဆရာ ။ ။ "သမုဒယ" ဆိုတာ ဒုက္ခဖြစ်ကြောင်း၊ သစ္စာက "အမှန်"။

မေး ။ ။ အဲဒီတော့ "သမုဒယသစ္စာ" ဆိုတာ

ဖြေ ။ ။ ဒုက္ခဖြစ်ကြောင်း အမှန်ပါအရှင်ဘုရား။

မေး ။ ။ ဒါဖြင့် သမုဒယသစ္စာဆိုတာ ၁ အကွက်ထဲမှာ အင်္ဂါအားဖြင့် ဘယ်ဟာပါလိမ့်။

ဖြေ ။ ။ အဝိဇ္ဇာသင်္ခါရပါအရှင်ဘုရား။

မေး ။ ။ အခြင်းအရာအားဖြင့်ကော

ဖြေ ။ ။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝပါအရှင်ဘုရား။

ဆရာ ။ ။ နောက်တစ်ခုက ဒုက္ခသစ္စာ။ "ဒုက္ခ" ဆိုတာ "ဆင်းရဲတာ"။ သစ္စာက အမှန်။

မေး ။ ။ အဲဒီတော့ "ဒုက္ခသစ္စာ" ဆိုတာ

ဖြေ ။ ။ ဆင်းရဲတာအမှန်ပါအရှင်ဘုရား။

မေး ။ ။ ဒါဖြင့် "ဒုက္ခသစ္စာ" ဆိုတာ ၂ အကွက်ထဲမှာ အင်္ဂါအားဖြင့် ဘယ်တရားတွေပါလိမ့်။

ဖြေ ။ ။ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာပါအရှင်ဘုရား။

မေး ။ ။ အခြင်းအရာအားဖြင့်ကော

ဖြေ ။ ။ အင်္ဂါနဲ့ အတူတူပါအရှင်ဘုရား။

မေး ။ ။ ကောင်းပြီ။ ဒါဖြင့် ၃ အကွက်ထဲက "သမုဒယသစ္စာ" ဆိုတာကော အင်္ဂါအားဖြင့် ဘယ်တရားတွေပါလိမ့်။

ဖြေ ။ ။ တဏှာ ဥပါဒါန် ကမ္မဘဝပါအရှင်ဘုရား။

မေး ။ ။ အခြင်းအရာအားဖြင့်ကော

ဖြေ ။ ။ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရပါအရှင်ဘုရား။

မေး ။ ။ ဟုတ်ပြီ။ နောက်တစ်ခုက ၄ အကွက်ထဲမှာ "ဒုက္ခသစ္စာ" ဆိုတာ အင်္ဂါအားဖြင့် ဘယ်တရားတွေပါလိမ့်။

ဖြေ ။ ။ ဇာတိ ဇရာ မရဏပါအရှင်ဘုရား။

မေး ။ ။ အခြင်းအရာအားဖြင့်ကော

ဖြေ ။ ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာပါအရှင်ဘုရား။

Generated by CamScanner from intsig.com



မေး ။ ။ နောက်ပြီးတော့ ၁ အကွက်ထဲက "သမုဒယသစ္စာ" က အကျိုးလား၊ အကြောင်းလား၊

ဖြေ ။ ။ အကြောင်းပါအရှင်ဘုရား။

မေး ။ ။ ၂ အကွက်ထဲက "ဒုက္ခသစ္စာ" က

ဖြေ ။ ။ အကျိုးပါအရှင်ဘုရား။

မေး ။ ။ ၃ အကွက်ထဲက "သမုဒယသစ္စာ" ကကော အကျိုးလား၊ အကြောင်းလား။

ဖြေ ။ ။ အကြောင်းပါအရှင်ဘုရား။

မေး ။ ။ ၄ အကွက်ထဲက "ဒုက္ခသစ္စာ" ကကော

ဖြေ ။ ။ အကျိုးပါအရှင်ဘုရား။

မေး ။ ။ အကြောင်းကြောင့်

ဖြေ ။ ။ အကျိုးဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အကျိုးထဲက

ဖြေ ။ ။ အကြောင်းပေါက်ပွားပါအရှင်ဘုရား။

မေး ။ ။ အကြောင်းကြောင့်

ဖြေ ။ ။ အကျိုးဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အကျိုးထဲက

ဖြေ ။ ။ အကြောင်းပေါက်ပွားပြန်ပါအရှင်ဘုရား။

ဆရာ ။ ။ သြော် များစွာသော သတ္တဝါတို့သည် အစမထင် ရှည်လျားလှစွာသော ဘဝသံသရာ တစ်လျှောက်လုံးမှာ ဒီနည်းနဲ့ပဲ "အကြောင်းသမုဒယကြောင့် အကျိုးဒုက္ခဖြစ်။ အကျိုး ဒုက္ခထဲက အကြောင်းသမုဒယ ပေါက်ပွား။ တစ်ဖန် အကျိုးဒုက္ခရပြန်ကာ မွေးလိုက် အိုလိုက် နာလိုက် သေလိုက်နဲ့ ဆုံလည်နွားပမာ ကျင်လည်ခဲ့ကြရတာ တယ်ကြောက်စရာ ကောင်းပါကလား။ အဲဒီတော့ အကြောင်းသမုဒယပြတ်မှ အကျိုးဒုက္ခရပ်မှာမို့ အကြောင်း သတ်ဖြစ်တဲ့ ဝိပဿနာအလုပ်တရားကို ကြိုးစားအားထုတ်ဖို့ မကောင်းဘူးလား။

ယောဂီ ။ ။ ကောင်းလှပါအရှင်ဘုရား။

## (၃) လေးခုအလွှာ

ဆရာ ။ ။ "လေးခုအလွှာ" ဆိုတာ ၁ အကွက်ထဲမှာ?

ယောဂီ ။ ။ အတိတ်အကြောင်းတစ်လွှာပါအရှင်ဘုရား။

မေး ။ ။ ၂ အကွက်ထဲမှာ?

ဖြေ ။ ။ ပစ္စုပ္ပန်အကျိုး တစ်လွှာပါအရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ ၃ အကွက်ထဲမှာ?

ဖြေ ။ ။ ပစ္စုပ္ပန်အကြောင်းတစ်လွှာပါအရှင်ဘုရား။

ဆရာ ။ ။ ဒီ ၃ အကွက်ထဲမှာရှိတဲ့ တရားတွေဟာ ပစ္စုပ္ပန်ကာလမှာ ပစ္စုပ္ပန်အကျိုးခန္ဓာတွေကို ဖွဲ့၍ ဖြစ်ပေါ်လာတဲ့ အကြောင်းခန္ဓာတွေမို့ "ပစ္စုပ္ပန်အကြောင်းတစ်လွှာ" လို့ ခေါ်ပါတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ တစ်နည်းအားဖြင့်လည်း ဒီတဏှာ ဥပါဒါန် ကမ္မဘဝတွေဟာ ပစ္စုပ္ပန်ကာလမှာ ဖြစ်သော်ငြားလည်းပဲ အနာဂတ်အကျိုးခန္ဓာတွေကို ဖြစ်ပေါ်စေမည့် အကြောင်းခန္ဓာတွေ ဖြစ်သောကြောင့် အချို့နေရာတွေမှာ "အနာဂတ်အကြောင်းတစ်လွှာ" လို့လည်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ခေါ်ဝေါ်ပြောဆိုလေ့ရှိပါတယ်။

မေး ။ ။ ၁ အကွက်ထဲမှာ "အတိတ်အကြောင်းတစ်လွှာ" ဆိုတာ အင်္ဂါအားဖြင့် ဘယ်နှပါး ပါလိမ့်။

ဖြေ ။ ။ နှစ်ပါးပါအရှင်ဘုရား။

မေး ။ ။ အခြင်းအရာအားဖြင့်ကော?

ဖြေ ။ ။ ငါးပါးပါအရှင်ဘုရား။

မေး ။ ။ ၃ အကွက်ထဲမှာ "ပစ္စုပ္ပန်အကြောင်းတစ်လွှာ" ဆိုတာ အင်္ဂါအားဖြင့် ဘယ်နှပါးပါလိမ့်။

ဖြေ ။ ။ ငါးပါးပါအရှင်ဘုရား။

မေး ။ ။ ၃ အကွက်ထဲမှာ "ပစ္စုပ္ပန်အကြောင်းတစ်လွှာ" ဆိုတာ အင်္ဂါအားဖြင့် ဘယ်နှပါးပါလိမ့်။

ဖြေ ။ ။ သုံးပါးပါအရှင်ဘုရား။

မေး ။ ။ အခြင်းအရာအားဖြင့်?

ဖြေ ။ ။ ငါးပါးပါအရှင်ဘုရား။

မေး ။ ။ ၄ အကွက်ထဲမှာ "အနာဂတ်အကျိုးတစ်လွှာ" ဆိုတာ အင်္ဂါအားဖြင့် ဘယ်နှပါးပါလိမ့်။

ဖြေ ။ ။ နှစ်ပါးပါအရှင်ဘုရား။

မေး ။ ။ အခြင်းအရာအားဖြင့်?

ဖြေ ။ ။ ငါးပါးပါအရှင်ဘုရား။

ဆရာ ။ ။ အလွှာ ၂ ပါး၊ ၃ ပါး၊ ၅ ပါးသရုပ်တွေကိုတော့ စက်ဝိုင်းထဲက သူ့အကွက်နှင့် သူကြည့်ပြီး ဖြေနိုင်လောက်ပါပြီ။



ဒီ ၄ အကွက်ထဲက "ဥပပတ္တိဘဝ" ဆိုတာလည်း အကြောင်းကံကြောင့် ဖြစ်တဲ့ အကျိုးခန္ဓာတွေသာ ဖြစ်လို့ ဇာတိထဲမှာ အကျုံးဝင်ပြီးသားလို့မှတ်ပါ။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ ၁ အကွက်ထဲက အင်္ဂါနှစ်ပါးသည် ဘာကာလပါလိမ့်။

ဖြေ ။ ။ အတိတ်ကာလပါအရှင်ဘုရား။

မေး ။ ။ ၃ အကွက်ထဲက အင်္ဂါသုံးပါးကော?

ဖြေ ။ ။ ပစ္စုပ္ပန်ကာလပါအရှင်ဘုရား။

မေး ။ ။ သမုဒယသစ္စာချင်း တူသော်လည်း ကာလချင်းတူကြရဲ့လား။

ဖြေ ။ ။ မတူကြပါအရှင်ဘုရား။

မေး ။ ။ ၂ အကွက်ထဲက အင်္ဂါငါးပါးသည် ဘာကာလပါလိမ့်။

ဖြေ ။ ။ ပစ္စုပ္ပန်ကာလပါအရှင်ဘုရား။

မေး ။ ။ ၄ အကွက်ထဲက အင်္ဂါနှစ်ပါးကတော့?

ဖြေ ။ ။ အနာဂတ်ကာလပါအရှင်ဘုရား။

မေး ။ ။ ဒုက္ခသစ္စာချင်းတူကြသော်လည်း ကာလချင်း တူကြပါရဲ့လား။

ဖြေ ။ ။ မတူကြပါအရှင်ဘုရား။

ဆရာ ။ ။ အေး အဲဒီလို ဒီအင်္ဂါတွေဟာ မိမိသစ္စာချင်း တူကြငြားသော်လည်း ကာလချင်းမတူကြလို့ သူ့အဖို့အစုနဲ့သူ ရှိနေကြတယ်။ ကိုယ့်အုပ်စုနဲ့ကိုယ် နေကြတယ်။ ဒီအင်္ဂါအဖို့အစု (အုပ်စု) တွေဟာ အကြောင်းအကျိုးအားဖြင့် ဆက်ကြငြားသော်လည်း ကာလချင်းမတူတော့ ရောလို့မရကြဘူးတဲ့။ ဒါ့ကြောင့်မို့ လူတန်းစားအလွှာ ကွဲပြားသလိုဖြစ်နေလို့ ဒီအဖို့အစု (အုပ်စု) ရဲ့ အဓိပ္ပာယ်တူအားဖြင့် "အလွှာ" လို့ သုံးကြပါတယ်။ သဘောပါရဲ့လား။

မေး ။ ။ အဲဒီတော့ ၁ အလွှာကြောင့် ဘယ်အလွှာ ဖြစ်ပါလိမ့်။

ဖြေ ။ ။ ၂ အလွှာဖြစ်ရပါအရှင်ဘုရား။

မေး ။ ။ ၂ အလွှာကြောင့်?

ဖြေ ။ ။ ၃ အလွှာဖြစ်ရပါအရှင်ဘုရား။

မေး ။ ။ ၃ အလွှာကြောင့်?

ဖြေ ။ ။ ၄ အလွှာဖြစ်ရပါအရှင်ဘုရား။

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ တစ်ဖန် ၄ အလွှာကြောင့် ၁ အလွှာပြန်မဖြစ်ဘူးလား။

ဖြေ ။ ။ ဖြစ်ပါအရှင်ဘုရား။

ဆရာ ။ ။ ဒါကြောင့်မို့ များလှစွာသော သတ္တဝါတွေမှာ အလွှာချင်းဆက်စပ်၊ စက်ရဟတ်နှယ်၊ မပြတ်စဉ်ကာ၊ ထပ်လျက်သာလျှင်၊ အလွှာစက်ဝိုင်း၊ ခန္ဓာတိုင်းကို၊ ဉာဏ်ပိုင်းခုတ်ဖျက်၊ အလွှာပျက်မှ၊ သံသရာစက်ရပ်တော့မယ်။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

## (၄) အင်္ဂါတစ်ဆယ့်နှစ်ပါး

မေး ။ ။ "အင်္ဂါတစ်ဆယ့်နှစ်ပါး" ဆိုတာ ၁ အကွက်ထဲမှာ အဝိဇ္ဇာ သင်္ခါရ။ အင်္ဂါ ဘယ်နှပါး ပါလိမ့်။

ဖြေ ။ ။ နှစ်ပါးပါအရှင်ဘုရား။

မေး ။ ။ ၂ အကွက်ထဲမှာ အင်္ဂါက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ။ ဘယ်နှပါးပါလိမ့်။

ဖြေ ။ ။ ငါးပါးပါအရှင်ဘုရား။

ဆရာ ။ ။ ဒီပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးရဲ့ အလယ်ထိပ်တည့်တည့်ကိုကြည့်ပါ။ အောက်ကို ညွှန်ပြထားတဲ့ မြားတစ်ခုရှိပါတယ်။ ပြီးတော့ ဒီစက်ဝိုင်းကြီးရဲ့ အောက်အစွန်း အလယ်တည့်တည့်မှာလည်း မြားတစ်ခုရှိပါတယ်။ အဲဒီမြားနှစ်ခုက ဘာပါလိမ့်မတုံးဆိုတော့ ဒီစက်ဝိုင်းကြီးကို ညာဘက်မှာ တစ်ခြမ်း၊ ဘယ်ဘက်မှာ တစ်ခြမ်း၊ နှစ်ခြမ်းခွဲပြထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ညာဘက်ကတစ်ခြမ်းကို "ပုဗ္ဗန္တ ဘဝစက်" လို့ ခေါ်တယ်။

မေး ။ ။ စက်ဝိုင်းကြီးရဲ့ ညာဘက်တစ်ခြမ်းကို ဘာစက်လို့ ခေါ်ပါလိမ့်။

ဖြေ ။ ။ ပုဗ္ဗန္တ ဘဝစက်လို့ ခေါ်ပါအရှင်ဘုရား။

ဆရာ ။ ။ သံသရာ၏ ရှေးအစွန်း ရှေးအစ ရှေးဘဝမှလည်လာတဲ့ စက်ဝိုင်းကို "ပုဗ္ဗန္တ ဘဝစက်" လို့ ခေါ်တယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ သံသရာ၏ နောက်အစွန်း နောက်အစ နောက်ဘဝသို့ လည်သွားတဲ့ စက်ဝိုင်းကို "အပရန္တ ဘဝစက်" လို့ခေါ်တယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ကောင်းပြီ၊ ဒါဖြင့် ပုဗ္ဗန္တ ဘဝစက်ထဲမှာ အင်္ဂါဘယ်နှပါးရှိပါလိမ့်။



ဖြေ ။ ။ ခုနစ်ပါးရှိပါအရှင်ဘုရား။

မေး ။ ။ အင်္ဂါခုနစ်ပါးသရုပ်ကို ရေတွက်ပြပါ။

ဖြေ ။ ။ အဝိဇ္ဇာ သင်္ခါရ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါအရှင်ဘုရား။


မေး ။ ။ အဲဒီတော့ ပုဗ္ဗန္တ ဘဝစက်၏ ခေါင်းဆောင်က တခြားလား၊ အဝိဇ္ဇာလား။

ဖြေ ။ ။ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာခေါင်းဆောင်လျက် လှည့်လာသော ဘဝစက်သည် ဘယ်အထိလည်ပါလိမ့်။

ဖြေ ။ ။ ဝေဒနာအထိ လည်ပါအရှင်ဘုရား။

### ပုဗ္ဗန္တဘဝ စက်ဝိုင်းလည်ပုံ




Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ အဝိဇ္ဇာခေါင်းဆောင်တဲ့ ဘဝစက်ကို လှည့်ပြပါ။

ဖြေ ။ ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊
သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊
ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊
နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊
သဠာယတနကြောင့် ဖဿဖြစ်၊
ဖဿကြောင့် ဝေဒနာဖြစ်ပါအရှင်ဘုရား။

ဆရာ ။ ။ ဝေဒနာကနေ ဘယ်ကို ပြန်လှည့်ခွေပါလိမ့်မတုံးဆိုတော့ အဝိဇ္ဇာကို ပြန်လှည့်ခွေပါတယ်။ ဘယ်ကို လှည့်ခွေသတုံးဆိုရင် ဝေဒနာကြောင့် တဏှာဖြစ်သောအခါ အဝိဇ္ဇာလည်း ပါပါတယ်။ ဒါ့ကြောင့် "ဝေဒနာပစ္စယာ အဝိဇ္ဇာ" လို့ လှည့်ခွေသွားပါတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ ဝေဒနာကနေ ဘာကို ကျေးဇူးပြုပြီး ဘယ်လိုစက်လှည့်သွားပါလိမ့်။

ဖြေ ။ ။ ဝေဒနာကနေ အဝိဇ္ဇာကို ကျေးဇူးပြုပြီး "ဝေဒနာပစ္စယာ အဝိဇ္ဇာ" လို့ စက်လှည့်သွားပါ အရှင်ဘုရား။

ယောဂီ ။ ။ ပုဗ္ဗန္တ ဘဝစက်မှာ မျက်မြင်အားဖြင့် အင်္ဂါ ၇ ပါးသာရှိပါတယ်။ အင်္ဂါ ၁၂ ပါးမပြည့်ဘဲ ၇ ပါးတည်းနဲ့ စက်လည်ပါသလား။

ဆရာ ။ ။ အင်္ဂါ ၁၂ ပါးလုံးဖြင့် စက်လည်ပါတယ်။ လည်ပုံကတော့ အဝိဇ္ဇာသင်္ခါရကိုမြင်ရင် အတူဖြစ်ဖက်ဖြစ်တဲ့ တဏှာဥပါဒါန်ဘဝကိုလည်း ယူရပါတယ်။ ဤသို့ ယူလိုက်ပါက အတိတ်အကြောင်း ငါးပါးရပါတယ်။ ဝိညာဏ် – နာမ်ရုပ်၊ သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဒြပ်ငါးပါးကိုမြင်ရင် ဇာတိဇရာမရဏဆိုတဲ့ ဂုဏ်နှစ်ပါးကိုလည်း ယူရပါတယ်။ ဤသို့ယူလိုက်ပါက ပစ္စုပ္ပန်အကျိုး အင်္ဂါ ၇ ပါးဖြစ်သွားပါတယ်။ ခုနက အတိတ်အကြောင်း အင်္ဂါ ၅ ပါးနဲ့ ယခု ပစ္စုပ္ပန်အကျိုး အင်္ဂါ ၇ ပါး၊ ပေါင်း အင်္ဂါ ၁၂ ပါးလုံးဖြင့် စက်လည်ခြင်းဖြစ်ပါတယ်။ သဘောပါရဲ့လား။

ယောဂီ ။ ။ ပါပါအရှင်ဘုရား။

မေး ။ ။ အပရန္တ ဘဝစက်မှာ အင်္ဂါဘယ်နှပါးရှိပါလိမ့်။ သရုပ်ပါ ရေတွက်ပြပါ။

ဖြေ ။ ။ ၅ ပါးရှိပါတယ်။ တဏှာ ဥပါဒါန် ဘဝ၊ ဇာတိ ဇရာ မရဏပါ အရှင်ဘုရား။

မေး ။ ။ အပရန္တ ဘဝစက်မှာ ခေါင်းဆောင်တဏှာသည် ဘယ်အထိလည်အောင် ဆောင်ပါလိမ့်။

ဖြေ ။ ။ ဇရာ မရဏအထိ လည်အောင် ဆောင်ပါအရှင်ဘုရား။




မေး ။ ။ တဏှာခေါင်းဆောင်တဲ့ ဘဝစက်ကို လှည့်ပြပါ။

ဖြေ ။ ။ တဏှာကြောင့် ဥပါဒါန်ဖြစ်၊
ဥပါဒါန်ကြောင့် ဘဝဖြစ်၊
ဘဝကြောင့် ဇာတိဖြစ်၊
ဇာတိကြောင့် ဇရာမရဏဖြစ်ပါအရှင်ဘုရား။

မေး ။ ။ ဇရာ မရဏကနေ ဘာကိုကျေးဇူးပြုပြီး ဘယ်လိုလှည့်ခွေသွားပါလိမ့်။

ဖြေ ။ ။ ဇရာမရဏကနေ တဏှာကိုကျေးဇူးပြုပြီး "ဇရာမရဏပစ္စယာ တဏှာ" လို့ လှည့်ခွေသွားပါ အရှင်ဘုရား။

## အပရန္တဘဝ စက်ဝိုင်းလည်ပုံ




Generated by CamScanner from intsig.com

www.burmeseclassic.com



အဘယ်နည်းဖြင့် လှည့်ခွေသွားပါလိမ့်။

ယောဂီ ။ ။ ဇရာမရဏကနေ တဏှာကို

ဆရာ ။ ။ သတ္တဝါတွေဟာ အိုဆဲနှင့် သေကာနီးအခါတို့မှာ နပျိုလို အသက်ရှင်လိုတဲ့ ကာမာသဝ (တဏှာ) ဖြစ်ကြပါတယ်။ ဤနည်းအားဖြင့် "ဇရာမရဏပစ္စယာ တဏှာ" လို့ ဘဝစက် လှည့်ခွေသွားတယ်။ သဘောကျတယ်နော်။

ယောဂီ ။ ။ ကျပါအရှင်ဘုရား။

ယောဂီ ။ ။ အပရန္တဘဝစက်သည် မျက်မြင်အားဖြင့် အင်္ဂါ ၅ ပါးသာ မြင်ရပါတယ်။ အင်္ဂါ ၅ ပါးမျှဖြင့် သံသရာစက်လည်ပါသလား။

ဆရာ ။ ။ တဏှာ ဥပါဒါန် ဘဝကိုမြင်ရင် အတူဖြစ်ဖက်ဖြစ်တဲ့ အဝိဇ္ဇာနှင့် သင်္ခါရကိုလည်း ယူရပါတယ်။ ဇာတိ ဇရာ မရဏဆိုတဲ့ ဂုဏ်နှစ်ပါးကိုမြင်ရင် မကောင်းကောင်းသော ဝိညာဏ် စတဲ့ ဒြပ် ၅ ပါးကိုလည်း ယူရပါတယ်။ ဤနည်းအားဖြင့် ပစ္စုပ္ပန်အကြောင်း အင်္ဂါ ၅ ပါး၊ အနာဂတ် အကျိုးအင်္ဂါ ၇ ပါးဖြင့် အင်္ဂါ ၁၂ ပါးစုံပြီး သံသရာစက်လည်ခြင်းဖြစ်ပါတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ဤပုဗ္ဗန္တဘဝစက်နဲ့ အပရန္တဘဝစက်ကိုပေါင်းပြီး "ပုဗ္ဗန္တာပရန္တဘဝစက်" လို့ ခေါ်ပါတယ်။ ညာဘက်တစ်ခြမ်း၊ ဘယ်ဘက်တစ်ခြမ်း၊ နှစ်ခြမ်းနှစ်ပိုင်းခွဲထားတာကို ပြန်ပေါင်းလိုက်တော့ ယခု ယောဂီတို့ မြင်နေရတဲ့ ပုဗ္ဗန္တာပရန္တဘဝစက်ဝိုင်းကြီး ဖြစ်ပေါ်လာတော့တာပဲ။ သဘောကျရဲ့လား။

ယောဂီ ။ ။ သဘောကျပါအရှင်ဘုရား။

မေး ။ ။ ကဲ ဒီ ရှေးစက်နောက်စက် ပေါင်းစပ်ထားတဲ့ စက်ဝိုင်းကြီးထဲမှာ မျက်မြင်အတိုင်း အင်္ဂါဘယ်နှပါးရှိပါလိမ့်။

ဖြေ ။ ။ အင်္ဂါ ၁၂ ပါး ရှိပါအရှင်ဘုရား။

မေး ။ ။ အင်္ဂါ ၁၂ ပါး သရုပ်ရေတွက်ပြပါ။

ဖြေ ။ ။ အဝိဇ္ဇာ သင်္ခါရ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏပါအရှင်ဘုရား။

ဆရာ ။ ။ "အင်္ဂါ" ဆိုတာ လှည်းဘီးမှာ တစ်ခုစီတစ်ခုစီ အပိုင်းလိုက်တပ်ဆင်ထားတဲ့ ဒေါက်ဆန့်တွေကဲ့သို့ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းကြီး၌ မပါမပြီး၊ အရေးကြီးသော အစိတ်အပိုင်း ၁၂ ခုကို အင်္ဂါလို့ခေါ်တယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။



မေး ။ ။ ကဲ မေးမယ်။ ပုဗ္ဗန္တဘဝစက်သည် ဘယ်ဘဝနှင့် ဘယ်ဘဝကို ဆက်သွယ်ပေးပါလိမ့်။

ဖြေ ။ ။ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်သွယ်ပေးပါအရှင်ဘုရား။

မေး ။ ။ အပရန္တ ဘဝစက်သည် ဘယ်ဘဝနှင့် ဘယ်ဘဝကို ဆက်သွယ်ပေးပါလိမ့်။

ဖြေ ။ ။ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်သွယ်ပေးပါအရှင်ဘုရား။

မေး ။ ။ ပုဗ္ဗန္တာပရန္တဘဝစက်သည် ဘယ်ဘဝနှင့် ဘယ်ဘဝကို ဆက်သွယ်ပေးခြင်းဖြင့် ဘာကို ပြပါလိမ့်။

ဖြေ ။ ။ ပစ္စုပ္ပန်အကျိုးဘဝနှင့် ပစ္စုပ္ပန်အကြောင်းဘဝကို ဆက်သွယ်ပေးခြင်းဖြင့် ကာလသုံးဖြာ သံသရာလည်ပုံကို ပြပါအရှင်ဘုရား။

ဆရာ ။ ။ ဩော် အားလုံးသော သတ္တဝါတို့မှာ ဤသံသရာဘဝစက်ကြီးကို အပိုင်းအပိုင်း ကျိုးပျက်အောင် ဝိပဿနာဉာဏ်ဓား၊ မဂ်ဉာဏ်ဓားတို့ဖြင့် မဆိုင်းမတွ မချိုးမဖျက်နိုင်ကြလို့ အခုလို သံသရာဒုက္ခပင်လယ်ကြောမှာ မွေးလိုက် အိုလိုက်နာလိုက်သေလိုက်၊ မွေးပြန် အိုပြန် နာပြန် သေပြန်နဲ့ အဖန်ဖန် အဝိုင်းပြေးလှည့်ခွေကာ မျောနေကြ မြုပ်နေကြရတယ်လို့မှတ်ပါ။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

## (၅) သုံးပါးအစပ်

မေး ။ ။ "သုံးပါးအစပ်" ဆိုတာ ဟောဒီ ၁ အကွက် အဆုံးနဲ့ ၂ အကွက် အစနေရာမှာ မြားတိုလေးနဲ့ ဆက်ပြထားပြီး "စပ်" ဆိုတဲ့ စာလုံးလေး ရေးထားပါတယ်။ အဲဒါ ဘာနဲ့ဘာ တစ်စပ်ပါလိမ့်။

ဖြေ ။ ။ သင်္ခါရနဲ့ ဝိညာဏ်တစ်စပ်ပါအရှင်ဘုရား။

မေး ။ ။ နောက်တစ်ခါ ဟောဒီ ၂ အကွက် အဆုံးနဲ့ ၃ အကွက် အစနေရာမှာလည်း မြားတိုလေးနဲ့ စပ်ပြထားပါတယ်။ ဒါက ဘာနဲ့ဘာ တစ်စပ်ပါလိမ့်။

ဖြေ ။ ။ ဝေဒနာနဲ့ တဏှာတစ်စပ်ပါအရှင်ဘုရား။

မေး ။ ။ နောက်တစ်ခုက ဟောဒီ ၃ အကွက်အဆုံးနဲ့ ၄ အကွက် အစနေရာမှာလည်း တစ်စပ် စပ်ပြန်ပါတယ်။ ဒါက ဘာနဲ့ဘာ တစ်စပ်ပါလိမ့်။

ဖြေ ။ ။ ကမ္မဘဝနဲ့ ဇာတိတစ်စပ်ပါအရှင်ဘုရား။

ဆရာ ။ ။ ကောင်းပြီ။ အဲဒီတော့ လွန်လေပြီးသော အတိတ်ကာလတုန်းက မိမိတို့ရဲ့ ခန္ဓာငါးပါး ကောင်းပြီ... ဟောဒီ ၁ အကွက်ထဲမှာ စုတိပြထားကြွေ ရုပ်နာမ်တရားတို့သည် အဝိဇ္ဇာ သင်္ခါရနှင့်တကွ

Generated by CamScanner from intsig.com

www.burmeseclassic.com



သေလွန်ခဲ့ကြပါပြီ။ သေပြီးနောက် တစ်ဆက်တည်း ပဋိသန္ဓေဝိညာဏ်ကိုလည်း ရပြီးခဲ့ကြပါပြီ။ အဲဒါကြောင့် ဒီ (၁) နံပါတ်ဖြစ်တဲ့ သင်္ခါရရဲ့ ဝိညာဏ်အစပ်ကို "သေခဲ့ပြီးသော အစပ်" လို့မှတ်ပါ။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

ဆရာ ။ ။ တစ်နည်းအားဖြင့်လည်း မိမိတို့သည် ရှေးလွန်လေပြီးသော အတိတ်ကာလတုန်းက ကုသိုလ် အကုသိုလ်သင်္ခါရတွေကို ဧကန်ပင် ပြုလုပ်ခဲ့ကြပါတယ်။ ယခုမှ အဲဒီသင်္ခါရတွေကို ကံမမြောက်အောင် ပြုပြင်ပြောင်းလဲချင်လို့ မရနိုင်တော့ပါဘူး။ အဲဒီ သင်္ခါရတွေကြောင့်ပဲ သေသည်၏အခြားမဲ့၌ မိမိတို့သည် ပဋိသန္ဓေဝိညာဏ်ကိုလည်း ဧကန်ပင် ရရှိခဲ့ကြပါတယ်။ ယခုမှ အဲဒီပဋိသန္ဓေဝိညာဏ် မရရှိအောင် မတတ်နိုင်တော့ပါဘူး။

အဲဒီလို မတတ်နိုင်အောင် လွန်ပြီးကျွံပြီးဖြစ်နေလို့ ဒီ (၁) နံပါတ်ဖြစ်တဲ့ သင်္ခါရရဲ့ ဝိညာဏ်အစပ်ကို "ဧကန်အစပ်" လို့ ခေါ်ပါတယ်။ သဘောပါရဲ့လား။

ယောဂီ ။ ။ သဘောပါပါအရှင်ဘုရား။

မေး ။ ။ ကဲ (၁) နံပါတ် သင်္ခါရရဲ့ ဝိညာဏ်အစပ်ရဲ့ နာမည်ထူးနှစ်မျိုးကို ပြောပြပါ။

ဖြေ ။ ။ (၁) သေခဲ့ပြီးသော အစပ်။
(၂) ဧကန်အစပ်ပါအရှင်ဘုရား။

ဆရာ ။ ။ နောက်တစ်ခါ (၂) နံပါတ်ဖြစ်တဲ့ ဝေဒနာနဲ့ တဏှာအစပ်ကိုတော့ ပုဂ္ဂိုလ်ငဲ့ရင် "အရှင်စပ်" လို့ ခေါ်ပါတယ်။ ဓမ္မငဲ့ရင် "အသေစပ်" လို့ ခေါ်ပါတယ်။ "အရှင်စပ်" လို့ ခေါ်တာက မိမိတို့သည် ခံစားမှုဝေဒနာပေါ်မှာ တဏှာနဲ့သာယာပြီး အသက်ရှင်နေကြတာမို့ "အရှင်စပ်" လို့ ခေါ်တာပါ။ "အသေစပ်" လို့ ခေါ်တာကတော့ ဝေဒနာနဲ့ တဏှာဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါဘူး။ တကယ်သဘောအားဖြင့် ထင်ရှားရှိတဲ့ ပရမတ္ထဓမ္မပါ။ ပရမတ္ထဓမ္မမှန်ရင် ဖြစ်ပြီးရင် ပျက်စမြဲပါ။ မွေးပြီးရင် သေစမြဲပါ။ အဲဒါကြောင့် ဝေဒနာနဲ့ တဏှာအစပ်ဟာ ဖြစ်မွေးပျက်သေ ဓမ္မတွေမို့ "အသေစပ်" လို့ အမည်ရပါတယ်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ အေး နောက်တစ်မျိုးက ယောဂီပုဂ္ဂိုလ်တို့ ထွက်ရပ်လမ်းပေါက်ချင်ရင်တော့ ဒီဝေဒနာနဲ့ တဏှာအစပ်ကြားမှာ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဝင်ရပါမယ်။ ဝေဒနာ၏ ဖြစ်ပျက်ချုပ်ဆုံးမှုကိုမြင်ပြီး ဒိဋ္ဌိဘက်မကူးရင် (ဝါ) ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်ပြတ်ရင် သောတာပန်ဖြစ်တယ်။



မေး ။ ။ သောတာပန်ဖြစ်ရင် အဘယ်မှ ထွက်ရပ်လမ်း ပေါက်သွားပါလိမ့်။

ဖြေ ။ ။ အပါယ်လေးပါးမှ ထွက်ရပ်လမ်းပေါက်သွားပါ အရှင်ဘုရား။

ဆရာ ။ ။ ဝေဒနာ၏ ဖြစ်ပျက်ချုပ်ဆုံးမှုကိုမြင်ပြီး တဏှာဘက်မကူးရင် (ဝါ) တဏှာပဋိစ္စသမုပ္ပါဒ်ပြတ်ရင် အနာဂါမ် ရဟန္တာဖြစ်တယ်။

မေး ။ ။ အနာဂါမ်ဖြစ်ရင် အဘယ်မှ ထွက်ရပ်လမ်းပေါက်ပါလိမ့်။

ဖြေ ။ ။ လူနတ်အိုနာသေမှ ထွက်ရပ်လမ်းပေါက်ပါအရှင်ဘုရား။

မေး ။ ။ ရဟန္တာဖြစ်ရင် အဘယ်မှ ထွက်ရပ်လမ်းပေါက်သွားပါလိမ့်။

ဖြေ ။ ။ ဗြဟ္မာအိုနာသေဒုက္ခတွေမှ ထွက်ရပ်လမ်းပေါက်သွားပါ အရှင်ဘုရား။

မေး ။ ။ အဲဒါကြောင့် (၂) နံပါတ် ဝေဒနာနဲ့ တဏှာအစပ်ကို နောက်တစ်မျိုးအားဖြင့် ဘာအစပ်လို့ ခေါ်ရပါလိမ့်။

ဖြေ ။ ။ "ထွက်ရပ်လမ်းအစပ်" လို့ ခေါ်ပါအရှင်ဘုရား။

မေး ။ ။ ကဲ (၂) နံပါတ်အစပ်ရဲ့ နာမည်ထူးသုံးမျိုးကို ပြန်ပြောပြပါ။

ဖြေ ။ ။ (၁) အရှင်စပ်
(၂) အသေစပ်
(၃) ထွက်ရပ်လမ်းအစပ်ပါအရှင်ဘုရား။

ဆရာ ။ ။ နောက်တစ်ခါ (၃) နံပါတ်ဖြစ်တဲ့ ကမ္မဘဝနဲ့ ဇာတိအစပ်ကိုတော့ "နောင်သေရဦးမည့်အစပ်" လို့ ခေါ်ပါတယ်။ (၁) နံပါတ် သင်္ခါရရဲ့ ဝိညာဏ်အစပ်အရ မိမိတို့သည် ရှေးအတိတ်ကာလတုန်းက ပြုခဲ့တဲ့ ကံသင်္ခါရကြောင့် ယခုပစ္စုပ္ပန်ကာလမှာ ခန္ဓာရနေကြခြင်း ဖြစ်ပါတယ်။ ခန္ဓာရသူတိုင်းဟာ–
(၁) ကမ္မက္ခယ မရဏ–ကံကုန်လို့ သေခြင်း၊
(၂) အာယုက္ခယ မရဏ–အသက်တမ်းကုန်လို့ သေခြင်း။
(၃) ဥဘယက္ခယ မရဏ–ကံနှင့် အသက်တမ်းနှစ်မျိုးလုံးကုန်လို့ သေခြင်း။
(၄) ဥပစ္ဆေဒက မရဏ–ဥပစ္ဆေဒကကံကြောင့် သေခြင်း။
ဆိုတဲ့ မရဏ (၄) မျိုးတို့တွင် တစ်မျိုးမျိုးနဲ့ သေကြရမှာကတော့ အမှန်ပါပဲ။ သေပြီးနောက် တစ်ဆက်တည်း ရှေးဘဝများစွာက စုထားတဲ့ ကံဟောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ ယခုဘဝမှာမှ စုမိတဲ့ ကံသစ်တစ်ခုခုကြောင့်ဖြစ်စေ "ကမ္မဘဝပစ္စယာ ဇာတိ" ဆိုတဲ့အတိုင်း ခန္ဓာဇာတိရရှိကြဦးမှာလည်း မလွဲပါ။ နောင်လည်း ခန္ဓာဇာတိ ရရှိတိုင်း သေကြရဦးမှာလည်း အမှန်ပါပဲ။ ဒါကြောင့်မို့ (၃) နံပါတ် ကမ္မဘဝနဲ့ ဇာတိအစပ်ကို "နောင်သေရဦးမည့်အစပ်" လို့ ဆိုရပါတယ်။

Generated by CamScanner from intsig.com

www.burmeseclassic.com



ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ နောက်တစ်မျိုးက ကမ္မဘဝနဲ့ ဇာတိအစပ်ဟာ "အနေကန်အစပ်" တဲ့။ (၂) နံပါတ် ဝေဒနာနဲ့ တဏှာအစပ်အရ ဝေဒနာကနေ တဏှာကူးရင် ကံမြောက်တယ်။ ကံမြောက်ရင် ခန္ဓာဇာတိရရှိဦးမယ်။ ခန္ဓာဇာတိ ရရှိရင် သေရဦးမယ်။

(၂) နံပါတ်အစပ်ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ဖြတ်နိုင်လို့ ဝေဒနာကနေ တဏှာ မကူးရင် ကံပြတ်တယ်။ ကံပြတ်ရင် ခန္ဓာဇာတိ မရရှိတော့ဘူး။ ခန္ဓာဇာတိမရရှိရင် မသေရတော့ဘူး။ အဲဒီလို (၂) နံပါတ်အစပ်တွင် ဉာဏ်ဝင်၍ ဖြတ်သောအားဖြင့် (၃) နံပါတ်ဖြစ်တဲ့ ကမ္မဘဝနဲ့ ဇာတိအစပ်ကို ကံပြတ်ပြီး ခန္ဓာဇာတိမရရှိအောင် ပြုပြင်ပြောင်းလဲနိုင်လို့ ကေန်မဟုတ်တဲ့ "အနေကန်အစပ်" လို့ ခေါ်တယ်။ သဘောပါပလား။

ယောဂီ ။ ။ သဘောပါပါအရှင်ဘုရား။

မေး ။ ။ ကဲ ကမ္မဘဝနဲ့ ဇာတိအစပ်ရဲ့ နာမည်ထူးနှစ်မျိုးကို ပြောပြပါ။

ဖြေ ။ ။ (၁) နောင်သေရဦးမည့်အစပ်။
(၂) အနေကန်အစပ်ပါအရှင်ဘုရား။

မေး ။ ။ နောက်ပြီးတော့ ဒီစက်ဝိုင်းထဲကအတိုင်း ကြည့်ပြီး သုံးပါးအစပ်ကို ရနိုင်သမျှ စပ်ပြပါဦး။
(၁) နံပါတ် သင်္ခါရနဲ့ ဝိညာဏ်တစ်စပ်သည် -

ဖြေ ။ ။ အကြောင်းနဲ့အကျိုးစပ်ပါအရှင်ဘုရား။
အတိတ်နဲ့ ပစ္စုပ္ပန်စပ်ပါအရှင်ဘုရား။
သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာစပ်ပါအရှင်ဘုရား။

မေး ။ ။ (၂) နံပါတ် ဝေဒနာနဲ့ တဏှာအစပ်သည်

ဖြေ ။ ။ အကျိုးနဲ့အကြောင်းစပ်ပါအရှင်ဘုရား။
ပစ္စုပ္ပန်နဲ့ ပစ္စုပ္ပန်စပ်ပါအရှင်ဘုရား။
ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာစပ်ပါအရှင်ဘုရား။

မေး ။ ။ (၃) နံပါတ် ကမ္မဘဝနဲ့ ဇာတိတစ်စပ်သည်

ဖြေ ။ ။ အကြောင်းနဲ့အကျိုးစပ်ပါအရှင်ဘုရား။
ပစ္စုပ္ပန်နဲ့ အနာဂတ်စပ်ပါအရှင်ဘုရား။
သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာစပ်ပါအရှင်ဘုရား။



ဆရာ ။ ။ များစွာသော သတ္တဝါတို့သည် ဤကဲ့သို့ အစပ်သုံးပါးဖြင့် ရှေးဘဝနှင့် ခုဘဝ၊ ခုဘဝနှင့် နောင်ဘဝ၊ ဘဝချင်းစပ်ကာစပ်ကာ သံသရာပင်လယ်ဗွေမှာ အိုနာသေ ဒုက္ခတွေနဲ့ဝဲလို့ လှည့်နေကြရတယ်ဆိုတာ သံဝေဂရဖို့ မကောင်းဘူးလား။

ယောဂီ ။ ။ ကောင်းပါအရှင်ဘုရား။

## နှစ်ရပ်မူလ

ဆရာ ။ ။ "နှစ်ရပ်မူလ" ဆိုတာကတော့ မူလနှစ်ဖြာနှင့် အတူတူပါပဲ။ လင်္ကာနည်းအရ ကာရန် ဝါကျချောအောင် ထည့်စပ်ထားတာပါ။ တစ်နည်းအားဖြင့် အဝိဇ္ဇာနဲ့ တဏှာဟာ "မူလ" လို့ နာမည်ရတဲ့အတိုင်း သတ္တဝါတွေ သံသရာလည်နေရတာလည်း သူတို့နှစ်ခုကြောင့်ပဲ။ သံသရာပြတ်ချင်ရင်လည်း သူတို့နှစ်ခုကို ဖြတ်မှပြတ်မှာပဲ။ အဲဒီလို သံသရာ၏ အဓိက အခြေအမြစ်ကြီးနှစ်ခုဖြစ်နေလို့ အလေးအနက်သတိထားပြီး မှတ်သားမိအောင် နှစ်ကြိမ် မြောက် ထပ်၍စပ်ဆိုထားခြင်းလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာ နှစ်ရပ်မူလနဲ့ စပ်ပြီး မှတ်သားစရာ အဓိပ္ပာယ်လေးတွေ အနည်းငယ် အမေးအဖြေပြုရအောင်။

မေး ။ ။ ပဋိစ္စသမုပ္ပါဒ် ပုဗ္ဗန္တဘဝစက်မှာ အဝိဇ္ဇာကို ဘာ့ကြောင့် အစဦးစွာ ဟောရပါလိမ့်။

ဖြေ ။ ။ ပဓာနခေါင်းဆောင်ကြီး ဖြစ်သောကြောင့်ပါ အရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာဟာ ဘယ်လိုခေါင်းဆောင်ကြီးဖြစ်ပါလိမ့်။

ဖြေ ။ ။ အဝိဇ္ဇာဟာ ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း၊ အကုသိုလ်ကံအပေါင်း၏ ပဓာနခေါင်းဆောင် ကြီးပါ အရှင်ဘုရား။

မေး ။ ။ ပဋိသမုပ္ပါဒ် အပရန္တဘဝစက်မှာ တဏှာကို ဘာ့ကြောင့် အစဦးစွာ ဘုရားဟောပါလိမ့်။

ဖြေ ။ ။ ပဓာနခေါင်းဆောင်ကြီးဖြစ်သောကြောင့်ပါ အရှင်ဘုရား။

မေး ။ ။ တဏှာဟာ ဘယ်လို ခေါင်းဆောင်ကြီး ဖြစ်ပါလိမ့်။

ဖြေ ။ ။ သုဂတိဘဝရောက်ကြောင်း၊ ကုသိုလ်ကံအပေါင်း၏ ပဓာနခေါင်းဆောင်ကြီးပါ အရှင်ဘုရား။

မေး ။ ။ ဒါ့ဖြင့် တဏှာ၏ ပဓာနခေါင်းဆောင်ကြီးက ဘယ်သူပါလိမ့်။

ဖြေ ။ ။ အဝိဇ္ဇာပါ အရှင်ဘုရား။

မေး ။ ။ ဒါဆိုရင် အဝိဇ္ဇာ၏ ပဓာနခေါင်းဆောင်ကြီးကကော ဘယ်သူပါလိမ့်။

ဖြေ ။ ။ တဏှာပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ အဝိဇ္ဇာခေါင်းဆောင်ရင် တဏှာက နောက်လိုက်ပေါ့။ တဏှာခေါင်းဆောင်ရင် အဝိဇ္ဇာက နောက်လိုက်ပေါ့နော်။

ဖြေ ။ ။ မှန်ပါအရှင်ဘုရား။

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ ဒီလိုဆိုရင် အဝိဇ္ဇာနဲ့တဏှာ ခေါင်းဆောင်ကြီးနှစ်ဦး ပူးပေါင်းပြီး အကုသိုလ်ကံ၊ ကုသိုလ်ကံလက်သမားတွေကို စေခိုင်းကာ ဒုဂ္ဂတိ သုဂတိဘဝ ခန္ဓာအိမ်တွေဖြစ်အောင် စီမံနေတယ်ဆိုတာ သဘောကျပလား။

ဖြေ ။ ။ သဘောကျပါပြီအရှင်ဘုရား။

## (၆) ဝဋ်သုံးဝ

ဆရာ ။ ။ "ဝဋ်သုံးဝ" ဆိုတော့ ဝဋ်က (၃) ပါးရှိတယ်။ ဒီစက်ဝိုင်းကြီး၏ ဘေးနှုတ်ခမ်းသားမှာ ရေးထားတာကိုကြည့်ပြီး ဝဋ် (၃) ပါး ရေတွက်ပြပါ။

ယောဂီ ။ ။ (၁) ကိလေသဝဋ်
(၂) ကမ္မဝဋ်
(၃) ဝိပါကဝဋ်ပါအရှင်ဘုရား။

မေး ။ ။ ကိလေသဝဋ်က ဘယ်နှပါးရှိပါလိမ့်။

ဖြေ ။ ။ ၃ ပါးရှိပါအရှင်ဘုရား။

ဆရာ ။ ။ ကိလေသဝဋ် (၃) ပါးက ဒီ ၁ အကွက်ထဲက အဝိဇ္ဇာနဲ့ ဒီမြားနိုကြီးလေးအတိုင်း လိုက်ကြည့်လိုက်တော့ ၃ အကွက်ထဲက တဏှာရယ် ဥပါဒါန်ရယ်။ ကိလေသဝဋ် (၃) ပါးကို ရေတွက်ပြပါ။

ယောဂီ ။ ။ အဝိဇ္ဇာ တဏှာ ဥပါဒါန်ပါအရှင်ဘုရား။

မေး ။ ။ ၁ အကွက်နဲ့ ၂ အကွက်ထဲက အခြင်းအရာတွေထဲမှာလည်း ဒီကိလေသဝဋ် (၃) ပါး မပါဘူးလား။

ဖြေ ။ ။ ပါပါအရှင်ဘုရား။

မေး ။ ။ ကမ္မဝဋ် ဘယ်နှပါးပါလိမ့်။

ဖြေ ။ ။ ကမ္မဝဋ် (၂) ပါးပါအရှင်ဘုရား။

မေး ။ ။ ဒီမြားနိုကြီးလေးအတိုင်း ကြည့်ပြီး ကမ္မဝဋ် (၂) ပါး ရေတွက်ပြပါ။

ဖြေ ။ ။ သင်္ခါရနဲ့ ကမ္မဘဝပါ အရှင်ဘုရား။

မေး ။ ။ ၁ အကွက်နဲ့ ၂ အကွက်ထဲက အခြင်းအရာတွေထဲမှာလည်း ဒီကမ္မဝဋ် ၂ ပါး မပါဘူးလား။

ဖြေ ။ ။ ပါပါအရှင်ဘုရား။

မေး ။ ။ ဝိပါကဝဋ် ဘယ်နှပါးရှိပါလိမ့်။

ဖြေ ။ ။ (၈) ပါးရှိပါအရှင်ဘုရား။



ဆရာ ။ ။ ဒီဝိပါကဝဋ် (၈) ပါးကို ဒီစက်ဝိုင်းထဲမှာ မြားနိုကြီးလေးနဲ့ (၄) အကွက်ထဲမှာသာ သာမန် ညွှန်ပြထားပါတယ်။ သို့သော်လည်း တကယ်ယူရမှာက ၂ အကွက်ထဲက အင်္ဂါ ၅ ပါးနဲ့ ၄ အကွက်ထဲက အင်္ဂါ ၂ ပါးရော ဥပပတ္တိဘဝပါ ယူရမှာဖြစ်ပါတယ်။

မေး ။ ။ ကဲ ဝိပါကဝဋ် ၈ ပါးကို ရေတွက်ပြပါ။

ဖြေ ။ ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ဇာတိ ဇရာ မရဏ၊ ဥပပတ္တိဘဝပါ အရှင်ဘုရား။

ဆရာ ။ ။ "ဥပါဒါန ပစ္စယာ ဘဝေါ" ဆိုတဲ့ ဘဝဟာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝရယ်လို့ နှစ်မျိုးရှိပါတယ်။ အကြောင်းကံတွေဟာ ကမ္မဘဝဖြစ်ပြီး အကျိုးခန္ဓာတွေဟာ ဥပပတ္တိဘဝဖြစ်ပါတယ်။ ကမ္မဘဝကတော့ အကြောင်းဘဝဖြစ်လို့ အကြောင်းဖြစ်တဲ့ ၃ နံပါတ် သမုဒယသစ္စာ အကွက်ထဲမှာပဲ ကျန်ရစ်ပါတယ်။ ဥပပတ္တိဘဝကိုတော့ အကျိုးဘဝဖြစ်လို့ အကျိုးဖြစ်တဲ့ ၄ နံပါတ် ဒုက္ခသစ္စာအကွက်ထဲ ပို့ထားလိုက်တာပါပဲ။ တစ်ခါတစ်ရံလည်း ဥပပတ္တိဘဝကို ဇာတိထဲသွင်းပြီး ဝိပါကဝဋ် ၇ ပါးလို့လည်း ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး ဟောပြောလေ့ရှိပါတယ်။ ရှင်းရဲ့လား။

ယောဂီ ။ ။ ရှင်းပါအရှင်ဘုရား။

မေး ။ ။ ကောင်းပြီ။ ဒီတော့ ကိလေသဝဋ် ၃ ပါးဟာ အကြောင်းဝဋ်လား၊ အကျိုးဝဋ်လား။

ဖြေ ။ ။ အကြောင်းဝဋ်ပါ အရှင်ဘုရား။

မေး ။ ။ ကမ္မဝဋ် ၂ ပါးကတော့ကော?

ဖြေ ။ ။ အကြောင်းဝဋ်ပါပဲအရှင်ဘုရား။

မေး ။ ။ ဒီလိုဆို အကြောင်းဝဋ်က ဘယ်နှပါးပါလိမ့်။

ဖြေ ။ ။ ၅ ပါးပါ အရှင်ဘုရား။

မေး ။ ။ ဝိပါကဝဋ် ၈ ပါးဟာ အကြောင်းဝဋ်လား၊ အကျိုးဝဋ်လား။

ဖြေ ။ ။ အကျိုးဝဋ်ပါ အရှင်ဘုရား။

မေး ။ ။ ဒါဖြင့် အကြောင်းဝဋ် ၅ ပါးက ဘာသစ္စာ။

ဖြေ ။ ။ သမုဒယသစ္စာပါအရှင်ဘုရား။

မေး ။ ။ အကျိုးဝဋ် ၈ ပါးက ဘာသစ္စာ။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ ကိလေသဝဋ် ၃ ပါးရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာဝဋ် အားထုတ်ကြပါလိမ့်။

ဖြေ ။ ။ ကမ္မဝဋ် အားထုတ်ကြပါ အရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



ကမ္မဝဋ်အားထုတ်တော့ ဘာဝဋ်ရမှာပါလိမ့်။

မေး ။ ။ ဝိပါကဝဋ်ရမှာပါအရှင်ဘုရား။

ဖြေ ။ ။ ကိလေသာဆိုတာ သုတော်ကောင်းဂုဏ်သိရ်ကို ညှိုးမှိန်ညစ်နွမ်းစေတတ်တာ ကိလေသာ၊ သူတော်ကောင်းအလုပ်ကို ဆုတ်နစ်ပျက်ပြားစေတတ်တာ ကိလေသာ။ ကိုယ်စိတ်နှလုံး ညှိုးချုံးပင်ပန်းစေတတ်တာ ကိလေသာ၊ ဆွေးမြေ့ကုန်ခန်းအောင် လောင်ကျွမ်းစေတတ်တာ ကိလေသာ၊ ဝဋ်ဆင်းရဲနဲ့ အမွဲကိုသာပေးတတ်တာ ကိလေသာ။ ဒုက္ခဝဋ်မကျွတ်အောင် ချည်နှောင်တတ်တာ ကိလေသာ။ နိဗ္ဗာန်ခရီး တားဆီးကန့်ကွက်တတ်တာ ကိလေသာ။ "ဝဋ်" ဆိုတာ လုံးခြင်း လည်ခြင်း ဝိုင်းခြင်း ဒေါင်ချာစိုင်းခြင်းလို့ မှတ်ပါ။ ကဲ ကိလေသာနဲ့ ဝဋ်နဲ့ပေါင်းပြီး သူတော်ကောင်းဂုဏ်သိရ်ကို ညှိုးမှိန်ညစ်နွမ်းစေတတ်တဲ့ တရားတွေ လုံးလည်ဝိုင်းနေတာ "ကိလေသဝဋ်" လို့ မှတ်ပါ။

ဆရာ ။ ။ ကိလေသဝဋ်ရဲ့ အဓိပ္ပာယ်နားလည်ပြီလား။

မေး ။ ။ နားလည်ပါပြီအရှင်ဘုရား။

ဖြေ ။ ။ ကမ္မဆိုတာ

ဆရာ ။ ။ ကုသိုလ်၊ အကုသိုလ် အားထုတ်ပြုလုပ်တာ – ကမ္မ။ သားရေး သမီးရေး စီးပွားရေး ကြိုးစားတာ – ကမ္မ။ ဘုံဘဝဆုတောင်းပြီး ဒါန သီလ သမထ အားထုတ်တာ – ကမ္မ။ ကဲ ကမ္မနဲ့ ဝဋ်နဲ့ပေါင်းပြီး ကုသိုလ် အကုသိုလ် အားထုတ်ပြုလုပ်တာတွေ လုံးလည်ဝိုင်း၍ ဒေါင်ချာစိုင်းနေတာ ကမ္မဝဋ်လို့မှတ်ပါ။

မေး ။ ။ ကမ္မဝဋ်ရဲ့ အဓိပ္ပာယ် နားလည်ပြီလား။

ဖြေ ။ ။ နားလည်ပါပြီ အရှင်ဘုရား။

ဆရာ ။ ။ ဝိပါကဆိုတာ အကျိုး။

အပါယ်ခန္ဓာနဲ့ အပါယ်အိုနာသေဟာ – ဝိပါက။
လူနတ်ဇာတိနဲ့ လူနတ်အိုနာသေဟာ – ဝိပါက။
စိုးရိမ်ပူဆွေး၊ ငိုကြွေးဝမ်းနည်း
ကိုယ်စိတ်ဆင်းရဲတာ – ဝိပါက။
အပြင်းအထန် ပူပန်ရှိုက်ငင်
သေချင်ဇောနဲ့ မေ့မျောသွားတာ – ဝိပါက။
ဗြဟ္မာခန္ဓာနဲ့ ဗြဟ္မာအိုနာသေဟာ – ဝိပါက။

ကဲ – ဝိပါကနဲ့ ဝဋ်နဲ့ပေါင်းပြီး – စိုးရိမ်ပူဆွေး၊ ငိုကြွေးဆင်းရဲ၊ အပူပွဲနဲ့ အိုနာသေတွေ လုံးလည်ဝိုင်းနေတာ "ဝိပါကဝဋ်" လို့မှတ်ပါ။



ဆရာ ။ ။ ဝိပါကဝဋ်ရဲ့အဓိပ္ပာယ် နားလည်ပြီလား။

မေး ။ ။ နားလည်ပါပြီအရှင်ဘုရား။

ဖြေ ။ ။ သြော် ဒါ့ကြောင့် ကိလေသာကုန်၍ ကံပြတ်ဝဋ်ကျွတ်စေတဲ့ မဂ္ဂင်အလုပ်ကို မလုပ်ဘဲနဲ့ဖြင့် မိမိတို့တစ်တွေသည် ဝဋ်လောင်ဇာသိမ်း၍ ဝဋ်မီးငြိမ်းတဲ့ နိဗ္ဗာန်ကြီးကိုဖြင့် မရနိုင်သေးဘူး၊ မရောက်နိုင်သေးဘူးဆိုတာ သေသေချာချာမှတ်ကြပေတော့။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

## ကိလေသာ ၁၀ ပါး

| | | |
|---|---|---|
| ၁။ လောဘ | – | လိုချင်တပ်မက်မှု |
| ၂။ ဒေါသ | – | မကျေနပ်မှု |
| ၃။ မောဟ | – | အမှန်မသိမှု |
| ၄။ မာန | – | ထောင်လွှားတက်ကြွမှု |
| ၅။ ဒိဋ္ဌိ | – | အယူမှားမှု |
| ၆။ ဝိစိကိစ္ဆာ | – | ယုံမှားမှု |
| ၇။ ထိန | – | ထိုင်းမှိုင်းမှု (ငိုက်မျဉ်းမှု) |
| ၈။ ဥဒ္ဒစ္စ | – | ပျံ့လွင့်မှု |
| ၉။ အဟိရိက | – | ဒုစရိုက်မှ မရှက်မှု |
| ၁၀။ အနောတ္တပ္ပ | – | ဒုစရိုက်မှ မကြောက်မှု |

## တစ်ထောင့်ငါးရာ ကိလေသာ

| | |
|---|---|
| စိတ် | ၁ |
| စေတသိက် | ၅၂ |
| နိပ္ဖန္နရုပ် | ၁၈ |
| လက္ခဏာရုပ် | ၄ |
| ပေါင်း | ၇၅ ပါး |

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ယင်း ၇၅ ပါးကို

"အဇ္ဈတ္တ, ဗဟိဒ္ဓ" သန္တာန် ၂ ပါးနှင့်မြှောက်

၁၅၀

ယင်း ၁၅၀ ကို

ကိလေသာ ၁၀ ပါးနှင့်မြှောက်

၁၅၀၀ ကိလေသာဖြစ်၏။

(ဆောင်) နာမ်တေပည်၊ ရုပ်နိပ္ဖန်၊ လက္ခဏာ ရုပ်လေး။

သန္တာန်နှစ်ဝ၊ မြှောက်ဆင့်က၊ တစ်ရာ့ငါးဆယ်ရေး။

ဆယ်ကိလေသာ၊ မြှောက်ဆင့်ကာ၊ ငါးရာတစ်ထောင်တွေး။

## (၇) ကာလသုံးဖြာ

မေး ။ ။ "ကာလသုံးဖြာ" ဆိုတာ ၁ အကွက်ထဲမှာ ဘာကာလပါလိမ့်။

ဖြေ ။ ။ လွန်လေပြီးသော အတိတ်ကာလပါအရှင်ဘုရား။

မေး ။ ။ ၂ နဲ့ ၃ အကွက်ထဲမှာ

ဖြေ ။ ။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလပါအရှင်ဘုရား။

မေး ။ ။ ၄ အကွက်ထဲမှာ

ဖြေ ။ ။ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလပါအရှင်ဘုရား။

မေး ။ ။ လွန်လေပြီးသော အတိတ်ကာလတုန်းက အင်္ဂါဘယ်နှပါးဖြစ်ခဲ့ပါလိမ့်။

ဖြေ ။ ။ အင်္ဂါ (၂) ပါးဖြစ်ခဲ့ပါ အရှင်ဘုရား။

မေး ။ ။ ဘာနဲ့ဘာပါလိမ့်။

ဖြေ ။ ။ အဝိဇ္ဇာနဲ့ သင်္ခါရပါအရှင်ဘုရား။

မေး ။ ။ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာ အင်္ဂါဘယ်နှပါးဖြစ်ပါလိမ့်။

ဖြေ ။ ။ အင်္ဂါ (၈) ပါး ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ အင်္ဂါ (၈) ပါးရေတွက်ပြပါ။

ဖြေ ။ ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ တဏှာ ဥပါဒါန် ဘဝပါအရှင်ဘုရား။

မေး ။ ။ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလမှာ အင်္ဂါဘယ်နှပါး ဖြစ်ဦးမှာပါလိမ့်။

ဖြေ ။ ။ အင်္ဂါ (၂) ပါးဖြစ်ဦးမှာပါအရှင်ဘုရား။



မေး ။ ။ ဘာနဲ့ဘာဖြစ်ဦးမှာပါလိမ့်။

ဖြေ ။ ။ ဇာတိနဲ့ ဇရာမရဏ ဖြစ်ဦးမှာပါအရှင်ဘုရား။

မေး ။ ။ ကောင်းပြီ။ အဲဒီတော့ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ၂ အကွက်ထဲက အင်္ဂါ (၅) ပါးဟာ တခြားလား။ ဒုက္ခသစ္စာလား။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ၃ အကွက်ထဲက အင်္ဂါ (၃) ပါးဟာ တခြားလား၊ သမုဒယသစ္စာလား။

ဖြေ ။ ။ သမုဒယသစ္စာပါအရှင်ဘုရား။

မေး ။ ။ ဒါဖြင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါက်ပွားတာကို "ဘဝ" လို့ မဆိုရဘူးလား။

ဖြေ ။ ။ ဆိုရပါအရှင်ဘုရား။

မေး ။ ။ ဒီလိုဆိုရင် လွန်လေပြီးသော အတိတ်ကာလတုန်းက သမုဒယသစ္စာ အဝိဇ္ဇာနဲ့ သင်္ခါရဟာ အလိုလိုဖြစ်ပေါ်ခဲ့တာလား၊ ဒုက္ခသစ္စာထဲက ပေါက်ပွားခဲ့တာလား။

ဖြေ ။ ။ ဒုက္ခသစ္စာထဲက ပေါက်ပွားခဲ့တာပါ အရှင်ဘုရား။

မေး ။ ။ အဲဒီတော့ ၁ အကွက်ထဲမှာ လွန်လေပြီးသော အတိတ်ကာလတုန်းက ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါက်ပွားတာကိုလည်း "ဘဝ" လို့ မဆိုနိုင်ဘူးလား။

ဖြေ ။ ။ ဆိုနိုင်ပါအရှင်ဘုရား။

မေး ။ ။ ဤနည်းအတူပဲ။ ၄ အကွက် နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလမှာလည်း ဇာတိ ဇရာ မရဏ ဒုက္ခသစ္စာထဲက တဏှာ ဥပါဒါန် ကမ္မဘဝ သမုဒယသစ္စာတွေ မပေါက်ပွားပေဘူးလား။

ဖြေ ။ ။ ပေါက်ပွားမှာပါ အရှင်ဘုရား။

မေး ။ ။ အဲဒီတော့ ၄ အကွက်ထဲမှာ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလကျရင် ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါက်ပွားမှာကိုလည်း "ဘဝ" လို့ ဆိုရပြန်တယ်။

ဖြေ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ အဲဒါကြောင့် ကာလသုံးပါးမှာ ဘဝသုံးပါးရှိတယ်။ ဘဝ (၃) ပါးကို ရေတွက်ပြပါ။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



ဖြေ ။ ။ ၁ အကွက်ထဲမှာ
လွန်လေပြီးသော အတိတ်ဘဝ။
၂ နဲ့ ၃ အကွက်ထဲမှာ
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ။
၄ အကွက်ထဲမှာ
နောင်ဖြစ်လတ္တံ့ အနာဂတ်ဘဝပါအရှင်ဘုရား။

ဆရာ ။ ။ ဩော် ဒါ့ကြောင့် ဘုရားအလောင်း ပညာရှိက ဆိုတယ်။ "ဝိပဿနာကင်းတဲ့ အမိုက်အမဲ စုံလုံးကန်းသတ္တဝါတွေကို တစ်ဘဝပြီးတစ်ဘဝ အိုအောင် နာအောင် သေအောင် ကာလက ခဲစားဝါးမျိုနေတယ်။ ရဟန္တာပုဂ္ဂိုလ်သည်သာလျှင် အရဟတ္တမဂ်ဉာဏ်ဖြင့် ကာလကို ပြန်ပြီး ခဲစားဝါးမျိုနိုင်လို့ ကာလလက်အောက်မှ လွတ်မြောက်သူဖြစ်တယ်" တဲ့။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

## (၈) ခြင်းရာနှစ်ဆယ်

မေး ။ ။ "ခြင်းရာနှစ်ဆယ်" ဆိုတာ ၁ အကွက်ထဲမှာ အတိတ်အကြောင်းအခြင်းအရာ ဘယ်နှပါးရှိပါလိမ့်။

ဖြေ ။ ။ ၅ ပါးရှိပါအရှင်ဘုရား။

မေး ။ ။ အတိတ်အကြောင်းအခြင်းအရာ ၅ ပါးကို ရေတွက်ပြပါ။

ဖြေ ။ ။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝပါအရှင်ဘုရား။

ဆရာ ။ ။ "အခြင်းအရာ" ဆိုတာ အင်္ဂါ ၁၂ ပါးနှင့် စပ်၍ ယူလို့ရတဲ့ တရားအပြားပါပဲ။ ဒါ့ကြောင့် "အခြင်းအရာ ၂၀" ကို "အပြား ၂၀" လို့ ကျေးဇူးရှင် ဆရာတော်ကြီးများ သုံးလေ့ရှိပါတယ်။ အတိတ်ကာလမှာ အင်္ဂါအားဖြင့် အဝိဇ္ဇာကိုယူသဖြင့် အဝိဇ္ဇာနှင့် ကိလေသဝဋ်ချင်းတူ၍ အတူဖြစ်ဖက် တဏှာနဲ့ ဥပါဒါန်ကိုလည်း ယူရပါတယ်။ သင်္ခါရကိုယူသဖြင့် သင်္ခါရနှင့် ကမ္မဝဋ်ချင်းတူတဲ့ ကမ္မဘဝကိုလည်း ယူရပါတယ်။ ဒါ့ကြောင့် အတိတ်ကာလမှာ အခြင်းအရာအားဖြင့် အခုလို (၅) ပါး ပြားသွားရခြင်း ဖြစ်ပါတယ်။ သဘောပါပလား။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။



မေး ။ ။ ၂ အကွက်ထဲမှာ ဘာအခြင်းအရာပါလိမ့်။

ဖြေ ။ ။ ပစ္စုပ္ပန် အကျိုးအခြင်းအရာပါ အရှင်ဘုရား။

မေး ။ ။ ဘယ်နှပါးပါလိမ့်။ သရုပ်ပါရေတွက်ပြပါ။

ဖြေ ။ ။ ပစ္စုပ္ပန် အကျိုးအခြင်းအရာ (၅) ပါး။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါအရှင်ဘုရား။

မေး ။ ။ ၃ အကွက်ထဲမှာ ဘာအခြင်းအရာပါလိမ့်။

ဖြေ ။ ။ ပစ္စုပ္ပန်အကြောင်းအခြင်းအရာပါအရှင်ဘုရား။

မေး ။ ။ ဘယ်နှပါးပါလိမ့်။ သရုပ်ပါရေတွက်ပြပါ။

ဖြေ ။ ။ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ (၅) ပါး၊ တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရပါ အရှင်ဘုရား။

မေး ။ ။ ၃ အကွက်၊ ပစ္စုပ္ပန်ကာလ အကြောင်းအခြင်းအရာထဲမှာ တဏှာဥပါဒါန်အပြင် အဝိဇ္ဇာကို ဘာတူလို့ယူရပါလိမ့်။

ဖြေ ။ ။ ကိလေသဝဋ်ချင်း တူလို့ပါအရှင်ဘုရား။

မေး ။ ။ ကမ္မဘဝအပြင် သင်္ခါရကိုပါ ဘာတူလို့ ယူရပါလိမ့်။

ဖြေ ။ ။ ကမ္မဝဋ်ချင်း တူလို့ပါအရှင်ဘုရား။

မေး ။ ။ ၄ အကွက်ထဲမှာ ဘာအခြင်းအရာ၊ ဘယ်နှပါးပါလိမ့်။

ဖြေ ။ ။ အနာဂတ်အကျိုးအခြင်းအရာ (၅) ပါးပါအရှင်ဘုရား။

မေး ။ ။ သရုပ်ရေတွက်ပြပါ။

ဖြေ ။ ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါအရှင်ဘုရား။

မေး ။ ။ ၄ အကွက်ထဲမှာ အင်္ဂါဖြစ်တဲ့ ဇာတိ ဇရာ မရဏကို အခြင်းအရာအားဖြင့် တိုက်ရိုက် မယူဘဲ ဘာဖြစ်လို့ ဝိညာဏ် စသော ငါးပါးကိုယူရပါလိမ့်။

ဖြေ ။ ။ ဇာတိ ဇရာ မရဏသည် ဝိညာဏ်စသော ငါးပါး၏ဂုဏ် ဖြစ်ပါတယ်။ ဝိညာဏ် စသော ငါးပါးသည် ဇာတိဂုဏ်၊ ဇရာမရဏဂုဏ် ၂ ပါး၏ တည်ရာဒြပ်ဖြစ်ပါတယ်။ ဂုဏ်နှင့် ဒြပ် ခွဲ၍မရပါ။ တစ်ခုယူလျှင် တစ်ခုပါပြီးသား ဖြစ်ပါတယ်။ ဤကဲ့သို့ ဂုဏ်နှင့် ဒြပ်ခွဲ၍မရလို့ အခြင်းအရာအားဖြင့် ဝိညာဏ်စသော ငါးပါးကိုသာ ယူရပါ အရှင်ဘုရား။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



။ တစ်နည်း ဌာနီနှင့် ဌာနအားဖြင့်လည်း ရှင်းပြပါဦး။

မေး ။ ဇာတိ ဇရာ မရဏသည် တည်တတ်သော ဌာနီ။ ဝိညာဏ်စသော ငါးပါးသည် တည်ရာဌာနဖြစ်၍ ဌာနနဲ့ ဌာနီခွဲမရလို့ တည်ရာဌာနဖြစ်တဲ့ ဝိညာဏ်စသော ငါးပါးကိုသာ အခြင်းအရာအားဖြင့် ကောက်ယူရပါအရှင်ဘုရား။

ဖြေ ။ တစ်နည်း ဝိပါက်အားဖြင့်လည်း ရှင်းပြပါဦး။

မေး ။ ဇာတိဇရာမရဏလည်း အကျိုးဝိပါက် (ဝိပါကဝဋ်) ဖြစ်ပါတယ်။ ဝိညာဏ်စသော ငါးပါးလည်း အကျိုးဝိပါက် (ဝိပါကဝဋ်) ပါပဲ။ ဤကဲ့သို့ အကျိုးဝိပါက် (ဝိပါကဝဋ်) ချင်းတူလို့ ဝိညာဏ်စသော ငါးပါးကိုသာ အခြင်းအရာအားဖြင့် ကောက်ယူရပါ အရှင်ဘုရား။ (ဥပပတ္တိဘဝကား ဤနေရာ၌ အနာဂတ်အကျိုးဇာတိထဲမှာ ပါဝင်သည်။)

ဖြေ ။ ၁ အကွက်အခြင်းအရာကို ကာလ၊ အလွှာ၊ ဝဋ်၊ သစ္စာခွဲပြပါ။

မေး ။ အတိတ်ကာလ၊ အကြောင်းတစ်လွှာ၊ ကိလေသဝဋ်နဲ့ ကမ္မဝဋ်၊ သမုဒယသစ္စာပါ အရှင်ဘုရား။

ဖြေ ။ ၂ အကွက်အခြင်းအရာကို ကာလ၊ အလွှာ၊ ဝဋ်၊ သစ္စာခွဲပြပါ။

မေး ။ ပစ္စုပ္ပန်ကာလ၊ အကျိုးတစ်လွှာ၊ ဝိပါကဝဋ်၊ ဒုက္ခသစ္စာပါအရှင်ဘုရား။

ဖြေ ။ ၃ အကွက် အခြင်းအရာကို ကာလ၊ အလွှာ၊ ဝဋ်၊ သစ္စာခွဲပြပါ။

မေး ။ ပစ္စုပ္ပန်ကာလ၊ အကြောင်းတစ်လွှာ၊ ကိလေသဝဋ်နဲ့ ကမ္မဝဋ်၊ သမုဒယသစ္စာပါ အရှင်ဘုရား။

ဖြေ ။ ၄ အကွက် အခြင်းအရာကို ကာလ၊ အလွှာ၊ ဝဋ်၊ သစ္စာခွဲပြပါ။

မေး ။ အနာဂတ်ကာလ၊ အကျိုးတစ်လွှာ၊ ဝိပါကဝဋ်၊ ဒုက္ခသစ္စာပါအရှင်ဘုရား။

ဖြေ ။ ကောင်းပြီ။ ဒီတော့ ခြင်းရာ ၂၀ ပြန်ပြောပြပါ။ ၁ အကွက်ထဲမှာ?

မေး ။ အတိတ်အကြောင်းအခြင်းအရာ (၅) ပါးပါ အရှင်ဘုရား။

ဖြေ ။ ၂ အကွက်ထဲမှာ?

မေး ။ ပစ္စုပ္ပန်အကျိုးအခြင်းအရာ (၅) ပါးပါအရှင်ဘုရား။

ဖြေ ။ ၃ အကွက်ထဲမှာ?

မေး ။ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ (၅) ပါးပါအရှင်ဘုရား။

ဖြေ ။ ၄ အကွက်ထဲမှာ?

။ အနာဂတ်အကျိုးအခြင်းအရာ (၅) ပါးပါအရှင်ဘုရား။



မေး ။ ဒါဖြင့် အကွက် (၄) ကွက်၊ တစ်ကွက်တစ်ကွက်မှာ ခြင်းရာ (၅) ပါးစီရှိရာတွင် ၅ X ၄ လီ၊ ခြင်းရာ ဘယ်နှဆယ်ပါလိမ့်။

ဖြေ ။ ခြင်းရာ ၂၀ ပါအရှင်ဘုရား။

မေး ။ ၁ ခြင်းရာကြောင့် ၂ ခြင်းရာဖြစ်တယ်။ ၂ ခြင်းရာကြောင့် ၃ ခြင်းရာဖြစ်တယ်။ ၃ ခြင်းရာကြောင့် ၄ ခြင်းရာဖြစ်တယ်။ ၄ ခြင်းရာမှ ၁ ခြင်းရာပြန်ဆက်တယ်။ ကဲ ခြင်းရာ ၂၀ သံသရာမလည်ဘူးလား။

ဖြေ ။ သံသရာလည်ပါအရှင်ဘုရား။

မေး ။ ကဲ ပဋိစ္စသမုပ္ပာဒ်၌ သိဖွယ်ဖြစ်တဲ့ အသွယ်ရှစ်သွယ်ကို ရေတွက်ပြပါ။

ဖြေ ။ ၁။ မူလနှစ်ဖြာက တစ်သွယ်။

၂။ သစ္စာနှစ်ခုက တစ်သွယ်။

၃။ လေးခုအလွှာက တစ်သွယ်။

၄။ အင်္ဂါတစ်ဆယ့်နှစ်ပါးက တစ်သွယ်။

၅။ သုံးပါးအစပ်က တစ်သွယ်။

၆။ ဝဋ်သုံးဝက တစ်သွယ်။

၇။ ကာလသုံးဖြာက တစ်သွယ်။

၈။ ခြင်းရာနှစ်ဆယ်က တစ်သွယ်ပါအရှင်ဘုရား။

အိုနာသေဝဋ်ဆင်းရဲနှင့် ကိလေသာအငတ်အမွဲ အပူပွဲတည်းဟူသော သံသရာနယ်ထဲမှာ စက်ရဟတ်ခြား၊ ဆုံလည်နွားနှယ်၊ တချာချာ တလည်လည်၊ အဝိုင်းပြေးသွား၊ ပုထုဇဉ်ငမိုက်သားတို့သည်၊ ဘုရားသာသနာကြုံတုန်းမှာ ဝိပဿနာ၊ ဉာဏ်ဝိဇ္ဇာဖြင့်၊ ဖုံးအုပ်နေသော အဝိဇ္ဇာအမှောင်ကို ဖယ်ရှား၊ ဒီဘဝမှာပင် အပါယ်သွားစေသော ဒိဋ္ဌိကို ပယ်ဖြုတ်၊ ခန္ဓာလုပ်တတ်သော တဏှာကို သုတ်သင်။ ကျွတ်တမ်းဝင်နိုင်တဲ့ မဂ္ဂင်အလုပ်ကြီးကို စွန့်ရဲကြိုးကုတ်၊ ကြက်ရဲရုတ်သို့ မဆုတ်မနစ် ကြိုးစားအားထုတ်ကြမှသာလျှင် ဤအသွယ် ရှစ်သွယ်တည်းဟူသော သံသရာ အဝိုင်းပြေးဝဋ်မှ ကျွတ်လွတ်နိုင်ကြပေတော့မည်။

ယောဂီ ။ ။ မှန်လှပါ။ ဝိပဿနာမဂ္ဂင်အလုပ်ကို တကယ်အားထုတ်သင့်ကြပါပြီအရှင်ဘုရား။

သင်ခန်းစာ (၁၃) ပြီး၏။

Generated by CamScanner from intsig.com

www.burmeseclassic.com



## သင်ခန်းစာ (၁၄)

# ပရိညာ (၃) ပါးနှင့်တူသော ဉာဏ်များ

ဆရာ ။ ။ မူလနှစ်ဖြာ လက်ာအရ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်း တည်းဆိုတာ–

(၁) အလွယ်ကျက်မှတ် – အားထုတ်တဲ့အခါ လွယ်ကူအောင် အရ ကျက်စရာများကို ကျက်ထားခြင်း။ သင်ယူ မှတ်သားခြင်း။ ခန္ဓာဉာဏ်ရောက် နနယ်သော ရှုမှတ်ခြင်း။

(၂) သိစေအပ် – ခန္ဓာသိ သိအောင် အားထုတ်ခြင်း။ ခန္ဓာဉာဏ်ရောက် ကြံစည်ကြိုးစားခြင်း။ ဖြစ်ပျက်နဲ့မဂ်ကိုက်အောင် ရှုပွားခြင်း။

(၃) သံသရာမှလွတ်ကြောင်း – ကိလေသာကို မဂ်ဖြင့် ပယ်သတ်ခြင်း၊ ပွားများမှု ပြီးစီးခြင်း၊ ဘာဝနာဖြင့် ပြီးသော ဉာဏ်ရရှိခြင်း၊ ကိစ္စပြီးပြီဟုသိသော ဉာဏ်ဖြစ်ပေါ်ခြင်း။ နိဗ္ဗာန် ကို ထိုးထွင်းသိမြင်ခြင်း။



## အစဉ်အတိုင်း တက်ရန် ဉာဏ်လေ့ခါးများ

| အလွယ်ကျက်မှတ် | သိစေအပ် | သံသရာမှ လွတ်ကြောင်း |
|---|---|---|
| ဉာတပရိညာ<br>သိထိုက်သော ရုပ်နာမ် ကြောင်းကျိုးတို့ကို ပိုင်းခြား သိခြင်း။ (ဝါ) အသိအားဖြင့် ဒိဋ္ဌိပြုတ်ခြင်း။ | တီရဏပရိညာ<br>အနိစ္စဟု၊ ဒုက္ခဟု၊ အနတ္တဟု ဆုံးဖြတ်ချပြီး ပိုင်ပိုင်နိုင်နိုင် သိမြင်ခြင်း။ (ဝါ) ဖြစ်ပျက် ရှုမှတ်ပွားများခြင်း။ (ဝါ အပွား အားဖြင့် ဒိဋ္ဌိပြုတ်ခြင်း) | ပဟာနပရိညာ<br>ဒုက္ခသစ္စာကို မလိုချင်သော ဉာဏ်ဖြင့် ကိလေသာကို ပိုင်နိုင်စွာ ပယ်သတ်ခြင်း။ (ဝါ) အမြစ်ပြတ် ပယ်မှုအားဖြင့် ဒိဋ္ဌိ ပြုတ်ခြင်း။ |
| ပရိယတ္တိသာသနာ<br>သိထိုက်သည်တို့ကို သိအောင် သင်ယူ မှတ်သားခြင်း၊ လေ့လာ ကျက်မှတ်ခြင်း၊ သဘောပေါက်အောင် တတ် သိခြင်း။ | ပဋိပတ္တိသာသနာ<br>လောကုတ္တရာတရား ကိုးပါး အားလျော်သော အကျင့်ကို ကျင့်ကြံ အားထုတ်ခြင်း။ ဖြစ် ပျက် + မဂ်ကိုက်အောင် ရှုမှတ် ပွားများခြင်း။ | ပဋိဝေဓသာသနာ<br>လောကုတ္တရာတရားကိုးပါးကို ထိုးထွင်း သိမြင်ခြင်း။ မဂ်ဖိုလ်တရားထူးရခြင်း။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။ |
| သုတမယဉာဏ်<br>အကြားအမြင် ဗဟုသုတဖြင့် ပြီးသော ဉာဏ် | စိန္တာမယဉာဏ်<br>သဘောဆိုက်အောင် ကြံစည် ရှုမြင်မှုဖြင့် ပြီးသောဉာဏ် | ဘာဝနာမယဉာဏ်<br>ပွားများမှုဖြင့် ပြီးသော ဉာဏ်။ ဘာဝနာ ပြီးဆုံးသော ဉာဏ် |
| သစ္စဉာဏ်<br>အနုစား သစ္စာသိသော ဉာဏ် | ကိစ္စဉာဏ်<br>ဖြစ်ကိစ္စ ပျက်ကိစ္စ အဖန်ဖန် ရှုပွား၍ အလတ်စားသစ္စာ သိသောဉာဏ် | ကတဉာဏ်<br>ဖြစ်ပျက်အမြင်ဆုံး၍ အရင့်စား သစ္စာ သိသော ဉာဏ်၊ လောကုတ္တရာ မဂ်ဉာဏ် |

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



## ဉာဏ်စဉ်နှင့် ဝိသုဒ္ဓိ ပရိညာ တွဲပြဇယား

| ဉာဏ်စဉ် | ဝိသုဒ္ဓိစဉ် ၁။ သီလဝိသုဒ္ဓိ၊ ၂။ စိတ္တဝိသုဒ္ဓိ | ပရိညာစဉ် |
|---|---|---|
| ၁။ နာမရူပပရိစ္ဆေဒဉာဏ် | → ၃။ ဒိဋ္ဌိဝိသုဒ္ဓိ | ဉာတပရိညာ |
| ၂။ ပစ္စယပရိဂ္ဂဟဉာဏ် | → ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ | |
| ၃။ သမ္မသနဉာဏ် | ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | တီရဏပရိညာ |
| ၄။ ဥဒယဗ္ဗယဉာဏ် (နု) | | |
| ၅။ ဘင်္ဂဉာဏ် | ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | လောကီပဟာနပရိညာ |
| ၆။ ဘယဉာဏ် | | |
| ၇။ အာဒီနဝဉာဏ် | | |
| ၈။ နိဗ္ဗိန္ဒဉာဏ် | | |
| ၉။ မုဉ္စိတုကမျတာဉာဏ် | | |
| ၁၀။ ပဋိသင်္ခါဉာဏ် | | |
| ၁၁။ သင်္ခါရုပေက္ခာဉာဏ် | | |
| ၁၂။ အနုလောမဉာဏ် | | |
| ၁၃။ မဂ်ဉာဏ် | → ၇။ ဉာဏဒဿနဝိသုဒ္ဓိ | → လောကုတ္တရာ ပဟာနပရိညာ |

မှတ်ချက် ။ ။ ဂေါတြဘူဉာဏ်သည် ၆/ဝိသုဒ္ဓိသို့လည်းကောင်း၊ ၇/ဝိသုဒ္ဓိသို့လည်းကောင်း မဝင်။ အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်မြန်မာပြန် စတွဲ၊ နှာ ၅၈၄ ၌ရှု။

*အမှာ ။ ။ အထက်ဉာဏ်စဉ်နှင့် ဝိသုဒ္ဓိအဓိပ္ပာယ်များကို "တီရဏပရိညာသင်ခန်းစာ" စာအုပ်ကျမှ ပြမည်။*



## ပရိညာ ၃ ပါးနှင့် လေ့ကျင့်ဥပမာ

(မဆောင်) ကျင့်အားထက်သန်၊ မေဟာဂီဉာဏ်၊ သုံးတန်ဖြစ်ရာပရိညာ။
ဉာတာတစ်မာန်၊ တီရဏ်နှင့်၊ ပဟာန်တည့်ကား၊ ဤသုံးဖြာ မှတ်ပါပရိညာ။
ရုပ်နာမ်နှစ်ခု၊ ဉာဏ်မြင်မှု၊ မှတ်ရှု ဉာတပရိညာ။
ရုပ်နာမ်လက္ခဏာ၊ ယှဉ်သုံးဖြာ၊ ထင်လာတီရဏပရိညာ။
ရုပ်နာမ်မတွယ်၊ တဏှာပယ်၊ မှတ်မွှယ်ပဟာနပရိညာ။
နိစ္စသညာဒိ၊ စွန့်နိုင်ဘိ၊ လောကီ ပဟာနပရိညာ။
မဂ်အရိယာ၊ လေးဝိဇ္ဇာပြင့်၊ တိုက်ကာပယ်ရတ်၊
အကုန်ဖြုတ်၊ လောကုတ်ပဟာနပရိညာ။
ပရိညာသုံးခု၊ ဉာဏ်မြင်မှု၊ တင်ရှုဥပမာ။
လှေတွေ့သောခါ၊ ကူးသောခါနှင့်၊ လိုရာအရပ်၊
ရောက်တဲ့လတ်၊ ထင်မှတ်ဥပမာ။
လှေတွေ့ ဉာတ၊ ကူးက တီရဏာ၊ ရောက်ကာ ပဟာန
ပမာပြ၊ မှတ်ကြသေအချာ။

မိုးညှင်းလက်ာ

သင်ခန်းစာ (၁၄) ပြီး၏။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



# သင်ခန်းစာ (၁၅)

# အင်္ဂါတစ်ဆယ့်နှစ်ပါး၊ အဓိပ္ပာယ်များ

(၁) အဝိဇ္ဇာ - သစ္စာလေးပါး မသိတာ အဝိဇ္ဇာ။
ရှစ်ဌာနဌ် တွေဝေတာ အဝိဇ္ဇာ။
သိကောင်းတာမသိ၊ မသိကောင်းတာသိတာ အဝိဇ္ဇာ။
အမှန်မသိ၊ အမှားသိတာ အဝိဇ္ဇာ။
သတ္တဝါတွေကို အမှန်မမြင်အောင် ပိတ်ပင်တတ်တာ အဝိဇ္ဇာ။
အမှန်မသိအောင် ဖုံးအုပ်တတ်တာ အဝိဇ္ဇာ။
မိုက်မဲတွေဝေစေတာ အဝိဇ္ဇာ။
ဝဋ်ကျွတ်ကြောင်း သစ္စာလေးပါးကိုတော့ မသိ။ ဝဋ်လည်ကြောင်း ဘုံဘဝ ဆုတောင်းပြီး ကုသိုလ်လုပ်ရမှန်းကိုတော့ သိ၏။ နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါးကိုတော့မသိ။ အပါယ်ရောက်ကြောင်း သူများအသက် သတ်ဖြတ်နည်း၊ သေနတ်ဖုံး ဒုံးကျည်အနုမြူ လက်နက်လုပ်နည်း၊ လိမ်ညာ နိုးဝှက်တိုက်ခိုက်နည်း၊ အပျော်အပါးနည်း၊ မူးယစ်သောက်စားနည်း၊ စီးပွား ရှာနည်း၊ ရောင်းဝယ်နည်း စသည်ကိုတော့သိ၏။ ဤကဲ့သို့ သိထိုက်တာမသိ၊ မသိထိုက်တာသိတာကြောင့် "အဝိဇ္ဇာ" ကို "မိစ္ဆာဉာဏ်" လို့လည်း ခေါ်သည်။

(၂) သင်္ခါရ - ကောင်းမှု၊ မကောင်းမှုကို ကိုယ်နဲ့ပြုလုပ်တာ နှုတ်နဲ့ပြောဆိုတာ၊ စိတ်နဲ့ ကြံစည်တာ သင်္ခါရ။ အတ္တပြစ်ဖက် တရားတို့ကို စေ့ဆော်တိုက်တွန်းတတ်တာ သင်္ခါရ။ ခန္ဓာဖြစ်အောင် ပြုပြင်စီမံတတ်တာ သင်္ခါရ။

(၃) ဝိညာဏ် - အာရုံကို သိတတ်တဲ့သဘောက ဝိညာဏ်။

(၄) နာမ်ရုပ် - အာရုံသို့ ညွတ်တတ်တဲ့သဘောက နာမ်
ဖောက်ပြန်တတ်တဲ့သဘောက ရုပ်
သိတတ်တဲ့သဘောက နာမ်
မသိတတ်တဲ့သဘောက ရုပ်





(၅) အာယတန - သံသရာချဲ့တတ်တဲ့တရားက အာယတန
စိတ်စေတသိက်တို့ ဖြစ်ကြောင်းတရားက အာယတန
နာမ်တရားတို့၏ ဖြစ်ပေါ်ဖို့ရာ တည်ရာဌာနက အာယတန
စိတ်စေတသိက်တို့၏ အဝင်အထွက်ပြုရာ တံခါးနှင့်တူတာက အာယတန

(၆) ဖဿ - အာရုံနဲ့စိတ် ဓာတ်တွေ့ဓာတ်ထိမှုသဘောက ဖဿ။
အခံဓာတ် အတိုက်ဓာတ် အပွင့်ဓာတ်တို့ ပေါင်းဆုံတွေ့ထိမှုသဘောက ဖဿ။

(၇) ဝေဒနာ - အာရုံအရသာကို ကောင်းမကောင်း ခံစားမှုသဘောက ဝေဒနာ

(၈) တဏှာ - မရခင် လိုချင်တာက တောင့်တတဏှာ
ရတော့ သာယာတာက ကျေနပ်တဏှာ
ရပြီး မပျောက်မပျက်စေချင်တာက ကြောင့်ကြတဏှာ။
လိုချင်မှုအငယ်စားက တဏှာ။
အယူမှားအငယ်စားက ဒိဋ္ဌိ။

(၉) ဥပါဒါန် - အပြင်းအထန် ဆွဲယူစွဲလမ်းတာက ဥပါဒါန်
လိုချင်မှု အကြီးစားက တဏှုပါဒါန်
အယူမှားအကြီးစားက ဒိဋ္ဌုပါဒါန်

(၁၀) ဘဝ - ကုသိုလ်အကုသိုလ်အကြောင်းကံက ကမ္မဘဝ
အကျိုးရုပ်နာမ်ခန္ဓာတွေက ဥပပတ္တိဘဝ

(၁၁) ဇာတိ - အကျိုးရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပေါ် (ဥပါဒ်) မှုက ဇာတိ
ဘဝသစ်မှာ ရုပ်နာမ်တို့၏ အစဦးစွာဖြစ်တည်မှုက ဇာတိ

(၁၂) ဇရာမရဏ - အကျိုးရုပ်နာမ်ခန္ဓာတို့၏ ရင့်မှုပျက်မှု (ဋ္ဌီနှင့်ဘင်) က ဇရာမရဏ
အိုမှုသေမှုက ဇရာမရဏ

(က) သောက - တအုံနွေးနွေးအတွင်းဆွေးဆွေး၍ နိုးရိမ်ဝမ်းနည်းမှုက သောက။ မီးဖိုပေါ်တွင် အိုးကင်းတင်၍ ဆီထည့်ပြီး မီးပြင်းထိုးသောအခါ ပူပြင်းတာနှင့် တူတာက သောက။

(ခ) ပရိဒေဝ - အသံထွက်လာအောင် (အော်ဟစ်) ငိုကြွေးမှုက ပရိဒေဝ။
အသံထွက်လာအောင် ဆီတွေ ဆူဝေလျှံကျလာအောင် မီးပြင်းဆက်ထိုးသဖြင့် အိုးကင်းထဲက ဆီတွေ ဆူဝေလျှံကျလာအောင်
ပူပြင်းမှုနှင့် တူတာက ပရိဒေဝ။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဒုက္ခ – ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်နာကျင်ကိုက်ခဲဆင်းရဲမှုက ဒုက္ခ

(ဃ) ဒေါမနဿ – စိတ်နှလုံးပင်ပန်းနွမ်းရိ ဆင်းရဲမှုက ဒေါမနဿ

(င) ဥပါယာသ – ရှိက်ကြီးတငင် မေ့မျောသွားရလောက်အောင်၊ တက်သွားရလောက်အောင်၊ ပစ်လဲသွားရလောက်အောင် အလွန်ပြင်းပြစွာ ပူလောင်တာက ဥပါယာသ မီးပြင်းဆက်ထိုးသဖြင့် အိုးကင်းထဲက ဆီတွေ ကုန်ခန်းခြောက်သွေ့သွားရလောက်အောင် လွန်စွာ ပူပြင်းတာနှင့်တူတာက ဥပါယာသ

(ဆောင်) *အိုးကင်းဆီကျက်၊ သောကတွက်၊ လျှံတက်ပရိဒေ။*
*ကုန်ခန်းအောင်သာ၊ ကျက်မှုမှာ၊ ဥပါယာသပေ။*

## အင်္ဂါ ၁၂ ပါးလည်ပုံနှင့် ထွက်ရပ်လမ်း

ဆရာ ။ ။ အားလုံးသော သတ္တဝါတို့မှာ ရဟန္တာ မဖြစ်သေးသမျှ အဝိဇ္ဇာ မကင်းကြသေးပါ။ အဝိဇ္ဇာမကင်းသေးတဲ့ သတ္တဝါတို့ဟာ မလွဲမသွေ ပြုပြင်မှုသင်္ခါရတွေ လုပ်ကြမှာပါပဲ။ အဲဒီတော့–

မေး ။ ။ သစ္စာလေးပါးမသိတာ

ဖြေ ။ ။ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ။ ။ သစ္စာလေးပါးမသိမှု အဝိဇ္ဇာရှိနေရင် ဘာလုပ်ဦးမှာပါလိမ့်။

ဖြေ ။ ။ ပြုပြင်မှုသင်္ခါရလုပ်ဦးမှာပါအရှင်ဘုရား။

မေး ။ ။ ပြုပြင်မှုသင်္ခါရလုပ်တော့ ဘာရမှာပါလိမ့်။

ဖြေ ။ ။ ပဋိသန္ဓေနေမှု ဝိညာဏ်ရမှာပါအရှင်ဘုရား။

မေး ။ ။ ပဋိသန္ဓေနေမှု ဝိညာဏ်ကြောင့် ဘာရမှာပါလိမ့်။

ဖြေ ။ ။ ညွတ်မှုဖောက်ပြန်မှု နာမ်ရုပ်ရမှာပါအရှင်ဘုရား။

မေး ။ ။ ညွတ်မှု၊ ဖောက်ပြန်မှု၊ နာမ်ရုပ်ရတော့ ဘာတွေပေါ်လာမှာပါလိမ့်။

ဖြေ ။ ။ သံသရာနယ်ချဲ့တရား အာယတန ၆ ပါးပေါ်လာမှာပါအရှင်ဘုရား။

မေး ။ ။ သံသရာနယ်ချဲ့တရား ၆ ပါးပေါ်ရင် ဘာဖြစ်မှာပါလိမ့်။

ဖြေ ။ ။ တွေ့ထိမှုဖဿဖြစ်မှာပါအရှင်ဘုရား။

မေး ။ ။ တွေ့ထိမှုဖဿဖြစ်တော့ ဘာပေါ်မှာပါလိမ့်။

ဖြေ ။ ။ ခံစားမှုဝေဒနာပေါ်မှာပါအရှင်ဘုရား။



မေး ။ ။ ကောင်းပြီ။ ဒါဖြင့် လွန်လေပြီးသော အတိတ်ကာလတုန်းက ပြုလုပ်ခဲ့တဲ့ အဝိဇ္ဇာနဲ့ သင်္ခါရက ဘာသစ္စာ–

ဖြေ ။ ။ သမုဒယသစ္စာပါအရှင်ဘုရား။

မေး ။ ။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ရရှိတဲ့ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာက ဘာသစ္စာ–

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ ဪ် ဒီတော့ ခင်ဗျားတို့ ကျုပ်တို့ဟာ ရှေးဘဝက သစ္စာမသိဘဲ အလွဲလုပ်ခဲ့မိလို့ ခုဘဝမှာ ဒုက္ခသစ္စာ ရနေကြတယ်ဆိုတာ မမှန်ဘူးလား။

ဖြေ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ခင်ဗျားတို့ကျုပ်တို့ဟာ ဒီဘဝမှာလည်း ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း မသိကြပြန်ဘူး။ သစ္စာမသိကြတော့ အမြင်ကောင်းခြင်း၊ အကြားကောင်းခြင်း၊ အနံ့ကောင်းခြင်း၊ အစားကောင်းခြင်း၊ အတွေ့ကောင်းခြင်း၊ အကြံအတွေးကောင်းခြင်းဆိုတဲ့ ၆ ပါးအာရုံ ကာမဂုဏ်တွေကို ခံစားရဖို့ရှာဖွေကြတယ်။ ရှာဖွေကြတော့ ရရှိ၊ ရှိကြတော့ မခံစားကြဘူးလားဗျာ။

ယောဂီ ။ ။ ခံစားကြပါအရှင်ဘုရား။

မေး ။ ။ ခံစားတာက တခြားလား၊ ဝေဒနာလား။

ဖြေ ။ ။ ဝေဒနာပါအရှင်ဘုရား။

မေး ။ ။ ခံစားမှုဝေဒနာကြောင့် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ။ လိုချင်ခင်မင်မှုတဏှာဖြစ်ပါအရှင်ဘုရား။

မေး ။ ။ လိုချင်ခင်မင်မှုတဏှာကြောင့် ဘာဖြစ်ပါလိမ့်။

ဖြေ ။ ။ စွဲလမ်းမှုဥပါဒါန်ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ စွဲလမ်းမှုဥပါဒါန်ဖြစ်ရင် ဘာပြုလုပ်မှာပါလိမ့်။

ဖြေ ။ ။ အကြောင်းကံ ကမ္မဘဝပြုလုပ်မှာပါအရှင်ဘုရား။

မေး ။ ။ အကြောင်းကံ ကမ္မဘဝပြုလုပ်တော့ ဘာရမှာပါလိမ့်။

ဖြေ ။ ။ ဘဝသစ်တည်မှု ဇာတိရမှာပါအရှင်ဘုရား။

မေး ။ ။ ဘဝသစ်တည်မှု ဇာတိရရင် ဘာရဦးမှာပါလိမ့်။

ဖြေ ။ ။ အိုမှုသေမှုဇရာမရဏ ရမှာပါအရှင်ဘုရား။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



မေး ॥ ॥ ကောင်းပြီ၊ ဒါဖြင့် တဏှာဥပါဒါန် ကမ္မဘဝက ဘာသစ္စာ

ဖြေ ॥ ॥ သမုဒယသစ္စာပါအရှင်ဘုရား။

မေး ॥ ॥ ဇာတိ ဇရာ မရဏက ဘာသစ္စာ။

ဖြေ ॥ ॥ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ॥ ॥ ဩော် အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့ဟာ ဒီဘဝမှာလည်း ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါက်ပွားပြန်တော့ သေသည်၏ အခြားမဲ့၌ အနာဂတ်ကာလမှာ ပဋိသန္ဓေနေ အိုနာသေ ဒုက္ခသစ္စာတွေပဲ မလွဲမသွေ ပြန်ရလေဦးမယ်ဆိုတာ သေချာပလား။

ဖြေ ॥ ॥ သေချာပါအရှင်ဘုရား။

မေး ॥ ॥ ဤကဲ့သို့ အင်္ဂါတစ်ဆယ့်နှစ်ပါးကို သစ္စာအားဖြင့် ဝေဖန်လိုက်တော့ ခင်ဗျားတို့ ကျုပ်တို့အပါအဝင် များစွာသော သတ္တဝါတို့သည် ၁-သမုဒယကြောင့်၊ ၂-ဒုက္ခဖြစ်၊ ၂-ဒုက္ခထဲက ၃-သမုဒယပွား၊ ၃-သမုဒယကြောင့် ၄-ဒုက္ခရ။ တစ်ဖန် ၄-ဒုက္ခဟာ ၂-ဒုက္ခဖြစ်ပြီး ၂-ဒုက္ခထဲက ၃-သမုဒယပေါက်ပွားပြန်လိမ့်ဦးမယ်။ ဒီနည်းအတိုင်း သံသရာအဝိုင်းပြေးလည်နေမယ်ဆိုရင်ဖြင့် ခင်ဗျားတို့၊ ကျုပ်တို့မှာ ထွက်ရပ်လမ်းမမြင်နိုင်တော့ဘူး။

ဖြေ ॥ ॥ ဝိပဿနာအားမထုတ်ရင် ထွက်ရပ်လမ်း မမြင်နိုင်တော့ပါအရှင်ဘုရား။

မေး ॥ ॥ ဩော် ဒါ့ကြောင့် ဝိပဿနာသည် သံသရာထွက်ရပ်လမ်း အစစ်ဆိုတာ ပေါ်ပလား။

ဖြေ ॥ ॥ ပေါ်ပါပြီ အရှင်ဘုရား။

## ဘုရားအလောင်း ပဋိစ္စသမုပ္ပာဒ်ဆင်ခြင်ပုံ

ဆရာ ॥ ॥ ပဋိစ္စသမုပ္ပာဒ်ဆိုတာ ပဋိစ္စ=အကြောင်း၊ သမုပ္ပာဒ်=အကျိုး၊ အကြောင်းအကျိုးဆက်ပုံ၊ ပြတ်ပုံပြသော တရား၊ (ဝါ) ခန္ဓာဖြစ်စဉ် ချုပ်စဉ်ပြသော တရားကို "ပဋိစ္စသမုပ္ပာဒ်" လို့ ခေါ်ပါတယ်။ ပဋိစ္စသမုပ္ပာဒ်နဲ့ ပဋိစ္စသမုပ္ပန္နဆိုတာကတော့ အကျိုးကို ဖြစ်စေတဲ့ အကြောင်းက ပဋိစ္စသမုပ္ပာဒ်။ အကြောင်းကြောင့် ဖြစ်လာတဲ့အကျိုးက ပဋိစ္စသမုပ္ပန္နလို့ မှတ်ပါ။

မေး ॥ ॥ ပဋိစ္စသမုပ္ပာဒ်ဆက်ရင် ဘာအကျင့်ပါလိမ့်။

ဖြေ ॥ ॥ မှားသော အကျင့်ပါအရှင်ဘုရား။

မေး ॥ ॥ ပဋိစ္စသမုပ္ပာဒ်ပြတ်ရင် ဘာအကျင့်ပါလိမ့်။

ဖြေ ॥ ॥ မှန်သောအကျင့်ပါအရှင်ဘုရား။



မေး ॥ ॥ မြတ်စွာဘုရားရှင် ဘုရားလောင်းဘဝတုန်းက ပဋိစ္စသမုပ္ပာဒ်တရား စောင်၍ ဆင်ခြင်ရှုပွားပုံကို ပြောပြပါ။

ဖြေ ॥ ॥ "ဩော် အနန္တ များစွာသော လူနတ်ဗြဟ္မာ သတ္တဝါတွေသည် တစ်ဘဝရလည်း အိုကြရ နာကြရ၊ သေကြရ၊ နောက်ဘဝတစ်ခုဖြစ်ပြန်လည်း အိုလိုက် နာလိုက် သေလိုက်နဲ့ ဘဝများစွာ မရေမတွက်နိုင်အောင် အဖန်ဖန်အိုကြရ၊ အဖန်ဖန်နာကြရ၊ အဖန်ဖန် သေကြရနဲ့ တယ်ပြီး ဆင်းရဲခြင်းလေစွတကား။ ဩော် ငါသည် ဘယ်အခါကာလကျမှ ဒီအိုနာသေ ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်နိုင်ပါ့မလဲ။ လွတ်မြောက်ကြောင်းတရားသည် ငါ၏ဉာဏ်ထဲမှာ ဘယ်အခါကာလကျမှ ထင်ရှားပေါ်လာပါလိမ့်မလဲ" တဲ့။ ဤကဲ့သို့ ဆင်ခြင်တော်မူပါတယ်။

ဆင်ခြင်တော်မူတော့ ဘုရားလောင်းရဲ့ ဉာဏ်တော်ထဲမှာ "ဩော် ဒီဇရာ မရဏ ဆိုတဲ့ အိုနာသေဟာ ဇာတိဆိုတဲ့ ခန္ဓာငါးပါးရလို့ ဖြစ်ရတာပဲ" လို့ အိုနာသေရဲ့ အကြောင်းလက်သည်ကို ထင်ရှားတွေ့တော်မူပါတယ်။

မေး ॥ ॥ အဲဒီလိုတွေ့တော့ ဘုရားလောင်းသည် ဘယ်သစ္စာတွေ သိမြင်သွားပါလိမ့်။

ဖြေ ॥ ॥ ဇရာမရဏက အကျိုးဒုက္ခသစ္စာ။ ဇာတိက အကြောင်းသမုဒယသစ္စာ။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ သိမြင်သွားပါအရှင်ဘုရား။

မေး ॥ ॥ အဲဒီလို သိမြင်တာသည် သူတစ်ပါးထံမှ ပြောသံကြားနဲ့ နည်းရထားလို့လား၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ထိုးထိုးထွင်းထွင်း သိမြင်တာလား။

ဖြေ ॥ ॥ ဘုရားလောင်းသည် ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ထိုးထိုးထွင်းထွင်း သိမြင်တာပါ အရှင်ဘုရား။

မေး ॥ ॥ နောက် ဆက်ပြီး ဆင်ခြင်ပုံကို ပြောပါဦး။

ဖြေ ॥ ॥ "ဒီအကြောင်း ဇာတိချုပ်ရင် ဒီအကျိုးဇရာမရဏဟာ ချုပ်ရမှာပဲ" တဲ့။ ဩော် ဇရာ မရဏချုပ်ခြင်းသည်ပင် အိုနာသေလွတ်ရာ နိဗ္ဗာန်ပဲလို့ နိရောဓသစ္စာကိုလည်း သိမြင်တော်မူသွားပါတယ်။ နောက် "ဩော် ဒီဇရာမရဏချုပ်ရာ နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း အကျင့်ကောင်းဟာ မဂ္ဂင်ရှစ်ပါးပါလား" လို့ ဆက်ပြီး မြင်တော်မူပြန်ပါတယ်။

မေး ॥ ॥ အဲဒီတော့ ဘာသစ္စာနဲ့ ဘာသစ္စာ သိမြင်သွားပါလိမ့်။

ဖြေ ॥ ॥ ဇာတိချုပ်လို့ ဇရာမရဏချုပ်ရာက နိရောဓသစ္စာ၊ ဇရာမရဏ ချုပ်ရာချုပ်ကြောင်း အကျင့်ကောင်းက မဂ္ဂသစ္စာ။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ သိမြင်သွားပါအရှင်ဘုရား။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ ဘုရားလောင်းသည် "ဇာတိဖြစ်ခြင်းကြောင့် ဇရာမရဏဖြစ်တယ်၊ ဇာတိချုပ်ရင် ဇရာမရဏ ချုပ်တယ်" လို့ ပဋိစ္စသမုပ္ပာဒ်ကို ဆင်ခြင်ပြီး သစ္စာဘယ်နှပါး သိမြင်သွားပါလိမ့်။

ဖြေ ။ ။ သစ္စာလေးပါး သိမြင်သွားပါအရှင်ဘုရား။

မေး ။ ။ ဘုရားလောင်းဟာ ပဋိစ္စသမုပ္ပာဒ်ကို ဇရာမရဏမှစ၍ နောက်ဆုတ် နောက်ဆုတ်ပြီး အင်္ဂါတစ်လုံးချင်း ဆင်ခြင်တော်မူတယ်မဟုတ်လား။ ဆင်ခြင်ပုံ ဆက်ပြောပါ။

ဖြေ ။ ။ "သြော် ဒီဇာတိဟာလည်း အကြောင်းမဲ့မဖြစ်ဘူး" တဲ့။ ကုသိုလ် အကုသိုလ် ကမ္မဘဝ လုပ်ခဲ့မိလို့ ဒီဇာတိ ခန္ဓာငါးပါး ရလာခြင်းဖြစ်တယ်။ ဒီတော့ ဇာတိက အကျိုးဒုက္ခသစ္စာ။ ကမ္မဘဝက အကြောင်းသမုဒယသစ္စာ" လို့ အယုတ်သစ္စာနှစ်ပါးကို သိမြင်တော်မူပြန်ပါတယ်။

ဒါနဲ့ တစ်ဆက်တည်း "သြော် ဒီအကြောင်း ကမ္မဘဝချုပ်ရင် ဒီအကျိုးဇာတိဟာ ချုပ်ရမှာပဲ" တဲ့။ ဇာတိချုပ်ခြင်းသည်ပင် နိဗ္ဗာန်ပဲ။ ဒီဇာတိချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟာ မဂ္ဂင်ရှစ်ပါးပါကလား" လို့ ထိုးထွင်းသိမြင်တော်မူပြန်ပါတယ်။ ဒီတော့ "ဇာတိချုပ်ရာက နိရောဓသစ္စာ။ ဇာတိချုပ်ရာရောက်ကြောင်း အကျင့်ကောင်းက မဂ္ဂသစ္စာ" လို့ အမြတ်သစ္စာနှစ်ပါးကိုလည်း ထိုးထိုးထွင်းထွင်း သိမြင်တော်မူပြန်ပါတယ်။ ဤနည်းအတိုင်း ဘုရားလောင်းသည် ဇရာမရဏမှစ၍ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂ ပါးကို တစ်လုံးချင်း နောက်ဆုတ်ဆုတ်ပြီး တွေးရှုဆင်ခြင်တော်မူရာတွင်–

"သြော် ဒီသင်္ခါရဟာ အကြောင်းမဲ့ ဖြစ်ပေါ်လာတာမဟုတ်ဘူး။ ရတာ သစ္စာလေးပါးမသိမှု အဝိဇ္ဇာရှိလို့ ကုသိုလ်အကုသိုလ်ပြုလုပ်မှု သင်္ခါရဖြစ်ပေါ်ပဲ" တဲ့။ အကြောင်းအဝိဇ္ဇာချုပ်ရင် အကျိုးသင်္ခါရလည်း ဧကန်ချုပ်ရမှာပဲ။ ဒီသင်္ခါရချုပ်ခြင်းသည်ပင် နိဗ္ဗာန်ပဲ။ သင်္ခါရချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟာဖြင့် မဂ္ဂင်ရှစ်ပါး မြတ်တရားပါလားလို့ သိမြင်တော်မူပါတယ်။ ဒီတော့ အကျိုးသင်္ခါရက ဒုက္ခသစ္စာ။ အကြောင်းအဝိဇ္ဇာက သမုဒယသစ္စာ။ အဝိဇ္ဇာချုပ်လို့ သင်္ခါရချုပ်ရာက နိရောဓသစ္စာ။ ချုပ်ရာချုပ်ကြောင်း သိမြင်တာက မဂ္ဂသစ္စာ၊ ဤကဲ့သို့ ဘုရားလောင်းဟာ သစ္စာလေးပါးကို ရွှေဉာဏ်တော်ဖြင့် ဆရာမကူဘဲ ထိုးထွင်းဆင်ခြင် သိမြင်တော်မူပြီး သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

■



သင်ခန်းစာ (၁၆)

# ပုဗ္ဗန္တစက်ဝိုင်းအင်္ဂါတရားကိုယ်နှင့် အမေးအဖြေများ

## အဝိဇ္ဇာပစ္စယာသင်္ခါရာ

| | |
|---|---|
| ၁၀။ အင်္ဂါ | တရားကိုယ် |
| အဝိဇ္ဇာ | မောဟစေတသိက် |

## သရုပ်

| | |
|---|---|
| သစ္စာ ၄ ပါး | အဝိဇ္ဇာ ၄ မျိုး |
| (၁) ဒုက္ခသစ္စာ – | (ဆင်းရဲခြင်းအမှန်တရား) ၌ မသိမှုအဝိဇ္ဇာ။ |
| (၂) သမုဒယသစ္စာ – | (ဆင်းရဲကြောင်းအမှန်တရား) ၌ မသိမှုအဝိဇ္ဇာ။ |
| (၃) နိရောဓသစ္စာ – | (ဆင်းရဲချုပ်ရာအမှန်တရား) ၌ မသိမှုအဝိဇ္ဇာ။ |
| (၄) မဂ္ဂသစ္စာ – | (ဆင်းရဲချုပ်ကြောင်း အကျင့်လမ်းမှန်တရား) ၌ မသိမှုအဝိဇ္ဇာ။ |

## တစ်နည်း အဝိဇ္ဇာ (၈) မျိုး

အထက်ပါအဝိဇ္ဇာ (၄) မျိုးနှင့်တကွ–

၅။ သံသရာ ရှေးအဖို့၌ တွေဝေတဲ့ အဝိဇ္ဇာ။

၆။ သံသရာ နောက်အဖို့၌ တွေဝေတဲ့ အဝိဇ္ဇာ။

၇။ သံသရာ ရှေးအဖို့၊ နောက်အဖို့ ၂ ပါး၌ တွေဝေတဲ့ အဝိဇ္ဇာ။

၈။ ပဋိစ္စသမုပ္ပာဒ်တရားတို့၌ တွေဝေတဲ့ အဝိဇ္ဇာ။

## အမှောင်ငါးစင်း အလင်းငါးချက်

၁။ ကံနှင့် အကျိုးပေးကို မသိမမြင်အောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာအမှောင်။
ဤ ၁–အမှောင်ကို ကမ္မဿကတာဉာဏ်ဖြင့် ပယ်ခွင်းနိုင်မှ အလင်းရမည်။

၂။ ရုပ်နာမ်ကို မသိမမြင်အောင် ဖုံးပိတ်ထားတဲ့ အဝိဇ္ဇာအမှောင်။
ဤ ၂ အမှောင်ကို နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ခွာလှန်နိုင်မှ အလင်းရမည်။

Generated by CamScanner from intsig.com

www.burmeseclassic.com



၃။ ရုပ်နာမ်၏ဖြစ်ကြောင်းဖြစ်ကျိုးကို မသိမမြင်အောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာအမှောင်။
ဤ ၃-အမှောင်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ပယ်ရှားနိုင်မှ အလင်းရမည်။
၄။ ရုပ်နာမ်၏ အဖြစ်အပျက်ကို မသိမမြင်အောင် ဖုံးအုပ်ထားတဲ့ အဝိဇ္ဇာအမှောင်။
ဤ ၄-အမှောင်ကို ဥဒယဗ္ဗယဉာဏ်ဖြင့် ပယ်ခွာနိုင်မှ အလင်းရမည်။
၅။ ရုပ်နာမ်ဖြစ်ပျက်အဆုံးကို မသိမမြင်အောင် ဖုံးဖိထားတဲ့ အဝိဇ္ဇာအမှောင်။
ဤ ၅-အမှောင်ကို မဂ်ဉာဏ်ဖြင့် ခွာလှန်နိုင်မှ အလင်းရမည်။

| | |
|---|---|
| ၁။ အင်္ဂါ | တရားကိုယ် |
| သင်္ခါရ | လောကီကုသိုလ်၊ အကုသိုလ်စေတနာ |

## သရုပ်

၁။ ပုညာဘိသင်္ခါရ ၂။ အပုညာဘိသင်္ခါရ ၃။ အာနေဉ္ဇာဘိသင်္ခါရ

(၁) ပုည=ကုသိုလ် (သုစရိုက်)၊ အဘိသင်္ခါရ=ခန္ဓာဖြစ်အောင်ပြုလုပ်တာ။ ပုညာဘိသင်္ခါရ =ခန္ဓာဖြစ်အောင် ပြုလုပ်တတ်သော ကုသိုလ် (ကောင်းမှု)၊ တစ်နည်း-ကုသိုလ်နဲ့ ခန္ဓာဖြစ်အောင် ပြုလုပ်တာ။

| ပုညာဘိသင်္ခါရ (၂) မျိုး | | ဖြစ်မည့်ခန္ဓာ |
|---|---|---|
| (က) ကာမကုသိုလ်ပုညာဘိသင်္ခါရပြုလုပ်ရင် | - | လူနတ်ခန္ဓာဖြစ်မယ်။ |
| (ခ) ရူပကုသိုလ်ပုညာဘိသင်္ခါရ (ဈာန်သမထကုသိုလ်) ပြုလုပ်ရင် | - | ရူပဗြဟ္မာခန္ဓာဖြစ်မယ်။ |
| (၂) အပုည-အကုသိုလ် (ဒုစရိုက်) အပုညာဘိသင်္ခါရပြုလုပ်ရင် | - | အပါယ်ခန္ဓာဖြစ်မယ်။ |
| (၃) အာနေဉ္ဇ-မတုန်မလှုပ်နိုင်မြဲတည်ကြည်သော အရူပကုသိုလ် (ဈာန်သမထကုသိုလ်) အာနေဉ္ဇာဘိသင်္ခါရပြုလုပ်ရင် | - | အရူပဗြဟ္မာခန္ဓာဖြစ်မယ်။ |



## တစ်နည်းသင်္ခါရ (၃) မျိုး

၁။ ကာယသင်္ခါရ ၂။ ဝစီသင်္ခါရ ၃။ စိတ္တသင်္ခါရ

လှုပ်ရှားခြင်းစသော ကိုယ်အမူအရာ ဖြစ်စေတာ၊
ကိုယ်ဖြင့်ပြုလုပ်တာ (ကာယကံ)က-ကာယသင်္ခါရ။
ပြောဆိုခြင်းစသော နှုတ်အမူအရာကို ဖြစ်စေတာ၊
နှုတ်ဖြင့်ပြောဆိုတာ (ဝစီကံ) က-ဝစီသင်္ခါရ။
ကြံစည်စိတ်ကူးခြင်းစသော စိတ်အမူအရာဖြစ်စေတာ၊
စိတ်ဖြင့်ကြံစည်တာ (မနောကံ)က-စိတ္တသင်္ခါရ။

## ဒုစရိုက် (၁၀) ပါး

(ဒု-မကောင်းသော ၊ စရိတ-စရိုက်အကျင့်)

## ဒုစရိုက်ကာယကံ (၃) ပါး

| | | |
|---|---|---|
| (၁) ပါဏာတိပါတ | - | သူ့အသက်သတ်မှု၊ |
| (၂) အဒိန္နာဒါန | - | သူ့ဥစ္စာခိုးမှု။ |
| (၃) ကာမေသုမိစ္ဆာစာရ | - | ကာမဂုဏ်တို့၌ ဖောက်ပြန်ကျူးလွန်မှု။ |

(သေရည်အရက်စသည် သောက်စားခြင်း သုရာမေရယကံကား ဤကာမေသု မိစ္ဆာစာရကံ၌ အတွင်းဝင်သည်။)

## ဒုစရိုက်ဝစီကံ (၄) ပါး

| | | |
|---|---|---|
| (၄) မုသာဝါဒ | - | လိမ်ပြောမှု။ |
| (၅) ပိသုဏဝါစာ | - | ချောပစ်ကုန်းတိုက်မှု၊ ရန်တိုက်ပေးမှု၊ သွေးခွဲမှု။ |
| (၆) ဖရုသဝါစာ | - | အယုတ်တမာ ဆဲဆိုမှု။ |
| (၇) သမ္ဖပ္ပလာပဝါစာ | - | သိမ်ဖျင်းသော စကားကိုပြောဆိုမှု။ |

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



## ဒုစရိုက်မနောကံ (၃) ပါး

(၈) အဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ကို မတရားကြံစည်လိုချင်မှု။
(၉) ဗျာပါဒ - သူတစ်ပါးကိုသေကြေပျက်စီးကြောင်း ကြံစည်ပစ်မှားမှု၊
(၁၀) မိစ္ဆာဒိဋ္ဌိ - အယူမှားမှု၊ (ကံ၊ ကံ၏အကျိုးကို မယုံကြည်မှု)။

ဤဒုစရိုက်ဆယ်ပါးကို "အကုသလကမ္မပထတရား-အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးဖြစ်သော အကုသိုလ်ကံများ" ဟုလည်း ခေါ်သည်။ စင်စစ် ဤဒုစရိုက်ဆယ်ပါးသည် "အပုညာဘိသင်္ခါရ၊ အကုသိုလ်သင်္ခါရ၊ အမည်းကံ" များပင်ဖြစ်၏။

## သုစရိုက် (၁၀) ပါး

(သု-ကောင်းသော ၊ စရိတ-စရိုက် ၊ အကျင့်)

### သုစရိုက်ကာယကံ (၃) ပါး

(၁) ပါဏာတိပါတ ဝိရတိ - ပါဏာတိပါတမှ ရှောင်ကြဉ်မှု။
(၂) အဒိန္နာဒါန ဝိရတိ - အဒိန္နာဒါနမှ ရှောင်ကြဉ်မှု။
(၃) ကာမေသုမိစ္ဆာစာရ ဝိရတိ - ကာမေသုမှရှောင်ကြဉ်မှု။

### သုစရိုက်ဝစီကံ (၄) ပါး

(၄) မုသာဝါဒ ဝိရတိ - မုသာဝါဒမှ ရှောင်ကြဉ်မှု။
(၅) ပိသုဏဝါစာ ဝိရတိ - ပိသုဏဝါစာမှ ရှောင်ကြဉ်မှု။
(၆) ဖရုသဝါစာ ဝိရတိ - ဖရုသဝါစာမှ ရှောင်ကြဉ်မှု။
(၇) သမ္ဖပ္ပလာပ ဝိရတိ - သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှု။

### သုစရိုက်မနောကံ (၃) ပါး

(၈) အနဘိဇ္ဈာ - အဘိဇ္ဈာကိုမပြုခြင်း။
(၉) အဗျာပါဒ - ဗျာပါဒကို မပြုခြင်း။
(၁၀) သမ္မာဒိဋ္ဌိ - မှန်သောအယူကိုယူခြင်း။



ဤသုစရိုက်ဆယ်ပါးကို "လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်း ကုသလကမ္မပထတရား (၁၀) ပါး" ဟု ခေါ်သည်။ ပုညာဘိသင်္ခါရ၊ ကုသိုလ်သင်္ခါရ၊ အဖြူကံများပင်တည်း။ အာနေဉ္ဇာဘိ သင်္ခါရကား စိတ္တသင်္ခါရ သက်သက်သာဖြစ်သည်။

## ဒုစရိုက်-၄၀၊ သုစရိုက်-၄၀

ဤဒုစရိုက်ဆယ်ပါး၊ သုစရိုက်ဆယ်ပါးတို့ကို (၁) ကိုယ်တိုင်ပြုခြင်း၊ (၂) သူများကို ပြုဖို့ရန် စေခိုင်းခြင်း၊ (၃) အကျိုးကျေးဇူးကို ပြောပြခြင်း၊ (၄) သူတစ်ပါးတို့ အလိုအလျောက်ပြုနေသည်ကို သဘောကျခြင်း၊ ဤလေးမျိုးဖြင့် မြှောက်လျှင် ဒုစရိုက်-၄၀၊ သုစရိုက်-၄၀ စီဖြစ်၏။

(ဆောင်) ဒုစရိုက်နှင့်၊ သုစရိုက်ပြိုင်၊ ဤဆယ်ခိုင်ကို၊ ကိုယ်တိုင်ပြုပြော၊ သူများခိုင်းတုံ၊ ဂုဏ်ကိုပြောပြ၊
ဝမ်းမြှောက်ကြပြန်၊ လေးဆယ်မှန်၊ မြှောက်ဟန်သဘောပိုက်။

ရတနာ့ဂုဏ်ရည်

## ပုညကြိယာဝတ္ထု (၁၀) ပါး

(ပုည-ကောင်းမှု+ကြိယာ-ပြုထိုက်သော+ဝတ္ထု-စီးပွားချမ်းသာ၏တည်ရာ။)

(၁) ဒါန - စွန့်ကြဲပေးကမ်းလှူဒါန်းမှု။
(၂) သီလ - ဆိုင်ရာသီလများကို စောင့်ထိန်းမှု။
(၃) ဘာဝနာ - ဘုရားဂုဏ်တော် စသည်ကို အာရုံပြုနေမှု။ (ကမ္မဋ္ဌာန်းအားထုတ်မှု)
(၄) အပစာယန - ရိုသေထိုက်သူကို ရိုသေမှု။
(၅) ဝေယျာဝစ္စ - အမျိုးဘာသာ သာသနာရေးကိစ္စတို့၌ ဆောင်ရွက်မှု။
(၆) ပတ္တိဒါန - မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု။
(၇) ပတ္တာနုမောဒန - ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။
(၈) ဓမ္မဿဝန - တရားစကားကိုနားထောင်မှု။
(၉) ဓမ္မဒေသနာ - ပစ္စည်းလာဘ်မငဲ့ဘဲ တရားဟောမှု။
(၁၀) ဒိဋ္ဌိဇုကမ္မ - အယူကိုဖြောင့်မှန်စွာ ယူမှု။
(ကံ၊ ကံ၏အကျိုးကို ယုံကြည်မှု)။

ဤပုညကြိယာဝတ္ထုဆယ်ပါးသည် အကျဉ်းချုံးလိုက်လျှင် "ဒါန သီလ ဘာဝနာ" ဟု သုံးပါးပင်ရ၏။ ဤတွင် ဘာဝနာ၌ ရူပကုသိုလ် ပုညာဘိသင်္ခါရနှင့် အရူပကုသိုလ်အာနေဉ္ဇာဘိသင်္ခါရတို့ ပါဝင်သည်။

www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



(လင်္ကာ) အနန်လေးချက်၊ သဘောနက်ကို၊ ဖုံးဖုတ်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်၊ ဘဝမြှုသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးဆာ၊ ဤခန္ဓာကို၊ ငွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ပါပညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းက၊ ပါယ်လမ်းဒီဃ၊ အပုညနှင့်၊ ဘဝနောင်ကို၊ ကောင်းစေလို၍၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုလုပ်ငြားက၊ ဆယ်ပါးပုည၊ အာနေဥ္စဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း။

လယ်တီဆရာတော်ဘုရားကြီး

## သင်္ခါရပစ္စယာ ဝိညာဏံ

၃။ အင်္ဂါ — တရားကိုယ်

ဝိညာဏ် (သင်္ခါရပစ္စယာဝိညာဏံမှ) — ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိပါက်ဝိညာဏ်

ဝိညာဏ် (ဝိညာဏပစ္စယာနာမရူပံမှ) — ဝိပါက်ဝိညာဏ်၊ ကမ္မဝိညာဏ်

### သရုပ်

### ပဝတ္တိဝိပါက်ဝိညာဏ် (၆) ပါး

| | | |
|---|---|---|
| (၁) စက္ခုဝိညာဏ် | မျက်စိဝိညာဏ် | မြင်သိစိတ် |
| (၂) သောတဝိညာဏ် | နားဝိညာဏ် | ကြားသိစိတ် |
| (၃) ဃာနဝိညာဏ် | နှာခေါင်းဝိညာဏ် | နံသိစိတ် |
| (၄) ဇိဝှာဝိညာဏ် | လျှာဝိညာဏ် | စားသိစိတ် |
| (၅) ကာယဝိညာဏ် | ကိုယ်ဝိညာဏ် | ထိသိစိတ် |
| (၆) မနောဝိညာဏ် | စိတ်ဝိညာဏ် | တွေးကြံသိစိတ် |

ပဋိသန္ဓေဝိညာဏ်ကား ဘဝသစ်တစ်ခုမှာ အစဆုံးစိတ်ဖြစ်၍ ထိုအခါကပင်ဖြစ်ပြီး ပျက်ခဲ့ပြီးပြီ။ ဝိပဿနာရှု၍ ရကောင်းသော စိတ်မဟုတ်တော့ပါ။ ယင်းပဋိသန္ဓေစိတ်ဖြစ်၍ ပျက်ပြီးသည့်အခါမှစ၍ စုတိစိတ်မကျမီ (ဝါ) မသေမီ တစ်ဘဝအတွင်း၌ ဖြစ်သော စက္ခုဝိညာဏ်စသော စိတ်မျိုးများကို ပဝတ္တိဝိပါက်ဝိညာဏ်များ + အကျိုးစိတ်များဟုခေါ်၏။ ပဋိသန္ဓေစိတ်နှင့် အာရုံတူသော ဘဝင်စိတ်၊ စုတိစိတ်များလည်း အကျိုးစိတ်များပင် ဖြစ်သည်။

ရှေးအတိတ်ကာလတုန်းက ဖြစ်ခဲ့သော လောကီကုသိုလ်၊ အကုသိုလ်စေတနာ (သင်္ခါရ) တို့နှင့် ယှဉ်သောစိတ်များကို "ကမ္မဝိညာဏ် + အကြောင်းဝိညာဏ်" ဟုခေါ်သည်။



## ဝိညာဏ ပစ္စယာ နာမရူပံ

၄။ အင်္ဂါ — တရားကိုယ်

နာမ်ရုပ် — စေတသိက်နာမ်ခန္ဓာ (၃) ပါး၊ ကမ္မဇရုပ် (ပဋိသန္ဓေ နာမ် + ရုပ်၊ ပဝတ္တိ နာမ် + ရုပ်)။

### သရုပ်

### စေတသိက်နာမ် (၃) ပါး

(၁) ဝေဒနာ (၂) သညာ (၃) သင်္ခါရ

ဝိညာဏ်ကြောင့် နာမ်ဖြစ်ရာ၌ ဤစေတသိက်နာမ် (၃) ပါးမှုမက ဖဿ–တွေ့ထိမှု၊ မနသိကာရ–နှလုံးသွင်းမှု၊ ဝိတက်–ကြံစည်မှု၊ ဝိစာရ–သုံးသပ်မှု စသော စေတသိက်နာမ်တရားများလည်း ထိုက်သင့်သလို ပါဝင်ဖြစ်ပေါ်ကြသည်သာ။

### ကမ္မဇရုပ် ၁၈ ပါး

| | | |
|---|---|---|
| (၁) ပထဝီ | – | ခက်မာ၊ နူးညံ့သဘော။ |
| (၂) အာပေါ | – | ဖွဲ့စည်း၊ ယိုစီးသဘော။ |
| (၃) တေဇော | – | အပူ၊ အအေးသဘော။ |
| (၄) ဝါယော | – | ငြိမ်ဝပ်၊ လှုပ်ရှားသဘော။ |
| (၅) ဝဏ္ဏ | – | အဆင်းရုပ်။ |
| (၆) ဂန္ဓ | – | အနံ့ရုပ်။ |
| (၇) ရသ | – | အရသာရုပ်။ |
| (၈) ဩဇာ | – | အဆီအစေး (အာဟာရ) ရုပ်။ |
| (၉) ဇီဝိတ | – | ကိုယ်စောင့်ရုပ်။ |
| (၁၀) ဟဒယဝတ္ထုရုပ် / ဟဒယဝတ္ထု | – | မိန်းမရုပ်။ |
| (၁၁) ပုမ္ဘာဝ | – | ယောကျ်ားရုပ်။ |
| (၁၂) စက္ခုပသာဒ | – | မျက်စိအကြည်ရုပ် |
| (၁၃) သောတပသာဒ | – | နားအကြည်ရုပ် |

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | – | နှာခေါင်းအကြည်ရုပ်။ |
| (၁၄) ဃာနပသာဒ | – | လျှာအကြည်ရုပ်။ |
| (၁၅) ဇိဝှာပသာဒ | – | ကိုယ်အကြည်ရုပ်။ |
| (၁၆) ကာယပသာဒ | – | နာမ်တရားတို့ဖြစ်တည်ရာရုပ်။ |
| (၁၇) ဟဒယဝတ္ထု | – | ကောင်းကင်ရုပ် (ရုပ်တု) |
| (၁၈) အာကာသဓာတ် | | |

ရုပ်အရေအတွက်ကား

(၁) မဟာဘူတရုပ် ၄ ပါးနှင့်

(၂) ဥပါဒါယရုပ် ၂၄ ပါး၊

ပေါင်း ၂၈ ပါးရှိ၏။

ကြီးကျယ်၍ ထင်ရှားသော အထည်ကိုယ်ရုပ်တွေကို "မဟာဘူတရုပ် – မဟာဘုတ်ရုပ်" ဟု ခေါ်သည်။ ထိုမဟာဘုတ်ရုပ်တွေကို အမှီအစွဲပြု၍ ဖြစ်ပေါ်ကြရသော အကြွင်းရုပ် (၂၄) ပါးကိုတော့ "ဥပါဒါယရုပ် – ဥပါဒါရုပ်" ဟု ခေါ်သည်။ ဤကမ္မဇရုပ် (၁၈) ပါးတွင် (၅) မှ (၁၈) အထိ ရုပ်များသည် ဥပါဒါရုပ်တို့တွင် ပါဝင်၏။ ကျန်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ကား မဟာဘုတ်ရုပ် ၄ ပါးဟု ထင်ရှား၏။ ဝိပဿနာအရာ၌ ဤမဟာဘုတ်ရုပ် ၄ ပါးသာလျှင် လိုရင်းပဓာနဖြစ်သည်။ ဤရုပ် ၄ ပါးကို ဉာဏ်ပိုင်လျှင် ကျန်တဲ့ဥပါဒါရုပ်များမှာ ကျွဲကူးရေပါဖြစ်တော့သည်။

## နာမရူပ ပစ္စယာ သဠာယတနံ

(၅) အင်္ဂါ

သဠာယတန (ဆ + အာယတန)

တရားကိုယ်

အတွင်းအာတန (၆) ပါး

(တစ်နည်း) အပြင်အာယတန (၆) ပါး

### အတွင်းအာယတန (၆) ပါး

| | | | | |
|---|---|---|---|---|
| (၁) စက္ခာယတန | – | မျက်စိအကြည် | – | စက္ခုဒွါရ (ရုပ်) |
| (၂) သောတာယတန | – | နားအကြည် | – | သောတဒွါရ (ရုပ်) |
| (၃) ဃာနာယတန | – | နှာခေါင်းအကြည် | – | ဃာနဒွါရ (ရုပ်) |
| (၄) ဇိဝှါယတန | – | လျှာအကြည် | – | ဇိဝှာဒွါရ (ရုပ်) |
| (၅) ကာယာယတန | – | ကိုယ်အကြည် | – | ကာယဒွါရ (ရုပ်) |
| (၆) မနာယတန | – | စိတ်အကြည် | – | မနောဒွါရ (နာမ်) |

Generated by CamScanner from intsig.com



### အပြင်အာယတန (၆) ပါး

| | | | | |
|---|---|---|---|---|
| (၁) ရူပါယတန | – | အဆင်းအကြောင်း | – | ရူပါရုံ (ရုပ်) |
| (၂) သဒ္ဒါယတန | – | အသံအကြောင်း | – | သဒ္ဒါရုံ (ရုပ်) |
| (၃) ဂန္ဓာယတန | – | အနံ့အကြောင်း | – | ဂန္ဓာရုံ (ရုပ်) |
| (၄) ရသာယတန | – | အရသာအကြောင်း | – | ရသာရုံ (ရုပ်) |
| (၅) ဖောဋ္ဌဗ္ဗာယတန | – | တွေ့ထိစရာအကြောင်း | – | ဖောဋ္ဌဗ္ဗာရုံ (ရုပ်) |
| (၆) ဓမ္မာယတန | – | ကြံတွေးစရာအကြောင်း | – | ဓမ္မာရုံ (နာမ် – ရုပ် – ပညတ်) |

မှတ်ချက် ။ ။ *ဓမ္မာရုံမှာ စိတ်ဓမ္မာရုံ၊ စေတသိက်ဓမ္မာရုံ၊ ရုပ်ဓမ္မာရုံ၊ နိဗ္ဗာန်ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံဟု ၄ါးမျိုးရှိ၏။ ဤ၌ ဝဋ္ဋကထာပြရာဖြစ်၍ နိဗ္ဗာန်ကို ချန်ထားပါသည်။*

အာယတန (၁၂) ပါး

ဓာတ် (၁၈) ပါး

| အခံဓာတ် အတွင်းအာယတန | အတိုက်ဓာတ် အပြင်အာယတန | အပွင့်ဓာတ် ပဝတ္တိဝိညာဏ် |
|---|---|---|
| ၁။ မျက်စိ | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နား | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်း | ၃။ အနံ့ | ၃။ နံစိတ် (မွှေးစိတ်) |
| ၄။ လျှာ | ၄။ အရသာ | ၄။ စားစိတ် (လျက်စိတ်) |
| ၅။ ကိုယ် | ၅။ တွေ့ထိစရာ | ၅။ ထိစိတ် (ယား၊ နာ၊ ကောင်းစိတ်) |
| ၆။ စိတ် | ၆။ ကြံတွေးစရာ | ၆။ ကြံတွေးစိတ် |

မှတ်ချက် ။ ။ *မနာယတနအရ စိတ်အားလုံးကို ယူရသောကြောင့် ပဝတ္တိဝိညာဏ် ၆ ပါးသည် မနာယတနတွင် ပါဝင်သည်။*

www.burmeseclassic.com

www.burmeseclassic.com



## သင်္ခါရဝတ္ထာနှင့် ပစ္စယာ ဖဿော

၆။ အင်္ဂါ
ဖဿ

တရားကိုယ်
ဖဿ (၆) ပါး

### သရုပ်

| | | |
|---|---|---|
| (၁) စက္ခုသမ္ဖဿ | မြင်တွေ့ | (နာမ်) |
| (၂) သောတသမ္ဖဿ | ကြားတွေ့ | (နာမ်) |
| (၃) ဃာနသမ္ဖဿ | နံတွေ့ | (နာမ်) |
| (၄) ဇိဝှာသမ္ဖဿ | စားတွေ့ | (နာမ်) |
| (၅) ကာယသမ္ဖဿ | ထိတွေ့ | (နာမ်) |
| (၆) မနောသမ္ဖဿ | ကြံတွေ့ | (နာမ်) |

## ဖဿပစ္စယာ ဝေဒနာ

၇။ အင်္ဂါ
ဝေဒနာ

တရားကိုယ်
ဝေဒနာ (၆) ပါး
(၅) ပါး၊ (၃) ပါး

### သရုပ်

ဒွါရအစွမ်းအားဖြင့် (၆) ပါး

| | | | |
|---|---|---|---|
| (၁) စက္ခုသမ္ဖဿဇာဝေဒနာ | – | မြင်တွေ့ခံစား | (နာမ်) |
| (၂) သောတသမ္ဖဿဇာဝေဒနာ | – | ကြားတွေ့ခံစား | (နာမ်) |
| (၃) ဃာနသမ္ဖဿဇာဝေဒနာ | – | နံတွေ့ခံစား | (နာမ်) |
| (၄) ဇိဝှာသမ္ဖဿဇာဝေဒနာ | – | စားတွေ့ခံစား | (နာမ်) |
| (၅) ကာယသမ္ဖဿဇာဝေဒနာ | – | ထိတွေ့ခံစား | (နာမ်) |
| (၆) မနောသမ္ဖဿဇာဝေဒနာ | – | ကြံတွေ့ခံစား | (နာမ်) |



### ဣန္ဒြေအပြားအားဖြင့် (၅)ပါး

| | | | |
|---|---|---|---|
| (၁) သုခဝေဒနာ | – | ကိုယ်ချမ်းသာခံစားမှု | (နာမ်) |
| (၂) ဒုက္ခဝေဒနာ | – | ကိုယ်ဆင်းရဲခံစားမှု | (နာမ်) |
| (၃) သောမနဿဝေဒနာ | – | စိတ်ချမ်းသာခံစားမှု | (နာမ်) |
| (၄) ဒေါမနဿဝေဒနာ | – | စိတ်ဆင်းရဲခံစားမှု | (နာမ်) |
| (၅) ဥပေက္ခာဝေဒနာ | – | ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်၊ အလယ်အလတ် ခံစားမှု (လျစ်လျူခံစားမှု) | (နာမ်) |

### အာရုံ၏အရသာကို ခံစားခြင်း
### လက္ခဏာအားဖြင့် (၃) ပါး

| | |
|---|---|
| (၁) အကြိုက်အာရုံတွေ့လျှင် | သုခဝေဒနာ |
| (၂) မကြိုက်အာရုံတွေ့လျှင် | ဒုက္ခဝေဒနာ |
| (၃) အလတ်စားအာရုံတွေ့လျှင် | ဥပေက္ခာဝေဒနာ။ |

### လူနတ်တို့၏ ခန္ဓာ (၅) ပါး ဒုက္ခသစ္စာ

ဆရာ ။ ။ ယောဂီပုဂ္ဂိုလ်တို့ ပဋ္ဌိစ္စသမုပ္ပါဒ်စက်မှာပါတဲ့ အင်္ဂါ (၇) ပါးရဲ့ တရားကိုယ်နဲ့ ဆိုင်ရာ သရုပ်များကို အကျဉ်းအားဖြင့် ထုတ်ပြလို့ပြီးပါပြီ။ ဒီနေရာမှာ ခန္ဓာငါးပါးနဲ့ စပ်တဲ့ အမေးအဖြေလေးတွေ ပြုကြရအောင်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ ဒီမှာ နံပါတ် ၂ အကွက်ထဲက ဝိညာဏ်ကို ခန္ဓာခွဲပြပါ။

ဖြေ ။ ။ ဝိညာဏက္ခန္ဓာပါအရှင်ဘုရား။

မေး ။ ။ နာမ်ရုပ်ကကော ဘာခန္ဓာတွေပါလိမ့်။

ဖြေ ။ ။ နာမ်က ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာပါအရှင်ဘုရား။ ရုပ်က ရူပက္ခန္ဓာပါ အရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



မေး ။ ။ အတွင်းအာယတန (၆) ပါးထဲက "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်" ဆိုတဲ့ ရှေ့ (၅) ပါးဟာ တခြားလား၊ ရူပက္ခန္ဓာလား။

ဖြေ ။ ။ ရူပက္ခန္ဓာပါအရှင်ဘုရား။

မေး ။ ။ နောက်ဆုံး (၆) ခုမြောက် "စိတ်" ဆိုတာက

ဖြေ ။ ။ ဝိညာဏက္ခန္ဓာပါအရှင်ဘုရား။

မေး ။ ။ အပြင်အာယတန (၆) ပါးထဲက "အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ" ဆိုတဲ့ ရှေ့ (၅) ပါးဟာတခြားလား၊ ရူပက္ခန္ဓာလား။

ဖြေ ။ ။ ရူပက္ခန္ဓာပါအရှင်ဘုရား။

မေး ။ ။ နောက်ဆုံး (၆) ခုမြောက် ကြံတွေးစရာဆိုတာက တခြားလား၊ နာမ်နဲ့ရုပ်ပဲလား။

ဖြေ ။ ။ နာမ်နဲ့ရုပ်ပါပဲအရှင်ဘုရား။

မေး ။ ။ ဘာနာမ်နဲ့ ဘာရုပ်ပါလိမ့်။

ဖြေ ။ ။ စေတသိက်နာမ်နဲ့ သုခုမရုပ်ပါအရှင်ဘုရား။

မေး ။ ။ ခန္ဓာခွဲပြပါ။

ဖြေ ။ ။ စေတသိက်နာမ်က ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ။ သုခုမရုပ်က ရူပက္ခန္ဓာပါအရှင်ဘုရား။

ဆရာ ။ ။ စေတသိက် ၅၂ ပါးရှိရာတွင် ဝေဒနာ သညာမှ ကြွင်းသော ကျန်စေတသိက် (၅၀) ကို သင်္ခါရက္ခန္ဓာခွဲ့ရတယ်။ အဲဒီတော့ ဖဿဟာ ကျန်စေတသိက် ၅၀ ကွင်း ပါဝင်လို့ သူ့ကို ဘာခန္ဓာခွဲ့မလဲ။

ယောဂီ ။ ။ သင်္ခါရက္ခန္ဓာခွဲ့ရပါအရှင်ဘုရား။

မေး ။ ။ ကြော် ဒါဖြင့် ဒီ ၂ အကွက်ထဲက "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" ဆိုတဲ့ အင်္ဂါ (၅) ပါးကို အစုလိုက် အသီးအသီး ခန္ဓာခွဲ့ပြီး ကွဲရာကွဲရာ ရေပေါင်းလိုက်ရင် ခန္ဓာဘယ်နှပါးရပါလိမ့်။

ဖြေ ။ ။ ခန္ဓာ (၅) ပါးရပါအရှင်ဘုရား။

မေး ။ ။ ခန္ဓာ (၅) ပါးရေတွက်ပြပါ။

ဖြေ ။ ။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါအရှင်ဘုရား။

မေး ။ ။ ဒီခန္ဓာ (၅) ပါးဟာ ဘာသစ္စာပါလိမ့်။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။



မေး ။ ။ ဒီလိုဆိုရင် ခင်ဗျားတို့ ကျုပ်တို့ဟာ လွန်လေပြီးသော အတိတ်ကာလတုန်းကလည်း ခန္ဓာငါးပါးမရခဲ့ဘူးလား။

ဖြေ ။ ။ ရခဲ့ဖူးပါအရှင်ဘုရား။

မေး ။ ။ အဲဒီရှေးဘဝတုန်းက "ခန္ဓာငါးပါး ဒုက္ခသစ္စာ" လို့ သိခဲ့ပါရဲ့လား။

ဖြေ ။ ။ မသိခဲ့ပါအရှင်ဘုရား။

မေး ။ ။ ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့ မသိတဲ့အပြင် ချမ်းသာတယ်လို့ကော မထင်ခဲ့ဘူးလား။

ဖြေ ။ ။ ချမ်းသာတယ်လို့ ထင်ခဲ့ပါအရှင်ဘုရား။

မေး ။ ။ ချမ်းသာတယ်လို့ထင်တော့ သေရင် နိဗ္ဗာန်လိုချင်မှာလား၊ နောက်ခန္ဓာရချင်မှာလား။

ဖြေ ။ ။ နောက်ခန္ဓာရချင်မှာပါအရှင်ဘုရား။

မေး ။ ။ နောက်ခန္ဓာရချင်တာက။

ဖြေ ။ ။ တဏှာပါအရှင်ဘုရား။

မေး ။ ။ ဒါဖြင့် လက်ရှိခန္ဓာငါးပါးကို ဒုက္ခသစ္စာရယ်လို့ မသိ၊ ချမ်းသာတယ်အထင်ရှိတာက အဝိဇ္ဇာ၊ လက်မှဲဖြစ်တဲ့ နောက်ခန္ဓာရချင်တာက တဏှာ။

ဖြေ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ နောက်ခန္ဓာရချင်တာက ရချင်ရုံမျှလား၊ မရမနေ စွဲလမ်းဘူးလား။

ဖြေ ။ ။ မရမနေ စွဲလမ်းပါအရှင်ဘုရား။

မေး ။ ။ မရမနေ စွဲလမ်းတာက။

ဖြေ ။ ။ ဥပါဒါန်ပါအရှင်ဘုရား။

မေး ။ ။ တဏှာနဲ့ ခန္ဓာရချင်ပြီး ဥပါဒါန်က စွဲလမ်းတော့ [illegible] ခန္ဓာရကြောင်း ဒါန သီလ ကုသိုလ်တွေ မလုပ်ခဲ့ဘူးလား။

ဖြေ ။ ။ လုပ်ခဲ့ပါ အရှင်ဘုရား။

မေး ။ ။ လုပ်ခဲ့တဲ့ ဒါန သီလ ကုသိုလ်တွေက [illegible] ပါလိမ့်။

ဖြေ ။ ။ လုပ်ခဲ့တဲ့ ဒါန သီလ ကုသိုလ်တွေက ပုညာဘိသင်္ခါရပါအရှင်ဘုရား။

ဆရာ ။ ။ [illegible]

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



မေး ॥ ॥ ဒုက္ခသစ္စာ မသိတာ

ဖြေ ॥ ॥ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ॥ ॥ ပြုလုပ်တာက။

ဖြေ ॥ ॥ ကာမကုသိုလ် ပုညာဘိသင်္ခါရပါအရှင်ဘုရား။

ဆရာ ॥ ॥ ဒီမှာ အဝိဇ္ဇာလို့ဆိုသဖြင့် ကိလေသဝဋ်ချင်းတူတဲ့ တဏှာ ဥပါဒါန် အတွင်းဝင်ပါပြီးသား၊ သင်္ခါရလို့ဆိုသဖြင့် ကမ္မဝဋ်ချင်းတူတဲ့ ကမ္မဘဝလည်း ပါပြီးသားလို့မှတ်ပါ။ အဲဒီတော့ ၁ အကွက်နဲ့ ၂ အကွက် ပဋိစ္စသမုပ္ပါဒ်လှည့်ကြည့်ရအောင်၊ ကဲ ဆိုပါ။

ဆရာ ॥ ॥ အဝိဇ္ဇာပစ္စယာ

ယောဂီ ॥ ॥ ကာမကုသိုလ်ပုညာဘိသင်္ခါရာ

ဆရာ ॥ ॥ ကာမကုသိုလ် ပုညာဘိသင်္ခါရပစ္စယာ

ယောဂီ ॥ ॥ လူဝိညာဏ်၊ နတ်ဝိညာဏ်ပါ အရှင်ဘုရား။

ဆရာ ॥ ॥ ဝိညာဏ်လို့ ပဓာနခေါင်းဆောင်ကို ဆိုလိုက်သဖြင့် နောက်လိုက်ဖြစ်တဲ့ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေလည်း တစ်တွဲလုံး တစ်ပေါင်းတည်း ပါပြီးသားမှတ်ပါ။ ဒီမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုတ္တန်နည်းအားဖြင့် "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" လို့ ပန်းတစ်ပွင့်ချင်းစီပြီး ကြိုးနဲ့သီထားသလို တစ်ခုနှင့်တစ်ခု တန်းစဉ်လို့ ဟောထားငြားသော်လည်း အဘိဓမ္မာနည်းအားဖြင့် ရှေ့နောက် ကြောင်းကျိုးတန်းစဉ်ပြီး ဖြစ်ကြတာမဟုတ်ပါဘူး။ အဆုပ်လိုက်ပွင့်တဲ့ပန်းများလို ဒီအင်္ဂါ ငါးပါးဟာ သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ သမ္ပယုတ္တပစ္စည်းတွေဖြစ်လို့ အတူတကွ အချင်းချင်းယှဉ်ပြီး တစ်ပေါင်းတည်းဖြစ်ကြပါတယ်တဲ့။ ဒါ့ကြောင့် "ဝိညာဏ်" လို့ ဆိုလိုက်ရင် ကျန်လေးပါးပါပေါင်း၍ ခန္ဓာငါးပါး တစ်ပေါင်းတည်းယူပြီး "ခန္ဓာ" လို့ မှတ်ပါ။ လူ ဝိညာဏ်၊ နတ်ဝိညာဏ်ဆိုဆို၊ လူခန္ဓာ နတ်ခန္ဓာဆိုဆို အတူတူပါပဲ။

မေး ॥ ॥ ကောင်းပြီ၊ ဒီတော့ လူဝိညာဏ်၊ နတ်ဝိညာဏ်ဆိုတာ တခြားလား၊ ခန္ဓာငါးပါးလား။

ဖြေ ॥ ॥ ခန္ဓာငါးပါးပါ အရှင်ဘုရား။

မေး ॥ ॥ ခန္ဓာငါးပါး ဘာသစ္စာ။

ဖြေ ॥ ॥ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ॥ ॥ ဒီခန္ဓာငါးပါး ဒုက္ခသစ္စာသည် ဖန်ဆင်းရှင်ဘုရား၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတွေက ဖန်ဆင်းလို့ဖြစ်တာလား၊ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တာလား။

ဖြေ ॥ ॥ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တာပါအရှင်ဘုရား။



မေး ॥ ॥ ဒီခန္ဓာငါးပါးဒုက္ခသစ္စာသည် အလိုလိုဖြစ်တာလား။ အဝိဇ္ဇာသင်္ခါရက ကျေးဇူးပြုလို့ ဖြစ်တာလား။

ဖြေ ॥ ॥ အလိုလိုဖြစ်တာမဟုတ်ပါ။ အဝိဇ္ဇာသင်္ခါရက ကျေးဇူးပြုလို့ ဖြစ်တာပါအရှင်ဘုရား။

မေး ॥ ॥ အဝိဇ္ဇာသင်္ခါရက ဘာသစ္စာ။

ဖြေ ॥ ॥ သမုဒယသစ္စာပါအရှင်ဘုရား။

မေး ॥ ॥ ခန္ဓာငါးပါးက ဘာသစ္စာ။

ဖြေ ॥ ॥ ဒုက္ခသစ္စာပါ အရှင်ဘုရား။

မေး ॥ ॥ အဲဒီတော့ အဝိဇ္ဇာသင်္ခါရသမုဒယသစ္စာကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာရတယ်ဆိုတာ ပေါ်ပလား။

ဖြေ ॥ ॥ ပေါ်ပါပြီအရှင်ဘုရား။

ဆရာ ॥ ॥ ဒုက္ခသစ္စာဆိုတာက "ဒုဆိုတာ စက်ဆုပ်စရာ၊ ခဆိုတာ အသုံးမကျတာ" သစ္စာက အမှန် ဆိုတော့ ပေါင်းလိုက်ရင် "စက်ဆုပ်စရာ အသုံးမကျတာ အမှန်" လို့ မှတ်ပါ။ ကဲ ဝိညာဏ်ဟာ ဖြစ်ပြီး ခိုင်မြဲနေတာလား၊ ပျက်သွားတာလား။

ယောဂီ ॥ ॥ ဖြစ်ပြီး ပျက်သွားတာပါအရှင်ဘုရား။

မေး ॥ ॥ နာမ်ရုပ်ကော?

ဖြေ ॥ ॥ ဖြစ်ပျက်ပါအရှင်ဘုရား။

မေး ॥ ॥ သဠာယတနကော?

ဖြေ ॥ ॥ ဖြစ်ပျက်ပါ အရှင်ဘုရား။

မေး ॥ ॥ ဖဿနဲ့ဝေဒနာကော?

ဖြေ ॥ ॥ ဖြစ်ပျက်ပါအရှင်ဘုရား။

မေး ॥ ॥ ဒါဖြင့် လူနတ်တို့၏ ခန္ဓာငါးပါး ဖြစ်ပျက်ပေါ့။ ဖြစ်ပျက်ဆိုတာ တခြားလား၊ ခုမွေးခုသေ အသုဘလား။

ဖြေ ॥ ॥ ခုမွေး၊ ခုသေ အသုဘပါအရှင်ဘုရား။

မေး ॥ ॥ ခုမွေးခုသေ အသုဘဟာ နှစ်သက်စရာ၊ အသုံးကျတာအမှန်လား၊ စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်လား။

ဖြေ ॥ ॥ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပါအရှင်ဘုရား။

မေး ॥ ॥ အဲဒါ ဒုက္ခသစ္စာ ခေါ်တယ်၊ ကဲ ဒုက္ခသစ္စာ သိပလား။

ဖြေ ॥ ॥ သိပါပြီအရှင်ဘုရား။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ။ ။ ဒုက္ခသစ္စာသိရင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပြီမို့ ယခုဘဝပင် သောတာပန်အစစ် တည်တော့မယ် ဆိုတာ သေသေချာချာ မှတ်ပါ။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

## ရူပဗြဟ္မာတို့၏ ခန္ဓာငါးပါး ဒုက္ခသစ္စာ

ဆရာ ။ ။ ရူပဗြဟ္မာက ၁၆ ဘုံရှိတယ်။ ဒီထဲက အသညသတ်လို့ခေါ်တဲ့ ရူပဗြဟ္မာဘုံမှာတော့ နာမ်ခန္ဓာ လေးပါးမရှိဘူး။ ရုပ်ခန္ဓာတစ်ပါးသာရှိတယ်။ ကျန်တဲ့ ရူပဗြဟ္မာ တစ်ဆယ့်ငါးဘုံမှာတော့ ဆိုင်ရာ ခန္ဓာငါးပါး အပြည့်အစုံရှိတယ်။ အရူပဗြဟ္မာ (၄) ဘုံမှာတော့ နာမ်ခန္ဓာလေးပါးသာလျှင်ရှိတယ်။ ရုပ်ခန္ဓာမရှိဘူး။ ဒီမျှသာ အကျဉ်းမှတ်သားထားပါ။ အဘိဓမ္မာအရကတော့ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ အပြည့်အစုံ ဟောထားတာမို့ အလွန်အသေးစိတ် ကျယ်ဝန်းနက်နဲလှပါတယ်။ သို့သော်လည်း ဝိပဿနာအလုပ်နဲ့ ထွက်ရပ်လမ်းတစ်ခုတည်းကိုသာ အလိုရှိသူများအတွက်ကတော့ ၃၁ ဘုံမှာ ဘယ်ခန္ဓာ၊ ဘယ်ရုပ်နာမ်ဖြစ်စေ ရုပ်နာမ်ခန္ဓာအားလုံးဟာ မမြဲဘူး၊ ဖြစ်ပြီးပျက်တယ်၊ ဒုက္ခသစ္စာ အစစ်ပဲလို့ ကြောင်းကျိုးဆက်သွယ် သိမြင်မှုသမ္မာဒိဋ္ဌိတစ်လုံးသာလျှင် လိုရင်းပဓာနလို့မှတ်ပါ။

မေး ။ ။ လောကကြီးထဲမှာ အချို့သော လူဖြစ်သူ နတ်ဖြစ်သူတို့သည် ရူပဗြဟ္မာဖြစ်ရင် ဒီထက်ပိုချမ်းသာမှာပဲလို့ ရလတ္တံ့ ရူပဗြဟ္မာခန္ဓာကို သုခလို့ထင်တယ်။ ဒုက္ခသစ္စာလို့ မမြင်ဘူး။ ဒုက္ခသစ္စာ မသိမမြင်တာက –

ဖြေ ။ ။ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာရှိတော့ တဏှာက လိုချင်၊ ဉပါဒါန်က စွဲလမ်းပြီး ရူပဗြဟ္မာဖြစ်ရာဖြစ်ကြောင်း ပဌဝီကသိုဏ်း အစရှိတဲ့ ရူပကုသိုလ်၊ ပုညာဘိသင်္ခါရတွေ အားမထုတ်ဘူးလား။

ဖြေ ။ ။ အားထုတ်ပါအရှင်ဘုရား။

မေး ။ ။ အားထုတ်တော့ နောင် သေသည်၏အခြားမဲ့၌ ဘာခန္ဓာရပါလိမ့်။

ဖြေ ။ ။ ရူပဗြဟ္မာ ခန္ဓာရပါအရှင်ဘုရား။

မေး ။ ။ ရူပ ၁၅ ဘုံမှာ ခန္ဓာ ဘယ်နှပါးရှိပါလိမ့်။

ဖြေ ။ ။ ခန္ဓာငါးပါး ရှိပါအရှင်ဘုရား။



မေး ။ ။ အသညသတ်ဘုံမှာတော့ –

ဖြေ ။ ။ ရုပ်ခန္ဓာတစ်ပါးရှိပါအရှင်ဘုရား။

မေး ။ ။ အဲဒီတော့ ရူပဗြဟ္မာ ငါးပါးခန္ဓာဖြစ်စေ၊ တစ်ပါးခန္ဓာဖြစ်စေ ဖြစ်ရင် တည်မြဲနေမှာလား၊ ပျက်မှာလား။

ဖြေ ။ ။ ပျက်မှာပါ အရှင်ဘုရား။

မေး ။ ။ ဒီတော့ ရူပဗြဟ္မာခန္ဓာကြီးရလည်း အိုသေလွတ်ရဲ့လား။

ဖြေ ။ ။ မလွတ်ပါအရှင်ဘုရား။

မေး ။ ။ ဖြစ်ပျက်အိုသေ မလွတ်ရင် ရူပဗြဟ္မာခန္ဓာဟာလည်း စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပဲ။

ဖြေ ။ ။ မှန်ပါအရှင်ဘုရား။

မေး ။ ။ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ဆိုတာ ဘာသစ္စာ။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ ကဲ ပဋိစ္စသမုပ္ပါဒ်ဆက်ကြည့်ရအောင်။ အဝိဇ္ဇာပစ္စယာ။

ဖြေ ။ ။ ရူပကုသိုလ်ပုညာဘိသင်္ခါရာ။

မေး ။ ။ ရူပကုသိုလ် ပုညာဘိသင်္ခါရပစ္စယာ။

ဖြေ ။ ။ ရူပဗြဟ္မာ ဝိညာဏ် (သို့မဟုတ်) ရူပဗြဟ္မာ ခန္ဓာ။

မေး ။ ။ ရူပဗြဟ္မာခန္ဓာက ဘာသစ္စာ။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ သြော် ရူပဗြဟ္မာ ခန္ဓာကြီးလည်း ဒုက္ခသစ္စာပဲဆိုတာ ဉာဏ်ထဲမှာ ပေါ်ပလား။

ဖြေ ။ ။ ပေါ်ပါပြီအရှင်ဘုရား။

## အရူပဗြဟ္မာတို့၏ ခန္ဓာလေးပါး ဒုက္ခသစ္စာ

မေး ။ ။ အရူပဗြဟ္မာများလည်း လွန်လေပြီးသော အတိတ်ကာလ၊ လူနတ်ဘဝတုန်းက နောင်ရလတ္တံ့ အရူပဗြဟ္မာခန္ဓာကို ဒုက္ခသစ္စာလို့ သိခဲ့ကြရဲ့လား။

ဖြေ ။ ။ မသိခဲ့ကြပါအရှင်ဘုရား။

မေး ။ ။ ဒုက္ခသစ္စာမသိတာ။

ဖြေ ။ ။ အဝိဇ္ဇာပါအရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



မေး ။ ။ အဝိဇ္ဇာရှိတော့ တဏှာက လိုချင်၊ ဥပါဒါန်က စွဲလမ်းပြီး အရူပဗြဟ္မာဖြစ်ရာဖြစ်ကြောင်း အရူပကုသိုလ် အာနဉ္စာဘိသင်္ခါရတွေ အားမထုတ်ဘူးလား။

ဖြေ ။ ။ အားထုတ်ပါအရှင်ဘုရား။

မေး ။ ။ အားထုတ်တော့ နောင်သေသည်၏ အခြားမဲ့၌ ဘာခန္ဓာရပါလိမ့်။

ဖြေ ။ ။ အရူပဗြဟ္မာခန္ဓာ ရပါအရှင်ဘုရား။

မေး ။ ။ အရူပဗြဟ္မာခန္ဓာက ရုပ်ခန္ဓာလား၊ နာမ်ခန္ဓာလား။

ဖြေ ။ ။ နာမ်ခန္ဓာပါအရှင်ဘုရား။

မေး ။ ။ နာမ်ခန္ဓာဘယ်နှပါးလဲ။

ဖြေ ။ ။ လေးပါးပါအရှင်ဘုရား။

မေး ။ ။ အရူပဗြဟ္မာ နာမ်ခန္ဓာလေးပါးသည် ဖြစ်ပြီး ခိုင်မြဲနေသလား။ ပျက်နေသလား။

ဖြေ ။ ။ ဖြစ်ပြီး ပျက်နေပါအရှင်ဘုရား။

မေး ။ ။ ဖြစ်ပြီးပျက်နေရင် အိုသေလွတ်ရဲ့လား။

ဖြေ ။ ။ မလွတ်ပါအရှင်ဘုရား။

မေး ။ ။ ဖြစ်ပျက်အိုသေမလွတ်တာဘာသစ္စာ။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ ကဲ ပဋိစ္စသမုပ္ပာဒ် ဆက်ကြည့်ရအောင်၊ အဝိဇ္ဇာပစ္စယာ။

ဖြေ ။ ။ အရူပကုသိုလ် အာနဉ္စာဘိသင်္ခါရာ။

မေး ။ ။ အရူပကုသိုလ် အာနဉ္စာဘိသင်္ခါရပစ္စယာ။

ဖြေ ။ ။ အရူပဗြဟ္မာ ခန္ဓာပါအရှင်ဘုရား။


မေး ။ ။ ကဲ အရူပဗြဟ္မာ ခန္ဓာ ဘာသစ္စာ။

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ ဩော် ၃၁ ဘုံ အမြင့်ဆုံး ဘဝဂ်ဘုံမှာဖြစ်တဲ့ အရူပဗြဟ္မာခန္ဓာကြီးတွေလည်း ဒုက္ခသစ္စာ ပါတကား။

ဖြေ ။ ။ မှန်လှပါအရှင်ဘုရား။






သင်ခန်းစာ (၁၆) ပြီး၏။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



## သင်ခန်းစာ (၁၇)

# အပရန္တစက်ဝိုင်း အင်္ဂါ တရားကိုယ် နှင့် အမေးအဖြေများ

### ဝေဒနာပစ္စယာ တဏှာ

၈။ အင်္ဂါ — တရားကိုယ်

တဏှာ — လောဘစေတသိက်၊

တဏှာ ၆ ပါး၊ ၃ ပါး

### သရုပ်

#### တဏှာ ၆ ပါး

၁။ အဆင်းကို ကြိုက်နှစ်သက်တာ = ရူပတဏှာ

၂။ အသံကို ကြိုက်နှစ်သက်တာ = သဒ္ဒတဏှာ

၃။ အနံ့ကို ကြိုက်နှစ်သက်တာ = ဂန္ဓတဏှာ

၄။ အရသာကို ကြိုက်နှစ်သက်တာ = ရသတဏှာ

၅။ တွေ့ထိစရာကို ကြိုက်နှစ်သက်တာ = ဖောဋ္ဌဗ္ဗတဏှာ

၆။ ကြံတွေးစရာကို ကြိုက်နှစ်သက်တာ = ဓမ္မတဏှာ

#### တဏှာ ၃ ပါး

၁။ ငါးပါးအာရုံကာမဂုဏ်ကို ကြိုက်နှစ်သက်တာ = ကာမတဏှာ
အတ္တဒိဋ္ဌိခေါ် သက္ကာယဒိဋ္ဌိနှင့်ယှဉ်တာ = ကာမတဏှာ

၂။ ရူပဘဝ၊ အရူပဘဝကို နှစ်သက်သာယာတာ = ဘဝတဏှာ
ဖြစ်လေရာဘဝကို နှစ်သက်သာယာတာ = ဘဝတဏှာ
ဘုံဘဝကို လိုချင်တောင့်တဆုတောင်းတာ = ဘဝတဏှာ
ဘဝဒိဋ္ဌိခေါ် သဿတဒိဋ္ဌိနှင့်ယှဉ်တာ = ဘဝတဏှာ



၃။ ဉာဏ်မပါဘဲ ဘဝပြတ်ပြီလို့ ထင်မှတ်နှစ်သက်တာ = ဝိဘဝတဏှာ
နိဗ္ဗာန်မဟုတ်ဘဲ နိဗ္ဗာန်လို့ ထင်မှတ်နှစ်သက်တာ = ဝိဘဝတဏှာ
ဝိဘဝဒိဋ္ဌိခေါ် ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တာ = ဝိဘဝတဏှာ

### တဏှာအစစ် (၁၀၈)

| | | |
|---|---|---|
| တဏှာ | ၃ | ပါးကိုတည်။ |
| အာရုံ | ၆ | ပါးနှင့်မြှောက်။ |
| | ၁၈ | |
| ကာလ | ၃ | ပါးနှင့်မြှောက် |
| | ၅၄ | ပါး။ |
| သန္တာန် | ၂ | ပါးနှင့်မြှောက် |
| တဏှာအစစ် | ၁၀၈ | ပါးဖြစ်၏။ |

(ဆောင်) *တဏှာသုံးတန်၊ အရင်းခံ၊ အာ၊ ကာ၊ သန်နှင့်မြှောက်။*
*တဏှာအစစ်၊ တစ်ရာ့ရှစ်၊ မှတ်လစ်စာရင်းပေါက်။*

### တဏှာပစ္စယာ ဥပါဒါန်

၈။ အင်္ဂါ — တရားကိုယ်

ဥပါဒါန် — လောဘ၊ ဒိဋ္ဌိ

ဥပါဒါန် ၄ ပါး

### သရုပ်

#### ဥပါဒါန် ၄ ပါး

၁။ ငါးပါးအာရုံ ကာမဂုဏ်တို့၌ ပြင်းထန်စွာ စွဲလမ်းတာ = ကာမုပါဒါန်

၂။ ဒိဋ္ဌိ ၆၂ ပါး၊ အယူမှားတို့၌ ပြင်းထန်စွာ စွဲလမ်းတာ = ဒိဋ္ဌုပါဒါန်

၃။ ခွေး၊ နွား စသော အကျင့်မျိုးတို့၌ ပြင်းထန်စွာ စွဲလမ်းတာ = သီလဗ္ဗတုပါဒါန်

၄။ ခန္ဓာငါးပါးတို့၌ အတ္တရှိသည်ဟု ပြင်းထန်စွာ စွဲလမ်းတာ = အတ္တဝါဒုပါဒါန်။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



## အန္တဂ္ဂါဟိကာဒိဋ္ဌိ ၁၀ ပါး

၁။ ရုပ်နာမ်လောကသည် မြဲတယ်။ (သဿတဒိဋ္ဌိ)
၂။ ရုပ်နာမ်လောကသည် မမြဲဘူး။ (ဥစ္ဆေဒဒိဋ္ဌိ)
၃။ ရုပ်နာမ်လောကသည် အဆုံးရှိတယ်။ (ဥစ္ဆေဒဒိဋ္ဌိ)
၄။ ရုပ်နာမ်လောကသည် အဆုံးမရှိဘူး။ (သဿတဒိဋ္ဌိ)
၅။ အသက်သည် ကိုယ်၊ ကိုယ်သည် အသက်ပဲ။
(အသက်နှင့် ကိုယ်အတူတူပဲ)။ (ဥစ္ဆေဒဒိဋ္ဌိ)
၆။ အသက်က တခြား၊ ကိုယ်က တခြားပဲ။
(အသက်နှင့်ကိုယ် တခြားစီပဲ) (ဧကစ္စသဿတဒိဋ္ဌိ)
၇။ သတ္တဝါသည် သေပြီးနောက် ဖြစ်သေးတယ်။ (သဿတဒိဋ္ဌိ)
၈။ သတ္တဝါသည် သေပြီးနောက် မဖြစ်တော့ဘူး။ (ဥစ္ဆေဒဒိဋ္ဌိ)
၉။ သတ္တဝါသည် သေပြီးနောက် တချို့ဖြစ်သေးတယ်၊ တချို့ မဖြစ်တော့ဘူး။
(ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့်ပဲ။ (ဧကစ္စ သဿတဒိဋ္ဌိ)
၁၀။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်။ (အမရာ မည်သော ငါးသည် ချော၍ ဖမ်းဆုပ်တိုင်းလွတ်သကဲ့သို့ အမိမခံသော အမရာဝိက္ခေပဒိဋ္ဌိ)

## ဒသဝတ္ထုကာဒိဋ္ဌိ (၁၀) ပါး

၁။ အလှူသည် အကျိုးမရှိ။
၂။ ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးမရှိ။
၃။ ဧည့်ဝတ်စသော ယဇ်ငယ်သည် အကျိုးမရှိ။
၄။ ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးရင်း အကျိုးဆက်မရှိ။
၅။ ထိုထိုဘဝမှ လာရာ ဤလောကမရှိ။
၆။ ဤဘဝမှ သွားရာ ထိုထိုတမလွန်လောကမရှိ။
၇။ အမိ၌ ကောင်း၊ မကောင်းပြုစုရကျိုးမရှိ။
၈။ အဘ၌ ကောင်း၊ မကောင်း ပြုစုရကျိုးမရှိ။
၉။ ဩပပါတိကသတ္တဝါ နတ်ဗြဟ္မာဆိုတာ မရှိ။
၁၀။ လောက၌ အနုလောမပဋိပဒါကျင့်သော သမဏ၊ ဗြဟ္မဏဟူ၍လည်း မရှိ။ ပစ္စုပ္ပန်လောက တမလွန်လောကကို သိ၍ ဟောကြားသော သဗ္ဗညုဘုရားဟူ၍လည်း မရှိ။



## နိယတမိစ္ဆာဒိဋ္ဌိ (၃) ပါး

၁။ နတ္ထိကဒိဋ္ဌိ - အကျိုးဝိပါက်ဟူ၍ မရှိ၊ ဘာကိုပြုပြု ကောင်းကျိုး၊ မကောင်းကျိုး မရှိဟု အကျိုးဝိပါက်ကို ပယ်သော အယူ။ (ဒသဝတ္ထုကာဒိဋ္ဌိများ)
၂။ အဟေတုကဒိဋ္ဌိ - အကြောင်းကံလည်း မရှိ၊ အကျိုးဝိပါက်လည်း မရှိဟု အကြောင်း အကျိုး နှစ်မျိုးလုံးကို ပယ်သောအယူ။
၃။ အကိရိယဒိဋ္ဌိ - ကောင်းမှု၊ မကောင်းမှုပြုသော်လည်း ပြုအပ်သည်မမည်၊ ပြုရာ မရောက်။ ကောင်းမှု မကောင်းမှုမဖြစ်ဟု အကြောင်းကံကို ပယ်သော အယူ။

လင်္ကာ ။ ။ အကိရိ-ကံပယ်၊ နတ်-ကျိုးပယ်၊ နှစ်သွယ်အဟေတု။ ကံနှင့် ကံကျိုး၊ ပစ်ပယ်ချိုး၊ ၃ မျိုးယူမှားမှု။

မှတ်ချက် ။ ။ မိစ္ဆာဒိဋ္ဌိ ၆၂ ပါးဆိုတာ သဿတဒိဋ္ဌိ ၄၄၊ ဥစ္ဆေဒဒိဋ္ဌိ ၁၈၊ ပေါင်း ၆၂ ပါး။ တစ်နည်း ဥစ္ဆေဒဒိဋ္ဌိ-၇၊ သဿတဒိဋ္ဌိ ၅၅၊ ပေါင်း ၆၂ ပါးတို့ ဖြစ်သည်။

## သက္ကာယဒိဋ္ဌိ ၂၀

၁။ ရုပ်သည် အတ္တ (ငါ) ဟူ၍ စွဲယူခြင်း။ (ဥစ္ဆေဒဒိဋ္ဌိ)။
မီးလျှံနှင့် အဆင်းမကွဲအောင် တစ်ထပ်တည်းစွဲယူခြင်းမျိုး။
၂။ ရုပ်ရှိသော အတ္တ (ငါ) ဟူ၍ စွဲယူခြင်း။ (သဿတဒိဋ္ဌိ)။
အရိပ်ရှိသော သစ်ပင်ဟု စွဲယူခြင်းမျိုး။
၃။ အတ္တ (ငါ) ၌ ရုပ်တည်၏ဟူ၍ စွဲယူခြင်း (သဿတဒိဋ္ဌိ)။
ပန်း၌ အနံ့တည်သည်ဟု စွဲယူခြင်းမျိုး။
၄။ ရုပ်၌ အတ္တ (ငါ) တည်၏ဟူ၍ စွဲယူခြင်း။ (သဿတဒိဋ္ဌိ)။
ကြုတ်၌ ပတ္တမြားတည်သည်ဟု စွဲယူခြင်းမျိုး။

မှတ်ချက် ။ ။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း ဤနည်းအတိုင်း သက္ကာယဒိဋ္ဌိ ၄ ပါးစီ ရ၏။ ဤသို့ ခန္ဓာငါးပါး၌ တစ်ပါးတစ်ပါးလျှင် သက္ကာယဒိဋ္ဌိ ၄ ပါးစီရ၍ ပေါင်းလျှင် သက္ကာယဒိဋ္ဌိ ၂၀ ဖြစ်သည်။ ထို ၂၀ တွင် ဥစ္ဆေဒဒိဋ္ဌိ ၅ ပါး၊ သဿတဒိဋ္ဌိ ၁၅ ပါးဖြစ်၏။

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



## သက္ကာယဒိဋ္ဌိရှင်းလင်းချက် (၁)

သန္တော - ပရမတ္ထအားဖြင့် ထင်ရှားရှိသော + ကာယော - ရုပ်နာမ်ခန္ဓာ ငါးပါးအပေါင်းသည်၊ 'သက္ကာယ' မည်၏။ သက္ကာယေ - ခန္ဓာငါးပါးအပေါင်းသက္ကာယ၌ + ဒိဋ္ဌိ ငါ သူတစ်ပါးဟု အမှားမြင်ခြင်းသည် သက္ကာယဒိဋ္ဌိမည်၏။

ဤသက္ကာယဒိဋ္ဌိ ၂၀ သည် နတ်ပြည်မတား၊ မဂ်ဖိုလ်ကိုသာ တားသည်။ သောတာပတ္တိမဂ်ရမှ အမြစ်ပြတ်သည်။ ဒိဋ္ဌိဟူသမျှသည် ဤသက္ကာယဒိဋ္ဌိသာလျှင် အရင်းခံဖြစ်၏။ မိဘသတ်ခြင်း စသော ကံကြီးကြောင့် ငရဲခံရသူသည် ကမ္ဘာပျက်အံ့သောအခါ ငရဲမှ လွတ်၏။ မိစ္ဆာဒိဋ္ဌိ ကံကြီးကြောင့် ငရဲခံရသူကား အယူမစွန့်မချင်း ငရဲမှ မလွတ်။ ကမ္ဘာပျက်အံ့သောခါ၌ တစ်ပါးသော စကြဝဠာသို့ ပြောင်း၍ ငရဲခံရ၏။ ဤသို့သော မိစ္ဆာဒိဋ္ဌိ ကံကြီးကိုပင် သက္ကာယဒိဋ္ဌိသည် ဖြစ်စေနိုင်၏။ ထို့ကြောင့် ကြောက်ဖွယ်ကောင်းလှ၏။ သင်ကြား၊ မေးမြန်းဆုံးဖြတ်ခြင်း - အာဂမဖြင့် လည်းကောင်း၊ မဂ်ဖိုလ်ရခြင်း = အဓိဂမဖြင့် လည်းကောင်း၊ ထိုသက္ကာယဒိဋ္ဌိကို ပျောက်ကင်းစေအပ်၏။ မဂ်ဖိုလ်မရသေးသမျှ အာဂမဖြင့် သက္ကာယဒိဋ္ဌိ ကင်းစေခြင်းကား စိတ်မချရသေး။ ဝိပဿနာ ဉာဏ်စဉ် ဆယ်ပါးလုံး၌ပင် ထိုသက္ကာယဒိဋ္ဌိကို အဖန်ဖန် ပယ်ကြရသေးသည်။

ပဋ္ဌာနသမုပ္ပာဒ်အရသာ
နာ (၂၃၈ - ၂၃၉)

## သက္ကာယဒိဋ္ဌိရှင်းလင်းချက် (၂)

အင်္ဂုတ္တိုရ် စကနိပါတ် အဋ္ဌကထာ ဒိဋ္ဌိဝဂ်၌ "၂၀ သော အခြင်းအရာရှိသော သက္ကာယ ဒိဋ္ဌိကို အစပြု၍ ဒိဋ္ဌိမည်သည် နတ်ရွာသုဂတိကို ဆောင်ခြင်းငှာ စွမ်းနိုင်သော မည်သည်မရှိ။ စင်စစ် ငရဲ၌သာလျှင် နစ်မြုပ်စေတတ်၏။ ဥပမာဆိုသော် ပဲနောက်စေ့လောက်ရှိသော ကျောက်စရစ်ခဲသည် ရေ၌ ပစ်ချအပ်သည် ရှိသော် အထက်သို့ပေါ်သော မည်သည်မရှိ။ စင်စစ် အောက်သို့သာလျှင် ဝင်သကဲ့သို့၊ ဝါ - နစ်မြုပ်သကဲ့သို့ ထို့အတူပမာ ယုတ်သော အပိုင်းအခြားရှိသော သက္ကာယဒိဋ္ဌိသည် နတ်ရွာသုဂတိသို့ ဆောင်ခြင်းငှာ စွမ်းနိုင်သည် မည်သည်မရှိ။ အပါယ်လေးပါးသို့သာလျှင် နစ်မြုပ်စေတတ်၏။" ဟု ဖွင့်ပြပေသည်။

သက္ကာယဒိဋ္ဌိ အယူရှိနေလျှင် ဝါ - ရုပ်နာမ် အနတ္တကိုပင် ငါ - ကိုယ်အတ္တဟု အယူမှားရှိနေလျှင် ရုပ်နာမ်သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်ဆင်ခြင်ရာ၌ "အနတ္တဟု ရှုခြင်း၏ မပြီးစီးနိုင်သောကြောင့်၊ ဝါ - အနတ္တလက္ခဏာမထင်နိုင်ခြင်းကြောင့် မဂ်ကိုတားမြစ်သည်။ သို့ပင် သက္ကာယဒိဋ္ဌိ အယူရှိနေသော်လည်း ဤသက္ကာယဒိဋ္ဌိအယူသည် နိယတမိစ္ဆာဒိဋ္ဌိကြီးများဖြစ်ကြသော နတ္ထိကဒိဋ္ဌိ အဟေ



တုကဒိဋ္ဌိ အကရိယဒိဋ္ဌိကြီးတို့ကဲ့သို့ ကမ္မပထမြောက်သော ဒိဋ္ဌိမျိုးများ မဟုတ်သောကြောင့်လည်းကောင်း၊ သက္ကာယဒိဋ္ဌိအယူရှိသော်လည်း လူ့ရွာနတ်ပြည်သို့ ရောက်ကြောင်း ကောင်းမှုကုသိုလ်ကံတို့၏ ပြီးခြင်းကြောင့် လူ့ရွာနတ်ပြည်ကို မတားမြစ်ပေ။ မုချရောက်နိုင်၊ ရနိုင်ပေသည်" ဟု ပဋိသမ္ဘိဒါမဂ်ပဏ္ဏိပုဒ်တို့၌လည်းကောင်း၊ ခန္ဓဝဂ္ဂသံယုတ်ဋီကာ၌လည်းကောင်း ဖွင့်ပြပေသည်။

ဤလို ဤပုံ၊ ဤသက္ကာယဒိဋ္ဌိသည် လူ့ရွာနတ်ပြည်ကို မတားမြစ်သော်လည်း မဂ်ကိုမူကား ကောင်းကောင်းကြီး တားမြစ်တတ်သောကြောင့်လည်းကောင်း၊ မဂ်မဖြစ်ကလည်း အပြီးအစီး အပါယ် လွတ်တရားမရ။ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး မပိတ်နိုင်သောကြောင့်လည်းကောင်း၊ အဆိုပါ သက္ကာယဒိဋ္ဌိကို သေနေ့မဦးခင် ပယ်သတ်နိုင်တဲ့ နေ့လရက်နှစ်များက ဦးသွားအောင် ရင်ဝလှံစူး ထိပ်ဦး မီးလောင်ပမာ လွန်စွာ့လွန်စွာ အရေးကြီးလှသည်ကို သတိပြုမိကြပါစေ။

ခန္ဓာဒီပကာသနီကျမ်း
(နာ - ၄၅ ၄၆)

## သက္ကာယဒိဋ္ဌိရှင်းလင်းချက် (၃)

လူကောင်ပမာဏရှိသော မီးခြစ်ခဲကြီးသည် ရှိသတတ်။ ပကတိအခါ၌ ဖက်ပိုက်၍ပင် နေသော်လည်း အေးမြ၏။ ကော်ဖတ်ဖြင့် တိုက်သည်ရှိသော် ဘယ်နေရာမှာပင် တိုက်သော်လည်း မီးတောက်သည်သာ ဖြစ်၏။ မီးမတောက်သောနေရာဟူ၍ မရှိ။ မီးတောက်၍ ထိုမီးခြစ်ခဲကြီးနှင့်တကွ အနီးအပါးစပ်လျဉ်းသမျှ အိမ်ရာကျောင်းကန်ရှိသမျှကို ခဏချင်း လောင်နိုင်၏။ ထို့အတူ "ငါ ငါ" ဟူသော သက္ကာယဒိဋ္ဌိသည်လည်း သူတစ်ပါးတို့အထိအပါးမရှိမူ၍ မိမိအလိုအလျောက် ချမ်းကြည်စွာနေသောအခါ၌ မထင်ရှားသေး။ သူတစ်ပါးတို့က မိမိကိုယ်ကို ကာယကံ၊ ဝစီကံဖြင့် အနာတရ ထိပါးလာသောအခါ တစ်ကိုယ်လုံးမှာ ဘယ်နေရာကိုပင် ထိသော်လည်း ထိသမျှနေရာတိုင်းက မီးတောက်၏။ "ငါ့ကို ပြုရသလား" ဟု ငါထွက်၍လာ၏။ မွေးညင်းသည် ကိုးသောင်း ကိုးထောင်ရှိသည်ဟူ၏။ ဦးခေါင်းမှာ ဆံပင်သည် နှစ်ကုဋေလေးသန်းရှိသည်ဟူ၏။ စော်ကားရမ်းကားမှုနှင့် ထိခဲ့လျှင် ဆံပင်တိုင်း မွေးညင်းတိုင်းမှ "ငါမီး" တောက်၏။ "ငါ့ကို စော်ကားသည်" ဟုဖြစ်၏။ ကြီးမားသော ကိုယ်အင်္ဂါတို့မှာ ထိခဲ့မူ ဆိုဖွယ်မရှိ။

လင်္ကာ ။ ။ ရေ မြေ လေ မီး၊ ဓာတ်ကြီးလေးခု၊ စက္ခု - သောတ ဃာန - ဇိဝှါ၊ ကာယ - မန၊
ဆ - အကြည်ဓာတ်၊ ဖဿ - ဝေဒနာ၊ စေတနာနှင့် သညာတကွ၊ ထိုဓာတ်မျှကို၊
လှလှကိုယ်တွင်၊ ကွင်းကွင်းမြင်က၊ ဉာဉ်သက္ကာယ၊ သေကိန်းကျသည်၊ ဆေးများ
သိဒ္ဓိအကျော်တည်း။

ပဋိစ္စသမုပ္ပာဒ်ဒီပနီ
နာ ၁၀၇ - ၁၀၈

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



## တဏှာနှင့် ဥပါဒါန် အထူး

❖ မရမရောက်သေးသော အာရုံကို တောင့်တတာက = တဏှာ
ရပြီး ရောက်ပြီးသော အာရုံကို မလွှတ်တမ်းစွဲလမ်းတာက = ဥပါဒါန်
❖ အလိုနည်းခြင်း၏ ဆန့်ကျင်ဘက်က = တဏှာ
ရောင့်ရဲခြင်း၏ ဆန့်ကျင်ဘက်က = ဥပါဒါန်
❖ ရှာမှီးခြင်းဒုက္ခလျှင် အရင်းရှိတာက = တဏှာ
စောင့်ရှောက်ခြင်းဒုက္ခလျှင် အရင်းရှိတာက = ဥပါဒါန်
❖ အားနည်းသောလိုချင်မှုက = တဏှာ
အားကြီးသော လိုချင်မှုက = ဥပါဒါန်
❖ လောဘအငယ်စားက = တဏှာ
လောဘအကြီးစားက = ဥပါဒါန်
❖ ကြောင်၏ ကြွက်ကို ချောင်းခိုက်လိုချင်မှုက = တဏှာ
ကြွက်ရလို့ မလွှတ်တော့ဘဲ စွဲမြဲစွာ လိုချင်မှုက = ဥပါဒါန်

## ဥပါဒါနပစ္စယာ ဘဝေါ

၁၀။ အင်္ဂါ | တရားကိုယ်
--- | ---
ဘဝ ─ ကမ္မဘဝ | လောကီကုသိုလ်၊ အကုသိုလ်စေတနာ
ဘဝ ─ ဥပပတ္တိဘဝ | အကျိုးရုပ်နာမ်ခန္ဓာ

## သရုပ်

ကမ္မဘဝ၏ တရားကိုယ်သရုပ်တို့မှာ သင်္ခါရ၏ တရားကိုယ်သရုပ်တို့နှင့်တူသည်။ "ဘဝင်္ဂါမိက်" ဆိုတာကတော့ ဘုံဘဝသို့ ရောက်ကြောင်းဖြစ်တဲ့ လောကီကုသိုလ် အကုသိုလ်စေတနာနှင့်အတူယှဉ်သော စိတ်စေတသိက်များဖြစ်သည်။

## သင်္ခါရနှင့် ကမ္မဘဝအထူး

* ပစ္စုပ္ပန်ဘဝဖြစ်ကြောင်း အတိတ်ကာလတုန်းက
စေတနာသည် – သင်္ခါရ။
အနာဂတ်ဘဝဖြစ်ကြောင်း ပစ္စုပ္ပန်ကာလမှာဖြစ်တဲ့
စေတနာသည် – ကမ္မဘဝ။



## အခြင်းအရာငါးပါး၌ ပါသော သင်္ခါရနှင့် ကမ္မဘဝအထူး

၁။ ကုသိုလ်အကုသိုလ်ပြုရာ၌ အထမြောက်မိ ရှေးအဖို့၌ ဖြစ်သောပုဗ္ဗစေတနာသည် = သင်္ခါရ။
အထမြောက်သော မုဉ္စစေတနာသည် = ကမ္မဘဝ။
၂။ တစ်နည်း ဇော ၇ ကြိမ်တွင် ရှေ့ဇော ၆ ကြိမ်နှင့်ယှဉ်သော စေတနာသည် = သင်္ခါရ။
သတ္တမဇောနှင့် ယှဉ်သော စေတနာသည် = ကမ္မဘဝ။
၃။ တစ်နည်း – စေတနာနှင့်ယှဉ်သော စိတ်စေတသိက်သည် = သင်္ခါရ။
စေတနာဟူသမျှသည် = ကမ္မဘဝ။

## ကမ္မဘဝနှင့် ဥပပတ္တိဘဝ

ဘုံဘဝသို့ ရောက်စေတတ်သော အကြောင်းစေတနာကံသည် = ကမ္မဘဝ။
အကြောင်းစေတနာကံတွေကြောင့် ဖြစ်ပေါ်လာရသော အကျိုးခန္ဓာအမျိုးမျိုးသည် = ဥပပတ္တိဘဝ။

## ဥပပတ္တိဘဝအရ ဘဝကြီး (၉) ပါး

၁။ ကာမဘဝ – ကာမဘုံမှာဖြစ်တဲ့ အကျိုးခန္ဓာ။
၂။ ရူပဘဝ – ရူပဘုံမှာဖြစ်တဲ့ အကျိုးခန္ဓာ။
၃။ အရူပဘဝ – အရူပဘုံမှာဖြစ်တဲ့ အကျိုးခန္ဓာ။
၄။ သညီဘဝ – စိတ်သညာရှိသော အကျိုးခန္ဓာ။
၅။ အသညီဘဝ – စိတ်သညာမရှိသော အကျိုးခန္ဓာ။
၆။ နေဝသညီနာသညီဘဝ – စိတ်သညာရှိသည်လည်းမဟုတ်၊ စိတ်သညာမရှိသည်လည်း မဟုတ်သော အကျိုးခန္ဓာ။
၇။ ဧကဝေါကာရဘဝ – ခန္ဓာတစ်ပါးတည်းသာရှိသော အကျိုးခန္ဓာ။
၈။ စတုဝေါကာရဘဝ – ခန္ဓာလေးပါးရှိသော အကျိုးခန္ဓာ။
၉။ ပဉ္စဝေါကာရဘဝ – ခန္ဓာငါးပါးရှိသော အကျိုးခန္ဓာ။

## ဘဝတူများ

(၁) ဘဝနှင့် (၉) ဘဝတူသည်။
(၃) ဘဝနှင့် (၈) ဘဝတူသည်။
(၅) ဘဝနှင့် (၇) ဘဝတူသည်။

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



## ဘဝပစ္စယာ ဇာတိ

၁၀။ အင်္ဂါ — တရားကိုယ်

ဇာတိ — အကျိုးရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပေါ်ဥပါဒ်မှု ရုပ်ဇာတိ နာမ်ဇာတိ

### သရုပ်

#### ပဋိသန္ဓေ (၄) မျိုး

(၁) ဇလာဗုဇပဋိသန္ဓေ - သားအိမ်၌နေရသော ပဋိသန္ဓေ။
(လူ ဆင် မြင်း ခွေးစသော သတ္တဝါများ)

(၂) အဏ္ဍဇပဋိသန္ဓေ - ဥခွံတွင်း၌ဖြစ်ရသော ပဋိသန္ဓေ။
(ငှက်အမျိုးမျိုး မြွေ လိပ် ငါးစသော သတ္တဝါများ)

(၃) သံသေဒဇပဋိသန္ဓေ - အညစ်အကြေး၊ စိုစွတ်ရာနေရာတို့၌ စွဲမှီ၍ဖြစ်သော ပဋိသန္ဓေ။
(ပဒုမဝတီမိဖုရား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဝေဠုဝတီမိဖုရား၊ စိဉ္စမာန၊ အမ္ဗပါလိကာ စသည်နှင့် ပိုးလောက်အချို့။ ဘုမ္မစိုးနတ်နှင့် တိရစ္ဆာန်အချို့)

(၄) ဩပပါတိက ပဋိသန္ဓေ - စွဲမှီရာမရှိဘဲ ဘွားခနဲ ကိုယ်ထင်ရှားဖြစ်ပေါ်လာသော ပဋိသန္ဓေ။
(ငရဲသား၊ ပြိတ္တာ၊ တိရစ္ဆာန်အချို့၊ ကမ္ဘာဦးကလူနှင့် နတ်ဗြဟ္မာများ)

#### ဇာတိ (၃) မျိုး

(၁) ဘဝသစ်ဇာတိ - ရှေးကံကြောင့်ဖြစ်သော ပဋိသန္ဓေ (၄) မျိုး။

(၂) သန္တတိဇာတိ - ရုပ်အစဉ် နာမ်အစဉ် အသစ်အသစ်ဖြစ်ပေါ်မှု။

(၃) ခဏိကဇာတိ - ရုပ်နာမ်များ အသေးစိတ် အစိတ်အစိတ်ကွဲ၍ တစ်ခဏအတွင်း ဖြစ်ပေါ်မှု။

## ဇာတိပစ္စယာ ဇရာမရဏံ

၁၀။ အင်္ဂါ — တရားကိုယ်

ဇရာမရဏ — အကျိုးရုပ်နာမ်ခန္ဓာတို့၏ ရင့်မှုပျက်မှု (ဌီနှင့်ဘင်) ရုပ်ဇရာမရဏ (တေဇော)၊ နာမ်ဇရာမရဏ



### သရုပ်

#### ဇရာ (၃) မျိုး

(၁) ဝယောဝုဒ္ဓိဇရာ - အရွယ်အိုမင်း၍ ဆံဖြူ၊ သွားကျိုး၊ အရေတွန့်ခြင်းစသည်။

(၂) သန္တတိဇရာ - အသစ်အသစ်ဖြစ်ပေါ်သော ရုပ်အစဉ်နာမ်အစဉ်များ ဆုတ်ယုတ် လျော့ကျမှု။

(၃) ခဏိကဇရာ - အသေးစိတ် အစိတ်အစိတ် ဖြစ်ပေါ်သော ရုပ်နာမ်များ တစ်ခဏအတွင်း ဆုတ်ယုတ်လျော့ကျမှု။

#### မရဏ (၃) မျိုး

(၁) ဘဝဆုံးမရဏ - သေခြင်းလေးမျိုးတွင် တစ်မျိုးမျိုးနှင့် သေခြင်း။

(၂) သန္တတိမရဏ - အသစ်အသစ် ဖြစ်ပေါ်လာသော ရုပ်အစဉ်၊ နာမ်အစဉ်များ ကုန်ဆုံး ပျက်ပျောက်မှု။

(၃) ခဏိကမရဏ - အသေးစိတ် အစိတ်အစိတ် ဖြစ်ပေါ်သော ရုပ်နာမ်များ တစ်ခဏအတွင်း လျင်စွာလျင်စွာ ကုန်ဆုံးပျက်စီးမှု။

## အပါယ်လေးဘုံသားတို့၏ ခန္ဓာငါးပါး ဒုက္ခသစ္စာ

မေး ။ ။ ယောဂီပုဂ္ဂိုလ်တို့ ၃၁ ဘုံထဲမှာ အဆင်းရဲဆုံး၊ အောက်တန်းအကျဆုံး၊ အရေအတွက် အများဆုံးဖြစ်တဲ့ "ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်" ဆိုတဲ့ အပါယ်လေးဘုံသား သတ္တဝါတွေရှိတယ်။ အဲဒီအပါယ်သတ္တဝါတွေဟာ လွန်လေပြီးသော အတိတ်ကာလ တုန်းက လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ ဖြစ်ခဲ့ကြဖူးတယ်ဆိုတာ ယုံကြရဲ့လား။

ယောဂီ ။ ။ ယုံကြပါအရှင်ဘုရား။

ဆရာ ။ ။ မယုံမရှိကြနဲ့။ ရှေးဘဝ နောက်ဘဝရှိတယ်ဆိုတာ ဘုရားဟောဒေသနာတော် အရရော၊ အဲဒီကျမ်းဂန်တွေထဲက ဝတ္ထုကြောင်းတွေအရရော၊ ယခုခေတ် အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်တွေ၊ လူဝင်စားတွေ ပြောပြချက်တွေအရရော တကယ်မှန်ကန်တဲ့ အချက်ဖြစ်ပါ တယ်။ မယုံမရှိကြနဲ့။ အဲဒီတော့ ရှေးတုန်းက လူနတ်ဗြဟ္မာတွေဟာ ယခု ဘာ့ကြောင့် ငရဲသားတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသုရကာယ်တွေ ဖြစ်နေ ကြရသလဲဆိုတာ ဆန်းစစ်ကြည့်ရအောင်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံသားတို့သည် လွန်လေပြီးသော အတိတ်ကာလ၊ အတိတ်ဘဝတုန်းက သစ္စာလေးပါး သိခဲ့ကြပါရဲ့လား။

ဖြေ ။ ။ မသိခဲ့ကြပါ အရှင်ဘုရား။

မေး ။ ။ သစ္စာလေးပါးမသိတာ။

ဖြေ ။ ။ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ။ ။ အပါယ်လေးဘုံသားတို့သည် ရှေးဘဝက သစ္စာမသိမှုအဝိဇ္ဇာရှိနေတော့ မိမိခန္ဓာနဲ့ သားသမီးပစ္စည်းဥစ္စာဆိုတဲ့ ပြင်ပခန္ဓာတွေကို မခင်ကြဘူးလား။

ဖြေ ။ ။ ခင်ကြပါ အရှင်ဘုရား။

မေး ။ ။ ခန္ဓာဟူသမျှ ခင်ကြတာက?

ဖြေ ။ ။ တဏှာပါ အရှင်ဘုရား။

မေး ။ ။ ခန္ဓာကို တဏှာနဲ့ ခင်ကြလေတော့ "ဒီခန္ဓာကြီးဟာ ငါပဲ၊ ငါ့ဥစ္စာပဲ၊ ဒါက ငါ့သား၊ ဒါက ငါ့သမီး၊ ဒါက ငါ့ပစ္စည်းပဲ။ ငါ ခိုင်မြဲနေတယ်။ အို ငါသေရင် ပြီးတာပြတ်တာပဲ" ဆိုတဲ့ ဒိဋ္ဌုပါဒါန်တွေနဲ့ မစွဲလမ်းဘူးလား။

ဖြေ ။ ။ စွဲလမ်းကြပါအရှင်ဘုရား။

မေး ။ ။ ဒိဋ္ဌိနဲ့စွဲလမ်းတော့ "ငါ့အတွက်ရော၊ ငါ့သား၊ ငါ့သမီးအတွက်ရော၊ ငါ့ဆွေ၊ ငါ့မျိုးအတွက်ရော အစားဖူလုံအောင်၊ အဝတ်ဆင်ရအောင်၊ အနေအောက်တန်းမကျအောင် ဆိုပြီး၊ "သက်သတ် ခိုးမှု၊ ကာမေသုနှင့်၊ မုသားပြောကြား၊ သောက်စား လောင်းကစား" အပြစ်များတဲ့အကုသိုလ်တွေ မလုပ်ခဲ့ကြဘူးလား။

ဖြေ ။ ။ လုပ်ခဲ့ကြပါအရှင်ဘုရား။

မေး ။ ။ အဲဒီအကုသိုလ်တွေက ဘာသင်္ခါရ?

ဖြေ ။ ။ အပုညာဘိသင်္ခါရပါအရှင်ဘုရား။

မေး ။ ။ သြော် အပါယ်လေးဘုံသားတို့သည် ရှေးဘဝတုန်းက သစ္စာမသိလို့ ခန္ဓာခင်ခဲ့ကြတယ်။ ခန္ဓာခင်တော့ စွဲလမ်းကြတယ်။ စွဲလမ်းကြတော့ အကုသိုလ်တွေ လုပ်ခဲ့ကြတယ်။ အဲဒီတော့ အပုညာဘိသင်္ခါရပစ္စယာ၊ ဘာဝိညာဏ် ဘာခန္ဓာရကြပါလိမ့်။

ဖြေ ။ ။ အပါယ်ဝိညာဏ်၊ အပါယ်ခန္ဓာရကြပါအရှင်ဘုရား။

မေး ။ ။ ကဲ အင်္ဂါအားဖြင့် ပဋိစ္စသမုပ္ပါဒ်လှည့်ကြည့်ရအောင်။ အဝိဇ္ဇာပစ္စယာ–

ဖြေ ။ ။ အပုညာဘိ သင်္ခါရာ။

မေး ။ ။ အပုညာဘိသင်္ခါရပစ္စယာ–

ဖြေ ။ ။ အပါယ်ဝိညာဏ် အပါယ်ခန္ဓာ။



မေး ။ ။ အပါယ်ဝိညာဏ် အပါယ်ခန္ဓာ ဘာသစ္စာ၊

ဖြေ ။ ။ ဒုက္ခသစ္စာပါ အရှင်ဘုရား။

ဆရာ ။ ။ ဒုက္ခဆိုတာ မခံသာတာ၊ သစ္စာက အမှန်။ သြော် အပါယ်လေးဘုံသားတို့သည် ရှေးဘဝက သစ္စာမသိဘဲ ဒိဋ္ဌိအုပ်ချုပ်တဲ့ အကုသိုလ်ကံတွေပြုလုပ်ခဲ့ကြခြင်းကြောင့် ယခုဘဝမှာ အပါယ်ဆင်းရဲဒုက္ခပွဲတွေ မခံသာအောင် နှံ့နေရကြရပြီဆိုတာ ဉာဏ်ထဲမှာ ပေါ်ပလား။

ယောဂီ ။ ။ ပေါ်ပါပြီအရှင်ဘုရား။

## ဒိဋ္ဌိမပြုတ်ရင် အပါယ်မြုပ်ဦးမယ်

ဆရာ ။ ။ ယောဂီပုဂ္ဂိုလ်တို့ ခင်ဗျားတို့ ကျုပ်တို့အပါအဝင် အားလုံးသော လူနတ်ဗြဟ္မာတွေဟာ လွန်လေပြီးသော အတိတ်ကာလတုန်းက သစ္စာမသိမှု အဝိဇ္ဇာရှိနေတော့ ဘုံဘဝကို တဏှာနဲ့ဆုတောင်း၊ ဥပါဒါန်က စွဲလမ်းပြီး၊ ကုသိုလ်သင်္ခါရတွေ အားထုတ်ခဲ့ကြလို့ ယခုပစ္စုပ္ပန်ကာလမှာ လူနတ်ဗြဟ္မာခန္ဓာတွေ ရနေကြတယ်ဆိုတာ ရှင်းလင်းထားလို့ အားလုံးသိကြပါပြီနော်။

ယောဂီ ။ ။ မှန်ပါအရှင်ဘုရား။

ဆရာ ။ ။ ကောင်းပြီ။ ဒီတော့ နတ်ဗြဟ္မာတွေ အသာထားပါဦး။ မျက်မြင်ထင်ရှားတဲ့ လူသားတွေအတွက် ပြောရမယ်ဆိုလို့ရှိရင်ဖြင့် ဟော ဒီလူသားဟာ ကောင်းမြတ်တင့်တယ်၊ ရှုချင်လိုချင်ဖွယ် အဆင်းအာရုံတစ်ခုကို မြင်ပြီဆိုကြပါစို့။ အဲဒီအခါ မြင်တော့လည်း ငါမြင်တယ် ပြောတယ်။ ယူတယ်။ ဟော မြင်စိတ်ကို ငါစွဲပြီ။ ခံစားတော့လည်း ငါခံစားတယ် ပြောတယ်။ ဟော ဝေဒနာကို ငါထင်ပြီ။ ဝေဒနာကို ငါထင်တော့ ဝေဒနာပစ္စယာဘာလာ မှာပါလိမ့်။

ယောဂီ ။ ။ တဏှာလာမှာပါ အရှင်ဘုရား။

ဆရာ ။ ။ ခံစားတာက ဝေဒနာ၊ သာယာတာက တဏှာ။ သာယာတော့လည်း ငါသာယာတယ်။ ဟော တဏှာကို ငါလုပ်ပြီ။ တဏှာကို ငါလုပ်တော့ တဏှာပစ္စယာ–

ယောဂီ ။ ။ ဥပါဒါန်ပါ အရှင်ဘုရား။

ဆရာ ။ ။ သာယာတာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်။ စွဲလမ်းတော့လည်း ငါစွဲလမ်းတယ်၊ ဆိုတော့ ဟော ဥပါဒါန်ကို ငါလို့ယူပြန်ပြီ။ အဲဒီတော့ ဒီလင်ဒီမယား ဒီသားအတွက်ဖြင့် ငါ အသက်ပဲသေသေ၊ အဆင်ပြေအောင် လုပ်မယ်ကိုင်မယ်။ ဒီသမီးနဲ့ ဒီပစ္စည်းကိုဖြင့် ငါအထိမခံနိုင်ဘူး၊ ပြောမယ်ဆိုမယ်။ ငါ့မိသားစုကို ငါဘယ်နည်းနဲ့မှ အောက်ကျမခံဘူး။ ငါအထိမခံနိုင်ဘူး၊ ပြောမယ်ဆိုမယ်။ ငါ့မိသားစုကို ငါဘယ်နည်းနဲ့မှ အောက်ကျမခံဘူး။ ငွေရအောင် စီးပွားတိုးတက်အောင် ကြံမယ်စည်မယ်။ ဒါတွေဟာ တခြားလား၊ အပြင်းအထန် စွဲလမ်းတာလား။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ယောဂီ ။ ။ အပြင်းအထန် စွဲလမ်းတာပါအရှင်ဘုရား။

မေး ။ ။ အပြင်းအထန်စွဲလမ်းတာ ဥပါဒါန်ဆိုတော့ ဥပါဒါနပစ္စယာ–

ဖြေ ။ ။ ကမ္မဘဝပါအရှင်ဘုရား။

ဆရာ ။ ။ ဟော အပြင်းအထန်စွဲလမ်းလို့ အကုသိုလ်မရှောင်၊ ငါဦးဆောင်ပြီး သားရေးသမီးရေး စီးပွားရေးတွေကို ကာယကံ ဝစီကံ မနောကံတွေနဲ့ ရှာဖွေလုပ်ကိုင်ပါပြီ။ ဒီကံသုံးပါးနဲ့ ရှာဖွေလုပ်ကိုင်တာ တခြားလား၊ ကမ္မဘဝလား။

ယောဂီ ။ ။ ကမ္မဘဝပါအရှင်ဘုရား။

မေး ။ ။ ဒီကမ္မဘဝသည် ဘာအုပ်ချုပ်တဲ့ကံပါလိမ့်။

ဖြေ ။ ။ ဒိဋ္ဌိအုပ်ချုပ်တဲ့ အကုသိုလ်ကံပါအရှင်ဘုရား။

မေး ။ ။ ဒါဖြင့် ဒိဋ္ဌိအုပ်ချုပ်တဲ့ အကုသိုလ်ကံက ကမ္မဘဝ။ ကမ္မဘဝ ပစ္စယာ–

ဖြေ ။ ။ ဇာတိပါအရှင်ဘုရား။

မေး ။ ။ ရိုးရိုးမဆိုနဲ့၊ အပါယ်ဇာတိလို့ ဆို။ ဒိဋ္ဌိအုပ်ချုပ်တဲ့ အကုသိုလ်ကံကြောင့်ကတော့ အပါယ်ဇာတိရမှာပဲ။ ကဲ ကမ္မဘဝပစ္စယာ–

ဖြေ ။ ။ အပါယ်ဇာတိပါအရှင်ဘုရား။

မေး ။ ။ အပါယ်ဇာတိပစ္စယာ–

ဖြေ ။ ။ အပါယ်ဇရာမရဏပါအရှင်ဘုရား။

မေး ။ ။ အပါယ်ဇာတိအပါယ်ဇရာမရဏဆိုတာ ဘာသစ္စာ

ဖြေ ။ ။ ဒုက္ခသစ္စာပါ အရှင်ဘုရား။

ဆရာ ။ ။ ဗြဟ္မာတွေသေရင် တိုက်ရိုက်အပါယ်မကျပါဘူး။ လူနတ်ဖြစ်ပြီးမှ အပါယ်လေးဘုံ ကျရောက်ပါတယ်။ နတ်များကတော့ လူတွေလိုပါပဲ။ သေရင် အပါယ်တိုက်ရိုက် ကျနိုင်ပါတယ်။

ဆရာ ။ ။ ဩော် ဒါ့ကြောင့် အခုလို ဘုရားသာသနာတွင်းအခါနဲ့ ကံထူးလို့ ကြုံကြိုက်တုန်းမှာ သူတော်ကောင်းမဆည်းကပ်၊ မြတ်တရားမနာ၊ သစ္စာမသိ၊ ဒိဋ္ဌိပြုတ်အောင် ဝိပဿနာ အလုပ် အားမထုတ်ကြဘဲ၊ သားရေးသမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်လို့ ဒိဋ္ဌိမပြုတ်ကြ ဘူးဆိုရင်ဖြင့် ကျောက်ခဲရေကျ၊ ဘယ်တော့မှ ပေါ်မလာရအောင် အပါယ်လေးပါး ဝဲဇလုတ်ထဲမှာ သေချာပေါက် မြုပ်ကြရလိမ့်ဦးမယ်ဆိုတာ အမှန်ပဲနော။

ယောဂီ ။ ။ အမှန်ပါပဲအရှင်ဘုရား။

■



# သင်ခန်းစာ (၁၈)

# ကံနှင့် ဝိညာဏ်ပေါ်မှာ ဒိဋ္ဌိဖြုတ်ပုံ

## (သင်္ခါရနှင့် ဝိညာဏ်အစပ်)

ဆရာ ။ ။ သူတော်ကောင်းတရားကို (ဝါ) ဒိဋ္ဌိပြုတ် သစ္စာဆိုက်တဲ့တရားကို မကြားရ၊ မနာရ၊ အရိယာမျက်လုံး အမြင်မရသေးတဲ့ ပုဂ္ဂိုလ်များသည် ကံနှင့်ဝိညာဏ်ပေါ်မှာ ဒိဋ္ဌိအစွဲ ရှိတယ်လို့ မှတ်ကြပါ။ ရှေးဦးစွာ ကံပေါ်မှာ ဒိဋ္ဌိစွဲပုံ အရင်ပြပါ့မယ်။ ဘယ်လိုလဲဆိုလို့ ရှိရင်ဖြင့် များစွာသော သတ္တဝါတွေဟာတဲ့ ကံပေါ်မှာ သဿတဒိဋ္ဌိသော် လည်းကောင်း၊ ဥစ္ဆေဒဒိဋ္ဌိသော်လည်းကောင်း စွဲကြတယ်။ ကံပေါ်မှာ သဿတဒိဋ္ဌိ စွဲတယ်ဆိုတာက–

မေး ။ ။ ၁ အကွက်ထဲက သင်္ခါရဆိုတဲ့ ကံသည် ၂ အကွက် ခန္ဓာငါးပါးထဲကို လိုက်လာတယ်။ ရှေးကံက ခုဘဝ ခန္ဓာထဲလိုက်လာပြီး ကောင်းကျိုး မကောင်းကျိုးတွေ ပေးနေတယ်လို့ အယူမရှိကြဘူးလား။

ဖြေ ။ ။ ရှိကြပါအရှင်ဘုရား။

မေး ။ ။ ကံလိုက်တယ်ဆိုတော့ ရှေးဘဝက ဒီကံဟာ မပျက်မစဲ ခိုင်မြဲနေတဲ့ သဘောမပါဘူးလား။

ဖြေ ။ ။ ပါပါ အရှင်ဘုရား။

မေး ။ ။ အဲဒီတော့ ကံဟာ မပျက်စီးဘူး၊ ခိုင်မြဲတယ်၊ ကံလိုက်တယ်ဆိုတဲ့အယူဟာ တခြားလား၊ သဿတဒိဋ္ဌိလား။

ဖြေ ။ ။ သဿတဒိဋ္ဌိပါအရှင်ဘုရား။

ဆရာ ။ ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ကလည်း ဓမ္မပဒမှာ "ဆာယာဝအနုပါယိနီ – လူသွားရာနောက်ကို အရိပ်လိုက်သလို ကုသိုလ်ကံတွေဟာ ဖြစ်လေရာဘဝမှာ လိုက်ပါ အကျိုးပေးနေတယ်။ "စက္ကံဝ ဝဟတော ပဒံ – အကုသိုလ်ကံတွေကလည်း ဝန်ဆောင် နွားနောက်ကို လှည်းဘီးလိုက်သလို လိုက်ပါအကျိုးပေးနေတယ်" လို့ သေသေချာချာ ဟောခဲ့တာပဲ။ အဘိဓာသုတ်မှာလည်း "ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ ကံကောင်း ကံဆိုးနှစ်မျိုးတို့၏ အမွေကို ခံယူရမယ်။ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိတယ်" လို့ ကံသည် မပျက်မစီးဘဲ သတ္တဝါတွေကို အမြဲစောင့်ရှောက်နေတဲ့သဘောကို ဘုရားရှင် ကိုယ်တိုင်က ဟောကြားခဲ့ပြန်ပါတယ်။ ဒါက "ကံလိုက်တယ်" လို့ ဘုရားဟောတော် မှုတဲ့အပိုင်းပါ။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



နောက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "သဗ္ဗေသင်္ခါရာ အနိစ္စာ-ကံသင်္ခါရအပါအဝင် အလုံးစုံ သင်္ခါရတရားတွေဟာ မမြဲဘူး။ ဖြစ်ပြီးပျက်တယ်။ အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော-သင်္ခါရတရားမှန်သမျှတို့သည် စင်စစ် မြဲသည် မရှိကုန်။ ဖြစ်ခြင်းပျက်ခြင်း သဘောရှိကြကုန်၏" လို့ ကံဟာ ဖြစ်ပြီးပျက်တယ်၊ မမြဲဘူး၊ မမြဲတော့ "ကံမလိုက်ဘူး" ဆိုတာကိုလည်း ဟောတော်မူခဲ့ပြန်ပါတယ်။

မေး ။ ။ ဤကဲ့သို့ ဘုရားတစ်ဆူတည်းကပင် "ကံလိုက်တယ်လို့ တစ်မျိုး၊ ကံမလိုက်ဘူးလို့ တစ်မျိုး" နှစ်မျိုးနှစ်စား ဟောထားခဲ့လေတော့ ဒီအချက်ကို ခွဲခြားနားလည်ဖို့ မလိုဘူးလား။

ဖြေ ။ ။ လိုပါအရှင်ဘုရား။

မေး ။ ။ ဩော် ဘုရားတရားတော်ကို သေချာစွာ ခွဲခြမ်းစိတ်ဖြာ နားမလည်ဘဲ "တကယ့်ကို ကံလိုက်တယ်" လို့ ယူထားပြန်ရင်လည်း ဘာဒိဋ္ဌိပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိပါအရှင်ဘုရား။

မေး ။ ။ ဟာ ဘုရားက "ကံဟာ ဖြစ်ပြီးပျက်တယ်၊ မမြဲဘူး၊ ကံမလိုက်ဘူး" လို့ ဟောထားတာပဲ။ ဒါကြောင့် ကံဟာ ပျက်ပြီးတော့ ပြတ်သွားပြီ။ နောက် ဘာအကျိုးမှ မပေးတော့ဘူးလို့ ကံပေါ်မှာ အပြတ်ယူလိုက်ပြန်ရင်လည်း တခြားလား၊ ဥစ္ဆေဒဒိဋ္ဌိလား။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိပါ အရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ ကံပေါ်မှာ သဿတဒိဋ္ဌိ အယူယူမိသော်လည်းကောင်း၊ ဥစ္ဆေဒဒိဋ္ဌိ အယူယူမိသော်လည်းကောင်း အလွဲအမှားယူမိတာဖြစ်တော့ ဘုရားအပေါ် စွပ်စွဲရာမကျဘူးလား။

ဖြေ ။ ။ စွပ်စွဲရာကျပါအရှင်ဘုရား။

ဆရာ ။ ။ ဒါ့ကြောင့် ဒီအချက်ကိုဖြင့် ဘုရားအပေါ် စွပ်စွဲရာမကျအောင် ရှင်းကြရမယ်။ ဒါကို အင်္ဂုတ္တိုရ်အဋ္ဌကထာဆရာ၏ အဆိုအမိန့်အရ ရှင်းရမယ်ဆိုရင်ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် တရားဟောတော်မူတဲ့အခါ (၁) နေယျတ္ထဒေသနာ။ (၂) နီတတ္ထဒေသနာရယ်လို့ ဒေသနာနှစ်မျိုးထားပြီး ဟောတော်မူပါတယ်တဲ့။

(၁) ဉာဏ်နုသေးသော ပုဂ္ဂိုလ်တို့အား ကံနှင့် ကံ၏အကျိုးကို ယုံကြည်ပါစေခြင်းငှာ (ဝါ) ကမ္မဿကတာဉာဏ်နှင့် ပြည့်စုံ၍ အကုသိုလ်ကို ရှောင်၊ ကုသိုလ်ကိုဆောင်ပြီး သေရင် အပါယ်မကျပါစေခြင်းငှာ ကံမလိုက်သော်လည်း "ကံလိုက်တယ်" လို့ ဟောတော်မူတာဖြစ်ပါတယ်။ ဒီလို တရားနာသူ နားလည်နိုင်လောက်ရုံ အဓိပ္ပာယ်ကိုဆောင်ပြီး ဟောတော်မူတဲ့တရားမျိုးကို "နေယျတ္ထဒေသနာ" လို့ ခေါ်ပါတယ်။ ဤကဲ့သို့ "ကံလိုက်တယ်" လို့မှ ဆောင်မဟောပါမူ



"ကံမလိုက်ဘူး၊ အကြောင်းပြတ်၊ အကျိုးမရှိ" ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူဘက် ပြေးသွားနိုင်ပါတယ်။ ဒီဥစ္ဆေဒဒိဋ္ဌိဟာ နိယတမိစ္ဆာဒိဋ္ဌိဖြစ်သောကြောင့် သေရင် အပါယ်ကျမယ်။ ဒါ့ကြောင့် ဉာဏ်နုသော သတ္တဝါတို့အား အပါယ်မကျပါစေခြင်းအကျိုးငှာ "ကံလိုက်တယ်" လို့ သုတ္တန်နည်းနဲ့ ဆောင်ပြီး ဟောတော်မူတာပဲ။ တကယ်တော့ သဗ္ဗေသင်္ခါရာ အနိစ္စာလို့ ဟောတော်မူတဲ့အတိုင်း ဒီကံဟာ ဖြစ်ပြီးပျက်တယ်လို့ နားလည်သိမြင်ရင် ကံပေါ်မှာ စွဲနေတဲ့ သဿတဒိဋ္ဌိပြုတ်တယ်လို့မှတ်ပါ။ ဒီဒေသနာက သုတ္တန်နည်းနဲ့ဟောတာပါ။ ဤကဲ့သို့ သဘောအမှန်ကို ဉာဏ်ဖြင့်ဆောင်ပြီး သိရလို့လည်း "နေယျတ္ထဒေသနာ" လို့ ခေါ်ပါတယ်။ ကဲ နှစ်ထပ်ရှိတော့ မှတ်မိအောင် ဖြေကြစမ်းပါ။

မေး ။ ။ "ကံလိုက်တယ်" လို့ ဟောတော်မူတာသည် အဘယ်ပုဂ္ဂိုလ်တို့အား ဟောတော်မူတဲ့ တရားပါလိမ့်။

ဖြေ ။ ။ ဉာဏ်နုသော ပုဂ္ဂိုလ်တို့အား ဟောတော်မူတဲ့တရားပါ အရှင်ဘုရား။

မေး ။ ။ ဉာဏ်နုသော ပုဂ္ဂိုလ်တို့အား အဘယ်နည်းနဲ့ ဟောတော်မူပါလိမ့်။

ဖြေ ။ ။ သုတ္တန်နည်းနဲ့ ဟောတော်မူပါအရှင်ဘုရား။

မေး ။ ။ သုတ္တန်နည်းနဲ့ ဟောတော်မူတာ ဘာဒေသနာ-

ဖြေ ။ ။ နေယျတ္ထဒေသနာပါ အရှင်ဘုရား။

မေး ။ ။ နေယျတ္ထဒေသနာရဲ့အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ ။ ။ တရားနာသူ နားလည်နိုင်လောက်ရုံ အဓိပ္ပာယ်ကို ဆောင်ပြီးဟောတာ နေယျတ္ထဒေသနာပါအရှင်ဘုရား။

မေး ။ ။ တစ်နည်းအားဖြင့်?

ဖြေ ။ ။ သဘောအမှန်ကို ဉာဏ်ဖြင့်ဆောင်ပြီး သိရတာက နေယျတ္ထဒေသနာပါ အရှင်ဘုရား။

မေး ။ ။ ဒီနေယျတ္ထဒေသနာကို အဘယ်အကျိုးငှာ ဟောတော်မူပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိဘက်မပြေးဘဲ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ပြီး သေရင် အပါယ်မကျပါစေခြင်းအကျိုးငှာ ဟောတော်မူပါအရှင်ဘုရား။

(၂) အဓိပ္ပာယ်ကို ဆောင်ယူစရာမလို၊ ဘုရားဟောတော်မူတဲ့အတိုင်း အဓိပ္ပာယ်ကို တိုက်ရိုက်သိရတဲ့ ဒေသနာကို "နီတတ္ထဒေသနာ" လို့ ခေါ်ပါသည်။ ဒါက အဘိဓမ္မာနည်းနဲ့ ဟောတာပါ။ နိဗ္ဗာန်ကို အရောက်ရင် အခုယူကြမည့် ဉာဏ်ရင့်သော ပုဂ္ဂိုလ်တို့အား ဟောတဲ့နည်းဖြစ်ပါတယ်။ ဥပမာ-"ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ရုပ်အစု၊ ဝေဒနာအစု၊ သညာအစု၊ သင်္ခါရအစု၊ ဝိညာဏ်အစုပဲရှိတယ်။ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး။ သဗ္ဗေသင်္ခါရာအနိစ္စာ

Generated by CamScanner from intsig.com

www.burmeseclassic.com



အလုံးစုံသင်္ခါရတရားတွေဟာ ဖြစ်ပြီးပျက်တယ်၊ မမြဲဘူး” ဤကဲ့သို့ ပုဂ္ဂိုလ်လည်း မငဲ့၊ တစ်ပါးသော အဓိပ္ပာယ်ကို ဆောင်ယူစရာလည်း မလိုဘဲ ဘုရားဟောတော်မူတဲ့အတိုင်း အနက်အဓိပ္ပာယ်ကို တိုက်ရိုက်ယူ၍ တိုက်ရိုက်သိရမည့် ဒေသနာဖြစ်ပါတယ်။

မေး ။ ။ “ကံဟာ အရိပ်သဖွယ်လိုက်နေတယ်၊ နွားသွားရာ လှည်းဘီးပါသလို လိုက်ပါနေတယ်” လို့ ဘုရားဟောရှိသည့်အတွက် “ကံဟာ တကယ့်ကို မပျက်မစီးဘဲ ဖြစ်လေရာဘဝသို့ လိုက်ပါနေတယ်” လို့ ယူရင် ဘာဒိဋ္ဌိ-

ဖြေ ။ ။ သဿတဒိဋ္ဌိပါအရှင်ဘုရား။

မေး ။ ။ “အလုံးစုံသင်္ခါရတရားတွေဟာ ဖြစ်ပြီးပျက်တယ်၊ မမြဲဘူး” လို့ ဘုရားဟော ရှိသည့်အတွက် “အို ပျက်ပြီးပြတ်သွားပြီ၊ ဒီကံဟာ ဘာတစ်ခုမှ အကျိုးမပေးတော့ဘူး” လို့ယူရင် ဘာဒိဋ္ဌိ-

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိပါအရှင်ဘုရား။

ဆရာ ။ ။ ကောင်းပြီ၊ အဲဒီတော့ ဒီကံပေါ်မှာ သဿတ၊ ဥစ္ဆေဒလွတ်အောင် ဘယ်နည်း ဘယ်ပုံ ယူရမလဲဆိုရင်ဖြင့် ရှေးဘဝက သင်္ခါရခေါ်တဲ့ ကံဟာ ဖြစ်ပြီးပျက်သွားတာအမှန်ပါပဲ။ ကံသင်္ခါရခေါ်တဲ့ ဒီစေတနာအထည်ကြီး ပျက်သွားသော်ငြားလည်းပဲ သင်္ခါရရဲ့ နောက်တွဲ “ပစ္စယာ” လို့ ခေါ်တဲ့ သတ္တိကလေးဟာ (ပစ္စယသတ္တိကလေးဟာ) ကံပြုလုပ်သော ပုဂ္ဂိုလ်ရဲ့ နာမ်ခန္ဓာအစဉ်မှာ နစ်မြုပ်ကျန်ရစ်ပါတယ်။ အဲဒီသတ္တိကလေးက နောက်အကျိုး ဝိညာဏ်ကို ဖြစ်ပေါ်စေတာပါ။ ဒီသဘောကိုပဲ စေတနာကံ အထည်ကတော့ မလိုက်ဘူး။ သတ္တိသာလိုက်တယ်လို့ဆိုပါတယ်။ သင်္ခါရရဲ့ ပစ္စယသတ္တိဆိုတာ သင်္ခါရက ငါ ဒီနေရာမှာ ဖြစ်ပြီး၊ ဒီနေရာ ပျက်သွားခဲ့ပြီ။ ငါပျက်သွားတဲ့နေရာမှာ မင်းဖြစ်ရစ်တော့လို့ ဝိညာဏ်ကို မပြောသော်လည်း ပြောသကဲ့သို့ ကျေးဇူးပြုတတ်သော သဘောသတ္တိကလေးပါ။ (ဝါ) အရှိန်ကလေး။ (ဝါ) မျိုးစေ့ကလေးဖြစ်ပါတယ်။ အဲဒီကံ၏ အရှိန် သတ္တိကလေးက မျိုးစေ့သဘောနဲ့ ကျေးဇူးပြုလိုက်လို့ ဒီဘက်ဘဝမှာ ဝိညာဏ်အစရှိတဲ့ အကျိုးရုပ်နာမ်ခန္ဓာအပင်တွေ ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ ဥပမာ - လျှိုမြောင် တောတောင်၊ လိုဏ်ဂူချောင်ထဲမှာ “ဟေးလူ” လို့ တစ်စုံတစ်ယောက်ကို ဟစ်ခေါ်ကြည့်ပါ။ ထိုအခါ “ဟေးလူ” ဆိုတဲ့ ဒုတိယအသံတစ်ခု မရှေးမနှောင်း ဆက်ပေါ်လာပါ လိမ့်မယ်။ ဒီဥပမာကို သေချာစဉ်းစားကြည့်ပါ။ ပထမခေါ်လိုက်တဲ့ “ဟေးလူ” အသံသည် ပေါ်ပြီး ချက်ချင်းပျောက်ပျက်သွားပါပြီ။ နောက်ဆက်၍ ပေါ်လာတဲ့ “ဟေးလူ” အသံက ဒုတိယအသံပါ။ သူက အသစ်ပါ။



သို့သော် ပထမပေါ်၍ ပျောက်သွားသော “ဟေးလူ” အသံနှင့် အကြောင်းမကင်းပါ။ ပထမ “ဟေးလူ” က ကျေးဇူးပြုလိုက်လို့သာလျှင် ဒုတိယ “ဟေးလူ” ဖြစ်ပေါ်လာရတာပါ။ တစ်နည်း အားဖြင့်လည်း မျိုးစေ့နှင့် အပင်လိုပါပဲ။ အပင်ထဲမှာ မျိုးစေ့လိုက်ပါလာတာမဟုတ်။ သို့သော် မျိုးစေ့နှင့်ကင်း၍လည်း အပင်ဖြစ်မလာပါ။ မျိုးစေ့က အကြောင်းပြုလို့သာလျှင် အကျိုးအပင် ပေါက်လာရတာဖြစ်ပါတယ်။ (အခြားသော ဆီမီးကူးဥပမာ၊ တံဆိပ်ရိုက် ဥပမာ စသည်လည်း ရှိပါသေးတယ်၊ ဒီနည်းအတိုင်းပဲ မှတ်ယူကြပါ။)

ဒါ့ကြောင့် အတိတ်ဘဝ သင်္ခါရ (ကံ၊ စေတနာ) သည် ဒီဘက်ဘဝခန္ဓာထဲသို့ လိုက်ပါလာခြင်း လုံးဝမရှိပါ။ သို့သော် သင်္ခါရ (ကံ၊ စေတနာ) နှင့် ကင်း၍လည်း ဝိညာဏ်စသည်မဖြစ်နိုင်ပါ။ သို့ဖြစ်၍ သင်္ခါရနှင့် ဝိညာဏ်သည် တစ်ခုတည်း တစ်ဆက်တည်းလည်းမဟုတ်။ တခြားစီပြတ်နေတာလည်း မဟုတ်။ အကြောင်းအကျိုး အားဖြင့် ဆက်စပ်နေတယ်လို့ ယူမှ သဿတ၊ ဥစ္ဆေဒလွတ်ပါတယ်။

မေး ။ ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်နည်းဖြင့် အဘယ်အကျိုးငှာ အဘယ်ဒေသနာကို ဟောတော်မူပါလိမ့်။

ဖြေ ။ ။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဉာဏ်ရင့်သောပုဂ္ဂိုလ်တို့အား အဘိဓမ္မာနည်းဖြင့် ယခုဘဝပင် နိဗ္ဗာန်ရပါစေခြင်းအကျိုးငှာ နီတတ္ထဒေသနာကို ဟောတော်မူပါ အရှင်ဘုရား။

မေး ။ ။ နီတတ္ထဒေသနာရဲ့အဓိပ္ပာယ်ကို ပြောပြပါ။

ဖြေ ။ ။ အဓိပ္ပာယ်ကို ဆောင်ယူစရာမလို၊ ဘုရားဟောတော်မူတဲ့အတိုင်း တိုက်ရိုက်သိရမည့် ဒေသနာကို “နီတတ္ထဒေသနာ” ခေါ်ပါ အရှင်ဘုရား။

မေး ။ ။ “သင်္ခါရပစ္စယာ ဝိညာဏံ” ဆိုတာ ဘာဒေသနာပါလိမ့်။

ဖြေ ။ ။ နီတတ္ထဒေသနာပါအရှင်ဘုရား။

မေး ။ ။ “သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်” ဆိုရာ၌ သဿတ၊ ဥစ္ဆေဒလွတ်အောင် ယူပြပါ။

ဖြေ ။ ။ ရှေးဘဝက သင်္ခါရသည် ဖြစ်ပြီး ပျက်တာလည်း အမှန်ပါ။ သို့သော် သင်္ခါရ အထည် ပျက်သော်လည်း ပစ္စယသတ္တိကလေးကျန်ပါတယ်။ အဲဒီပစ္စယသတ္တိကလေးက ကျေးဇူး ပြုလို့ ဝိညာဏ် စသည် ဖြစ်ပေါ်ရပါတယ်။ သင်္ခါရသည် ဝိညာဏ်ထဲလိုက်လာတာလည်း မဟုတ်လို့သိသဖြင့် သဿတဒိဋ္ဌိလွတ်ပါတယ်။ ဝိညာဏ်သည် သင်္ခါရနှင့် ကင်းလို့လည်း မဖြစ်ပေါ်နိုင်လို့ သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိလွတ်ပါအရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



။ ပိုပြီးရှင်းအောင် ဥပမာဆောင်ပြပါ။

မေး ။ ။ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာ၌ ပထမဆုံး ဖယောင်းတိုင်တစ်တိုင်မှာ မီးလင်းနေပါပြီ။ အဲဒီပထမ ဖယောင်းတိုင်က မီးကို ဒုတိယဖယောင်းတိုင်နဲ့ တို့ထိ၍ မီးကူးယူလိုက်ရင် ဒုတိယဖယောင်းတိုင်မှာ မီးလင်းပါတယ်။ ဒီတော့ ပထမဖယောင်းတိုင်က မီးသည် ဒုတိယဖယောင်းတိုင်သို့ လိုက်ပါလာခြင်းမဟုတ်ပါ။ လိုက်ပါတယ်ဆိုရင် ပထမဖယောင်းတိုင်မီး မရှိနိုင်တော့ပါ။ မလိုက်သော်လည်း ဒုတိယမီးကို ဖြစ်စေတတ်သည့် သဘောသတ္တိကလေး ပထမမီးမှာရှိပါတယ်။ အဲဒီသဘောသတ္တိကလေးက ကျေးဇူးပြုလိုက်လို့ ဒုတိယမီး ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ သင်္ခါရနဲ့ ဝိညာဏ်ကို ဤကဲ့သို့ အကြောင်းအကျိုးဆက်ယူမှ သဿတ၊ ဥစ္ဆေဒလွတ်ပါအရှင်ဘုရား။

ဖြေ ။ ။ ကောင်းပြီ။ "သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်တယ်" ဆိုရာ၌ အဘယ်အကြောင်းတရားတွေစုံမှ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လာပါလိမ့်။

မေး ။ ။ (၁) အဝိဇ္ဇာက နှောင်ရလတ္တံ့ ပဋိသန္ဓေဝိညာဏ်ကို "ဒုက္ခသစ္စာ" လို့ မသိအောင် ဖုံးကွယ်ပေးထားခြင်း။

(၂) တဏှာက ဘုံဘဝတွေရအောင် ညွှတ်စခြင်း။

(၃) ကံသင်္ခါရက ဇနကသတ္တိဖြင့် ကျေးဇူးပြုခြင်း။ ဒီအကြောင်းသုံးပါးစုံမှ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်ရပါအရှင်ဘုရား။

ဖြေ ။

## ဝိညာဏ်ပေါ်မှာ ဒိဋ္ဌိဖြုတ်ပုံ

ဆရာ ။ ။ နံပါတ် (၁) အကွက်ထဲက သင်္ခါရနဲ့တွဲပြီးဖြစ်တဲ့ စိတ်ဝိညာဏ်ပေါ်မှာလည်း အတ္တဒိဋ္ဌိစွဲအရင်းခံပြီး သဿတ၊ ဥစ္ဆေဒဒိဋ္ဌိတွေနဲ့ ပြင်းထန်စွာ စွဲလမ်းကြပါတယ်။ ဘယ်လိုစွဲလမ်းကြပါသလဲဆိုရင်ဖြင့် အရင်ဘဝက ဒီစိတ်ဝိညာဏ်ကလေးဟာ အတ္တပဲ။ (ဝါ) အသက်ကောင် ဝိညာဏ်ကောင် လိပ်ပြာကောင်ပဲလို့ စွဲယူကြပါတယ်။ အဲဒီလို အတ္တဒိဋ္ဌိနဲ့စွဲယူပြီး ဒီဝိညာဏ်လေးလေးဟာ မသေဘူး၊ တစ်ဘဝမှ တစ်ဘဝသို့ ကူးတယ်၊ ပြောင်းတယ်လို့ယူရင် ဝိညာဏ်ပေါ်မှာ သဿတဒိဋ္ဌိအစွဲ ခေါ်ပါတယ်။ ဘုရားလက်ထက်က အရှင်သာတိခေါ်တဲ့ ရဟန်းဟာ သူ့သောတာပန်မဖြစ်ခင်က ဒီဝိညာဏ်ပေါ်မှာ သဿတဒိဋ္ဌိအယူကို ယူခဲ့ပါတယ်။ တချို့ကတော့လည်း ဒီဝိညာဉ်အတ္တဟာ ဝါ- ဒီပုဂ္ဂိုလ်သတ္တဝါဟာ ဒီဘဝသေရင် နောက် ဘာမှမဖြစ်တော့ဘူး၊ ပြတ်သွားတာပဲလို့ ဥစ္ဆေဒအယူကို ယူကြပါတယ်။ ဒီအယူကိုတော့ ဘုရားလက်ထက်က အရှင်ယမက



အမည်ရှိတဲ့ ရဟန်းဟာ သူ့သောတာပန်မဖြစ်ခင်က ယူခဲ့ပါတယ်။ ဒါ့ကြောင့် ကံပေါ်မှာ သဿတ၊ ဥစ္ဆေဒစွဲယူပုံနှင့်အတူတူဖြစ်လို့ ဖြုတ်ပုံလည်းအတူတူပါပဲ။ သို့သော် ပစ္စုပ္ပန်ပဝတ္တိဝိညာဏ်ကို သာဓကပြုပြီး အတိတ်ဝိညာဏ်ပေါ်မှာ စွဲနေတဲ့ သဿတ၊ ဥစ္ဆေဒကို ဖြုတ်ပြပါဦးမယ်။ (ဝိညာဏ်နဲ့ ဝိညာဉ်အတူတူ)။

မေး ။ ။ မျက်စိအကြည်နဲ့ အဆင်းနဲ့ တိုက်ဆိုင်ရင် ဘာစိတ်ပေါ်ပါလိမ့်။

ဖြေ ။ ။ မြင်စိတ်ပေါ်ပါအရှင်ဘုရား။

မေး ။ ။ မြင်စိတ်ဟာ ဘာခန္ဓာပါလိမ့်။

ဖြေ ။ ။ ဝိညာဏက္ခန္ဓာပါအရှင်ဘုရား။

မေး ။ ။ ဒီမြင်စိတ်၊ ဝိညာဏက္ခန္ဓာကို "သြော် မြင်စိတ်ကလေးမျှပဲ၊ ဝိညာဏက္ခန္ဓာကလေးပဲ" လို့ သဘောအမှန်ကို မသိတော့ အတ္တမစွဲကြဘူးလား။

ဖြေ ။ ။ အတ္တစွဲကြပါအရှင်ဘုရား။

မေး ။ ။ "ဒီမြင်စိတ်၊ ဝိညာဏ်ကလေးဟာ မသေမပျောက်မပျက်တဲ့ အတ္တကလေးပဲ၊ အသက်ဝိညာဉ်၊ လိပ်ပြာကလေးပဲ။ ဒီအတ္တကလေးဟာ ဘဝတစ်ခု သေဆုံးရင် ဒီခန္ဓာအိမ်စွန့်ပြီး ဟိုဘက်ဘဝ ခန္ဓာအိမ်ထဲ ပြောင်းနေတယ်။ ကောင်းကျိုးဆိုးပြစ်လည်း သူခံစားတယ်။ သူဟာ မြင် ကြား နံ စား ထိသိ တွေးကြံတဲ့ အလုပ်တွေလည်း သူပဲလုပ်တယ်။ သူဟာ ခန္ဓာအိမ်ရဲ့ ပိုင်ရှင်ဖြစ်တယ်။ ခန္ဓာအိမ်ထဲမှာ အမြဲတည်နေတယ်။ သူ့အလိုအတိုင်း ဖြစ်နေကြရတယ်" စသည်ဖြင့် ဒီစိတ်ဝိညာဏ်ပေါ်မှာ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိအယူတွေ မယူကြဘူးလား။

ဖြေ ။ ။ ယူကြပါအရှင်ဘုရား။

မေး ။ ။ ဒီစိတ်ဝိညာဏ်အတ္တကလေးဟာ သေရင် ပြတ်သွားတော့တာပဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူကော မရှိကြဘူးလား။

ဖြေ ။ ။ ရှိကြပါအရှင်ဘုရား။

မေး ။ ။ သြော် ဒီစိတ်ဝိညာဏ်ကလေးဟာ အတ္တမဟုတ်၊ စိတ်ကလေးမျှသာပဲ၊ ဝိညာဏက္ခန္ဓာပဲလို့ သဘောအမှန်ကိုသိရင် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ အတ္တဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။

မေး ။ ။ ဒီစိတ်ဝိညာဏ်လေးဟာ "မျက်စိအကြည်နဲ့ အဆင်း" ဆိုတဲ့ အကြောင်းရုပ်နှစ်ပါး တိုက်ဆိုင်လို့ ပေါ်လာတဲ့ အကျိုးစိတ်ဝိညာဏ်ပဲလို့ သိရင် (ဝါ) အဖြစ်ကို မြင်ရင် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါ အရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



## ကြောင်းကျိုး သိမြင်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာစင်ပုံပြယား

| (အဋ္ဌကထာလာ) အကြောင်းလေးပါး | | | | အကျိုးလေးပါး | |
|---|---|---|---|---|---|
| | | | | ဝိညာဏက္ခန္ဓာ | နာမ်ခန္ဓာ ၃ |
| မျက်စိ | အဆင်း | အလင်း | နှလုံးသွင်း | မြင်စိတ် | ဝေ – သညာ – သင် |
| နား | အသံ | ဟင်းလင်း | နှလုံးသွင်း | ကြားစိတ် | ဝေ – သညာ – သင် |
| နှာခေါင်း | အနံ့ | လေ | နှလုံးသွင်း | နံ့စိတ် | ဝေ – သညာ – သင် |
| လျှာ | အရသာ | စိုစွတ်မှု | နှလုံးသွင်း | စားစိတ် | ဝေ – သညာ – သင် |
| ကိုယ် | တွေ့ထိစရာ | ခက်မာမှု | နှလုံးသွင်း | ထိစိတ် | ဝေ – သညာ – သင် |
| စိတ် | ကြံတွေးစရာ | ဟဒယဝတ္ထု | နှလုံးသွင်း | တွေးစိတ် | ဝေ – သညာ – သင် |
| ဒွါရ | အာရုံ | →(ပါဠိတော်လာ) အကြောင်း (၂) ပါး→ | | နာမ်ခန္ဓာ (၄) ပါး | |
| ကံ – စိတ် – ဥတု = အာဟာရ | | →အကြောင်း (၄) ပါး→ | | ရုပ်ခန္ဓာ (၁) ပါး ↓ | |
| အကြောင်းပြုလို့ အကျိုးဖြစ်တာ မြင် – ဥစ္ဆေဒဒိဋ္ဌိစင်<br>အကြောင်းပျက်လို့ အကျိုးပျက်တာမြင် – သဿတဒိဋ္ဌိစင်<br>ပစ္စယသတ္တိကို နားလည်သိမြင် – ဝိစိကိစ္ဆာစင် | | | | ခန္ဓာ (၅) ပါး<br>ဖြစ်ပျက်ဒုက္ခသစ္စာ | |



ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါ အရှင်ဘုရား။

မေး ။ ။ စိတ်ဝိညာဏ်ကို ပဋိစ္စနဲ့ သမုပ္ပာဒ်ခွဲပြပါ။

ဖြေ ။ ။ မျက်စိအကြည်နဲ့ အဆင်းက ပဋိစ္စ၊ စိတ်ဝိညာဏ်က သမုပ္ပာဒ်ပါအရှင်ဘုရား။

မေး ။ ။ မျက်စိအကြည်နဲ့ အဆင်းဆိုတဲ့ အကြောင်းပဋိစ္စကလည်း သင်္ခါရအနိစ္စမို့ ဖြစ်ပြီးပျက်တော့ အကျိုးသမုပ္ပာဒ် စိတ်ဝိညာဏ်ကော မပျက်ဘူးလား။

ဖြေ ။ ။ ပျက်ပါအရှင်ဘုရား။

မေး ။ ။ ပျက်တယ်ဆိုတာ သေတာပဲ။ ကဲ သေပျက်သွားတဲ့ စိတ်ဝိညာဏ်ကလေးဟာ ဘဝကူးနိုင်ရဲ့လား၊ ခန္ဓာအိမ်ပြောင်းနိုင်ရဲ့လား။

ဖြေ ။ ။ ဘဝမကူးနိုင်၊ ခန္ဓာအိမ်မပြောင်းနိုင်ပါအရှင်ဘုရား။

မေး ။ ။ စိတ်ဝိညာဏ်ဟာ ဘဝကူးနိုင်ဖို့၊ ခန္ဓာအိမ်ပြောင်းနိုင်ဖို့ မဆိုပါနဲ့ဦး။ မြင်စိတ်ကလေးဟာ ပျက်သွားတော့ မျက်စိထဲကနေ နားထဲတောင် ပြောင်းနိုင်ရဲ့လား။

ဖြေ ။ ။ မပြောင်းနိုင်ပါအရှင်ဘုရား။

မေး ။ ။ ဒါ့ကြောင့် ဖြစ်ပြီးပျက်တဲ့ အနိစ္စတွေမို့ ကြားစိတ်ကလည်း မျက်စိ နှာခေါင်း လျှာ ကိုယ်နဲ့ စိတ်အကြည်ထဲ မပြောင်းနိုင်ဘူး။ တစ်စိတ်နဲ့ တစ်စိတ်ဟာ ဒီနေရာဖြစ်၊ ဒီနေရာပျက်၊ ဒီနေရာမွေး၊ ဒီနေရာ သေကြရတာမို့ ဘယ်မှ မပြောင်းနိုင်ကြဘူးလို့ သိရင် ဘာဒိဋ္ဌိစင်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိ စင်ပါအရှင်ဘုရား။

မေး ။ ။ ဒီစိတ်ဝိညာဏ်ကလေးဟာ ဘုရား၊ ဗြဟ္မာ၊ သိကြားလာပြီး ဖန်ဆင်းလို့ဖြစ်တာလား။ အကြောင်းနှစ်ပါးက ကျေးဇူးပြုလို့ဖြစ်တာလား။

ဖြေ ။ ။ အကြောင်းနှစ်ပါးက ကျေးဇူးပြုလို့ ဖြစ်ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ စိတ်ဝိညာဏ်ဖြစ်ခြင်း၏ အကြောင်းမှန်ကိုမြင်တော့ ဘာစင်ပါလိမ့်။

ဖြေ ။ ။ ဝိစိကိစ္ဆာစင်ပါအရှင်ဘုရား။

မေး ။ ။ ဒီပစ္စုပ္ပန်မှာဖြစ်တဲ့ ပဝတ္တိစိတ်ဝိညာဏ်ပေါ်မှာ အခုလို အကြောင်းအကျိုးသိမြင်ပြီး ဒိဋ္ဌိဝိစိကိစ္ဆာစင်တော့ အတိတ်ကာလက စိတ်ဝိညာဏ်ပေါ်မှာကော ဉာဏ်ရှင်းပြီလား။

ဖြေ ။ ။ ဉာဏ်ရှင်းပါပြီအရှင်ဘုရား။

Generated by CamScanner from intsig.com

www.burmeseclassic.com



## ပဋ္ဌာန်းနည်းဖြင့် ထပ်မံရှင်းလင်းချက်

ဆရာ ။ ။ ကံနှင့် ဝိညာဏ်ပေါ်မှာ ဒီထက်ရှင်းအောင် ပြောပါဦးမယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပဋ္ဌာန်းပါဠိတော်မှာ ဟောခဲ့တာ "အနန္တရနိဒ္ဒေသ စိတ္တစေတသိကာဓမ္မာ၊ ပစ္ဆုပ္ပန္နာနံ၊ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော" တဲ့။ အနန္တရနိဒ္ဒေသ - အတိတ်ကာလတုန်း၊ ကကံဝိညာဏ်ဟာ ထိုအတိတ်ကာလတုန်းကပင် အခြားမဲ့ဖြစ်၍ ချုပ်ခဲ့ကြပါပြီ။ အတိတ်ကာလက ကံဝိညာဏ်တွေဟာ ချုပ်ပျက်ခဲ့ပြီးလို့ တစ်စိတ်တစ်စ တစ်မှုန်တစ်မွှားမှ မကျန်တော့ပါဘူးတဲ့။ သို့သော်လည်း အဲဒီချုပ်သွားတဲ့ ကံနဲ့ ဝိညာဏ်တို့ဟာ "အခု ငါတို့ ချုပ်ပျက်သွားတဲ့နေရာမှာ အခြားမရှိဘဲ မင်းတို့ အလားတူဝိညာဏ်တွေ ဖြစ်ရစ်ကြတော့" လို့ မပြောသော်လည်း ပြောသကဲ့သို့ အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုခဲ့လို့ ယခု ပစ္စုပ္ပန်ကာလမှာ အလားတူဝိညာဏ်တွေ ပေါ်လာရတာပါ။ ရှေးဘဝက ကံ ဝိညာဏ်တွေဟာ ယခုဘဝဝိညာဏ်ထဲကို လုံးဝလိုက်ပါမလာနိုင်ကြပါဘူး။ ရှေးကံဝိညာဏ်တွေက အဟောင်း၊ ယခုဝိညာဏ်တွေက အသစ်ပါ။ သို့သော် အဟောင်းကံဝိညာဏ်နှင့် အကြောင်းမကင်းဘဲ အလားတူ အသစ်ဝိညာဏ်ပေါ်လာရခြင်းဖြစ်ပါတယ်။

မေး ။ ။ ဝိညာဏ်သည် အတ္တဖြစ်၍ ယခုဘဝ ဝိညာဏ်သည် ရှေးဘဝက ဝိညာဏ်ပဲ။ ရှေးဘဝက ဝိညာဏ်သည်ပင် မပျက်မစီးဘဲ ယခုဘဝ ဝိညာဏ်ဖြစ်လာတယ်။ (ဝါ) ဝိညာဏ်လိုက်တယ်လို့ ယူရင် ဘာဒိဋ္ဌိပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိပါအရှင်ဘုရား။

မေး ။ ။ အတိတ်ကာလအကြောင်းအဝိဇ္ဇာက ပြုပြင်လို့ အကျိုးကံဝိညာဏ်ပေါ်ရပါတယ်။ အကြောင်းအဝိဇ္ဇာကလည်း သင်္ခါရတရားမို့ မမြဲတော့ အကျိုးကံဝိညာဏ်ဟာလည်း မမြဲဘူး။ အတိတ်ကာလ အတိတ်ဘဝကပင် တစ်စိတ်တစ်စမကျန် ပျက်ခဲ့ပါပြီ၊ ဒါ့ကြောင့်မို့ ဝိညာဏ်သည် အတ္တမဟုတ်။ ဖြစ်ပြီးပျက်တတ်သော သင်္ခါရတရားပဲ။ နောက်ဘဝ ဝိညာဏ်ထဲသို့ နည်းနည်းလေးမှ မလိုက်ဘူးလို့သိရင် ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ သဿတဒိဋ္ဌိပြုတ်ပါ အရှင်ဘုရား။

မေး ။ ။ ကောင်းပြီ။ ရှေးဝိညာဏ်မလိုက်ဘူးဆိုရင် ဘဝတိုင်း၊ ဘဝတိုင်းမှာ ဖြည့်ဆည်းပူးအပ်သော ဘုရားလောင်းတို့၏ ပါရမီတော်များ ပြည့်စုံရင့်ကျက်ခြင်းသို့ ရောက်နိုင်ပါဦးမလား။

ဖြေ ။ ။ "အလားတူဝိညာဏ်" ဖြစ်သောကြောင့် ရောက်နိုင်ပါအရှင်ဘုရား။

Generated by CamScanner from intsig.com



မေး ။ ။ ရှေးဘဝက ဝိညာဏ်သည် နောက်ဘဝ ဝိညာဏ်ထဲသို့ မလိုက်သော်လည်း (ရှေးဝိညာဏ် ပျက်သွားသော်ငြားလည်း) အလားတူ နောက်ဝိညာဏ် ဖြစ်ပေါ်ဖို့ရန် ဘာသတ္တိဖြင့် ကျေးဇူးပြုပါလိမ့်။

ဖြေ ။ ။ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခဲ့ပါအရှင်ဘုရား။

မေး ။ ။ ဤကဲ့သို့ ရှေးဝိညာဏ်က ကျေးဇူးပြုလို့ နောက်ဝိညာဏ် ဖြစ်ပေါ်ရတယ်လို့သိတော့ ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ ။ ။ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါအရှင်ဘုရား။

ဆရာ ။ ။ တကယ်တော့ ရှေးဘဝက ကံနှင့် ဝိညာဏ်သာ မဟုတ်ပါဘူး။ ရှေးဘဝက ဖြစ်ခဲ့သမျှ ရုပ်နာမ်တွေအားလုံး နောက်ဘဝထဲသို့ လိုက်ပါမလာနိုင်ကြပါဘူး။ ရှေးအတိတ်ကာလမှာ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော ရုပ်နာမ်တွေက ပစ္စုပ္ပန်ကာလမှာ အလားတူ ရုပ်နာမ်တွေ ဖြစ်ပေါ်အောင် ကျေးဇူးပြုလိုက်တာပဲ ရှိပါတယ်။ ဥပမာ ဝိသာခါသေတော့ နတ်မိဖုရားသွားဖြစ်တယ်။ ဖားကလေးသေတော့ နတ်သားလေး သွားဖြစ်တယ်။

မေး ။ ။ ဝိသာခါရုပ်နာမ်၊ ဖားရုပ်နာမ်သည် မပျက်မစီးဘဲ ဤဘက်ဘဝမှ ဟိုဘက်ဘဝသို့ ကူးပြောင်း၍ နတ်မိဖုရားရုပ်နာမ်၊ နတ်သားရုပ်နာမ် ဖြစ်သွားတာဟုတ်ရဲ့လား။

ဖြေ ။ ။ မဟုတ်ပါအရှင်ဘုရား။

မေး ။ ။ ဒီလိုဆိုရင် ဘာ့ကြောင့် အလားတူ ရုပ်နာမ်များ ပေါ်လာရပါလိမ့်။

ဖြေ ။ ။ အခြားမရှိမှု၍ ချုပ်ကုန်ပြီးသော ရုပ်နာမ်တွေက အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် အလားတူရုပ်နာမ်များ ပေါ်လာရပါအရှင်ဘုရား။

မေး ။ ။ "အလားတူရုပ်နာမ်" ဆိုတာ ဘာဆိုလိုပါလိမ့်။

ဖြေ ။ ။ ရှေးတုန်းကလိုပင် ဖောက်ပြန်တတ်သော ရုပ်နှင့် အာရုံကို ညွတ်သိတတ်သော နာမ်လို့ဆိုပါတယ်။ ဒီရုပ်နာမ်က နတ်ရုပ်နတ်နာမ်ပါ။ ဝိသာခါရုပ်နာမ်၊ ဖားရုပ်နာမ်များကို မဆိုလိုပါအရှင်ဘုရား။

မေး ။ ။ "သင်္ခါရပစ္စယာ ဝိညာဏံ" အရ ဆက်စပ်နေတဲ့ ကံနှင့်ဝိညာဏ်၊ ရုပ်နှင့်နာမ်တို့အပေါ်မှာ ဒိဋ္ဌိမပြုတ်ရင် ဘာမရနိုင်ပါလိမ့်။

ဖြေ ။ ။ မဂ်ဖိုလ်မရနိုင်ပါအရှင်ဘုရား။

သင်ခန်းစာ (၁၈) ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



# သင်ခန်းစာ (၁၉)

# ခန္ဓာ ပဋိစ္စသမုပ္ပာဒ် လည်ပုံပြတ်ပုံ

(ဝေဒနာနှင့် တဏှာအစပ်)

## သုခဝေဒနာ ပစ္စယာတဏှာ

ဆရာ ။ ။ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် နားမလည်ရင် (ဝါ) ခန္ဓာဉာဏ်ရောက် သိမြင်ပွားများမှုမရှိရင် အဝိဇ္ဇာလည်း မချုပ်၊ ဒိဋ္ဌိလည်းမပြုတ်၊ တဏှာလည်းမသေလို့ သံသရာစက် မပြတ်ပါဘူး။ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် နားလည်မှသာလျှင် (ဝါ) ခန္ဓာဉာဏ်ရောက် သိမြင်ပွားများမှု ရှိမှသာလျှင် အဝိဇ္ဇာလည်းချုပ်၍ ဒိဋ္ဌိလည်းပြုတ်ပြီး တဏှာသေသည့်အတွက် သံသရာစက် ပြတ်ပါတယ်။ ဒါ့ကြောင့်မို့ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် သံသရာစက် လည်ပုံပြတ်ပုံကို ပြပါတော့မယ်။

မေး ။ ။ မျက်စိအကြည်နဲ့ အဆင်းတိုက်ဆိုင်ရင် ဘာစိတ်ပေါ်ပါလိမ့်။

ဖြေ ။ ။ မြင်စိတ်ပေါ်ပါအရှင်ဘုရား။

မေး ။ ။ မြင်စိတ်ပေါ်တော့ အမြင်ခံအဆင်းအာရုံက လိုချင်စဖွယ် တင့်တယ်ကောင်းမြတ်တဲ့ အာရုံ (ဣဋ္ဌာရုံ) ဖြစ်ရင် သဘောမကျဘူးလား။

ဖြေ ။ ။ သဘောကျပါအရှင်ဘုရား။

မေး ။ ။ သဘောကျတာက ဘာဝေဒနာ။

ဖြေ ။ ။ သုခဝေဒနာပါအရှင်ဘုရား။

မေး ။ ။ သဘောကျတော့ လိုချင်ခင်မင်မှု မလာဘူးလား။

ဖြေ ။ ။ လိုချင်ခင်မင်မှုလာပါအရှင်ဘုရား။

မေး ။ ။ လိုချင်ခင်မင်တာက -

ဖြေ ။ ။ တဏှာပါအရှင်ဘုရား။

မေး ။ ။ လိုချင်ခင်မင်တော့ အသည်းအသန် မစွဲလမ်းဘူးလား။

ဖြေ ။ ။ အသည်းအသန်စွဲလမ်းပါ အရှင်ဘုရား။

မေး ။ ။ အသည်းအသန် စွဲလမ်းတော့ မရရကြောင်း အားမထုတ်ဘူးလား။

ဖြေ ။ ။ မရရကြောင်း အားထုတ်ပါအရှင်ဘုရား။



မေး ။ ။ အဲဒီတော့ အသည်းအသန်စွဲလမ်းတာက ဥပါဒါန်၊ မရရကြောင်း အားထုတ်တာက ကမ္မဘဝ ဟုတ်ကဲ့လား။

ဖြေ ။ ။ ဟုတ်ပါအရှင်ဘုရား။

မေး ။ ။ ကမ္မဘဝပစ္စယာ သေသည်၏ အခြားမဲ့၌ ဘာရမှာပါလိမ့်။

ဖြေ ။ ။ အပါယ်ဇာတိရမှာပါအရှင်ဘုရား။

မေး ။ ။ အပါယ်ဇာတိရရင် ဘယ်လို အိုနာသေရမှာပါလိမ့်။

ဖြေ ။ ။ အပါယ်အို အပါယ်နာ အပါယ်သေရမှာပါအရှင်ဘုရား။

မေး ။ ။ တဏှာဆိုတာ လောဘပါပဲ။များသောအားဖြင့် လောဘနဲ့သေ ဘယ်ပြည်ရောက်မှာပါလိမ့်။

ဖြေ ။ ။ ပြိတ္တာပြည် ရောက်မှာပါအရှင်ဘုရား။

ဆရာ ။ ။ ဩော် မြင်စိတ်ကစတဲ့ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ် နားမလည် မသိမြင်သည့်အတွက် (ဝါ) ဝေဒနာနဲ့ တဏှာကြားမှာ ဝိပဿနာမဂ်ဝင်၍ မဖြတ်သည့်အတွက် ယောဒိတဏှာဆိုတဲ့ လောဘ ပဋိစ္စသမုပ္ပာဒ်သည် အလယ်ကစပြီး အဆုံးဇရာမရဏရောက်အောင် လည်တယ်လို့မှတ်ပါ။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

မေး ။ ။ ဒါက ဘာပဋိစ္စသမုပ္ပာဒ်လည်ပုံပါလိမ့်။

ဖြေ ။ ။ သုခဝေဒနာပစ္စယာ တဏှာပဋိစ္စသမုပ္ပာဒ်လည်ပုံပါအရှင်ဘုရား။

ဆရာ ။ ။ သုခဝေဒနာပစ္စယာ တဏှာပဋိစ္စသမုပ္ပာဒ်ပြတ်ပုံကတော့ မျက်စိအကြည်နဲ့ အဆင်းတိုက်ဆိုင်လို့ မျက်စိအကြည်ပေါ်မှာပေါ်တဲ့ "မြင်စိတ်" ကို ဖြစ်ပျက်ရှု။ မြင်စိတ်ကို ဖြစ်ပျက်မရှုလိုက်မိပါက အဆင်းကို သဘောကျတဲ့ သုခဝေဒနာကို ဖြစ်ပျက်ရှု။

မေး ။ ။ မြင်စိတ်ကိုသော်လည်းကောင်း၊ သုခဝေဒနာကိုသော်လည်းကောင်း ဖြစ်ပျက်ရှုတော့ ဖြစ်ပျက်က ဘာသစ္စာ -

ဖြေ ။ ။ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ။ ။ ရှုတဲ့ဉာဏ်က ဘာသစ္စာ။

ဖြေ ။ ။ မဂ္ဂသစ္စာပါအရှင်ဘုရား။

မေး ။ ။ မဂ္ဂသစ္စာဆိုတာ တခြားလား၊ ဝိဇ္ဇာလား။

ဖြေ ။ ။ ဝိဇ္ဇာပါအရှင်ဘုရား။

မေး ။ ။ ဝိဇ္ဇာလာတော့ အဝိဇ္ဇာမချုပ်ဘူးလား။

ဖြေ ။ ။ အဝိဇ္ဇာချုပ်ပါအရှင်ဘုရား။

မေး ။ ။ အဝိဇ္ဇာချုပ်တော့ ဒိဋ္ဌိကော မပြုတ်ဘူးလား။

ဖြေ ။ ။ ဒိဋ္ဌိပြုတ်ပါအရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



မေး ॥ ॥ အဝိဇ္ဇာချုပ်တော့ ဒီတဏှာကော မသေဘူးလား။

ဖြေ ॥ ॥ တဏှာသေပါအရှင်ဘုရား။

ဆရာ ॥ ॥ လိုရင်းမှာ ဝေဒနာကို ဖြစ်ပျက်ရှုတော့ ဝေဒနာ၏ ချုပ်ပျက်မှုကို မဂ်ကမြင်လိုက်ရသဖြင့် (ဝါ) ဝေဒနာနောက်မှာ မဂ်ဝင်လိုက်သဖြင့် တဏှာဖြစ်ခွင့်မရတော့ဘူး။ တဏှာဖြစ်ခွင့် မရတာကိုပင် "တဏှာချုပ်တယ်၊ တဏှာသေတယ်" လို့ ခေါ်ပါတယ်။ ဒါ့ကြောင့်မို့ "ဝေဒနာနိရောဓာ – ဝေဒနာချုပ်ပျက်မှုကို မဂ်ဖြင့် မြင်လိုက်ရခြင်းကြောင့်၊ တဏှာနိရောဓော – တဏှာဖြစ်ခွင့်မရခြင်းအားဖြင့် ချုပ်တယ်" လို့မှတ်ပါ။ မှန်ပါတယ်။ "ဝေဒနာ မဂ် တဏှာ" သုံးခုစလုံးဟာ နာမ်တရားတွေချည်းပါ။ နာမ်တရားတို့မည်သည် ဟဒယဝတ္ထုပေါ်မှာ တစ်ချိန်တည်း၊ တစ်ပြိုင်နက် မဖြစ်နိုင်ပါ။ ရှေ့က ဝေဒနာချုပ်ပျက်သွားတဲ့နေရာမှာ မဂ်ဝင်လာတော့ နောက်က ဖြစ်ပေါ်လာမည့်တဏှာဟာ ဖြစ်ပေါ်ခွင့်ကို မရတော့ပါဘူး။ ဒါ့ကြောင့်မို့ "တဏှာနိရောဓောတိ – တဏှာမလာဘဲ ချုပ်နေတယ် ဆိုတာသည်၊ မဂ္ဂေ – မဂ်ပေါ်နေလို့" မှတ်ပါ။ ဤကဲ့သို့ မဂ်ပေါ်နေလို့ တဏှာချုပ်သောကြောင့် ဥပါဒါန် ကံ ဇာတိ ဇရာ မရဏတိုင်အောင် တဏှာပဋိစ္စသမုပ္ပါဒ် အဆက်ပြတ်ပါတော့တယ်။

မေး ॥ ॥ ဝေဒနာကို ဖြစ်ပျက်ရှုတော့ မဂ်နောက်က ဘာချုပ်ပါလိမ့်။

ဖြေ ॥ ॥ တဏှာချုပ်ပါအရှင်ဘုရား။

မေး ॥ ॥ တဏှာချုပ်တယ်ဆိုတာ ဘယ်နည်းဘယ်ပုံချုပ်ပါလိမ့်။

ဖြေ ॥ ॥ တဏှာဖြစ်ပေါ်မည့်နေရာမှာ မဂ်ဝင်နေသဖြင့် တဏှာဖြစ်ပေါ်ခွင့်မရတာကိုပင် တဏှာချုပ်တယ်လို့ ဆိုရပါအရှင်ဘုရား။

မေး ॥ ॥ ဒီလိုဖြစ်ခွင့်မရဘဲ ချုပ်တာကို ဘယ်လိုခေါ်ပါလိမ့်။

ဖြေ ॥ ॥ "အနုပ္ပါဒနိရောဓ – မဖြစ်ချုပ်" လို့ ခေါ်ပါအရှင်ဘုရား။

မေး ॥ ॥ မဂ်၏ရှေ့က ဝေဒနာချုပ်ပျက်တာကိုတော့ ဘယ်လိုခေါ်ပါလိမ့်။

ဖြေ ॥ ॥ "ဥပ္ပါဒနိရောဓ – ဖြစ်ချုပ်" လို့ ခေါ်ပါအရှင်ဘုရား။

မေး ॥ ॥ "ဥပ္ပါဒနိရောဓ" က ဘယ်နှမျိုးရှိပါလိမ့်။

ဖြေ ॥ ॥ (၁) မဂ်မဝင်သော "ဥပ္ပါဒနိရောဓ" တစ်မျိုး။
(၂) မဂ်ဝင်သော "ဥပ္ပါဒနိရောဓ" တစ်မျိုး။ နှစ်မျိုးရှိပါအရှင်ဘုရား။

မေး ॥ ॥ "ဥပ္ပါဒနိရောဓ" နှစ်မျိုးထူးခြားပုံပြောပြပါ။

ဖြေ ॥ ॥ (၁) ဥပ္ပါဒနိရောဓက မဂ်မဝင်သဖြင့် ပဋိစ္စသမုပ္ပါဒ်ဆက်ပါအရှင်ဘုရား။
(၂) ဥပ္ပါဒနိရောဓက မဂ်ဝင်သဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်ပါအရှင်ဘုရား။



မေး ॥ ॥ ဒီဝေဒနာနဲ့ တဏှာအစပ်မှာ ဝိပဿနာမဂ်ဝင်၍ ဝေဒနာ၏ ချုပ်ပျက်မှုကို မြင်တာက ဘာနိရောဓပါလိမ့်။

ဖြေ ॥ ॥ ဝေဒနာနိရောဓပါအရှင်ဘုရား။

မေး ॥ ॥ ဝေဒနာနိရောဓကို မဂ်ကမြင်တော့ နောက်က ဘာနိရောဓဖြစ်ပါလိမ့်။

ဖြေ ॥ ॥ တဏှာနိရောဓ ဖြစ်ပါအရှင်ဘုရား။

မေး ॥ ॥ တဏှာချုပ်တော့ ဥပါဒါန် ကမ္မဘဝ၊ ဇာတိ ဇရာ မရဏတိုင်အောင် မချုပ်ဘူးလား။

ဖြေ ॥ ॥ ဇရာမရဏတိုင်အောင် ချုပ်ပါအရှင်ဘုရား။

ဆရာ ॥ ॥ ဒါဖြင့် တဏှာဥပါဒါန်က ကိလေသဝဋ်၊ ကမ္မဘဝက ကမ္မဝဋ်၊ ဇာတိ ဇရာမရဏက ဝိပါကဝဋ်ဖြစ်လို့ ဝဋ်သုံးပါး ကျွတ်လွတ်ချုပ်ငြိမ်းရာ နိဗ္ဗာန်ကြီး ပေါ်လာတယ်လို့မှတ်ပါ။

ယောဂီ ॥ ॥ မှန်လှပါအရှင်ဘုရား။

## ဒုက္ခဝေဒနာပစ္စယာ ဒေါသ

ဆရာ ॥ ॥ ကဲ "သုခဝေဒနာ ပစ္စယာ တဏှာ" ဆက်ပုံပြတ်ပုံကိုတော့ နားလည်ပါပြီ၊ ယခုအခါ "ဒုက္ခဝေဒနာပစ္စယာ ဒေါသ" ဆက်ပုံ ပြတ်ပုံကို ပြကြပါစို့။

မေး ॥ ॥ မျက်စိနဲ့အဆင်း တိုက်ဆိုင်တော့ ဘာစိတ်ပေါ်ပါလိမ့်။

ဖြေ ॥ ॥ မြင်စိတ်ပေါ်ပါအရှင်ဘုရား။

မေး ॥ ॥ အမြင်ခံရတဲ့ အဆင်းက မိမိမလိုလား မနှစ်သက်တဲ့ အာရုံ (အနိဋ္ဌာရုံ) ဖြစ်နေရင် သဘောကျပါ့မလား။

ဖြေ ॥ ॥ သဘောမကျပါအရှင်ဘုရား။

မေး ॥ ॥ သဘောမကျတော့ ခင်သလား၊ မုန်းသလား။

ဖြေ ॥ ॥ မုန်းပါတယ်အရှင်ဘုရား။

မေး ॥ ॥ အဲဒီတော့ သဘောမကျတာက ဒုက္ခဝေဒနာ၊ မုန်းတာက ဒေါသလာတာ။ ဒုက္ခဝေဒနာပစ္စယာ ဘာလာပါလိမ့်။

ဖြေ ॥ ॥ ဒုက္ခဝေဒနာပစ္စယာ ဒေါသလာပါအရှင်ဘုရား။

မေး ॥ ॥ ဒေါသလာတော့ "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ – စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူလောင်ခြင်းတွေ မဖြစ်ရဘူးလား။

ဖြေ ॥ ॥ ဖြစ်ရပါအရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး ॥ ॥ သောကစသည် ဤငါးလီဖြစ်ရတာသည် မိမိခန္ဓာကို ခင်တွယ်ခြင်းတဏှာ၊ စွဲလမ်းခြင်း ဒိဋ္ဌိ၊ သစ္စာမသိခြင်း အဝိဇ္ဇာဆိုတဲ့ အာသဝတွေရှိလို့လား၊ မရှိလို့လား။

ဖြေ ॥ ॥ အာသဝတွေရှိလို့ သောကစသည် ဤငါးလီဖြစ်ရပါအရှင်ဘုရား။

မေး ॥ ॥ သောကစသည် ဤငါးလီဖြစ်တော့ အဝိဇ္ဇာမပါဘူးလား။

ဖြေ ॥ ॥ အဝိဇ္ဇာပါပါအရှင်ဘုရား။

မေး ॥ ॥ ဒါဖြင့် အဝိဇ္ဇာပစ္စယာ?

ဖြေ ॥ ॥ သင်္ခါရာပါအရှင်ဘုရား။

မေး ॥ ॥ သင်္ခါရပစ္စယာ?

ဖြေ ॥ ॥ အပါယ်ဝိညာဏ် (များသောအားဖြင့် ငရဲဝိညာဏ်ပါ အရှင်ဘုရား)။

မေး ॥ ॥ အေး ဒီပဋိစ္စသမုပ္ပါဒ်ကတော့ ဒုက္ခဝေဒနာကနေ ဒေါသဆက်၊ ဒေါသကနေ သောက ဆက်ပြီး သောကစတဲ့ ပဋိစ္စသမုပ္ပါဒ်အဆုံးကနေအစ အဝိဇ္ဇာကို ပြန်ဆက်တော့ ဒါ ဘာပဋိစ္စသမုပ္ပါဒ်လည်ပုံခေါ်ပါလိမ့်။

ဖြေ ॥ ॥ "ဒုက္ခဝေဒနာပစ္စယာ ဒေါသ" ပဋိစ္စသမုပ္ပါဒ်လည်ပုံပါအရှင်ဘုရား။

ဆရာ ॥ ॥ ဒီဒုက္ခဝေဒနာပစ္စယာ ဒေါသပဋိစ္စသမုပ္ပါဒ်ပြတ်ပုံကတော့ ဒုက္ခဝေဒနာကို ဖြစ်ပျက်ရှု။ ရှေ့က ဒုက္ခဝေဒနာချုပ်တဲ့နေရာမှာ ဝိပဿနာမဂ်ဝင်လာတော့ ဆက်၍ဖြစ်ပေါ်မည့် ဒေါသသည် ဖြစ်ခွင့်မရဘဲ မဖြစ်ချုပ်ချုပ်။ ဒေါသချုပ်တော့ သောကစသည့် အာသဝတွေ ချုပ်၊ အာသဝချုပ်တော့ အဝိဇ္ဇာချုပ်၊ အဝိဇ္ဇာတော့ သင်္ခါရချုပ်၊ သင်္ခါရချုပ်တော့ အပါယ်ဝိညာဏ်၊ အပါယ်ဇရာမရဏတွေ ချုပ်။

အဲဒီတော့ အာသဝတွေက ကိလေသဝဋ်၊ သင်္ခါရက ကမ္မဝဋ်၊ အပါယ်ဝိညာဏ်နဲ့ ဇရာမရဏက ဝိပါကဝဋ်။ ဝဋ်သုံးပါးကျွတ်လွတ်ထွက်မြောက်ရာ နိဗ္ဗာန်ကြီး ပေါ်လာ တယ်လို့မှတ်ပါ။

ယောဂီ ॥ ॥ မှန်လှပါအရှင်ဘုရား။

## ဥပေက္ခာဝေဒနာပစ္စယာ မောဟ

ဆရာ ॥ ॥ "ဒုက္ခဝေဒနာပစ္စယာ ဒေါသ" ပဋိစ္စသမုပ္ပါဒ်ဆက်ပုံ၊ ပြတ်ပုံကိုတော့ နားလည်ကြရပါပြီ။ ယခုအခါ "ဥပေက္ခာဝေဒနာပစ္စယာ မောဟ" ပဋိစ္စသမုပ္ပါဒ် ဆက်ပုံပြတ်ပုံကို ဆက်လက်၍ ပြပါဦးမယ်။

မေး ॥ ॥ မျက်စိနဲ့အဆင်း တိုက်ဆိုင်တော့ ဘာစိတ်ပေါ်ပါလိမ့်။

ဖြေ ॥ ॥ မြင်စိတ်ပေါ်ပါအရှင်ဘုရား။



ဖြေ ॥ ॥ မြင်စိတ်ပေါ်ပါအရှင်ဘုရား။

မေး ॥ ॥ မြင်စိတ်ပေါ်တော့ အမြင်ခံအဆင်းအာရုံက အလယ်အလတ်စားအာရုံ (မဇ္ဈတ္တာရုံ) ဖြစ်နေရင် သဘောကျသည်လည်းမဟုတ်၊ သဘောမကျသည်လည်းမဟုတ်၊ မြင်ကာမျှ မတ္တ ခံစားမှုမပေါ်ဘူးလား။

ဖြေ ॥ ॥ ပေါ်ပါအရှင်ဘုရား။

မေး ॥ ॥ မြင်ကာမျှမတ္တ ခံစားမှုဆိုတာ ဘာဝေဒနာပါလိမ့်။

ဖြေ ॥ ॥ ဥပေက္ခာဝေဒနာပါအရှင်ဘုရား။

မေး ॥ ॥ ဥပေက္ခာဝေဒနာက အလွန်သိမ်မွေ့တော့ မသိလိုက်ဘူး။ မသိလိုက်တာက ဘာပါလိမ့်။

ဖြေ ॥ ॥ မောဟပါအရှင်ဘုရား။

မေး ॥ ॥ မောဟဆိုတာ တခြားလား၊ အဝိဇ္ဇာလား။

ဖြေ ॥ ॥ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ॥ ॥ အဲဒီတော့ ဥပေက္ခာဝေဒနာပစ္စယာ

ဖြေ ॥ ॥ အဝိဇ္ဇာပါအရှင်ဘုရား။

မေး ॥ ॥ အဝိဇ္ဇာပစ္စယာ

ဖြေ ॥ ॥ သင်္ခါရာပါအရှင်ဘုရား။

မေး ॥ ॥ သင်္ခါရပစ္စယာ

ဖြေ ॥ ॥ အပါယ်ဝိညာဏ်။ (များသောအားဖြင့် တိရစ္ဆာန်ဝိညာဏ်ပါ) အရှင်ဘုရား။

မေး ॥ ॥ ဝိညာဏ်ကနေ နာမ်ရုပ်၊ သဠာယတန ဖဿ ဝေဒနာ၊ တဏှာ ဥပါဒါန် ဇာတိ ဇရာ မရဏတိုင်အောင် ဆက်ပါအရှင်ဘုရား။

ဆရာ ॥ ॥ ဒါက ပဋိစ္စသမုပ္ပါဒ် အစ အဝိဇ္ဇာကနေပြီးတော့ အဆုံး ဇရာမရဏတိုင်အောင် "ဥပေက္ခာဝေဒနာပစ္စယာမောဟ" ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံဖြစ်ပါတယ်။ ဒီပဋိစ္စသမုပ္ပါဒ် ပြတ်ပုံကတော့ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှု။ ထိုအခါ ဥပေက္ခာဝေဒနာ ချုပ်ပျက်ရာမှာ မဂ်ကဝင်လာတော့ နောက်ကဆက်ဖြစ်ပေါ်မည့် မောဟဆိုတဲ့ အဝိဇ္ဇာချုပ်၊ အဝိဇ္ဇာ ချုပ်တော့ သင်္ခါရချုပ်၊ သင်္ခါရချုပ်တော့ ဝိညာဏ်ချုပ် စသည်ဖြင့် ဇရာမရဏတိုင်အောင် ချုပ်။ အဲဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ်၊ သင်္ခါရနဲ့ ကမ္မဘဝက ကမ္မဝဋ်၊ ဝိညာဏ်စသော ငါးပါးနဲ့ ဇာတိ ဇရာ မရဏက ဝိပါကဝဋ်၊ ဝဋ်သုံးပါး ကျွတ်လွတ်ချုပ်ငြိမ်းရာ နိဗ္ဗာန်ကြီး ပေါ်လာတယ်လို့ မှတ်ပါ။

ယောဂီ ॥ ॥ မှန်လှပါ အရှင်ဘုရား။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



ဝေဒနာနှံ့ တဏှာအစပ် လည်ပုံပြတ်ပုံပြဇယား

| | | | | | |
|---|---|---|---|---|---|
| မြင်–ကြား–နံ–စား ထိသိ–ကြံတွေး | မျက်မဝင်တော့ သဘောကျ | လိုချင် | စွဲလမ်း | အားထုတ် | အပါယ်လေးပါး ဇာတိဇရာမရဏ |
| မြင်–ကြား–နံ–စား ထိသိ–ကြံတွေး | မျက်မဝင်တော့ သဘောမကျ | မုန်း | သောကဖြစ် မသိ | ပြုလုပ် | အပါယ်လေးပါး ဝိညာဏ်ဇရာမရဏ |
| မြင်–ကြား–နံ–စား ထိသိ–ကြံတွေး | မျက်မဝင်တော့ အမှတ်တမဲ့ | မသိ | ပြုလုပ် | | အပါယ်လေးပါး ဝိညာဏ်ဇရာမရဏ |
| မြင်–ကြား–နံ–စား ထိသိ–ကြံတွေး | မျက်ဝင်တော့ သဘောကျချုပ် | လိုချင်ချုပ် | စွဲလမ်းချုပ် | အားထုတ် ချုပ် | ဝင်္ကျွတ်နိဗ္ဗာန် |
| မြင်–ကြား–နံ–စား ထိသိ–ကြံတွေး | မျက်ဝင်တော့ သဘောမကျချုပ် | မုန်းချုပ် | သောကချုပ် မသိချုပ် | ပြုလုပ်ချုပ် | ဝင်္ကျွတ်နိဗ္ဗာန် |
| မြင်–ကြား–နံ–စား ထိသိ–ကြံတွေး | မျက်ဝင်တော့ အမှတ်တမဲ့ချုပ် | မသိချုပ် | ပြုလုပ်ချုပ် | | ဝင်္ကျွတ်နိဗ္ဗာန် |



သင်ခန်းစာ (၂၀)

# ကမ္မဘဝနှင့်စပ်၍ သိမှတ်ဖွယ်များ

(ကမ္မဘဝနှင့် ဇာတိအစပ်)

## အကျိုးပေးရာ ကာလအားဖြင့် ကွဲပြားသော ကံ (၄) မျိုး

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ – ဇော ၇ ကြိမ်တွင် ပထမဇော စေတနာ။ (ကံပြုရာ ယခုပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးသည်။)

(၂) ဥပပဇ္ဇဝေဒနီယကံ – သတ္တမဇောစေတနာ။ (ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးတို့ကို ပေးသည်။)

(၃) အပရာပရိယဝေဒနီယကံ – ငါးချက်သော အလယ်ဇောစေတနာ။ (တတိယဘဝမှစ၍ နိဗ္ဗာန်မရမီစပ်ကြား၊ ဘဝအဆက်ဆက်၌ အကျိုးပေးသည်။)

(၄) အဟောသိကံ – ကံဖြစ်သာဖြစ်ပြီး အကျိုးမပေးသောကံ၊ (ပထမဇောစေတနာ၊ သတ္တမဇောစေတနာတို့သည် မိမိတို့ကာလ၌ အကျိုးမပေးရလျှင် အဟောသိကံဖြစ်သွား၏။ အလယ်ဇောငါးချက်သည် အကျိုးမပေးရသေးလျှင် ခန္ဓာအစဉ်ပြတ်မှသာ (ဝါ) နိဗ္ဗာန်ရမှသာ အဟောသိကံဖြစ်၏။)

## လုပ်ငန်းကိစ္စအားဖြင့် ကွဲပြားသော ကံ (၄) မျိုး

(၁) ဇနကကံ – ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးတို့ကို ဖြစ်စေတတ်သောကံ။ (ပထမဇော[၁]၊ သတ္တမဇော[၁]၊ အလယ်ဇော ငါးချက်[၅])

(၂) ဥပတ္ထမ္ဘကကံ – ထောက်ပံ့ကူညီတတ်သော ကံ။ (မိမိတို့ကာလ၌ တစ်ပါးသောကံကို အကျိုးပေးခွင့်ရအောင် လည်းကောင်း၊ တစ်ပါးသောကံကို လည်းကောင်း၊ တစ်ပါးကံ၏ အကျိုးကိုလည်းကောင်း အားသန်တိုးပွား တာရှည်သွားအောင် ထောက်ပံ့ကူညီတတ်သော ဇောစေတနာသုံးရပ်။)

Generated by CamScanner from intsig.com

www.burmeseclassic.com



(၃) ဥပပီဠကကံ - ကပ်၍ နှိပ်စက်တတ်သောကံ။
(မိမိတို့ကာလ၌ တစ်ပါးသောကံကို အကျိုးပေးခွင့်မရအောင်လည်းကောင်း၊ တစ်ပါးသော ကံကိုလည်းကောင်း၊ တစ်ပါးကံ၏ အကျိုးကိုလည်းကောင်း အားနည်းဆုတ်ယုတ်သေးနုပ်သွားအောင် ကပ်၍ တားမြစ်နှိပ်စက်တတ်သော ဓောစေတနာသုံးရပ်။)

(၄) ဥပဃာတက (ဥပစ္ဆေဒက) ကံ - တစ်ပါးသောကံကိုလည်းကောင်း၊ တစ်ပါးကံ၏ အကျိုးကို လည်းကောင်း သတ်ဖြတ်တတ်သောကံ။ (ဓောစေတနာ သုံးရပ်ပင်)။

## အကျိုးပေးသော အစဉ်အားဖြင့် ကွဲပြားသော ကံ (၄) မျိုး

(၁) ဂရုကကံ - ကြီးလေးသောကံ။
(ကံတစ်ပါးတို့ မတားမြစ်နိုင်အောင် အားကြီးသောကံ၊ ကံကြီးငါးပါး။ နိယတမိစ္ဆာဒိဋ္ဌိကံ။ မဟဂ္ဂုတ်ကံ။ သတ္တမဓောစေတနာ။)

(၂) အာသန္နကံ - သေခါနီးကာလ၌ ပြုအပ်၊ အောက်မေ့အပ်သော ကံ။
(သတ္တမဓောစေတနာ)

(၃) အာစိဏ္ဏကံ - မပြတ်လေ့ကျက်အပ်၊ တိုးပွားစေအပ်သော ကံ။
(တစ်ကြိမ်တစ်ခါပင်ပြုသော်လည်း ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ အမှတ်ရမိနေသောကံ။) (သတ္တမဓောစေတနာ)

(၄) ကဋတ္တာကံ - ရှေးရှေးဘဝက ပြုအပ်ခဲ့ပြီးသော အလယ်ဓောငါးချက်စေတနာနှင့် ယခုဘဝ အမှတ်တမဲ့ပြုအပ်မိသောကံ။

အကျိုးပေးအစဉ် ။ ။ *ဂရုကကံမရှိလျှင် အာသန္နကံက အကျိုးပေးသည်။ အာသန္နကံမရှိလျှင် အာစိဏ္ဏကံက၊ အာစိဏ္ဏကံ မရှိလျှင် ကဋတ္တာကံက အကျိုးပေးသည်။*

## ကံ (၄) မျိုး

၁။ အမည်းကံ - အကုသိုလ်ကံ။
(အပါယ်လေးပါးတည်းဟူသော အမည်းအကျိုးကိုပေး၏။)

၂။ အဖြူကံ - ဒါန သီလ သမထ ကုသိုလ်ကံ။
(လူနတ်ဗြဟ္မာတည်းဟူသော အဖြူအကျိုးကိုပေး၏။)

Generated by CamScanner from intsig.com



၃။ အမည်းအဖြူရောသောကံ - ကုသိုလ်အကုသိုလ်ရောသောကံ။
(ဆင်ဖြူတော် ရွှေနဂါး ငရဲမင်းကြီး နေ့စဉ်ညခံ ပြိတ္တာ စသော အမည်းအဖြူ ရောသော အကျိုးကို ပေး၏။)

၄။ အမည်းအဖြူ မရောသောကံ - ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်။
(အမည်းအဖြူမရောသော နိဗ္ဗာန်အကျိုးကိုပေး၏။)

## ကမ္မဘဝ ရှင်းလင်းချက်

ကမ္မဘဝဟူသော စက်ဝိုင်းတွင် ဖော်ပြထားချက်သည် ပုထုဇဉ်တို့၏ ဖြစ်စဉ်အတိုင်းဆိုပါက ကာယကံ ဝစီကံ မနောကံတည်းဟူသော ကံ (၃) ပါးဘဝဖြင့် ကျင်လည်နေရသောကြောင့် ကမ္မဘဝဟူ၍ယူ။ ရဟန္တာနှင့် အထက်ပုဂ္ဂိုလ် (ပစ္စေကဗုဒ္ဓနှင့် ဗုဒ္ဓ) တို့သည် ကောင်းမှုကမ္မရှိသည်။ သို့သော် ဘဝဆက်ရန်မရှိသောကြောင့် ကမ္မ ဘဝဟူ၍ တွဲပြီး စက်ဝိုင်းနံပါတ် (၃) အကွက်၌ ပြထားခြင်းဖြစ်သည်။

မိတ္ထီလာမြို့၊ မိုးကုတ်ဝိပဿနာဝမွရိပ်သာ
အရှင်ပညာစာရ (ကမ္မဋ္ဌာနာစရိယ) ၏
နိဗ္ဗာန်သွားလမ်းပြ ဝိပဿနာကျမ်း
စာမျက်နှာ ၁၁၇

BURMESE CLASSIC

## ကမ္မဘဝဆိုတာ ရှိတယ်

ဒါစေတနာ၊ ဟော စေတနာ ပေါ်လာပြီ။ "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ၊ စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" ဆိုတော့ ကမ္မဘဝဟောတာ (အဲဒါလေး နည်းနည်းချဲ့ပြီး ဟောပါ။) ချဲ့မယ်၊ ချဲ့ပြီးဟောမယ်။ စေတနာလို့ဆိုတာ စေတနာတစ်မျိုးရှိပါလျက်သားနဲ့ သူ့ကို ကံရယ်လို့ နာမည်ပေးလိုက်တဲ့ ဥစ္စာသည် ဝဋ္ဋပုဂ္ဂိုလ်အတွက်ကိုသာ ကံရယ်လို့ ဆိုလိုက်တယ်။ ဝိဝဋ္ဋပုဂ္ဂိုလ်တွေအတွက်တော့ ဒီနေရာမှာ စေတနာပဲ ရှိပါတယ်။ ကံမဖြစ်ပါဘူး။ (မှန်ပါ့ဘုရား)

ဝဋ္ဋပုဂ္ဂိုလ်ကတော့ ကိုထွန်းရင် ကမ္မံဝဒါမိ။ ဝိဝဋ္ဋပုဂ္ဂိုလ်အတွက်မှာ ဆိုလို့ရှိရင်ဖြင့် ဒီဥစ္စာသည် အဟောသိကံ စေတနာပဲရှိသေးတယ်။ (တင်ပါ့၊ အဟောသိကံပဲ)။ ဒါဖြင့် စေတနာကံဆိုတဲ့ ဥစ္စာ ၂ ချက် ဟောရလိမ့်မယ်။ တချို့ စေတနာသည် အကျိုးပေးလို့ အကျိုးပေးတဲ့စေတနာကို ကံလို့ခေါ်ရမယ်။ အကျိုးမပေးတဲ့စေတနာကို စေတနာလို့ပဲထားလိုက်ပါတော့။ သဘောကျပြီလား။ (တင်ပါ့)။ ဒါဖြင့် မျိုးစေ့သာရှိ၍ မအောင်တာကို စေတနာပေါ့။ မျိုးစေ့ဖြစ်ပြီး မအောင်တာ ကံ။ ပုဂ္ဂိုလ်ကို ခွဲကြပါဆိုတော့ ဝဋ္ဋ၊ ဝိဝဋ္ဋခွဲလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဘဝပစ္စယာ ဘာဖြစ်မလဲ (ဇာတိ)။ ဇာတိလာရတော့မယ်။ ဇာတိပဋိသန္ဓေ နေကန် အကျိုးပေးသောကြောင့် သူသည် ဝဋ္ဋပုဂ္ဂိုလ်လုပ်တဲ့ ကံဖြစ်နေတာကြောင့် ဇာတိ၊ ဇာတိလာရမယ်။

ဒါဖြင့် တချို့အရိယာပုဂ္ဂိုလ်များကော ကံတွေမလုပ်ဘူးလား။ ဘုရားက အရှင်မဟာကဿပကြီးကို သက်န်းကြီးလှူတယ်။ (တင်ပါ့)။ အရှင်မဟာကဿပကို ဘုရားက မင်းသင်္ကန်းကြီး တယ်ကောင်းပါလားဆိုပြီး ဘုရားကချီးမွမ်းတော့ ဘုရားအလိုရှိတယ်ထင်ပြီးသကာလ ဘုရားကိုလှူလိုက်တယ်။ အရှင်မဟာကဿပ ကံမမြောက်ဘူးလား။ (မြောက်ပါတယ်။) ကံပဲ ကံပဲ၊ ကံပေမယ့် ဒီကံက ဘာကံဖြစ်သလဲဆိုလို့ရှိရင် ကျောက်ပေါ်မှာ ချထားတဲ့ မျိုးစေ့လို (မှန်ပါ့ဘုရား)။ ရေမြေမရဘူး။ ရေမြေမရတော့ ကံပြုကာမတ္တနဲ့ ချုပ်သွားတယ်။ သူ့ကျတော့ ကံသာဆိုရတယ်။ ကိရိယာ။ ဒါမျိုးကျတော့ ပြုကာမျှမတ္တဖြစ်တဲ့ ကံ၊ ပြုကာမျှမတ္တဖြစ်တဲ့ ကံဖြစ်တော့ ကိရိယာထဲသွင်းလိုက်ပါ (တင်ပါ့ဘုရား)။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

ဆုံးမဟောကြားတော်မူသော

ဝိပဿနာအလုပ်တရား

တအုပ်အမှတ်စဉ် (၁)

သဗ္ဗေသင်္ခါရာ အနိစ္စာတရားတော်

စာမျက်နှာ ၃၉၆ – ၃၉၈

## ကမ္မဘဝဟူ၍ နေပုံအကြောင်း

ဤတတိယအကွက်တွင်ရှိသော ဘဝသည် ဥပပတ္တိဘဝမဟုတ် ကမ္မဘဝဟု သိစေလို၏။ သို့ဖြစ်၍ ကမ္မဟူသော ဂုဏ်ထူးပုဒ်ပေါ်အောင် ဟအက္ခရာ သို့မဟုတ် လအက္ခရာအတွင်း၌ တစ်ဘက်တွင် ကမ္မပြီးမှာ အခြားတစ်ဘက်တွင် ဘဝသွင်း၍ ပြထားသည်။ ထိုသို့မသွင်းဘဲ တဏှာတို့လို ဥပါဒါန်တို့လို အကုန်လုံးဝိုင်း၍ ပြခဲ့သော် နောင်လာနောက်သားတို့က "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဟူ၍ ဘုရားဟောတော်မူလေသလောဟု ထင်မှားသွားနိုင်၏။ ထင်မှားသွားလျှင် "ဥပါဒါနပစ္စယာ ဘဝေါ" ဟူသော မူရင်း ပျောက်ကွယ်သွားမည်။

တစ်ဘဝသာသနာ အရှင်ဃောသိတ

ဝိပဿနာဘူမိ

(ဝိပဿနာအခြေခံများ)

စာမျက်နှာ ၄၅

## ကမ္မဘဝနှင့်ပတ်သက်၍

ဒါကို တစ်ပြေးညီဖြစ်စေရန် ရှင်းပြရခြင်းဖြစ်ပါသည်။ ယင်းခမ္မကထိကများ ဟောပြောနေတဲ့အထဲမှာ ဝါဒနှစ်မျိုးရှိပါသည်။ တချို့က ရဟန္တာပုဂ္ဂိုလ်တို့အတွက် ရည်ရွယ်ပြီး ဟောထားတာလို့ ပြောပါတယ်။ တချို့က ကမ္မဘဝသည် ဘဝအပြည့်မဟုတ်၊ ဘဝတစ်ရပ်၊ ဘဝတစ်ခြမ်းလို့ သိစေခြင်းအကျိုးငှာ ဟောထားတာလို့ ပြောပါသည်။ ထိုကဲ့သို့ ဝါဒနှစ်မျိုးရှိသည်တွင် နောက်ဝါဒက ပို၍ သင့်မြတ်ပါသည်။ ရှေ့ဝါဒမှာ အကြောင်းက ရဟန္တာပုဂ္ဂိုလ်သည် သုံးနံပါတ်အကွက်ထဲ မကူးသောကြောင့်ဖြစ်ပါသည်။ နောက်ဝါဒ သင့်မြတ်တယ်လို့ ပြောရခြင်းရဲ့ အကြောင်းကတော့ ဥပါဒါနပစ္စယာဘဝေါလို့ဆိုတဲ့နေရာမှာ ကမ္မဘဝ၊ ဥပပတ္တိဘဝနှစ်မျိုးလုံးနဲ့ အကျုံးဝင်တဲ့ ဘဝသာမညကိုယူရပါသည်။ ထို့ကြောင့် ဘဝကို သီးသန့်အဝိုင်းတစ်ခု ဝိုင်းပါသည်။ ဘဝပစ္စယာ ဇာတိဆိုတဲ့နေရာကျတော့ ဥပပတ္တိဘဝကိုမယူရ။ ကမ္မဘဝကိုသာ ယူရပါသည်။ ကမ္မဘဝဟူသော ဘဝတစ်စိတ်ကိုသာ ယူရပါသည်။ ထို့ကြောင့် ကမ္မကို အဝိုင်းတစ်ခု ဝိုင်းပါသည်။ ရံဖန်ရံခါ ဘဝကိုယူ၍ ရံဖန်ရံခါ ကမ္မဘဝဟူသော ဘဝတစ်စိတ်ကို ယူနိုင်စေခြင်းအကျိုးငှာ အပြည့်မဝိုင်းဘဲ "ဟ" ထားခြင်း ဖြစ်ပါသည်။

ဦးစန္ဒာသိရိ

အရန်နာယကဆရာတော်

ပဉ္စမအကြိမ်

မိုးကုတ်ဝိပဿနာဓမ္မသဘင်

အဖွဲ့ချုပ်နှင့် အဖွဲ့ခွဲကိုယ်စားလှယ်များ

တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်း

နှာ ၃၁

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



## သင်ခန်းစာ (၂၀)

# သတိပဋ္ဌာန် (၄) ပါး ၊ ဝိပဿနာကံဖြတ်တရား

မေး ॥ ॥ ခန္ဓာဘယ်နပါးရှိပါလိမ့်။

ဖြေ ॥ ॥ ငါးပါးရှိပါအရှင်ဘုရား။

မေး ॥ ॥ ခန္ဓာငါးပါး ရေတွက်ပြပါ။

ဖြေ ॥ ॥ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါအရှင်ဘုရား။

မေး ॥ ॥ ရူပက္ခန္ဓာ၊ ရုပ်ကိုရှုရင် ဘာသတိပဋ္ဌာန်ပါလိမ့်။

ဖြေ ॥ ॥ ကာယာနုပဿနာသတိပဋ္ဌာန်ပါအရှင်ဘုရား။

မေး ॥ ॥ ဝေဒနာက္ခန္ဓာ၊ ဝေဒနာကိုရှုရင် ဘာသတိပဋ္ဌာန်ပါလိမ့်။

ဖြေ ॥ ॥ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပါအရှင်ဘုရား။

မေး ॥ ॥ ဝိညာဏက္ခန္ဓာ၊ စိတ်ကိုရှုရင် ဘာသတိပဋ္ဌာန်ပါလိမ့်။

ဖြေ ॥ ॥ စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါအရှင်ဘုရား။



မေး ॥ ॥ ကျန်တဲ့သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာကို ရှုရင် ဘာသတိပဋ္ဌာန်ပါလိမ့်။

ဖြေ ॥ ॥ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါအရှင်ဘုရား။

မေး ॥ ॥ ဓမ္မာနုပဿနာဆိုတာ တခြားလား၊ ဖြစ်ပျက်ဒုက္ခသစ္စာရှုတာလား။

ဖြေ ॥ ॥ ဖြစ်ပျက်ဒုက္ခသစ္စာ ရှုတာပါအရှင်ဘုရား။

မေး ॥ ॥ ဖြစ်ပျက်ဒုက္ခသစ္စာဆိုတာ တခြားလား၊ မွေးသေအသုဘလား။

ဖြေ ॥ ॥ မွေးသေအသုဘပါအရှင်ဘုရား။

မေး ॥ ॥ မွေးသေအသုဘဆိုတာသည် တခြားလား၊ စက်ဆုပ်စရာ အသုံးမကျတာအမှန်လား။

ဖြေ ॥ ॥ စက်ဆုပ်စရာအသုံးမကျတာ အမှန်ပါအရှင်ဘုရား။

မေး ॥ ॥ ဒါဖြင့် ဒု–က စက်ဆုပ်စရာ၊ ခ–က အသုံးမကျတာ၊ သစ္စာ–က အမှန်ဆိုတော့ တခြားလား၊ ဒုက္ခသစ္စာလား။

ဖြေ ॥ ॥ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ॥ ॥ ကာယာနုပဿနာသတိပဋ္ဌာန်မှာ ရုပ်ရှုဆိုသော်လည်း ဉာဏ်က ရုပ်တွင် လမ်းဆုံးရမှာလား၊ ရုပ်၏ဖြစ်ပျက်ကို မြင်အောင်ရှုရမှာလား။

ဖြေ ॥ ॥ ရုပ်၏ ဖြစ်ပျက်ကို မြင်အောင် ရှုရမှာပါအရှင်ဘုရား။

မေး ॥ ॥ ထို့အတူ ဝေဒနာနုပဿနာသတိပဋ္ဌာန်မှာ ဝေဒနာရှု။ စိတ္တာနုပဿနာသတိပဋ္ဌာန်မှာ စိတ်ရှုဆိုသော်ငြားလည်း ဝေဒနာတွင်၊ စိတ်တွင် လမ်းဆုံးရမှာလား၊ ဖြစ်ပျက်မြင်အောင် ရှုရမှာလား။

ဖြေ ॥ ॥ ဖြစ်ပျက်မြင်အောင် ရှုရမှာပါအရှင်ဘုရား။

မေး ॥ ॥ ဖြစ်ပျက်က ဘာသစ္စာ။

ဖြေ ॥ ॥ ဒုက္ခသစ္စာပါအရှင်ဘုရား။

မေး ॥ ॥ ဒါဆိုရင် "ကာယ ဝေဒနာ စိတ္တ" ဆိုတဲ့ သတိပဋ္ဌာန် ၃ ပါးသည် သစ္စာဆိုက်အောင် ရှုနိုင်ရင် နောက်ဆုံး ဘယ်သတိပဋ္ဌာန်ထဲ အတွင်းဝင်သွားပါလိမ့်။

ဖြေ ॥ ॥ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ထဲ အတွင်းဝင်သွားပါ အရှင်ဘုရား။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



## မေ္တာနုပဿနာ ရှုပွားပုံ

ဆရာ ။ ။ ဖြစ်ပျက်အမြင်သန်လာတဲ့အခါ ဤကဲ့သို့ နှလုံးသွင်းရှုပွားပါ။

ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ။[၂]
မွေးသေ ဒုက္ခသစ္စာ။[၂]
အသုဘ ဒုက္ခသစ္စာ။[၂]
စက်ဆုပ်စရာ အသုံးမကျတာ ဒုက္ခသစ္စာ။[၂]
ဖောက်ပြန်ပျက်စီးတာ ဒုက္ခသစ္စာ။[၂]
ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူး။[၂]
ဒုက္ခဖြစ်၍ ဒုက္ခပျက်တယ်။[၂]
ဖြစ်ဒုက္ခ ပျက်ဒုက္ခ။[၂]
မီးလောင်ပျက်စီးတာ ဒုက္ခသစ္စာ။[၂]
အနာပေါက်တာနဲ့ အနောပေါက်လို့သေတာ ဒုက္ခသစ္စာ။[၂]
ဖြစ်ပျက်ဟာ အနာအစုကြီး။[၂]
ဖြစ်ပျက်ဟာ ရောဂါအစုကြီး။[၂]
ဖြစ်ပျက်ဟာ သူသတ်ယောကျာ်း။[၂]
ဖြစ်ပျက်ဟာ သူသတ်သမား။[၂]
ဖြစ်လိုက် ပျက်လိုက် နှိပ်စက်တယ်။[၂]

| ခန္ဓာ | သတိပဋ္ဌာန် | စရိုက် |
|---|---|---|
| ရူပက္ခန္ဓာ | ကာယာနုပဿနာ | ကိလေသာထူ၊ ဉာဏ်ထိုင်းသူ |
| ဝေဒနာက္ခန္ဓာ | ဝေဒနာနုပဿနာ | ကိလေသာထူ၊ ဉာဏ်ထက်သူ |
| ဝိညာဏက္ခန္ဓာ | စိတ္တာနုပဿနာ | ဒိဋ္ဌိအားကြီး၊ ဉာဏ်ထိုင်းသူ |
| သညာ - သင်္ခါရ | ဓမ္မာနုပဿနာ | ဒိဋ္ဌိအားကြီး၊ ဉာဏ်ထက်သူ |



အမှာ ။ ။ သတိပဋ္ဌာန်နဲ့ စရိုက်ကိုက်အောင် ခွဲပုံလေးတွေ မှတ်သားထားပါ။ သို့ရာတွင် တကယ်လက်တွေ့ ရှုမှတ်ကြည့်သောအခါ ရုပ်ဖြစ်ပျက်ကို ရှုရတာ ကိုယ့်ဉာဏ်ထဲမှာ ရှင်းလျှင်၊ ရုပ်ဖြစ်ပျက် အမြင်သန်လျှင် ကိုယ့်စရိုက်နဲ့ ကာယာနုပဿနာ သတိပဋ္ဌာန် ကိုက်တယ်လို့ မှတ်ပါ။ စိတ်နှင့် ဝေဒနာမှာလည်း ဤနည်းတူပင်။

### ဉာဏ် (၃) ပါးပြဇယား

| | ယထာဘူတဉာဏ် မဂ္ဂင်ငါးပါး | နိဗ္ဗိန္ဒာဉာဏ် မဂ္ဂင်ငါးပါး | မဂ်ဉာဏ် မဂ္ဂင်ရှစ်ပါး | |
|---|---|---|---|---|
| ပ - ကြိမ် | ဖြစ်ပျက်မြင် | မုန်း | ဆုံး | သောတာပန် |
| ဒု - ကြိမ် | ဖြစ်ပျက်မြင် | မုန်း | ဆုံး | သကဒါဂါမ် |
| တ - ကြိမ် | ဖြစ်ပျက်မြင် | မုန်း | ဆုံး | အနာဂါမ် |
| စ - ကြိမ် | ဖြစ်ပျက်မြင် | မုန်း | ဆုံး | ရဟန္တာ |

### ပုဂ္ဂိုလ် ၃ မျိုး

(၁) ခန္ဓာဉာဏ်ရောက် အသိအားဖြင့် ဒိဋ္ဌိမပြုတ်လျှင် "အန္ဓပုထုဇဉ်"
(၂) ခန္ဓာဉာဏ်ရောက် အပွားအားဖြင့် ဒိဋ္ဌိပြုတ်လျှင် "ကလျာဏပုထုဇဉ်" "စူဠသောတာပန်"
(၃) ခန္ဓာ့ဖြစ်ပျက်ဆုံး၍ အပယ်အားဖြင့် ဒိဋ္ဌိအမြစ်ပြတ်ပြုတ်လျှင် "မဟာသောတာပန်"

မေး ။ ။ သောတာပန်သည် အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါလိမ့်။
ဖြေ ။ ။ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါအရှင်ဘုရား။
မေး ။ ။ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်ပယ်တော့ ဘာကံပြတ်ပါလိမ့်။
ဖြေ ။ ။ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံပြတ်ပါအရှင်ဘုရား။

www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



မေး ။ ။ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံပြတ်တော့ ဘာဝဋ်ဒုက္ခငြိမ်းပါလိမ့်။
ဖြေ ။ ။ အပါယ်လေးပါး ဝဋ်ဒုက္ခ ငြိမ်းပါ အရှင်ဘုရား။
မေး ။ ။ သကဒါဂါမိသည် အဘယ်ပဋိစ္စသမုပ္ပာဒ်ကို ပယ်ပါလိမ့်။
ဖြေ ။ ။ လောဘ ဒေါသ မောဟပဋိစ္စသမုပ္ပာဒ်တို့ကို အပြတ်တော့ မပယ်ပါ။ ခေါင်းပါးရုံသာ ပြုပါအရှင်ဘုရား။
မေး ။ ။ အနာဂါမိသည် အဘယ်ပဋိစ္စသမုပ္ပာဒ်ကို ပယ်ပါလိမ့်။
ဖြေ ။ ။ တဏှာပဋိစ္စသမုပ္ပာဒ်၊ ဒေါသပဋိစ္စသမုပ္ပာဒ်ကို အမြစ်ပြတ်ပယ်ပါအရှင်ဘုရား။
မေး ။ ။ အမြစ်ပြတ်ပယ်တော့ ဘာကံပြတ်ပါလိမ့်။
ဖြေ ။ ။ တဏှာ၊ ဒေါသအုပ်ချုပ်တဲ့ ကံပြတ်ပါအရှင်ဘုရား။
မေး ။ ။ တဏှာ၊ ဒေါသအုပ်ချုပ်တဲ့ ကံပြတ်တော့ ဘာဝဋ်ဒုက္ခငြိမ်းပါလိမ့်။
ဖြေ ။ ။ ကာမသုဂတိဝဋ်ဒုက္ခတွေ ငြိမ်းပါအရှင်ဘုရား။
မေး ။ ။ ရဟန္တာသည် အဘယ်ပဋိစ္စသမုပ္ပာဒ်ကို ပယ်ပါလိမ့်။
ဖြေ ။ ။ မောဟပဋိစ္စသမုပ္ပာဒ်၊ တဏှာပဋိစ္စသမုပ္ပာဒ်တို့ကို အကြွင်းမဲ့ပယ်ပါအရှင်ဘုရား။
မေး ။ ။ အကြွင်းမဲ့ပယ်တော့ ဘာကံပြတ်ပါလိမ့်။
ဖြေ ။ ။ မောဟ၊ တဏှာအုပ်ချုပ်တဲ့ ကံပြတ်ပါအရှင်ဘုရား။
မေး ။ ။ မောဟ၊ တဏှာအုပ်ချုပ်တဲ့ ကံပြတ်တော့ ဘယ်ဝဋ်ဒုက္ခတွေ ငြိမ်းပါလိမ့်။
ဖြေ ။ ။ ရူပ၊ အရူပဝဋ်ဒုက္ခတွေ ငြိမ်းပါအရှင်ဘုရား။
မေး ။ ။ ဒါဖြင့် ရဟန္တာဖြစ်ရင် ၃၁ ဘုံ ဝဋ်ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်၊ ထွက်ရပ်လမ်း ပေါက်ပြီဆိုတာ ပေါ်ပလား။
ဖြေ ။ ။ ပေါ်ပါပြီ အရှင်ဘုရား။
မေး ။ ။ အဲဒီတော့ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဖြစ်တယ်ဆိုတာ ဝိပဿနာ အလုပ် အားမထုတ်ဘဲ ဖြစ်ပါ့မလား။
ဖြေ ။ ။ မဖြစ်ပါအရှင်ဘုရား။
မေး ။ ။ ဒါ့ကြောင့် ဝိပဿနာသည် တခြားလား၊ ကံဖြတ်တရားလား။
ဖြေ ။ ။ ကံဖြတ်တရားပါ အရှင်ဘုရား။
ဆရာ ။ ။ ဆိုင်ရာဆိုင်ရာ ကိလေသာနှင့် ကံတွေကို တကယ်အမြစ်ပြတ် ဖြတ်နိုင်တာကတော့ လောကုတ္တရာမဂ်လေးပါးပါ။ သို့သော် "ဝိပဿနာဉာဏ်" လို့ခေါ်တဲ့ လောကီမဂ်မျိုး သွားမရှိဘဲ လောကုတ္တရာမဂ် မဖြစ်နိုင်သည့်အတွက် ဝိပဿနာဉာဏ်တည်းဟူသော



လောကီမဂ်ကိုလည်း ကံဖြတ်တရားလို့ ဆိုရပါတယ်။ အဲဒီတော့ "ဘုံဘဝအကျိုးပေးတာ ဟူသ၍ ကံ၏ စွမ်းရည်သတ္တိ" လို့မှတ်။ နိဗ္ဗာန်အကျိုးပေးတာဟူသ၍ကို မဂ်၏ စွမ်းရည်သတ္တိလို့မှတ်ပါ။

ယောဂီ ။ ။ မှန်လှပါအရှင်ဘုရား။

## မဂ္ဂင် (၈) ပါး ကျင့်စဉ်တရား

### သမာဓိမဂ္ဂင် (၃) ပါး

၁။ သမ္မာသတိ - ကောင်းကောင်းသတိထား။
၂။ သမ္မာဝါယမ - ကောင်းကောင်းဝီရိယစိုက်။
၃။ သမ္မာသမာဓိ - ကောင်းကောင်းစိတ်တည်။

### ပညာမဂ္ဂင် (၂) ပါး

၄။ သမ္မာသင်္ကပ္ပ - ကောင်းကောင်းကြံစည်။
၅။ သမ္မာဒိဋ္ဌိ - အမှန်သိမြင်။

### သီလမဂ္ဂင် (၃) ပါး

၆။ သမ္မာဝါစာ - မှန်ကန်သော ပြောဆိုမှု။
၇။ သမ္မာကမ္မန္တ - မှန်ကန်သော ပြုလုပ်မှု။
၈။ သမ္မာအာဇီဝ - မှန်ကန်သော အသက်မွေးမှု။

ဝိပဿနာမဂ္ဂင်၊ လောကီမဂ္ဂင်၊ ပုဗ္ဗဘာဂမဂ္ဂင်၊ ပုဗ္ဗစာရိကမဂ္ဂင်၊ ကာရကမဂ္ဂင်။ (၅) ပါး၊ ဖြစ်ပျက်မြင်

လောကုတ္တရာမဂ္ဂင် (၈) ပါး။ ဖြစ်ပျက်မမြင်။ ဖြစ်ပျက်အဆုံး နိဗ္ဗာန်မြင်။ နိဗ္ဗာန်မြင်မှ မဂ္ဂင် (၈) ပါး ပြည့်သည်။

### ခန္ဓာ (၅) ပါး

ရူပက္ခန္ဓာ - ဖောက်ပြန်မှုသဘောတရားအစု (ရုပ် ၂၈ - ပါး)
ဝေဒနာက္ခန္ဓာ - ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
သညာက္ခန္ဓာ - မှတ်သားမှု သဘောတရားအစု (သညာ)
သင်္ခါရက္ခန္ဓာ - စေ့ဆော်မှုစေတနာ သဘောတရားအစု (စေတသိက် - ၅၀)
ဝိညာဏက္ခန္ဓာ - သိမှုသဘောတရားအစု (စိတ်)

www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



အာယတန (၁၂) ပါး

အတွင်းအာယတန (၆) ပါး

အပြင်အာယတန (၆) ပါး

| အခံဓာတ် (၆) ပါး | အတိုက်ဓာတ် (၆) ပါး | အပွင့်ဓာတ် (၆) ပါး |
| --- | --- | --- |
| ၁။ စက္ခု - မျက်စိအကြည် | ၁။ ရူပ - အဆင်း | ၁။ စက္ခုဝိညာဉ် - မြင်စိတ် |
| ၂။ သောတ - နားအကြည် | ၂။ သဒ္ဒ - အသံ | ၂။ သောတဝိညာဉ် - ကြားစိတ် |
| ၃။ ဃာန - နှာခေါင်းအကြည် | ၃။ ဂန္ဓ - အနံ့ | ၃။ ဃာနဝိညာဉ် - နံစိတ် |
| ၄။ ဇိဝှာ - လျှာအကြည် | ၄။ ရသ - အရသာ | ၄။ ဇိဝှာဝိညာဉ် - စားစိတ် |
| ၅။ ကာယ - ကိုယ်အကြည် | ၅။ ဖောဋ္ဌဗ္ဗ - တွေ့ထိစရာ | ၅။ ကာယဝိညာဉ် - ယားနာကောင်းစိတ် |
| ၆။ မန - စိတ် (ဘဝင်စိတ်) | ၆။ ဓမ္မ - ကြံတွေးစရာ | ၆။ မနောဝိညာဉ် - တွေးတောကြံစည်စိတ် |

ဓာတ် ၁၈ ပါး

## သစ္စာ (၄) ပါး

ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်တရား၊ (ဖြစ်ဒုက္ခ - ပျက်ဒုက္ခ) ပိုင်းခြားသိရမည့်တရား။

သမုဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်းအမှန်တရား (တဏှာ - လောဘ) ပယ်ရမည့်တရား။

နိရောဓသစ္စာ - ဆင်းရဲချုပ်ရာအမှန်တရား။ (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။

မဂ္ဂသစ္စာ - ဆင်းရဲချုပ်ကြောင်းအမှန်တရား၊ (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။

## စိတ္တာနုပဿနာ ရှုပွားနည်း

အပြင်ညွှဲသည် ၅ ယောက်

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာ၊ ကောင်းစိတ်

အတွင်းညွှဲသည် ၆ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် အိမ်သည်စိတ် ၂ ခု။

ရှုပုံရှုနည်းစနစ်မှာ - အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ် ပေါ်တိုင်း၊ ပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။



## ဝေဒနာနုပဿနာ ရှုပွားပုံရှုပွားနည်း

စိတ်နှင့်ဝေဒနာသည် မကွေမကွာ ဖြစ်အတူ ပျက်အတူ သဟဇာတဖြစ်သည်။

### အပြင်ညွှဲသည် (၆) ဦး

၁။ ဥပေက္ခာဝေဒနာသည် မျက်လုံးမှာ ပေါ်သည်။
၂။ ဥပေက္ခာဝေဒနာသည် နားမှာ ပေါ်သည်။
၃။ ဥပေက္ခာဝေဒနာသည် နှာခေါင်းမှာ ပေါ်သည်။
၄။ ဥပေက္ခာဝေဒနာသည် လျှာမှာ ပေါ်သည်။
၅။ သုခဝေဒနာသည် ကိုယ်ပေါ်မှာ ပေါ်သည်။
၆။ ဒုက္ခဝေဒနာသည် ကိုယ်ပေါ်မှာ ပေါ်သည်။

### အတွင်းညွှဲသည် (၃) ပါး

၁။ သောမနဿဝေဒနာသည် စိတ်မှာ ပေါ်သည်။
၂။ ဒေါမနဿဝေဒနာသည် စိတ်မှာ ပေါ်သည်။
၃။ ဥပေက္ခာဝေဒနာသည် စိတ်မှာ ပေါ်သည်။

### အိမ်သည် (၃) ဦး

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေ ပျော်ရွှင်နေသောအခါ (ဝင်လေ - ထွက်လေ) ကို သောမနဿဝေဒနာနှင့်ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ၌ (ဝင်လေ - ထွက်လေ) ကို ဒေါမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ (ဝင်လေ - ထွက်လေ) ကို သောမနဿလည်း မဟုတ်၊ ဒေါမနဿလည်း မဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။

ဝေဒနာနုပဿနာဆိုသည်မှာ ပေါ်သည့်နေရာမှာ စောင့်ရှုရမည်ဖြစ်သည်။ နာကျင်ကိုက်ခဲလာအောင် စောင့်နေပြီးမှ လိုက်ရှုနေရန် မဟုတ်ပါ။ ဝေဒနာသည် ဒွါရ (၆) ပေါက်၌ အမြဲဖြစ်ပေါ်နေသည်။ မပေါ်သည့်အခါ မရှိ (နာမှ ကျင်မှ ဝေဒနာဆိုသည်မဟုတ်ပါ) ဖဿပေါ်တိုင်း ဝေဒနာပေါ်သည်။ ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ တစ်ချိန်လုံး ဆက်တိုက် နာကျင်ကိုက်ခဲနေသည်ဟူ၍ ယူဆကြသည်။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



ပျက်လည်းပျက်သည်၊ ဝေဒနာခွဲ့ အပျက်မြင်အောင်ကြည့်၊ ဝေဒနာနှင့်ငါ မရောစေနှင့်။ ဝေဒနာမတွေ့ခဲ့ အခါနှစ်တွေ့မှ လမ်းမှန်ကျမည်။ စိတ်နှင့်ဝေဒနာသည် သဘာဝတရားများဖြစ်၍ အတူတကွပေါ်၍ အတူတကွ ချုပ်သည်။ နာမ ကိုင်မှသာ ဝေဒနာဟု မယူဆအပ်၊ ခံသာသည့်ဝေဒနာရှိသေးသည်။ မခံသာသည်လည်း မဟုတ်၊ ခံသာသည်လည်း မဟုတ်သော ဝေဒနာလည်း ရှိသေးသည်ဟု သတိပြုကြရာသည်။

(အကျဉ်းချုပ် သိရှုသာ)



# သင်ခန်းစာ (၂၂)
# အတွေတွေ သိမှတ်ဖွယ်ရာနှင့် လက်ာများ

## သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်

(၁) ဒီဘဝသေလို့ရှိရင် ဟိုဘဝဖြစ်ရလိမ့်မယ်ဆိုတာလည်း သူသိတယ်။
(၂) ကောင်းတာလုပ် ကောင်းကျိုးပေးတယ်။ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတာလည်း သူသိတယ်။
(၃) ကုသိုလ်ကျတော့ သူအင်မတန်ပြုရဲတယ်။ အကုသိုလ်ကျတော့ သူသိပ်ကြောက်တယ်။
(၄) ဘုံဘဝထဲ နေရတာ သူပျော်မွေ့တယ်။
(၅) ဘုရားနဲ့တွေ့သည်ဖြစ်စေ၊ ဘုရား၏ တပည့်သားနဲ့ တွေ့သည်ဖြစ်စေ နိဗ္ဗာန်ရောက်ကြောင်း ဟောတဲ့အခါကျတော့ သူ နောက်ဆုတ်သွားတယ်။
အပြစ်သေး၍ ကျွတ်တမ်းဝင်နေးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

## ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်

(၁) ဟိုဘဝ ဒီဘဝ ရှိတယ်ဆိုတာ သူသိတယ်။
(၂) ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတာလည်း သူသိတယ်။
(၃) ကုသိုလ်တော့ မပြုဘူး။ အကုသိုလ်တော့ ရဲရဲတင်းတင်း သူလုပ်တယ်။
(၄) ဘုံဘဝထဲမှာ နေရတာ သူမပျော်မွေ့ဘူး။
(၅) ဘုရားနဲ့တွေ့သည်ဖြစ်စေ၊ ဘုရားတပည့်သားနဲ့ တွေ့သည်ဖြစ်စေ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားတဲ့အခါ သူ့အယူကို ချက်ချင်းစွန့်တယ်။
အပြစ်ကြီး၍ ကျွတ်တမ်းဝင်မြန်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

## မင်္ဂိုလ်မရနိုင်တဲ့ "ခဏ" (၈) ပါး

(၁) ငရဲဘုံ၌ ကျရောက်နေရခြင်း။
(၂) တိရစ္ဆာန်ဖြစ်၍ နေရခြင်း။
(၃) ပြိတ္တာဖြစ်၍နေရခြင်း။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



(၄) အသည်းသတ်ပြဟ္မာ၊ အစ္စပြဟ္မာဖြစ်၍ နေရခြင်း။
(၅) ပစ္စန္တရစ်အရပ်၌ လူဖြစ်၍နေရခြင်း။
(၆) မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်ခြင်း။
(၇) အမိဝမ်းတွင်းကတည်းက ဆွံ့၊ အ၊ နားမကြားသူဖြစ်ခြင်း။
(၈) သာသနာပ၌ လူဖြစ်နေရခြင်း။

* ဘုရားပွင့်၊ တရားဟော၊ ထောင်နိုင်တဲ့ နားရှိလျှင် မင်္ဂဖိုလ်ရနိုင်သော "ဗုဒ္ဓုပ္ပါဒနဝမခဏ" ဖြစ်၏။

## တရားအားထုတ်ရန် ကောင်းသောအချိန်

(၁) အသက်အရွယ်နုနယ်သော အချိန်။
(၂) ကျန်းမာရေးနှင့် ပြည့်စုံသောအချိန်
(၃) တိုင်းပြည်သာယာဝပြောချိန်။
(၄) သံဃာတော်များ ညီညွတ်နေသော အချိန်။
(၅) ဆရာဒကာ ညီညွတ်မှုတချိန်။

## တရားအားထုတ်သောအခါ ထားရမည့် အဓိပတိ (၃) ပါး

(၁) အတ္တာဓိပတိ - မိမိကိုယ်ကို အကြီးအကဲထား၍ အားထုတ်ခြင်း။
(၂) လောကာဓိပတိ - သူတစ်ပါးကို အကြီးအကဲထား၍ အားထုတ်ခြင်း။
(၃) ဓမ္မာဓိပတိ - ဘုရားတရားတော်ကို အကြီးအကဲထား၍ အားထုတ်ခြင်း။

## တရားအားထုတ်ခြင်းငှာ မထိုက်သော ပုဂ္ဂိုလ် (၆) မျိုး

(၁) အမှုသစ်၌ မွေ့လျော်သော ပုဂ္ဂိုလ်။
(၂) စကားပြောခြင်း၌ မွေ့လျော်သော ပုဂ္ဂိုလ်။
(၃) အိပ်ခြင်း၌ မွေ့လျော်သော ပုဂ္ဂိုလ်။
(၄) အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်။
(၅) အစာအာဟာရ၌ အတိုင်းအရှည်မသိသော ပုဂ္ဂိုလ်။
(၆) ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက် လုံခြုံအောင် မစောင့်စည်းသော ပုဂ္ဂိုလ်။

(ဆောင်) *အမှုမများ၊ စကားသိမ်းဆည်း၊ စောင့်စည်းဣန္ဒြေ၊ အိပ်နေနိုးကြား၊ အစားမကြီး၊ တစ်ယောက်တည်းနေ၊ ဤခြောက်တွေ၊ ကျင့်လေယောဂီမှာ။*



## ဒုလ္လဘတရား (၅) ပါး

(၁) ဘုရားသာသနာနှင့် ကြုံတွေ့သူဘဝကို ရခဲ၏။
(၂) သစ္စာဟောတတ်တဲ့ ဆရာနဲ့ ကြုံတွေ့သူဘဝကို ရခဲ၏။
(၃) သစ္စာတရား ထောင်နိုင်တဲ့ နားရှိသူဘဝကို ရခဲ၏။
(၄) ဝိပဿနာတရား လက်တွေ့ကျင့်သူဘဝကို ရခဲ၏။
(၅) မိမိရအပ်သော တရားထူးဖြင့် ဘုရားနှင့် ဆရာသမားတို့အား ပူဇော်နိုင်သူဘဝကို ရခဲ၏။

## ဗျသနတရား (၅) ပါး

(၁) ဉာတိဗျသန - ဆွေမျိုးတို့၏ ပျက်စီးခြင်း။
(၂) ဘောဂဗျသန - စည်းစိမ်ဥစ္စာ၏ ပျက်စီးခြင်း။
(၃) ရောဂဗျသန - အနာရောဂါကြောင့် ပျက်စီးခြင်း။
(၄) သီလဗျသန - ကိုယ်ကျင့်သီလ ပျက်စီးခြင်း။
(၅) ဒိဋ္ဌိဗျသန - မှန်သောအယူ၏ ပျက်စီးခြင်း။
(အယူမှားကြောင့် ပျက်စီးခြင်း)

## သေရမှာကြောက်တဲ့ ပုဂ္ဂိုလ် (၄) ဦး

(၁) သားသမီးနဲ့ ပစ္စည်းဥစ္စာ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ တွယ်တာစွဲမက် မခွဲနိုင်သူ။
(၂) မိမိခန္ဓာကိုယ်ကို ခင်တွယ်နေသူ။
(၃) ကုသိုလ်ကောင်းမှုတွေ မပြုရသေး၊ အကုသိုလ်တွေတော့ များစွာ ပြုလုပ်ထားမိသူ။
(၄) ပဋိစ္စသမုပ္ပာဒ်ကြောင်းကျိုးနားမလည်၍ သံသယဝိစိကိစ္ဆာရှိနေသူ။ "မုဲသေ" သေတတ်သည်။ သေပြီးနောက် အပါယ်ဤပုဂ္ဂိုလ်ကား လက်ဝဲဘက်စောင်း၍ ရောက်မည်။

## သေရမှာ မကြောက်တဲ့ ပုဂ္ဂိုလ်

(၁) သားသမီးနဲ့ ပစ္စည်းဥစ္စာ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ မတွယ်တာဘဲ ဉာဏ်ခွဲခွဲထားသူ။
(၂) မိမိခန္ဓာကိုယ်ကို မခင်တွယ်သူ။
(၃) အကုသိုလ်နည်းပါး၍၊ ဒါန သီလ ဝိပဿနာကုသိုလ်တွေ များစွာ ပြုလုပ်အားထုတ်ထားသူ။
(၄) ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးနားလည်၍ သံသယဝိစိကိစ္ဆာ ကင်းရှင်းသူ။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



ဤပုဂ္ဂိုလ်ကား လက်ယာဘက်စောင်း၍ "ပြုံးသေ" သေတတ်သည်။ သေပြီးနောက် သုဂတိနဲ့ နီးဗွာန်ရောက်မည်။

## မင်္ဂရကြောင်း ငါးပါးလက္ခာ

* ယုံကြည်ကျွန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း။

## မဂ်မရကြောင်း ငါးပါးလက္ခာ

* မစွန့်ကာမာ၊ ဆရာမရှိ၊ ဝီရိယလျော့၊ အားအင်ပျော့ကာ၊ လွန်စွာယူမှား၊ ဤငါးပါးသည်၊ တရားမဂ်ဖိုလ် ဝေးလေသတည်း။

## မဂ်မဝေးကြောင်းလက္ခာ

* ဖြစ်ပျက်မြင်ကာ၊ ဝမ်းသာနှစ်သက်၊ အရောင်ထွက်၍၊ ကြက်သီးထစွာ၊ ကြုံတွေ့လာ၊ မဂ္ဂါမဝေးမှတ်။

## မဂ်ဖိုလ်ရရန်လက္ခာ

* သုတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ။

## အန္တရာယ် (၁၀) ပါး မဂ်တုလက္ခာ

* အရောင်နှစ်သက်၊ ငြိမ်းလျက်စိတ်ကိုယ်၊ ယုံကြည်ပိုကာ၊ ဝီရိယာနှင့်၊ ချမ်းသာထက်ဉာဏ်၊ သတိသန်မှု၊ လျစ်လျူရှုလျက်၊ ကိုးခုတပ်မက်၊ တစ်ချက်ချက်တွင်၊ မပျက်ပေါ်ရ၊ ဤဘဝ၊ မှတ်ကြအန္တရာယ်။

## သစ္စာလေးပါးလက္ခာ

* ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။
* ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။
* ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
* ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။



## မတင်းတိမ်ကောင်းသော အရာ ငါးပါးလက္ခာ

(၁) သီလဝ္ဍဝယ်၊ လုံခြုံတယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။ (အသေ ကျန်သေးတယ်)။

(၂) သမာဓိဝ္ဍဝယ်၊ တည်ကြတယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။ (အသေ ကျန်သေးတယ်)။

(၃) ဗဟုသုတဝယ်၊ ပြည့်စုံတယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်းမနေနှင့်။ (အသေကျန်သေး တယ်)။

(၄) ဆိတ်ငြိမ်ရာဝယ်၊ နေနိုင်တယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့် (အသေ ကျန်သေးတယ်)။

(၅) အနာဂါမ်ဝယ်၊ တည်ပြီကွယ်ဟု၊ တင်းတိမ်ရုံမျှ၊ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။ (အသေ ကျန်သေးတယ်)။

## စကြံအကျိုးလက္ခာ

* ခရီးသွားနိုင်၊ ကြံခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကျေကျက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ သွားသည့်စကြံအကျိုးတည်း။

## အိပ်ချင်ပြေကြောင်းလက္ခာ

* ပယ်ဖျောက်သညာ၊ စာနလုံးသွင်း၊ စာအံလျှင်းတည်း။ နားပျဉ်းကိုသပ်၊ အရပ်ရှုမျှော်၊ အာ လောကပွား၊ စင်္ကြံသွားသည်၊ မှတ်သားအိပ်ချင်ပြေကြောင်းတည်း။

## ရုပ်နာမ်လက္ခဏာပြလက္ခာ

* ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါနှင့်၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာမရှိပါသည်၊ ခန္ဓာနာမ်ရုပ်မျှပါတကား။

နာမ်ရုပ်နှစ်ပါး၊ ဤတရားလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး။ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်မှားသမျှ အနိစ္စသည်၊ ဒုက္ခအနတ္တပါတကား။

(တိပိဋက ဆရာတော်)

www.burmeseclassic.com



## ဖြစ်ပျက်မြင်မှ အမြတ်ရလင်္ကာ

* ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊ ရှည်သူထက်လျှင်၊ ဖြစ်ပျက်နှစ်တန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တစ်ရက်တာမျှ၊ သက်ရှင်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဟူ၌ မိန့်ခွန်းတည်း။

( မဟာစည်ဆရာတော် )

## ဝိပဿနာ တန်ခိုးလင်္ကာ

* ညည်းညူမရှိ၊ မြိဂတိနှင့်၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်ကြောက်ဆွဲ၊ မရှိဘဲလျက်၊ သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်းဝိပဿနာတန်ခိုးတည်း။

( တော်ကူးဆရာတော် )

## သာသနာကွယ်ကြောင်း တရားငါးပါးလင်္ကာ

(၁) တရားမနာ၊ (၂) စာပေမသင်၊ (၃) နှုတ်တွင်မဆောင်၊ (၄) သိအောင်မပြု၊ (၅) ဓမ္မာနုဓမ္မ၊ ပဋိပတ်ကင်းကွာ၊ ဤငါးဖြာ၊ ဘုရားသာသနာကွယ်ကြောင်းတည်း။

သင်ခန်းစာ (၂၂) ပြီး၏။

■

ပန်ကြားချက် ။ ။ ဤစာအုပ်၌ ပညာရှိသူတော်ကောင်းတို့၏ ဉာဏ်မျက်စိတွင် ချွတ်ချော်မှားယွင်းချက်များ တွေ့မြင်ပါက ဤစာရေးသူအား ပြုပြင်ပေးတော်မူကြပါ။

ဉာဏပရိညာ သင်ခန်းစာ ပြီးပြီ။

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ အင်္ဂါနေ့
၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်။

Generated by CamScanner from intsig.com
www.burmeseclassic.com